The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 19 တနင်္လာနေ့တိုင်းထုတ်ဝေသည် May 25 , 2015

## စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းကို ဘယ်လိုခြေလှမ်းမျိုးနှင့် ဆက်လှမ်းသင့်ပါသလဲ ၂၀

| ခမ်လျှန်စွမ်း |



## ကုန်သွယ်ရေးမြှင့်တင်ဖို့ကြိုးပမ်းလာတဲ့ တောင်ကိုရီးယား–မြန်မာ ပူးပေါင်းဆောင်ရွက်မှု ခြေလှမ်းတစ်လှမ်း ၁၄




## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၂ သန်းတင်ပို့ရန်မျှော်မှန်း ၄

## ရိုးမလီမိတက်သည် စင်ကာပူနိုင်ငံ၏ နည်းစနစ်များကိုအသုံးပြု၍ မြန်မာနိုင်ငံ၌ ရေသန့်စင်စက်ရုံ တည်ဆောက်မည် ၁၃

## ကယားပြည်နယ်တွင် ကုန်သည်အသင်းများ ပွဲစည်းပြီးစီးခြင်း ၃၂

# Royal Summer Co., Ltd.














No.28(A), Manawhari Street, Dagon Township. Ph: 95-1-700154
E-mail. : royalsummer1@gmail.com

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ (၁/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား



ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ (၁/ ၂၀၁၅) အစည်းအဝေးကို မေလ ၁၃ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အခြေခံစားကုန်တွင် အရေးကြီးကုန်စည်ဖြစ်သည့် ဆန်နှင့်ပတ်သက်၍ ယခုနှစ်အတွင်း မျိုးစပါးလက်ကျန်များစွာကျန်ရှိပြီးနွေစပါးအထွက်နှုန်း ယခင်နှစ်ထက်ပိုမိုသည့် အတွက် လုံလောက်မှုရှိကြောင်း၊ စားဆီနှင့်ပတ်သက်၍လည်း လွယ်ကူစွာတင်သွင်းခွင့်ပြုထားသည့် အတွက် စိုးရိမ်ရန်မရှိကြောင်း၊ ပြည်တွင်းမှာ လွတ်လပ်စွာကူးသန်းရောင်းဝယ်နိုင်ရေးကိုအားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည့် နည်းတူပြည်ပသို့ တင်ပို့ရောင်းချမှုများ၊ ပြည်ပမှကုန်ပစ္စည်းတင်သွင်းသူများနှင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူလယ်သမားများ အကျိုးအမြတ်ပိုမိုရရှိစေရေးအတွက် ကုန်သွယ်မှုလုပ်ငန်းများတွင် ဖြေလျှော့မှုများဆောင်ရွက်လျက်ရှိသည့်အတွက် ကုန်သွယ်မှုပမာဏများ တစ်နှစ်ထက် တစ်နှစ်ပိုမိုတိုးတက်လာခဲ့ကြောင်း၊

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်များတွင် ကုန်သွယ်မှုပမာဏ ဒေါ်လာ၁၈ ဘီလီယံကျော် သာရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂၅ ဘီလီယံရရှိခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်ဒေါ်လာ ၂၉ဘီလီယံရရှိ ခဲ့ရာ၊ ပို့ကုန်ရော သွင်းကုန်ပါ သိသိသာသာတိုးတက်ခဲ့ပါကြောင်း၊ သွင်းကုန် ပမာဏသည် ပို့ကုန်ပမာဏ ထက် ဒေါ်လာ ၄ ဘီလီယံကျော်ရှိခဲ့သည်ကို တွေ့ရပါကြောင်း၊ အကြောင်းမှာ ယခုနှစ်များအတွင်း ထုတ်လုပ်မှုအခြေ ပြုရင်းနှီးမြှုပ်နှံမှုများ၊ စွမ်းအင်ကဏ္ဍ၊ ဟိုတယ်ဆောက်လုပ်ရေးလုပ်ငန်းများ၊ အထူးစီးပွားရေးဇုန်တည်ဆောက်မှု လုပ်ငန်းများ၊ ဆက်သွယ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အထူးဦးစားပေး တင်သွင်းနေသည့်အတွက်ဖြစ်ပါကြောင်း၊ သွင်းကုန်ရင်းနှီးမြှုပ်နှံမှုကုန်စည်များအနက် Draw back ခေါ်သည့် ပြန်လည်ထုတ်ကုန်များဖြစ်သည့်အကြီးစားစက်ယန္တရားကြီးများသည် တန်ဖိုးသင့်၍ ဝင်လာသည်ဖြစ်သော်လည်း အမှန်တကယ်ငွေပေးချေမှုမရှိပါကြောင်း၊ အဆိုပါ ပစ္စည်းများသည် စီမံကိန်းပြီးချိန်၌ ပြည်ပသို့ ပြန်လည်ထုတ်ယူသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုသောလုပ်ငန်းများ၏ စုပေါင်းရင်းနှီးမြှုပ်နှံမှု တင်သွင်းတန်ဖိုး ငွေ ဒေါ်လာ ၄ ဘီလီယံဖြစ်သည့် အတွက် မိမိနိုင်ငံမှ သိသိသာသာ နိုင်ငံခြားငွေစီးထွက်ခြင်း မရှိပါကြောင်း၊ ဝန်ဆောင်မှုပို့ကုန်လုပ်ငန်းများဖြစ် သည့်ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများမှ နိုင်ငံခြားဝင်ငွေများ၊ ဆက်စပ်နေသောပြည်တွင်းဝန်ဆောင် မှုလုပ်ငန်းမှရရှိသည့် နိုင်ငံခြားငွေများ၊ ပြည်ပသို့သွားရောက်လုပ်ကိုင်နေသည့် သန်းနှင့်ချီသော ရွှေ့ပြောင်း လုပ်သားများ၏ နိုင်ငံခြားဝင်ငွေများကြောင့် တစ်နိုင်ငံလုံး၏ လုပ်ငန်းပေါင်းစုံ၏ နိုင်ငံခြားငွေအဝင်အထွက် မျှတသည်ကို တွေ့ရှိရပါကြောင်းနှင့်နိုင်ငံ၏ နိုင်ငံခြားရန်ပုံငွေကို မထိခိုက်နိုင်ပါကြောင်း၊

သို့ဖြစ်၍ ယခုအချိန်တွင် ကုန်သည်လောက၌ဖြစ်ပေါ်နေသည့် နိုင်ငံခြားငွေများစွာလိုအပ်နေသည်ဟု ဆိုသောအချက်မှာခိုင်လုံမှုမရှိပါကြောင်း၊

➲ စာမျက်နှာ ၂၁ သို့

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဂျာမနီနိုင်ငံ METRO Group ၏ ဒုတိယဥက္ကဋ္ဌ ဖြစ်သူ Mr. Otto B.Van Harmelen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် မေလ ၁၉ ရက်နေ့ နံနက် ၁၁ နာရီ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဂျာမနီနိုင်ငံ METRO Group ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Otto B.Van Harmelen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဂျာမနီနိုင်ငံ METRO Group ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Otto B.Van Harmelen တို့သည် လက်လီ/လက်ကား ရောင်းချခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဒေသခံတောင်သူလယ်သမားများ၊ ကုန်ပစ္စည်းထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ကုန်ပစ္စည်းထုတ်လုပ်တင်ပို့နိုင်မှုအခြေ အနေများ၊ METRO Group မှ မြန်မာနိုင်ငံတွင် Supply Chain တစ်ခုလုံးကို လုပ်ကိုင်ဆောင်ရွက်လိုမှု အခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြဲ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်၊ ခင်ခင်ခန့်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြဲ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.19 Monday May 25 2015

# ၂၀၁၅– ၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၂ သန်းတင်ပို့ရန်မျှော်မှန်း

တရုတ်၊ အာဖရိကနဲ့ ဥရောပနိုင်ငံများရဲ့ ဆန်လိုအပ်ချက်မြင့်တက်နေမှုများကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ဆန်တင်ပို့မှုဟာ တန်ချိန် ၂ သန်းခန့်ထိ ဖြစ်နိုင်တယ်လို့ မျှော်မှန်းထားပါတယ်။

ပြည်ပသို့ဆန်တင်ပို့သူများသည် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် နေ့စဉ် တန်ချိန် ၄၀၀၀ ခန့် တင်ပို့မှုရှိနေပြီး အိမ်နီးချင်းနိုင်ငံများရဲ့လိုအပ်ချက်ကလည်း မြင့်တက်လျက်ရှိနေတယ်လို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းမှ သိရှိရပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ဆန်နဲ့ဆန်ကွဲ တန်ချိန် ၁ ဒသမ ၄ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ဆန်နဲ့ဆန်ကွဲ တန်ချိန် ၁ ဒသမ ၂ သန်းနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဆန်နဲ့ဆန်ကွဲ တန်ချိန် ၁ ဒသမ ၈ သန်းထိ အသီးသီးတင်ပို့နိုင်ခဲ့ပြီး မြားမကြာမီ ကမ္ဘာ့ဆန်အများဆုံးတင်ပို့တဲ့ ထိပ်ပိုင်း ၃ နိုင်ငံစာရင်းမှာ ဝင်လာနိုင်မယ်လို့ ခန့်မှန်းနေကြပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဆန် ၁ ဒသမ ၈ သန်း တင်ပို့မှုဟာ ၄၉ နှစ်အတွင်းမှာ အမြင့်ဆုံးတင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၁၅ ရက်နေ့အထိ ပြည်ပသို့ဆန်နဲ့ဆန်ကွဲတင်ပို့နိုင်မှုများကို ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ဖော်ပြပေးလိုက်ရပါတယ်။

| | ၂၀၁၅-၂၀၁၆ (၁. ၄. ၂၀၁၅-၁၅. ၅. ၂၀၁၅) တန်ချိန် | ၂၀၁၄-၂၀၁၅ (၁. ၄. ၂၀၁၄-၁၅. ၅. ၂၀၁၄) တန်ချိန် | တိုး/လျော့ တန်ချိန် (+/-) |
|---|---|---|---|
| ဆန် | ၁၄၂၇၉၈ | ၉၉၇၅၃ | (+)၄၃၀၄၅ |
| ဆန်ကွဲ | ၆၇၀၇၁ | ၂၆၂၄၀ | (+)၄၀၈၃၁ |

MIRT

# မြန်မာ-တရုတ်နယ်စပ်မှ ဆန်ပိုမိုတင်ပို့

မေလ ၉ ရက်မှ ၁၅ ရက်ထိကာလအတွင်းမှာ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်တဲ့ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်စခန်းများမှ ကန်ဒေါ်လာ ၉ ဒသမ ၆၃၈ သန်းဖိုးရှိတဲ့ ဆန်တန်ချိန် ၂၆၃၄၀ ကိုတင်ပို့နိုင်ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ၃၄၇ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ယခုတစ်ပတ်မှာ မူဆယ် (၁၀၅)မိုင်မှ ငစိန်ဆန် ၁၅၁၂၀ တန်၊ ဧည့်မထ ၇၂၃၅ တန်ကျော်နဲ့ လွယ်ဂျယ်မှ ၃၉၈၄ တန်ကျော် တင်ပို့ခဲ့ပါတယ်။

ဆန်ကွဲတင်ပို့မှုမှာလည်း မူဆယ်မှ ကန်ဒေါ်လာ ၃ ဒသမ ၈၂၃ သန်းဖိုးရှိ ဆန်ကွဲ ၁၁၇၆၁ တန်ကျော် တင်ပို့ပြီး ယခင်တစ်ပတ်ထက် ၇၇၅ တန် လျော့နည်းခဲ့ပါတယ်။ လွယ်ဂျယ်မှ ကန်ဒေါ်လာ သုည ဒသမ ၃၂၀ သန်းဖိုးရှိ ဆန်ကွဲတန် ၁၀၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် တန် ၅၀၀ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ **ယဉ်ယဉ်အေး**

# တောင်သူတွက်ချေကိုက်လို့ တိုးချဲ့စိုက်လာတော့မယ့် မုံရွာပုလဲသွယ်စပါး

မုံရွာမြို့နယ်က ရေမြေသဘာဝအရ လယ်စိုက်ခြင်းထက် ယာသီးနှံကို အများဆုံးစိုက်ပျိုးဖြစ်ထွန်းရာဒေသ ဖြစ်ပေမယ့် ချင်းတွင်းမြစ်ဝှမ်း၊ အင်းရေနဲ့ မြေအောက်ရေရရှိတဲ့ နယ်အချို့မှာတော့ စပါးအနည်းငယ်စိုက်ပျိုးလာကြတာ တွေ့ရပါတယ်။

မြစ်ရေဝင် ဒေသတစ်ခုဖြစ်တဲ့ ကျွဲရဲ (တောင်) ရွာမှာတော့ ယခုနှစ် နွေစပါးစိုက်ပျိုးမှုကို တောင်သူလေးဦးက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရဲ့ ကူညီပံ့ပိုးမှုနဲ့ ပုလဲသွယ် GW-1 မျိုး ၁၀ ဧက စိုက်ပျိုးခဲ့ကြရာ တစ်ဧက ၁၆၄ တင်းခန့် ထွက်ရှိတယ်လို့ သိရပါတယ်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပုလဲသွယ် GW-1 မျိုးစေ့ တစ်ကီလိုဂရမ်ကို ၃၀၀၀ ကျပ်နှုန်းဖြင့် ဖြန့်ဖြူးပေးခဲ့ပြီး တစ်ဧက မျိုးစေ့ ၇ ကီလိုဂရမ်စိုက်ပျိုးရတယ်လို့ ဆိုပါတယ်။ မျိုးစေ့ဖြန့်ဖြူးပေးတဲ့အပြင် စိုက်ပျိုးနည်းစနစ်၊ ရောဂါကာကွယ်နည်း ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာတို့ကိုလည်း ရွေးချယ်သုံးစွဲစေခဲ့တယ်လို့ သိရပါတယ်။

တစ်ဧက ပုလဲသွယ်စိုက်ပျိုးကုန်ကျစရိတ်အနေနဲ့ ကျပ် ၃ ဒသမ ၅ သိန်းခန့်ရှိပေမဲ့ တစ်ဧက တင်း ၁၆၄ တင်းထွက်ရှိကာ လက်ရှိပေါက်ဈေး စပါးတင်း ၁၀၀ ကိုကျပ် ငါးသိန်းခန့်ရရှိလို့ တစ်ဧက ကျပ်ရှစ်သိန်းကျော်ရရှိပြီး ကျပ်ငါးသိန်းနီးပါး အကျိုးရရှိတဲ့အတွက် တောင်သူတွေ တွက်ချေကိုက်ကြတယ်လို့ ဆို ပါတယ်။

ထွက်ရှိတဲ့ ပုလဲသွယ်စပါးကိုတော့ ရွှေဘိုမြို့က ဆန်စပါးပို့ကုန်လုပ်ငန်းရှင်များက အမြဲတမ်းဝယ်ယူမှုရှိတဲ့အတွက် ဈေးကွက်ခိုင်မာလာတဲ့ ပုလဲသွယ်နွေစပါးစိုက်ပျိုးခြင်းကို ဒေသခံတောင်သူတွေ စိတ်ဝင်စားကာ နောင်နှစ်များတွင် စိုက်ဧက တိုးလာဖွယ်ရှိတယ်လို့ သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၁-၅-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၉၀ | ၃၉၀ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၁ | ၃၈၁ | □ | ၃၅၀ | ၃၅၀ | □ | ၃၇၀ | ၃၇၀ | □ | ၃၉၀ | ၄၀၅ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၈ | ၃၆၈ | □ | ၃၃၀ | ၃၃၀ | □ | ၃၄၅ | ၃၄၅ | □ | ၃၄၅ | ၃၆၀ | △ |
| ပေါင်းဆန် | ၃၇၀ | ၃၇၀ | □ | - | - | - | ၃၆၀ | ၃၆၀ | □ | ၃၉၀ | ၄၀၅ | △ |

*Source: oryza.com*

# အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၁-၅-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၇၀ | ၄၆၅ | ▽ | ၅၆၅ | ၅၆၅ | □ | ၅၅၅ | ၅၅၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၆၀ | ၄၅၅ | ▽ | - | - | - | - | - | - |

*Source: oryza.com*

# ပြည်တွင်းမြို့ကြီးများ၏ (၂၂-၅-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၃၇၀ | □ | ၁၈၃၀၀ | □ | ၆၉၉၀ | △ | ၃၅၀၀၀ | □ |
| ပုသိမ် | ၄၀၄၈ | □ | ၁၈၅၀၀ | □ | ၇၈၈၅ | □ | ၃၅၅၀၀ | △ |
| ပဲခူး | ၄၀၀၀ | □ | ၁၇၂၀၀ | □ | ၆၁၀၀ | △ | ၂၇၃၀၀ | △ |
| ရွှေဘို | ၄၉၅၀ | △ | ၂၃၅၀၀ | △ | ၁၁၀၀၀ | □ | ၃၇၀၀၀ | △ |
| စစ်တွေ | ၄၁၀၀ | □ | ၁၇၀၀၀ | □ | ၇၅၀၀ | □ | ၂၈၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၀၀၀ | △ | ၂၂၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၂၅၀ | △ | ၁၈၂၀၀ | ▽ | - | - | ၃၄၅၀၀ | ▽ |
| မန္တလေး | ၅၁၀၀ | □ | ၂၀၀၀၀ | □ | - | - | ၃၄၀၀၀ | △ |
| မကွေး | ၆၅၀၀ | □ | ၂၁၅၀၀ | □ | - | - | ၃၉၀၀၀ | □ |
| မော်လမြိုင် | ၄၄၀၀ | △ | ၁၈၅၀၀ | △ | ၇၂၀၀ | △ | ၃၀၀၀၀ | △ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၂၀၅၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ဘားအံ | ၃၉၀၀ | △ | ၁၉၅၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၀၀၀ | △ | - | - | ၄၂၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ဈေးငြိမ်ပြီး အရောင်းအဝယ် ပုံမှန်ဖြစ်တဲ့ ပြည်စပါး ဆန်ဈေးကွက်

ယခုမေ တတိယပတ်ရဲ့ ပြည်ဆန်ဈေးစပါးဈေးတွေ ဈေးအတက်အကျမရှိဘဲ ငြိမ်နေတာ တွေ့ရပါတယ်။ အရောင်းအဝယ်ကတော့ ပုံမှန်အရောင်းအဝယ်ဖြစ်ပြီး နယ်တင်ပို့မှုတွေလည်းရှိတယ်လို့ သိရပါတယ်။ တောင်ပျံမွှေးစပါးတင်း (၁၀၀) ၄၆ ပေါင်ကိုက်ဈေးကလည်း ယခင်တစ်ပတ်အတိုင်း ၆၉၉၂၀၀ ကျပ်နဲ့ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။ ဆန်တစ်အိတ်ဈေး ၃၅၀၀၀ ကျပ်၊ ရန်ကုန်နယ်တင် (ထိပ်စ) ကတော့ ၃၇၀၀၀ ကျပ်နဲ့ တင်ပို့မှုရှိနေပါတယ်။ ရန်ကုန်သို့ တစ်ပတ်နှစ်ကြိမ် အိတ် ၇၀၀ ထိ တင်ပို့မှုရှိပါတယ်။

ဧည့်မထစပါးဈေး ၄၇၈၄၀၀ ကျပ်နဲ့ ဆန်တစ်အိတ်ဈေး ၁၉၀၀၀ ကျပ်၊ ၂၀၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။ မန္တလေး၊ မူဆယ်သို့ နှစ်ရက်ခြားအိတ် ၈၀၀၊ ၉၀၀ ပုံမှန်တင်ပို့ နေရတယ်လို့လည်း သိရပါတယ်။ ဧည့်မထ (အမာ) ဆန်စပါးဈေးကတော့ ၄၃၇၀၀၀ ကျပ်နဲ့ ဆန်တစ်အိတ်ဈေး ကတော့ ၁၈၃၀၀ ကျပ်သာရှိပြီး ဒေသတွင်းရောင်းဝယ်မှုဖြစ်နေပါတယ်။



**နီနီဝင်း-ပြည်**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၂-၅-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၅/၅ | ၂၂/၅ | ပြောင်းလဲမှု | ၁၅/၅ | ၂၂/၅ | ပြောင်းလဲမှု | ၁၅/၅ | ၂၂/၅ | ပြောင်းလဲမှု | ၁၅/၅ | ၂၂/၅ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၀၄၀ | ၂၀၇၄ | ▲ | ၁၈၆၇ | ၁၉၅၀ | ▲ | ၁၉၀၀ | ၁၉၅၀ | ▲ | ၁၈၅၀ | ၁၉၀၀ | ▲ |
| ၂ | ပဲစင်းငုံ | ၁၉၆၀ | ၂၀၂၅ | ▲ | ၁၈၃၃ | ၁၉၅၀ | ▲ | ၁၈၇၅ | ၁၉၄၀ | ▲ | ၁၈၁၀ | ၁၉၀၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၈၃၀ | ၁၈၆၅ | ▲ | ၂၀၂၇ | ၂၀၆၂ | ▲ | ၂၀၂၆ | ၂၀၀၀ | ▼ | ၁၈၆၈ | ၁၈၇၀ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၁၅၀၀ | ၁၅၀၀ | ■ | - | - | - | - | - | - | ၁၁၀၅ | ၁၁၃၅ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၁၆၅ | ၁၁၆၅ | ■ | ၉၆၇ | - | - | - | - | - | ၈၄၂ | ၈၄၅ | ▲ |
| ၆ | ထောပတ်ပဲ | ၇၈၀ | ၇၈၀ | ■ | ၈၅၃ | ၈၇၁ | ▲ | - | - | - | ၆၃၀ | ၆၃၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၂-၅-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁၄/၅ | ၂၁/၅ | ပြောင်းလဲမှု | ၁၄/၅ | ၂၁/၅ | ပြောင်းလဲမှု | ၁၄/၅ | ၂၁/၅ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၃၅ | ၁၁၆၀ | ▲ | ၁၂၂၂ | ၁၂၄၈ | ▲ | ၁၂၂၂ | ၁၂၂၄ | ▲ |
| ၂ | ပဲစင်းငုံ | ၁၀၅၀ | ၁၁၀၀ | ▲ | ၁၀၉၃ | ၁၁၂၂ | ▲ | ၁၀၇၃ | ၁၁၁၅ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၁၁၁၂ | ၁၁၁၅ | ▲ | ၁၂၂၂ | ၁၂၀၉ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၂၀ | ၆၂၀ | ■ | ၇၂၈ | ၇၃၀ | ▲ | ၇၁၃ | ၇၁၀ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၄.၁၅) မှ |
| | (၉.၅.၁၅)ထိ | (၁၆.၅.၁၅)ထိ | (၁၆.၅.၁၅) ထိ |
| မတ်ပဲ | ၃၅၂၄၈ | ၃၅၂၁၃ | ၁၄၀၂၈၉ |
| ပဲတီစိမ်း | ၈၄၇၇ | ၇၉၅၄ | ၄၄၅၁၀ |
| ပဲစင်းငုံ | ၇၀၈၄ | ၈၂၄၉ | ၄၃၆၄၀ |
| ကုလားပဲ | ၁၀၁ | ၁၃၆၂ | ၃၇၆၇ |
| ပဲလွန်းဖြူ | ၃၅၄ | ၈၁၈ | ၄၉၃၄ |
| မြေထောက်ပဲ | ၉၆၅ | ၁၀၄၈ | ၅၀၃၁ |

## စစ်ကိုင်းငုံနီကြိုက်ဈေးရနေ

မုံရွာကုန်စည်ဒိုင်မှာ ပဲစင်းငုံနီ တစ်တင်း ပေါက်ဈေးနှုန်းမှာ သင်္ကြန်မတိုင်မီက ၃၁၀၀၀ ကျပ်မှ တရိပ်ရိပ်တက်လာခဲ့ရာ ဧပြီလ ၃၀ ရက်နေ့တွင် ၃၄၃၀၀ ကျပ်၊ မေလ ပထမပတ်တွင် ၃၇၀၀၀ ကျပ်မှ မေလ တတိယပတ် ၂၁ ရက်နေ့တွင် ၃၉၃၀၀ ကျပ်ဈေးမြင့်လာခဲ့ပါတယ်။

ရန်ကုန် Export ဝယ်လက်ရှိ၍ အဝယ်လိုက်ကာ မုံရွာကုန်စည်ဒိုင်တွင် တစ်ကြိမ်တစ်ခါမျှ မဖြစ်ဘူးတဲ့ ဈေးအမြင့်ဆုံး (ကြိုက်ဈေး) ဈေးရောက်နေ၍ ပဲစင်းငုံ လှောင်လက်သမားများက ထုတ်ရောင်းနေကြကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။ မေလအတွင်း မုံရွာကုန်စည်ဒိုင်မှာ ပဲစင်းငုံနီအရောင်းအဝယ် အကောင်းဆုံးနေ့တွင် အိတ် ၁၅၀၀ ခန့် အရောင်းအဝယ် ပါးတဲ့နေ့မှာ အိတ် ၄၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ပြည်ပဲနီပြား လက်ကျန်ပဲများအား လက်လီသာအဝယ်ရှိ

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ လက်လီသမားနဲ့ အရောင်းအဝယ်ဖြစ်နေတဲ့ ပဲနီပြားသီးနှံကတော့ ပဲအဝင်ပါးသွားလို့ လှောင်ပဲ၊ လက်ကျန်ပဲများအား လက်လီသမားများမှ တစ်ရက်အိတ် ၂၀၊ ၂၅ အိတ်ခန့်သာ အဝယ်ရှိခဲ့ပါတယ်။ မေလဆန်းတွင် လှောင်သမားများအဝယ်ရှိနေခဲ့ပြီး လလယ်မှစ၍ လက်လီသမားသာ အဝယ်ရှိတော့လို့ တစ်တင်း ၁၈၅၀၀ ကျပ်ဖြင့်သာ လဆန်းရက်ကအတိုင်း မပြောင်းလဲဘဲ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ယခင်နှစ်က ပဲနီပြား သီးနှံဈေးမှာ ယခုအချိန်တွင် တစ်တင်း ၁၉၅၀၀ ကျပ်ရရှိခဲ့လို့ ယခုနှစ်မှာ ဈေးလျော့ခဲ့တဲ့ ပဲဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ဘိုကိတ် ယခင်နှစ်ထက်ဈေးကောင်းရပေမယ့် ဝယ်လိုအားနည်းနေခဲ့

မေလ တတိယပတ်အတွင်း ပြည်ဈေးကွက်မှာ နထစသမအ ပဲများဖြစ်သော မတ်ပဲနှင့် ပဲစင်းငုံသီးနှံမှာ တစ်ရက်အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ဒေသတွင်း လက်လီသမားသာအဝယ်ရှိတဲ့ သီးနှံများထဲမှာ ဘိုကိတ်ပဲသီးနှံသည် အရောင်းအဝယ် အေးနေတယ်လို့ သိရပါတယ်။ မေလဆန်းမှစ၍ လလယ်ထိ တစ်ရက်အိတ် ၅၀ ကျော် လက်ကျန်ပဲများနဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်ပြီး ယခုတတိယပတ်မှာ တဖြည်းဖြည်း အရောင်းအဝယ်ပါး လာလို့ ၁၀ အိတ်၊ ၁၅ အိတ်ခန့်သာ တစ်တင်း ဈေးနှုန်း ၁၅၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေတာကို တွေ့ရပါတယ်။ ယခင်နှစ်က မေလအတွင်း တစ်တင်း ၁၂၀၀၀ ကျပ်သာ ရရှိလို့ ယခုနှစ်မှာ ယခင်နှစ်ထက် ဈေးကောင်းရခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## သီးနှံမျိုးစုံရဲ့ အရောင်းအဝယ် အလားအလာ

ပခုက္ကူကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်နေတဲ့ကုန်ပစ္စည်းများကတော့ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ကုလားပဲဝါ၊ ကုလားပဲဖြူ၊ စွန်တာနီ(ကျွန်း)၊ ပဲဇီးကွက်၊ ပြောင်းဖူးစေ့ (CP) နှမ်းရောင်စုံ စသည်ဖြင့် အနည်းဆုံးအရောင်းအဝယ် ဖြစ်နေတာကိုတွေ့ရပါတယ်။ ကုန်စည်ဒိုင်မှာ ပစ္စည်းအစုံ အရောင်းအဝယ်ဖြစ်တာဆိုတော့ ဒိုင်တစ်ခုရဲ့ အင်္ဂါနဲ့ညီစွာ မင်္ဂလာအပေါင်း ခညောင်းနေတယ်လို့ ဂုဏ်ယူဝင့်ကြွားစွာပြောရမှာပါ။ သီးနှံတစ်ခုချင်းအနေအထားကို ပြန်ကြည့်ရ အောင်ပါ။

ပဲစင်းငုံ (နီ) နောက်ဆုံးဈေးတစ်ပိဿာ ၁၉၂၅ ကျပ်၊ တစ်တင်း ၃၈၅၀၀ ကျပ် ဈေးအမြင့်ဆုံးဖြစ်နေတာကို တွေ့ရပါတယ်။ ဇန်နဝါရီလ ပစ္စည်းလှိုင်လှိုင်ပေါများနေတုန်းက တစ်ပိဿာ ၁၂၁၅ ကျပ်၊ တစ်တင်း ၂၄၃၀၀ ကျပ်ကနေ ကြားကာလအတွင်းမှာ ဈေးနှုန်းအတက်အကျလှိုင်းစီးပြီး ၊ အမြင့်ဆုံးအနေအထားကို ရောက်ရှိနေတာကိုတွေ့ရပါတယ်။ အပြင်လောကမှာလည်း တစ်တင်း ၄၀၀၀၀ ကျပ်ရမှ လွှတ်မယ်ဆိုတဲ့ အနေအထားများလည်းကြားနေရပါတယ်။ ပစ္စည်းထွက်ရှိမှု အနည်းအများ၊ ဝယ်လိုအားရဲ့တောင်းဆိုမှု ဈေးကွက်ဆိုတာတွေကြောင့် ဈေးနှုန်းဆက်လက်မြင့်တက်နေတယ်လို့ ပြောရမလိုပါ။ ပစ္စည်းလက်ကျန်လည်း မြို့ပေါ်မှာ တော်တော်နည်းနေပြီလို့ သိရပါတယ်။ ဒီနှစ်တော့ ဇာတ်လိုက်ကျော် ပဲစင်းငုံနဲ့ ကပြအသုံးတော်ခံမှု အနေအထား ကတော့ ဇာတ်ရဲ့ အထွဋ်အထိပ်ကို ရောက်နေတယ်လို့ပြောရမှာပါ။ ပဲစင်းငုံရဲ့ ဇာတ်သိမ်းမှာ လွမ်းခန်းနဲ့ ဇာတ်မသိမ်း စေလိုဘဲ ပေါင်းခန်းနဲ့ ဇာတ်သိမ်းကြပါစေလို့ ဆုတောင်းပေးရတော့မလိုပါ။

ပဲတီစိမ်းကြီး နောက်ဆုံးဈေးတစ်ပိဿာ ၁၉၆၅ ကျပ်၊ တစ်တင်း ၃၉၃၀၀ ကျပ်ပါ။ အမြင့်ဆုံးဈေးတစ်ပိဿာ ၂၀၆၀ ကျပ်၊ တစ်တင်း ၄၁၂၀၀ ကျပ်ဈေးကနေ ပြန်ဆင်းလာတာပါ။ ပြန်ဆင်းလာတယ်လို့သာ ပြောရတာပါ။ ဈေးဟာအမြင့်ဆုံးအနေအထားတစ်ခုမှာ ခေါင်းမော့ရင်ကော့ လက်မထောင်နေတယ်လို့ပြောရမှာပါ။ တာဝန်ရှိသူတွေလည်း ပြောနေကြပါပြီ။

ပစ္စည်းရဲ့ ရောင်းလိုအား၊ ဝယ်လိုအားကွာဟမှုကြောင့် ဥပမာ-ဝယ်လိုအားများနေလို့ ဈေးကိုင်ထားတယ်။ ရေရှည်မှာ ဈေးကွက်ပျောက်မှာတောင် စိုးရိမ်ရတယ်ဆိုတဲ့ အနေအထား ပြောနေကြပါပြီ။ ဒီပစ္စည်းကို ကိုယ့်ရောင်းဝယ်ဖက် ဆက်ဆံနေကျဖောက်သည်နိုင်ငံကို ပုံမှန်ရောင်းတယ်။ ဒီနှစ်အနေအထား ရောင်းလိုအားထက် ဝယ်လိုအားများနေတယ်။ ဈေးကိုင်ရတယ်။ ကိုယ်လိုပဲ ထွက်ရှိတဲ့နိုင်ငံက ဈေးနှုန်းလျော့ပြီး ဈေးကွက်ကို ထိုးဖောက်ဝင်ရောက်လာရင် ဒါမဖြစ်နိုင်ဘူးလို့ ပြောလို့မရဘူး။ ကြား၊ သိ၊ ဖတ်၊ မှတ်နေရတဲ့သတင်းတွေအရ အီသီယိုးပီးယားလိုနိုင်ငံတောင် ပဲတီစိမ်းကိုစိုက်ပျိုးနေပြီး ကမ္ဘာ့ပဲတီစိမ်းဈေးကွက်ကို ထိုးဖောက်ဝင်ရောက် နေတယ်ဆိုတာ သိနေရတယ်။ ဒီအခြေအနေမှာ ဈေးကွက်မပျက်ဖို့၊ ဖောက်သည်မပျက်ဖို့ဆိုတာတွေ ထည့်သွင်းစဉ်းစားကြရမှာပါ။ ဘာပဲပြောပြော ပဲတီစိမ်းဈေးနှုန်း သွက်လက် ပန်းပန်နေတယ် ပြောရမှာပါ။

ကုလားပဲဝါ နောက်ဆုံးဈေးတစ်ပိဿာ ၁၁၃၁ ကျပ်၊ တစ်တင်း ၂၁၅၀၀ ကျပ်၊ ဇန်နဝါရီလထဲမှာ တစ်ပိဿာ ၇၄၇ ကျပ်၊ တစ်တင်း ၁၄၂၀၀ ကျပ်ကနေ အမြင့်ဆုံးဈေးဖြစ်ပေါ်နေတာပါ။ ကုလားပဲဖြူ နောက်ဆုံးဈေး တစ်ပိဿာ ၁၁၂၁ ကျပ်၊ တစ်တင်း ၂၁၃၀၀ ကျပ်၊ ဇန်နဝါရီလထဲမှာ တစ်ပိဿာ ၈၁၀ ကျပ်၊ တစ်တင်း ၁၅၄၀၀ ကျပ်၊ ကုလားပဲဈေးနှုန်းများကျလို့ ဒုက္ခဖြစ်နေတာ၊ သုံးနှစ်ကျော်၊ လေးနှစ်နီးပါးရှိပြီဆိုတာ မှတ်တမ်းများအရ သိရပါတယ်။ အရောင်းအဝယ်က ဈေးမကောင်း၊ သီးနှံကပိုးကြိုက်တဲ့သီးနှံဆိုတော့ သိုလှောင်ရုံထဲမှာ ပိုးတွေကျ၊ သီးနှံကဈေးရှုံး၊ သိုလှောင်ရုံခ၊ ပိုးတားခတွေကို တွေ့ကြုံခဲ့ရတာဆိုတော့ ခေါင်းမဖော်နိုင်ခဲ့ရာက ဒီနှစ်တော့ သိုလှောင်သူတွေကို အကျိုးပြုတဲ့ ကုလားပဲလို့ပြောရမှာပါ။

စွန်တာနီ (ကျွန်း) နောက်ဆုံးဈေး တစ်ပိဿာ ၆၇၈ ကျပ်၊ တစ်တင်း ၁၂၄၀၀ ကျပ် သူ့ကိုတော့ ပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့ သတ်မှတ်ရမှာပါ။ ပဲဇီးကွက်တစ်ပိဿာ ၆၇၅ ကျပ်၊ တစ်တင်း ၁၃၅၀၀ ကျပ်၊ ပုံမှန်လေး တက်လိုက်၊ ကျလိုက်ရှိနေတာကို တွေ့ရပါတယ်။ ပြောင်းဖူးစေ့ CP တစ်ပိဿာ ၄၃၈ ကျပ်၊ တစ်တင်း ၇၉၀၀ ကျပ်၊ ဈေးအတက်အကျ အနည်းငယ်ရှိပြီး တရုတ်ဝယ်လက်ကြက်စာသမားများ အဆွဲများလျက်ရှိနေတာကို တွေ့ရပါတယ်။

နှမ်း(ဂွနက်)တစ်ပိဿာ ၁၉၅၃ကျပ်၊ တစ်တင်း ၂၉၃၀၀ ကျပ်၊ နှမ်းညိုတစ်ပိဿာ ၁၉၇၃ ကျပ်၊ တစ်တင်း ၂၉၆၀၀ ကျပ် နည်းနည်းစီဝင်ရောက်ပြီး လှောင်လက်၊ ဆီကြိတ်စက်များ ဆွဲနေကြပြီး ဈေးမြောက်နေတာကို တွေ့ရပါတယ်။ ခြုံငုံသုံးသပ်ရရင်တော့ အရောင်းအဝယ်ဖြစ်နေတဲ့ သီးနှံတော်တော်များများဟာ အတက်ဘက်မှာ ရှိနေတာကိုတွေ့ရပါတယ်။ ဈေးကွက်ရဲ့ တောင်းဆိုမှု၊ လိုအပ်ချက်၊ ပစ္စည်းထွက်ရှိမှုဆိုတာတွေဟာ အရောင်း အဝယ်ရဲ့အလားအလာတွေပါ။

အလားအလာဆိုတာ လှုပ်ရှားမှုကို တန်ဆာဆင်တဲ့သဘောပါ။ အလားအလာရဲ့နောက်မှာ ပရိယာယ် ဆိုတာရှိနေလေတော့ သတိထားဆင်ခြင်ကြရပါလိမ့်မယ်။ ဘာပဲပြောပြော ယခုအနေအထား၊ အရောင်းအဝယ်ရဲ့ အလားအလာမြောက်နေတယ်လို့ ပြောရမှာပါ။

**မြင့်ဦး-ပခုက္ကူ**

## အထွက်လှိုင် အဝင်လှိုင် စီးထွက်မှုလှိုင်နေတဲ့ စစ်ကိုင်းပဲတီစိမ်း

အရာတော်၊ ဘုတလင်၊ ချောင်းဦး၊ ယင်းမာပင်၊ ကနီ၊ ပုလဲ၊ ဆားလင်းကြီးစတဲ့ နယ်စုံမှပဲတီစိမ်းကြီး သီးနှံများ မုံရွာကုန်စည်ဒိုင်သို့ အဝင်လှိုင်လျက်ရှိပါတယ်။ ပဲတီစိမ်းတစ်ဧက ကုန်ကျစရိတ် ကျပ်တစ်သိန်းဝန်းကျင် ကုန်ကျပြီး တစ်ဧကပျမ်းမျှ အထွက် ၁၅ တင်းခန့်ထွက်ကြောင်း၊ ချောင်းဦးမြို့နယ်၊ ဆူးလေးကုန်းကျေးရွာ တောင်သူတစ်ဦးထံမှ သိရပါတယ်။

တရုတ်ဝယ်လက် Export ရှိလို့ မုံရွာကုန်စည်ဒိုင်သို့ ဝင်ရောက်သလောက် တစ်ရက်တင်း ၃၀၀၀ မှ ၅၀၀၀ ကြား အရောင်းအဝယ်ဖြစ်ကာ အရောင်းအဝယ်အကောင်းဆုံးသီးနှံမှာ ပဲတီစိမ်းသီးနှံဖြစ်ပြီး၊ မုံရွာကုန်စည်ဒိုင်သို့ ဝင်ရောက်မှုမရှိဘဲ တစ်ရက်ပျမ်းမျှတင်း ၁၀၀၀ - ၂၀၀၀ ခန့် မန္တလေးသို့ တိုက်ရိုက်စီးထွက်မှုရှိကြောင်း၊ ကုန်စည်ဒိုင်ပေါက်ဈေးမှာ ၂၀၁၅ ခုနှစ် မေလ ၂၀ ရက်အတွင်း ပဲတီစိမ်း တစ်တင်းပေါက်ဈေး အနိမ့်၊ အမြင့်မှာ ၃၈၅၀၀ ကျပ်-၄၁၀၀၀ ကျပ်နှင့် ယခင်နှစ် ကာလတူပေါက်ဈေးမှာ ၃၃၀၀၀ ကျပ်-၃၇၅၀၀ ကျပ်ဈေးရှိခဲ့ပါတယ်။

**သန်းသန်းတင်-မုံရွာ**

# မေလ တတိယအပတ် မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်း သီးနှံများရဲ့ ဈေးနှုန်းနဲ့ဈေးကွက်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များမဟာကထိန်တော်အသင်း) မှာ နေ့စဉ် (ဥပုသ်နေ့ မှအပ) အနယ်နယ်အရပ်ရပ်မှ ကုန်သည်၊ ပွဲစား၊ စက်ပိုင်များ လာရောက်ပြီး လယ်ယာထွက်ကုန်သီးနှံများကို ရောင်းဝယ်ဖောက်ကားလျက်ရှိပါတယ်။ ယခုမေလ တတိယပတ်မှာ သီးနှံစုံကို သင့်တင့်တဲ့ ဈေးနှုန်းနဲ့ ဈေးဖွင့်လှစ်ထားပေမယ့် အရောင်းအဝယ်အေးလျက်ရှိပါတယ်။ ယခင်တစ်ပတ်နဲ့ ယခုတစ်ပတ်ဈေးနှုန်း နှိုင်းယှဉ်ကြည့်ပါက-

**တစ်ပိဿာဈေး-ကျပ်**

| သီးနှံအမည် | မေလဒုတိယအပတ် | | မေလ တတိယအပတ် | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း | ၂၁၆၉ | ၂၁၈၇ | ၂၀၃၈ | ၂၁၃၃ |
| ပဲနီပြား | ၈၁၄ | ၈၈၇ | ၈၁၄ | ၈၃၃ |
| ပဲကြီး | ၁၀၅၀ | ၁၂၃၁ | ၁၀၈၆ | ၁၂၃၁ |
| ပဲပုပ် (ရှမ်း) | ၈၂၆ | ၉၀၁ | ၇၈၉ | ၈၃၆ |
| ပဲပုပ် (ဗမာ) | ၉၀၁ | ၉၁၁ | ၉၀၁ | ၉၃၀ |
| ပဲယင်း | ၇၅၀ | ၇၆၇ | ၇၆၇ | ၈၁၇ |
| ထောပတ်ပဲ | ၉၂၄ | ၉၇၈ | ၈၈၉ | ၉၂၄ |
| မြေထောက်ပဲ | ၉၂၆ | ၁၁၄၈ | ၁၀၇၄ | ၁၁၈၅ |
| မတ်ပဲ | ၁၉၁၇ | ၁၉၃၃ | ၁၈၆၇ | ၁၉၃၃ |
| ကုလားပဲဖြူကြီး | ၁၁၇၀ | ၁၁၇၉ | ၁၁၃၅ | ၁၁၄၄ |
| ကုလားပဲ ထိုင်ဝမ် | ၁၁၆၄ | ၁၁၇၃ | - | ၁၁၃၈ |
| ပဲစင်းငုံနီ | - | ၁၈၆၇ | - | ၁၉၁၇ |
| ပဲစင်းငုံရွှေ | - | ၁၈၈၃ | - | ၁၉၁၇ |
| ပြောင်းဖူးစေ့ (ဗမာ) | - | ၄၁၇ | ၃၉၈ | ၄၀၇ |
| ပြောင်းဖူးစေ့ (စီပီ) | - | ၄၅၄ | - | ၄၅၄ |
| အထွက်တိုးပြောင်း | ၄၆၂ | ၄၇၂ | ၄၉၁ | ၅၀၀ |
| ဆန်ပြောင်း | ၄၂၂ | ၄၅၆ | ၄၂၂ | ၄၅၆ |
| နှမ်းဖြူ | ၂၂၀၀ | ၂၄၄၄ | ၂၃၁၁ | ၂၃၇၈ |
| နှမ်းညို | ၂၀၀၀ | ၂၀၆၇ | ၂၀၄၄ | ၂၁၆၇ |
| နှမ်းနက် | ၁၉၇၈ | ၂၀၀၀ | ၁၉၅၆ | ၂၅၅၆ |
| နှမ်းနက်(စမုံ) | ၄၄၄၄ | ၄၆၆၇ | ၄၅၅၆ | ၄၆၆၇ |
| ပန်းနှမ်း | - | ၁၈၀၀ | ၁၉၅၆ | ၂၀၀၀ |
| မြေပဲဆန်(S 1 ) | ၂၅၀၀ | ၂၅၇၅ | ၂၆၂၅ | ၂၇၀၀ |

ပြည်ပ (တရုတ်) ဝယ်လက်ဆွဲအားပုံမှန်ရှိနေတဲ့ ပဲတီစိမ်းကြီးက အဝင်ရှိသလောက်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ မေလ တတိယပတ်မှာ ပဲတီစိမ်းကြီး တစ်ပိဿာ ၂၁၃၃ ကျပ် (တစ်တန် ၁၃၀၆၂၂၈ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ပဲနီပြားတစ်ပိဿာ ၈၃၃ ကျပ် (တစ်တန် ၅၁၀၁၂၁ ကျပ်) နဲ့ ယခင်တစ်ပတ်ထက် ဈေးအေးသလို အရောင်းအဝယ်လည်း အနည်းငယ်အေးလို့ နေ့စဉ်သုံးတင်းအိတ် ၁၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ပဲကြီး တစ်ပိဿာ ၁၂၃၁ ကျပ် (တစ်တန် ၇၅၃၈၅၂ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းတူနဲ့ နေ့စဉ်သုံးတင်းအိတ် ၂၅၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၈၃၆ ကျပ် (တစ်တန် ၅၁၁၉၅၈ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၉၃၀ ကျပ် (တစ်တန် ၅၆၉၅၂၃ ကျပ်) နဲ့ နေ့စဉ် ပဲပုပ်စေ့ နှစ်မျိုးပေါင်း သုံးတင်းအိတ် ၃၀၀ ကျော်၊ ပဲယင်း တစ်ပိဿာ ၈၁၇ ကျပ် (တစ်တန် ၅၀၀၃၂၃ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၀၀ ကျော်၊ ထောပတ်ပဲ တစ်ပိဿာ ၉၂၄ ကျပ် (တစ်တန် ၅၆၅၈၄၈ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၃၀၀ ခန့်၊ မြေထောက်ပဲ တစ်ပိဿာ ၁၁၈၅ ကျပ် (တစ်တန် ၇၂၅၆၈၂ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပြည်တွင်းလှောင်လက်၊ ရန်ကုန်ဝယ်လက်နဲ့ အိန္ဒိယ (ပြည်ပ) ဝယ်လက်တွေ ဝယ်ယူမှုရှိနေတဲ့ မတ်ပဲ၊ ကုလားပဲနဲ့ ပဲစင်းငုံများအနက် မတ်ပဲမှာ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းတူပြီး ဈေးငြိမ်လျက်ရှိနေပေမဲ့ ကုလားပဲဖြူကြီးနဲ့ ကုလားပဲထိုင်ဝမ်မှာ ယခင်အပတ်ဈေးအောက်ရောက်ပြီး ဈေးအေးနေပါတယ်။ ပဲစင်းငုံများမှာ ယခင်အပတ်ဈေးနှုန်းရဲ့အထက်မှာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မတ်ပဲ တစ်ပိဿာ ၁၉၃၃ ကျပ် (တစ်တန် ၁၁၈၃၇၅၀ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၈၀၀ ခန့် ကုလားပဲဖြူကြီး တစ်ပိဿာ ၁၁၄၄ ကျပ် (တစ်တန် ၇၀၀၅၇၄ ကျပ်)၊ ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၁၁၃၈ ကျပ် (တစ်တန် ၆၉၆၉၀၀ ကျပ်)နဲ့ ကုလားပဲ နှစ်မျိုးပေါင်း သုံးတင်းအိတ် ၂၀၀၀ ခန့်၊ ပဲစင်းငုံနီ တစ်ပိဿာ ၁၉၁၇ ကျပ် (တစ်တန် ၁၁၇၃၉၅၂ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်သလို ပဲစင်းငုံရွှေ (အဖြူ) သည်လည်း ပဲစင်းငုံနီဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ ပဲစင်းငုံ နှစ်မျိုးပေါင်း သုံးတင်းအိတ် ၁၅၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက် ရှိကြောင်း သိရပါတယ်။

ဒေသတွင်းအစာစပ်လုပ်ငန်း၊ အချိုရည်နဲ့ အဖျော်ယမကာလုပ်ငန်းများမှ ပြောင်းဖူးစေ့များကို ဝယ်ယူသိုလှောင်မှုရှိသလို တရုတ်ဝယ်လက်မှလည်း ဝယ်ယူမှုရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၄၀၇ ကျပ်(တစ်တန် ၂၄၉၂၄၃ ကျပ်)၊ ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၄၅၄ ကျပ် (တစ်တန် ၂၇၈၀၂၅ ကျပ်)နဲ့ ပြောင်းဖူးစေ့ နှစ်မျိုးပေါင်းနေ့စဉ်သုံးတင်းအိတ် ၂၈၀၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး အထွက်တိုးပြောင်း တစ်ပိဿာ ၅၀၀ ကျပ် (တစ်တန် ၃၀၆၁၉၅ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၄၀၀ ခန့်၊ ဆန်ပြောင်း တစ်ပိဿာ ၄၅၆ ကျပ်(တစ်တန် ၂၇၉၂၅၀ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၃၅၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံများဖြစ်တဲ့ နှမ်းမျိုးစုံနဲ့ မြေပဲကို ဒေသတွင်း ပြည်တွင်းသာမက ပြည်ပ (တရုတ်) ဝယ်လက်များမှ ပုံမှန်ဝယ်ယူလျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ နှမ်းဖြူ တစ်ပိဿာ ၂၃၇၈ ကျပ် (တစ်တန် ၁၄၅၆၂၆၃ ကျပ်)၊ နှမ်းညို တစ်ပိဿာ ၂၀၆၇ ကျပ် (တစ်တန် ၁၂၆၅၈၁၀ ကျပ်)၊ နှမ်းနက် တစ်ပိဿာ ၂၅၅၆ ကျပ် (တစ်တန် ၁၅၆၅၂၆၉ ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၄၆၆၇ ကျပ် (တစ်တန် ၂၈၅၈၀၂၄ ကျပ်)နဲ့ အထက်ပါ နှမ်း လေးမျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး ပန်းနှမ်းမှာ တစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန် ၁၂၂၄၇၈၀ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၄၀၀ ကျော်အရောင်းအဝယ်ဖြစ်ပါတယ်။ မြေပဲဆန် S1 တစ်ပိဿာ ၂၇၀၀ ကျပ် (တစ်တန် ၁၆၅၃၄၅၃ ကျပ်)နဲ့ ယခုအပတ်မှာ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးထက် တစ်ပိဿာ ၁၂၅ ကျပ် (တစ်တန် ၇၆၅၄၉ ကျပ်) ဈေးမာပြီး နေ့စဉ် သုံးတင်းအိတ် ၁၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပြည်ပ (တရုတ်) ကို တိုက်ရိုက်တင်ပို့တဲ့ပဲများအနက် ပဲတီစိမ်းမှာ အရောင်းအဝယ်အသွက်လက်ဆုံးဖြစ်သလို သူတို့ (တရုတ်ဝယ်လက်) ကလည်း ပုံမှန်ဝယ်ယူမှုရှိကြောင်း၊ ယခင်တစ်ပတ်ဈေးအောက်ကို ရောက်ပေမယ့် သင့်တင့်တဲ့ ဈေးနှုန်းဖြစ်တာကြောင့် အရောင်းအဝယ်နှေးကွေးမှုမရှိကြောင်း၊ ဆီထွက်သီးနှံဖြစ်တဲ့ နှမ်းများ စပ်ကူးမတ်ကူး ကာလဖြစ်လို့ မြင်းခြံဘက်မှ အဝင်ရှိပေမဲ့ နည်းပါးနေသေးကြောင်း၊ အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်ကြောင်း၊ ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်သွက်လက်နေတာက ပန်းနှမ်းဖြစ်ကြောင်း၊ ဒေသတွင်း ဆီစက်နဲ့ ရန်ကုန်ဝယ်လက်မှ ဝယ်ယူမှုရှိကြောင်း၊ ပန်းနှမ်းဈေးက တစ်လထက်တစ်လဈေးမြင့်လာကြောင်း၊ ထို့အတူ မြေပဲဆန်မှာလည်း တစ်ရိပ်ရိပ်ဈေးတက်လာကြောင်း၊ ဈေးတက်လာပေမယ့် အရောင်းအဝယ်လျော့ကျမှုမရှိဘဲ မြန်ဆန်သွက်လက်လျက်ရှိကြောင်း၊ ပြောင်းဖူးစေ့များ ဈေးငြိမ်ပြီး အရောင်းအဝယ်ပမာဏများလာကြောင်း၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ နှမ်းရောင်စုံ၊ ပြောင်းဖူးစေ့များနဲ့ မြေပဲဆန်များရဲ့ ဈေးနှုန်းများ ကျဆင်းဖွယ်မရှိကြောင်း၊ ပြည်တွင်းရောပြည်ပမှာပါ ဈေးကွက်ခိုင်မာနေသောကြောင့်ဖြစ်ကြောင်း၊ ပွဲစား၊ ကုန်သည် လှောင်လက်ကြီးတစ်ဦးမှ ပြောကြားကြောင်း သိရပါတယ်။

မန္တလေးမြို့မှာ မေလ ၁၆ ရက်နေ့မှစတင်ပြီး မိုးများအဆက်မပြတ် ရွာသွန်းနေပေမယ့် အေးနေတဲ့ မိုးနဲ့အတူ ပဲ၊ ပြောင်း၊ နှမ်းများ ဈေးအေးပြီး အရောင်းအဝယ်အေးနိုင်တယ်လို့ ထင်ရပေမဲ့ ပဲတစ်မျိုးနှစ်မျိုးသာ ဈေးအေးပြီး ကျန်ပဲမျိုးစုံမှာ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပါကြောင်း-----။

**စိုးအောင်-မန္တလေး**

# မေလ တတိယပတ်အတွင်း ပြည်ပဲဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲဈေးဆက်မြင့်နေပြီး မတ်ပဲသီးနှံဈေး အမြင့်ဆုံးရနေ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ကုလားပဲ၊ ပဲကြီးသီးနှံများ ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတလည်၊ ရွှေတောင်၊ ကျီးသဲ၊ ကံမ၊ မင်းတုန်းနယ်စုံမှ နေ့စဉ်ဝင်ရောက်လျက်ရှိသလို ပဲစင်းငုံသီးနှံကတော့ ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲများသာ အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ ပဲဈေးနှုန်းမှာလည်း မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲသီးနှံများ ဈေးမြင့်လာခဲ့ပြီး ပဲကြီးသီးနှံကတော့ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ မတ်ပဲသီးနှံမှာ မေလလယ်မှစ၍ တစ်ရက်အိတ် ၃၀၀ ကျော်သာနေ့စဉ်အဝင်ရှိခဲ့ပြီး ပဲဈေးမှာ တဖြည်းဖြည်းမြင့်ခဲ့လို့ ယခုတစ်ပတ်မှာ တစ်တင်း ၄၀၀၀၀ ကျပ်ထိ ဈေးကောင်းရလာခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်ကတော့ နေ့စဉ် အဝယ်ရှိလို့ အိတ် ၃၀၀ ကျော်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခင်နှစ်က မတ်ပဲဈေးမှာ မေလတွင် လဆန်းရက်၌ တစ်တင်း ၂၃၀၀၀ ကျပ်သာရရှိပြီး လလယ်မှာ ၂၅၀၀၀ ကျပ်ရရှိခဲ့ကာ လကုန်ပတ်တွင် ၂၄၈၀၀ ကျပ်သာရရှိခဲ့လို့ ယခုနှစ်မတ်ပဲဈေးက မေလအတွင်းမှာ တစ်တင်း ၄၁၀၀၀ ကျပ်ရရှိခဲ့တဲ့အတွက် ယခင်နှစ်က ဈေးထက် ၁၅၀၀၀ ကျပ်ခန့်ထိ ပိုရလာကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ဈေးကွက်သို့ ပဲအဝင်မရှိတော့ဘဲ လှောင်ပဲများသာရှိတော့လို့ ဝယ်လိုအားရှိမှုအပေါ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်အဝယ်ရှိသော်လည်း နေ့စဉ်အဝယ်မရှိဘဲ တစ်ခါတစ်ရံ ဝယ်လိုအားကောင်းသည့်ရက်တွင် အိတ် ၂၀၀ မှ ၃၀၀ ကျော်အထိ အဝယ်ရှိပြီး ဈေးကတော့ တစ်တင်း ၃၈၅၀၀ ကျပ်ထိ ယခင်တစ်ပတ်ထက် ဈေးပိုပေးဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

ကုလားပဲသီးနှံမှာ နေ့စဉ်အဝင်ရှိသော်လည်း တစ်ရက်အိတ် ၂၀၀ ခန့်သာဝင်ရောက်ပြီး အခြားတိုင်းသို့ တင်ပို့ခြင်းမျိုးမရှိဘဲ တစ်ခါတစ်ရံ ရခိုင်ပြည်နယ်ဖက်မှ အဝယ်ရှိမှုသာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပုံမှန်အားဖြင့်တော့ ဒေသတွင်း ပဲခွဲစက်သမားများနှင့် လက်လီသမားများသာ အဝယ်ရှိတာကြောင့် အိတ် ၂၀၀ ခန့် အရောင်းအဝယ်နေ့စဉ်ဖြစ်သလို ဈေးနှုန်းမှာလည်း ဒီတစ်ပတ်မှာ တစ်တင်း ၂၂၈၀၀ ကျပ်ရရှိခဲ့လို့ ယခင်ပတ်ထက် တစ်တင်း ကျပ် ၁၀၀၀ ကျပ်ကျော်မြင့်တက်ခဲ့တယ်လို့ သိရပါတယ်။ အခြားပဲများဈေးမြင့်တက်နေသော်လည်း ပဲကြီးသီးနှံကတော့ မေလအတွင်း ဈေးငြိမ်နေခဲ့ပါတယ်။

အိတ် ၂၀၀၊ ၃၀၀ နေ့စဉ် အဝင်ရှိသလို ဝယ်လိုအားလည်း လိုက်နေတဲ့အတွက် အဝင်ရှိလာသမျှ ပဲများအားလုံး ရောင်းချခဲ့ကြပြီး (ရွှေကျွန်း) တစ်တင်း ၂၄၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၁၅၀၀ ကျပ်ရရှိခဲ့ပါတယ်။ ယခင်နှစ်က ဈေးထက်လည်းယခုနှစ် ပဲကြီးသီးနှံဈေးလျော့ခဲ့ပါတယ်။ ယခင်နှစ်က တစ်တင်း ၂၆၀၀၀ ကျပ်ဖြင့် မေလတွင် အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ပဲလွန်းဖြူနဲ့ ပဲပုပ်သီးနှံဈေးများကလည်း ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း မပြောင်းလဲဘဲ ပဲလွန်းဖြူ တစ်တင်း ၂၂၀၀၀ ကျပ်၊ ပဲပုပ် တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့်သာ ဈေးငြိမ်ပြီး အရောင်းအဝယ်မှာလည်း လက်လီသာရှိခဲ့ကြောင်း သိရပါတယ်။ ဒါကြောင့် ယခု မေလတတိယပတ်အတွင်း မတ်ပဲသီးနှံ တစ်မျိုးသာ အရောင်းအဝယ်လည်းသွက်၊ ဈေးလည်းအမြင့်ဆုံးရလျက်ရှိကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း- ပြည်**

## နနွင်း

### နနွင်းမှကန်ဒေါ်လာ နှစ်သိန်းကျော်ဝင်ငွေရ

မေလ ၁၀ ရက်မှ ၁၆ ရက်သီတင်းပတ်အတွင်း နနွင်း ၃၅၆ ဒသမ ၉၉၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၁၀၉၈၂၅ တန်ဖိုးရှိ နနွင်း ၁၉၁ တန်ကို မလေးရှားနိုင်ငံကို လည်းကောင်း၊ ကန်ဒေါ်လာ ၉၉၆၇၅ တန်ဖိုးရှိ နနွင်း ၁၆၅ ဒသမ ၉၉၅ တန်ကို စင်ကာပူနိုင်ငံကို လည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မှာ ၃၃၁ တန်ကျော်တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၅ တန်ကျော် ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။ နနွင်းတင်ပို့မှုမှ စုစုပေါင်းကန်ဒေါ်လာ ၂၀၉၅၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ဈေး စနည်းနာနေတဲ့ အောင်ပန်းနနွင်းဈေးကွက်

ရှမ်းနနွင်းကတော့ အောင်ပန်းဈေးကွက်မှာ ပုံမှန်အဝင်ရှိနေပါတယ်။ ချင်းကတော့ ပြည်ပဝယ်လက် မရှိပေမဲ့ နနွင်းကိုတော့ ပြည်ပဝယ်လက်တွေက ဝယ်ယူဖို့ စိတ်ဝင်စားနေတာလို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ နနွင်းကို တောင်ကုတ်ဝယ်လက်တွေက ဝယ်ယူဖို့ ဈေးမေးနေပေမယ့် တေ့တေ့ဆိုင်ဆိုင်တော့ ဝယ်ယူမှု မရှိကြသေးပါဘူး။ ဟိုပုံးနနွင်းတွေကိုလည်း ထပ်ပြီးဝယ်ယူဖို့ လေ့လာနေတုန်းပဲလို့ သိရပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်ကတော့ ဟိုပုံးနနွင်းကို ဘင်္ဂလားဒေ့ရှ်ကိုပို့ဖို့အတွက် တောင်ကုတ်ဝယ်လက်တွေက တစ်ပိဿာ ၁၈၀၀ ကျပ်ဈေးနဲ့ ပိဿာချိန်ငါးသောင်းခန့် ဝယ်ယူသွားခဲ့ပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ နနွင်းအဝင် နည်းလာပါတယ်။ တောင်သူတွေနဲ့ လှောင်လက်တွေဆီမှာ လက်ကျန်တွေရှိနေပေမယ့် ဈေးကောင်းစောင့်နေတာကြောင့် ထုတ်မရောင်းကြသေးလို့ ဈေးကွက်မှာတော့ နနွင်းလက်ကျန်နည်းလာတယ်လို့ဆိုပါတယ်။ ဟိုပုံးနနွင်းက တစ်ပိဿာ ၁၈၀၀ ကျပ်ဈေးရှိပြီး၊ အောင်ပန်းနနွင်းက တောင်ပို့လဆိုရင် ၁၄၀၀ ကျပ်-၁၅၀၀ ကျပ်၊ ဆင်တောင်နနွင်းက ၂၀၀၀ ကျပ်-၂၂၀၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

### မူဆယ်နဲ့ ကော့သောင်းနယ်စပ်မှ သီဟိုဠ်စေ့ ၆၆ တန်ကျော်တင်ပို့

မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းက ၂၀၁၅ ခုနှစ် မေလ ၉ ရက်မှ ၁၅ ရက်အတွင်း သီဟိုဠ်စေ့ ၆၆ တန်ကျော်တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၅၀၇ သန်းဖိုး တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ၃၈ တန် ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်က သီဟိုဠ်စေ့ ၆၃ တန်နီးပါး တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၄၇၉ သန်း တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၃၁ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းက သီဟိုဠ်စေ့ ၃ တန်ကျော် တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၂၈သန်း တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၂ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်ကတော့ ယခုတစ်ပတ်တွင် တင်ပို့နိုင်ခြင်းမရှိသလို ယခင်တစ်ပတ်ကလည်း တင်ပို့နိုင်ခြင်း မရှိခဲ့ပါဘူး။

**ခင်မြနွယ် MIRT**

| ၁၈-၅-၂၀၁၅ မှ ၂၂-၅-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 123 | 5,778,978.648 |
| 2 | Form D | 41 | 3,160,281.598 |
| 3 | Form E | 76 | 1,521,402.060 |
| 4 | Korea GSP | 4 | 140,094,000 |
| 5 | Form AK | 42 | 3,477,852.782 |
| 6 | Form AJ | 10 | 229,213.579 |
| 7 | Form AI | 33 | 1,370,391.460 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **329** | **15,678,214.127** |

## ချင်း

### အောင်ပန်းဈေးကွက်သို့ ချင်းအဝင်ပုံမှန်ရှိနေ

ဒီတစ်ပတ်တော့ အောင်ပန်းဈေးကွက်မှာ ချင်းအဝင်ကပုံမှန်ရှိလာပါတယ်။ အရင်တစ်ပတ်ကတော့ နေပူပြီး ချင်းတက်တွေမဖော်ဖြစ်တာကြောင့် အဝင်နည်းသလို၊ အခုတစ်ပတ်ကလည်း မိုးကောင်းလာတဲ့အတွက် ငွေလိုတဲ့ တောင်သူတွေကတော့ ဖော်ပြီးသားချင်းတွေကို ထုတ်ရောင်းလာလို့ ပုံမှန်အဝင်ရှိနေတယ်လို့ သိရပါတယ်။ မိုးလည်းကျလာပြီဖြစ်လို့ ဉမတွေလည်းနောက်လကုန်ရင် ခပ်များများ ဝင်လာနိုင်တယ်လို့လည်း ဆိုပါတယ်။ အောင်ပန်းချင်းကတော့ အဝင်ပုံမှန်ရှိသလို အရောင်းကလည်း ပုံမှန်ရှိနေပါတယ်။ ဒီနှစ်မှာတော့ ချင်းစိုကို မူဆယ်ဝယ်လက်တွေက မျိုးပြုလုပ်ဖို့အတွက် ဝယ်တာကလွဲရင် ပြည်ပဝယ်လက်သိပ်ပြီးမရှိခဲ့ပါဘူး။ ပြည်တွင်းဝယ်လက်ကိုသာ အဓိကထားပြီးရောင်းနေရတယ်လို့လည်း ချင်းပွဲရုံတွေကသိရှိရပါတယ်။ အခုတစ်ပတ်မှာ ချင်းစိုအဝင်က ပိဿာချိန် ခြောက်ထောင်၊ ခုနစ်ထောင်ခန့် အဝင်ရှိနေပေမယ့် ချင်းခြောက်ကတော့ အဝင်မရှိ သလောက်ပါဘဲ၊ ဒေသတွင်းနဲ့ ပြည်တွင်းဝယ်လက်တွေ ဝယ်ယူနေလို့ တစ်ပတ်အတွင်း ချင်းစိုက ပိဿာချိန် ကိုးသောင်းခြောက်ထောင်နဲ့ ချင်းခြောက်က ပိဿာချိန် ခြောက်သောင်း ခုနစ်ထောင့်ငါးရာခန့် အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ချင်းစိုက တစ်ပိဿာကို အနိမ့်ဆုံး ၄၀၀ ကျပ်မှ အမြင့်ဆုံး ၁၀၀၀ ကျပ်ဈေးရှိပြီး ချင်းခြောက်က ၂၀၀၀ ကျပ်မှ ၂၂၀၀ ကျပ်ဈေးရှိပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ ချင်းစို၊ ချင်းခြောက် နှစ်မျိုးစလုံး လက်ကျန်မရှိတော့ဘူးလို့ သိရပါတယ်။ ချင်းစိုက တစ်ပိဿာ ၁၁၀၀ ကျပ်၊ ချင်းခြောက်က တစ်ပိဿာ ၂၅၀၀ ကျပ်နဲ့ ဈေးပိတ်သွားပါတယ်။ ချင်း (ဉမ) တွေကတော့ အောင်ပန်းချင်းထက် နောက်ကျပြီး ၈ လပိုင်းမှသာ ဈေးကွက်ကို ပြန်ဝင်လာတော့မှာဖြစ်တယ်လို့ သိရှိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

### ပြည်ချင်းဈေးကျပေမယ့် အရောင်းအဝယ်အေး

ပြည်ချင်းဈေးကွက်သို့ ယခုတစ်ပတ်အတွင်း အောင်ပန်းချင်းများ ပိဿာ ၃၀ ဝင်အိတ် ၁၀ အိတ်ခန့် ဝင်ရောက်လာသလို ယခင်အပတ်ထက် အဝင်နည်းသွားပြီး ဈေးကွက်အတွင်း ပွဲရုံလုပ်ငန်းရှင်များက ပစ္စည်းလက်ကျန်များကို ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ချပြီး ရောင်းဝယ်လုပ်လျက်ရှိပါတယ်။ ဈေးကျပေမယ့် ပြည်ချင်းဈေးကွက်တွင် မိုးများအဆက်မပြတ် ရွာသွန်းနေသောကြောင့် အဝယ်မလိုက်ပဲ (ရှယ်) ချင်းတစ်ပိဿာကို (ရှယ်) ၁၆၀၀ ကျပ်၊ (ဂွန်) ၁၃၀၀ ကျပ်တို့နဲ့ တစ်နေ့ကို ပိဿာချိန် ၁၀၀ ခန့်နဲ့ အရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တို့သို့လည်း ယခုတစ်ပတ်မှာ စားသုံးမှုအဖြစ် ဈေးကွက်မှတစ်ဆင့် တစ်နေ့ကို ယခင်အပတ်ကထက် ထက်ဝက်ခန့်သာ ရောင်းဝယ်တင်ပို့ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

## ကြက်သွန်

### ပြည်ကြက်သွန်နီဈေးငြိမ်ပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ် ပြည်ကြက်သွန်နီပွဲရုံတွင် ကြက်သွန်နီဝင်ရောက်မှုပုံမှန်ရှိနေသော်လည်း အရောင်းအဝယ် အေးနေတာကြောင့် ကြက်သွန်နီဈေးတွေ ငြိမ်နေပါတယ်။

အရောင်းအဝယ်မကောင်းတာကြောင့် ဒီရက်အတွင်း ကြက်သွန်နီဈေးအနည်းငယ် ဆက်ကျနိုင်ဖွယ်ရှိတယ်လို့ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပါတယ်။ ကြက်သွန်နီ (ကြီး) တစ်ပိဿာ (ပွဲရုံဈေး) ၃၅၀ ကျပ်၊ (လတ်) ၃၇၀ ကျပ်နှင့် (အသေး) ၃၀၀ ကျပ်တို့ဖြစ်ပြီး လက်လီဈေး တစ်ပိဿာဈေး (ကြီး) ၅၀၀ ကျပ်၊ (လတ်) ၅၀၀ ကျပ်နှင့် (သေး) ၄၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ ဒေသတွင်း လက်လီအရောင်းအဝယ်ရှိမှုကြောင့် အိတ် ၃၀၀၊ ၄၀၀ ထိသာ ရောင်းဝယ်မှုရှိကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

### မြဝတီကုန်သွယ်ရေးဇုန်က ကြက်သွန်နီ ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၅၈၄၉၆ တန်ဖိုးရှိကြက်သွန်နီ တန် ၆၁၀ ကျော်နဲ့ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၁၆၂၀၂ တန်ဖိုးရှိ ကြက်သွန်နီ တန်ချိန် ၅၈၀ ကျော်ကို မေလ ဒုတိယပတ်မှာ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ တန် ၇၂၀ နဲ့ မြဝတီမှ ၃၄၆ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ရဲ့ကြက်သွန်နီ တင်ပို့မှုဟာ မြဝတီမှ ပိုမိုလာတာတွေ့ရပါတယ်။ မြဝတီမှာ ကြက်သွန်နီတစ်တန်ကို ကန်ဒေါ်လာ ၂၆၀ ခန့် ဈေးရရှိပေမယ့် မူဆယ်မှာတော့ တစ်တန်ကို ကန်ဒေါ်လာ ၂၀၀ ခန့်သာ ဈေးရတယ်လို့ ကုန်စည်ဒိုင်သတင်းများအရ သိရပါတယ်။

**မော်မော်အောင်**

## မန်ကျည်း

### မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာခြောက်သောင်းကျော် ဝင်ငွေရ

မေ ၁၀ ရက်မှ ၁၆ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၂၇၃ ဒသမ ၅ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံကို ၇၅ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ၁၂၅ တန်၊ စင်ကာပူနိုင်ငံကို တန် ၂၃ ဒသမ ၅တန် နဲ့ ပါကစ္စတန်နိုင်ငံကို တန် ၅၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင် သီတင်းပတ်မှာ တန်ချိန် ငါးရာ့ရှစ်ဆယ်ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၁၁ တန် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၆၃၃၈၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ဝင်ရောက်လာတဲ့ မန်ကျည်းမှည့် အရောင်းသွက်

ပွဲရုံများသို့ စားဖိုဆောင်သီးနှံဖြစ်တဲ့ ပြည်မန်ကျည်းမှည့်ဝင်ရောက်မှု ပိဿာချိန်နည်းလာတာ တွေ့ရပါတယ်။ ဒေသထွက်မန်ကျည်းမှည့်များနည်းပါးလာခြင်းကြောင့် (အစေ့ပါ) မန်ကျည်းမှည့်ကိုသာ တိုက်ရိုက်ရောင်းဝယ်လျက်ရှိကြပါတယ်။

တစ်ရက်ကို ဝင်ရောက်လာသမျှ မန်ကျည်းမှည့်များ မှန်သမျှလက်ကျန်မရှိ ရခိုင်ပြည်နယ် သံတွဲ၊ တောင်ကုတ်များသို့ တင်ပို့နေရကြောင်း သိရပါတယ်။ ပိဿာချိန် ၃၀၀ ကျော်ပုံမှန်ဝင်ရောက်ပြီး တင်ပို့နေပါတယ်။

ယခုတတိယပတ်တွင် (အစေ့ပါ) မန်ကျည်းမှည့်ပေါက်ဈေး တစ်ပိဿာ ၆၅၀ ကျပ်ဖြစ်ပြီး ဒေသတွင်း ဈေးကွက်တွင် လက်လီတစ်ပိဿာ ၁၂၀၀ ကျပ်ဖြင့် (အစေ့လွတ်) မန်ကျည်းသီးများကိုသာ ရောင်းဝယ်လျက်ရှိပါတယ်။

**နီနီဝင်း-ပြည်**



Vol: 15, No.19 Monday May 25 2015

# အယ်လ်နီညို ဘယ်လိုမွှေဦးမလဲ

|စံမိအောင်|



အယ်လ်နီညို တစ်ကျော့ပြန်လာဦးမယ်လို့ အပူပိုင်း ပစိဖိတ်ဒေသကို စောင့်ကြည့်လေ့လာနေတဲ့ သိပ္ပံပညာရှင်တွေက သတိပေး စကားပြောထားပါတယ်။ အယ်လ်နီညိုလာတော့မယ်ဆို ရင် ပင်လယ်ရေမျက်နှာပြင်အပူချိန်တွေ မြင့်တက်လာမယ်။ အီကွေတာက ကုန်သည်လေတွေ လေကြောင်းပြောင်းမယ်။ တစ်နှစ်အတွင်းမှာ ကမ္ဘာတစ်ဝန်း ရာသီဥတုနဲ့ပတ်သက်တဲ့ ပြောင်းလဲမှုတွေ ဖြစ်လာပါမယ်။

## အယ်လ်နီညိုဆိုတာဘာလဲ

အယ်လ်နီညိုဆိုတာ စကတည်းက ယဉ်သကိုဆိုသလိုပါပဲ။ သူရဲ့ဇာစ်မြစ် အဓိပ္ပာယ်က စပိန်အရ The Little Boy လို့ အဓိပ္ပါယ်ရပါတယ်။ လူဆိုးလေးလို့ပြောရင် သူ့စရိုက်နဲ့ ပိုကိုက်ပါလိမ့်မယ်။ အယ်လ်နီညိုရဲ့ အသွင်သဏ္ဌာန်တွေကို တောင်အမေရိကကမ်းလွန်မှာ ကျင်လည်ကျက်စားနေတဲ့ တံငါသည်တွေကစတင်ပြီး သတိပြုမိခဲ့ပါတယ်။ ၁၆၀၀ ပြည့်လွန်နှစ်တွေကဆိုတော့ သက်တမ်းကမနည်းတော့ပါဘူး။ ပစိဖိတ်သမုဒ္ဒရာထဲကရေတွေ ထူးထူးကဲကဲ ပူလောင်မှုဖြစ်ခဲ့တာက စပါတယ်။

အယ်လ်နီညိုနဲ့ ရေအေးစီးကြောင်းတွေကို ဖြစ်ပေါ်စေတဲ့ လာနီညာ ရာသီဥတုသွင်ပြင်လက္ခဏာတွေက အပူပိုင်းပစိဖိတ်ဒေသမှာ လေးနှစ်ငါးနှစ်အတွင်း အလှည့်ကျဖြစ်ပျက်တတ်ပါတယ်။

## ပေါ်မလာခဲ့တဲ့အယ်လ်နီညို

အယ်လ်နီညိုရာသီဥတုက အပူပိုင်းပစိဖိတ်ဒေသကို ၂၀၁၄ ခုနှစ်မှာ တစ်ကျော့ပြန်လည်လာလိမ့်မယ်လို့ သိပ္ပံပညာရှင်တွေက ခန့်မှန်းထားပါတယ်။ ဒါပေမဲ့ ပေါ်မလာခဲ့ပါဘူး။ ဒီနှစ်ထဲမှာတော့ အားလျော့တဲ့ အယ်လ်နီညိုက ပစိဖိတ်သမုဒ္ဒရာထဲ ဝင်လာဖို့ တာစူနေပြီလို့ အမေရိကန်သိပ္ပံပညာရှင်တွေက မတ်လအတွင်းမှာ ကြေညာခဲ့ပါတယ်။ ယခုတော့ အယ်လ်နီညိုကတကယ့် ရောက်လာခဲ့ပါပြီ။ အမေရိကန်ပညာရှင်တွေ ခန့်မှန်းထားတာထက် အများကြီး သာလွန်လိမ့်မယ်လို့ ဂျပန်နဲ့ ဩစတြေးလျက ပညာရှင်တွေက အတည်ပြုပြောကြားခဲ့ပါတယ်။

အပူပိုင်းပစိဖိတ်သမုဒ္ဒရာတွင်း အယ်လ်နီညို ရောက်လာပြီဆိုရင် ဘရာဇီးနိုင်ငံရဲ့ ဒေသအချို့မှာ မိုးများပါမယ်။ ဩစတြေးလျမှာတော့ ပြောင်းပြန်ဖြစ်ပြီး ဒေသအများအပြားမှာ ပူပြင်းခြောက်သွေ့မယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ ရေရှားပါးမှု ပိုမိုပြင်းထန်လာဖို့ ရှိပါတယ်။ အမေရိကန်ပြည်ထောင်စုမှာတော့ အယ်လ်နီညိုကြောင့် ကယ်လီဖိုးနီးယားနဲ့ တောင်ပိုင်းဒေသတွေမှာ မကြာခဏ မိုးရွာတတ်ပါတယ်။

## အယ်လ်နီညိုဂယက်နဲ့သီးနှံအထွက်

ယခုနှစ်မှာ အယ်လ်နီညိုကြောင့် သီးနှံဈေးနှုန်းတွေကို ဘယ်လိုဂယက်ရိုက်ခတ်မှုရှိမယ်ဆိုတာကို ပြောဖို့ စောလွန်းသေးတယ်လို့ Capital Economics က ပြောပါတယ်။ ဒါပေမဲ့ ထိခိုက်မှုရှိနိုင်မဲ့ ကုန်စည်တွေထဲမှာ ကိုကိုး၊ ကော်ဖီ၊ စားအုန်းဆီ၊ ဆန်၊ သကြားနဲ့ဂျုံတွေပါဝင်ပြီး အပူကြောင့် သီးနှံထွက်နှုန်းတွေ ကျနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

ထိခိုက်မှုအများဆုံးဖြစ်နိုင်တာကတော့ ကော်ဖီနဲ့ ဆီအုန်းတို့ဖြစ်ကြောင်း Capital Economics က ခန့်မှန်းပါတယ်။ အကြောင်းအရင်းကတော့ဒီသီးနှံတွေက အယ်လ်နီညိုကြောင့်ထိခိုက်ခံရတဲ့ ဇုန်နယ်မြေဖြစ်တဲ့ တောင်အမေရိကနဲ့ အာရှမှာတည်ရှိနေတဲ့ အတွက် ဖြစ်ပါတယ်။

အယ်လ်နီညိုဖြစ်ခဲ့တဲ့နှစ်တွေကို ပြန်ကြည့်ရင် ပြောင်းအထွက်က ပျမ်းမျှ အထွက်နှုန်းအောက်ကို ကျတတ်ပါတယ်။ ဆောင်းရာသီမှာ ပိုမိုဖြစ်ပေါ်တတ်တဲ့အတွက် ပြောင်း၊ မြေပဲနဲ့ ဝါဂွမ်းစတဲ့ နွေသီးနှံတွေ ရိပ်သိမ်းမှု နောက်ကျတတ်ပါတယ်။ အမေရိကန်နိုင်ငံ တောင်ပိုင်းဒေသရှိ အယ်လ်ဘားမားနဲ့ ဂျော်ဂျီယာဒေသတွေမှာ ဂျုံအထွက်က ပျမ်းမျှအထွက်နှုန်းထက် ယေဘုယျအားဖြင့် မြင့်တတ်ပါတယ်။ ဩဂုတ်လကုန် စက်တင်ဘာလဆန်းမှာ မိုးများတဲ့အတွက် ဆောင်းဂျုံသီးနှံတွေအပေါ် Hessian ယင်ကောင်တွေပိုမို ကျရောက်တတ်ပါတယ်။ ခရမ်းချဉ်သီး၊ ပြောင်းဖူး၊ ငရုပ်ပွ၊ ဘိုစားပဲအပါအဝင် ဆောင်းစိုက်ဟင်းသီးဟင်းရွက်တွေရဲ့အထွက် ကျဆင်းနိုင်ပါတယ်။ ခရမ်းချဉ်သီးလိုသီးနှံတွေမှာ မှိုနဲ့ ဘက်တီးရီးယားတွေ စွဲကပ်ဖို့များပါတယ်။ စတော်ဘယ်ရီရဲ့ကြီးထွားနှုန်းက သာမန်အောက်ကျဆင်းနိုင်ပါတယ်။

စောစောပိုင်းကာလတွေတုန်းက ရိတ်သိမ်းချိန် အထွက်နှုန်းကျတဲ့အတွက် ဩစတြေးလျ၊ ကနေဒါနဲ့ အမေရိကန်ပြည်ထောင်စုဂျုံထုတ်လုပ်သူတွေက ဈေးနှုန်းကို မြှင့်တင်ခဲ့ကြပါတယ်။

အယ်လ်နီညိုရဲ့ ဂယက်က သီးနှံတွေကိုသာ ရိုက်ခတ်တာမဟုတ်ပါဘူး။ မိုးတွေရွာသွန်းမှု ပိုမိုတဲ့အတွက် တောင်အမေရိကလိုသွပ်၊ ကြေးနီလို သတ္တုတွင်းမှာလည်း ရေလွှမ်းမိုးခံရမယ့် အန္တရာယ်တွေရှိနေပါတယ်။ ဒါကြောင့် သယ်ယူပို့ဆောင်ရေးနဲ့ ဖြန့်ဖြူးရေး အခက်အခဲတွေ တွေ့နိုင်ပါတယ်။ အယ်လ်နီညိုရာသီဥတုပြင်းထန်စွာ ဖြစ်ပွားပါက လယ်ယာစိုက်ပျိုးရေးကို အကြီးအကျယ် မှီခိုနေရတဲ့ နိုင်ငံတွေကို ထိခိုက်စေနိုင်ပါတယ်။ ဆန်၊ ပြောင်းနဲ့ စားအုန်းဆီလို ကုန်စည်တွေရဲ့ ဖြန့်ဖြူးရေးတွေကိုလည်း ထိခိုက်စေနိုင်ပါတယ်။ တကယ်တော့ အာရှပစိဖိတ်တချို့ဒေသတွေမှာ အပူရှိန်က မြင့်တက်နေပါပြီ။

## ယခုနှစ်နဲ့အယ်လ်နီညို

ဒီနှစ်မှာ အယ်လ်နီညိုက နွေဦးရာသီမှာ ရောက်လာပြီး ဆောင်းဦးရာသီထိ ဆက်လက်တည်ရှိနိုင်ပါတယ်လို့ဂျပန်မိုးလေဝသ အေဂျင်စီက ခန့်မှန်းပါတယ်။ အဲဒီအေဂျင်စီဟာ ၂၀၁၅ ခုနှစ်မှာ ဖြစ်ပေါ်လာမယ့် အခြေအနေနဲ့ပတ်သက်ပြီး ပထမဆုံးခန့်မှန်းချက်ထုတ်တဲ့ အေဂျင်စီဖြစ်ပါတယ်။ ရာသီဥတုပုံစံတွေက မေလကစပြီး တိတိကျကျဖြစ်ပေါ်လာတော့မှာဖြစ်တဲ့အတွက် မေလမှာ ထုတ်ပြန်တဲ့ ခန့်မှန်းချက်တွေက ပိုမိုတိကျမယ်လို့ ANZ Bank မှ အကြီးတန်း လယ်ယာစိုက်ပျိုးရေး ဘောဂဗေဒပညာရှင် ပေါ်လ်ဒိန်းက ပြောပါတယ်။

ဒါပေမဲ့ သီးနှံဈေးနှုန်းတွေက အယ်လ်နီညိုကြောင့်ခြိမ်းခြောက်မှုရှိတဲ့ အနေအထားကို မရောက်သေးပါဘူး။ အဓိကအကြောင်းအရင်းက ၂၀၁၄ ခုနှစ်မှာ ရာသီဥတုဆိုးဝါးမယ်လို့ ခန့်မှန်းချက်ထားခဲ့တာတွေက အမှန်တကယ်ဖြစ်မလာလို့ ဖြစ်ပါတယ်။ တကယ်တော့ ၂၀၁၄ ခုနှစ် မှာ သီးနှံအထွက်ကောင်းပြီး လက်ကျန်များခဲ့ပါတယ်။

## အိန္ဒိယ

အယ်လ်နီညိုက အိန္ဒိယနိုင်ငံရဲ့ မုတ်သုံရာသီကိုတိုက်ရိုက်ထိခိုက်မှုဖြစ်စေနိုင်ပါတယ်။ အထူးသဖြင့် အီကွေတာဒေသ ကုန်သည်လေတွေရဲ့ တိုက်ခတ်မှုပုံအပြောင်းအလဲကြောင့် အိန္ဒိယသမုဒ္ဒရာမှာ မုတ်သုန်လေအား နည်းနိုင်ပါတယ်။ အိန္ဒိယနိုင်ငံမှာ မုတ်သုံမိုးရဲ့ ဂယက်ရိုက်ခတ်မှုက လူဦးရေအများစု နေထိုင်တဲ့ ကျေးလက်ဒေသရဲ့ ဝင်ငွေကို တိုက်ရိုက်အကျိုးသက်ရောက်မှုဖြစ်စေပါတယ်။

အိန္ဒိယရဲ့စီးပွားရေးမှာ လယ်ယာကဏ္ဍက ၁၄ ရာခိုင်နှုန်းထိပါဝင်ပြီး သီးနှံစိုက်ပျိုးမြေတစ်ဝက်က ရေသွင်း စိုက်ပျိုးရေ မရတဲ့အတွက အိန္ဒိယအတွက် မုတ်သုံမိုးက အရေးကြီးဆုံးဖြစ်ပါတယ်။

## အင်ဒိုနီးရှား

၂၀၁၅ ခုနှစ်မှာ အင်ဒိုနီးရှားဗဟိုဘဏ်က ငွေကြေးဖောင်းပွမှုနှုန်းကို ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းထိ ရောက်ရှိဖို့ ရည်မှန်းထားပါတယ်။ ဒါက အယ်လ်နီညိုနဲ့ပတ်သက်တဲ့သတင်းတွေ ထွက်ပေါ်မလာခင်က သတ်မှတ်ခဲ့တာပါ။ အယ်လ်နီညိုရဲ့ ဂယက်ကအနည်းငယ်အားလျော့တဲ့တိုင်အောင် ဒီရည်မှန်းချက်ကိုရရှိဖို့ ခဲယဉ်းလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။ ဒါကြောင့် အင်ဒိုနီးရှားအစိုးရအနေဖြင့် လောင်စာဆီ ထောက်ပံ့ကြေး ပြုပြင်ပြောင်းလဲမှုတွေကို ပြန်လည်စဉ်းစားရတော့မယ့် အခြေအနေမှာ ရှိပါတယ်။

## ဖိလစ်ပိုင်

အစားအစာဈေးနှုန်း အတက်အကျပြဿနာများနဲ့ ဖိလစ်ပိုင်နိုင်ငံဟာ မစိမ်းတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဖိလစ်ပိုင်ဗဟိုဘဏ်ဖြစ်တဲ့ Bangkok Sentral Pilipinas (BSP) က အစားအစာဈေးနှုန်းဖောင်းပွပြီး ပေါ်ပေါက်ရတဲ့ အထိတ်တလန့်ဖြစ်မှုကို ဖြေရှင်းတဲ့အလုပ်နဲ့ ယဉ်ပါးပြီးဖြစ်နေပါ တယ်။ အယ်လ်နီညို ရာသီဥတုအခြေအနေ သိသိသာသာ ပေါ်လာမယ်ဆိုရင် ဖိလစ်ပိုင်ရဲ့စားသုံးသူဈေးနှုန်းညွှန်းကိန်းက ၂၀၁၆ ခုနှစ်အတွက် ရည်မှန်းထားတာရဲ့အထက် ၂ ရာခိုင်နှုန်းကနေ ၄ ရာခိုင်နှုန်းအထိ ပိုလာနိုင်ပါတယ်။

## တရုတ်ဈေးကွက်

အယ်လ်နီညိုနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံကို ဂယက်ရိုက်စရာမရှိလှပါ။ တရုတ်နိုင်ငံကရာသီဥတုနဲ့ဆက်နွယ်နေတဲ့ ဂယက်ရိုက်ခတ်မှုတွေနဲ့ အများစုက ကင်းလွတ်နေပြီး ပြည်တွင်း အစားအစာဈေးကွက်က ပြည်ပဈေးနှုန်းတွေရဲ့ ဂယက်ရိုက်ခံရတာ နည်းပါတယ်။ တရုတ်နိုင်ငံ အစားအစာဈေးကွက်မှာ စိတ်ဝင်စားစရာ ကောင်းတာက ဧပြီလ ငွေကြေးဖောင်းပွမှု မြင့်တက်ရတဲ့ အကြောင်းအရင်းက နှစ်အလိုက် ကြည့်ရင် ဝက်သားနဲ့ဟင်းသီးဟင်းရွက်ဈေးက ၈ ဒသမ ၃ ရာခိုင်နှုန်းနဲ့ ၇ ဒသမ ၂ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ပါတယ်။ နောက်တစ်ခုထူးဆန်းတာက ကမ္ဘာ့ဝက်သားဈေးတွေနှစ်နဲ့ ချီပြီး ကျဆင်းနေချိန်မှာ တရုတ်နိုင်ငံမှာ ဝက်သားဈေးမြင့်တက်နေတာကို တွေ့ရပါတယ်။

## မြန်မာ

မြန်မာနိုင်ငံအတွင်းရှိ မုတ်သုံလွန်ကာလ ရာသီဥတု အခြေအနေပေါ် ရိုက်ခတ်မှုများကို ကြိုတင်ခန့်မှန်းနိုင်ဖို့အတွက် အယ်လ်နီညို ရာသီဥတုရဲ့ပြင်းထန်မှုအခြေအနေကို မျက်ခြေမပြတ် စောင့်ကြည့်လျက်ရှိကြောင်း မေလ ၁၈ ရက်နေ့က မိုးလေဝသနဲ့ ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးရဲ့ ပြောကြားချက်ကို ကိုးကားပြီး မြန်မာတိုင်းမ်သတင်းမှာ ဖော်ပြထားပါတယ်။

ယခုမေလအတွင်းမှာတော့ အယ်လ်နီညိုရဲ့ အကျိုးသက်ရောက်မှုတွေမရှိနိုင်ဘူးလို့ သူကပြောပါတယ်။ အယ်လ်နီညိုရာသီဥတု အခြေအနေ အားနည်းရင်တော့ မြန်မာနိုင်ငံအပေါ် ထူးထူးခြားခြား ဂယက်ရိုက်ခတ်မှု မရှိနိုင်ဘူးလို့ ဆိုပါတယ်။ ဒါပေမဲ့ လာမယ့်နှစ်လအတွင်း အယ်လ်နီညိုသွင်ပြင်လက္ခဏာတွေ ထူးထူးခြားခြားဖြစ်လာမယ်ဆိုရင်တော့ မုတ်သုံလွန်ကာလမှာ သာမန်ထက် ထူးထူးကဲကဲ ပူပြင်းခြောက်သွေ့ပြီး ဒီအခြေအနေက ၂၀၁၆ ခုနှစ် ထိ ဆက်လက်ဖြစ်ပေါ်နိုင်တယ်လို့ ဆိုပါတယ်။

ပင်လယ်မျက်နှာပြင်အပူချိန် (Sea Surface Temperature) က မေလ ၁၂ ရက်အထိ အခြေအနေအရ ပစိဖိတ်အလယ်ပိုင်းဒေသမှာ တစ်ဒီဂရီဆဲလ်ဆီးယပ်စ်မှ ၁ ဒသမ ၂ ဒီဂရီဆဲလ်ဆီးယပ်စ်ထိ ပိုမိုပူနွေးလာတယ်လို့ သိရကြောင်း ဦးကျောလွင်ဦးက ပြောပါတယ်။ ဒီအခြေအနေအရဆိုရင် EL Nino Southarm Oscillation (ENSO) လို့ လူသိများနေတဲ့ အယ်လ်နီညိုရာသီဥတု ဖြစ်လာတော့မယ့် လက္ခဏာ ဖြစ်တယ်လို့ ဆိုပါတယ်။

ယခင်က ဖြစ်ပျက်ခဲ့တဲ့ အခြေအနေအရ အယ်လ်နီညိုက မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားဒေသမှာ သီးနှံစိုက်ပျိုးရေးကို ထိခိုက်မှု ဖြစ်စေခဲ့ပါတယ်။ မိုးခေါင်ရေရှားရပ်ဝန်းမှာ ပူပြင်း ခြောက်သွေ့တဲ့အခြေအနေကြောင့် အစဉ်အလာအားထားလာတဲ့ သီးနှံတွေဖြစ်တဲ့ နှမ်း၊ ပဲမျိုးစုံကို ထိခိုက်စေခဲ့ပါတယ်။

မြန်မာနိုင်ငံက ကမ္ဘာမှာ ပဲမျိုးစုံ အများဆုံးတင်ပို့တဲ့နိုင်ငံတွေထဲမှာပါဝင်ပြီး မြန်မာနိုင်ငံကထုတ်လုပ်တဲ့ ပဲမျိုးစုံကို အဓိကတင်ပို့တာက အိန္ဒိယနိုင်ငံ ဖြစ်ပါတယ်။ ၂၀၁၃-၁၄ ခုနှစ်မှာ မြန်မာနိုင်ငံက အိန္ဒိယကို တင်ပို့တဲ့ ပဲမျိုးစုံတန်ဖိုးက အမေရိကန်ဒေါ်လာ ၈၉၆ ဒသမ ၃ သန်းရှိပြီး အဓိကအားဖြင့် မတ်ပဲနဲ့ ပဲတီစိမ်းတို့ ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံက အယ်လ်နီညိုရာသီဥတုနဲ့ ဆက်နွယ်မှုအများစု ရှိနိုင်သလို အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံကလည်း ပဲမျိုးစုံတင်ပို့မှုမှာ ဆက်နွယ်မှုတွေ ရှိနေပါတယ်။ ဒါကြောင့် အာရှဒေသကို ရိုက်ခတ်လာမယ့် အယ်လ်နီညို ရာသီဥတုရဲ့ အနေအထားကိုလည်း မြန်မာနိုင်ငံအဖို့ စောင့်ကြည့်လေ့လာနေရဦးမှာ ဖြစ်ပါတယ်။

## ဓာတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် တန်ချိန်ငါးရာကျော်ဝင်

မေ ၁၀ ရက်မှ ၁၆ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၁၉၇၇၄၁၆ တန်ဖိုးရှိ ဓါတ်ဆီ ၁၉၈ ဒသမ ၈၈ တန်နဲ့ ကန်ဒေါ်လာ ၂၈၀၅၆၈၄၀ တန်ဖိုးရှိ ဒီဇယ် ၃၁၈ ဒသမ ၅၂၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းရန်သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့သိရပါတယ်။ ဒီဇယ်က ယခင်တစ်ပတ် ဓာတ်ဆီအဝင်မှာ ၄၈တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၅၀ ဒသမ၄၈ တန်အဝင်ပိုလာခဲ့ပါတယ်။ ဒီဇယ်အဝင်မှာ၆၆၃တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၃၄၄ ဒသမ ၇၀၃ တန်အဝင် လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဓာတ်ဆီအဝင်ပိုခဲ့ပြီး ဒီဇယ်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ မေ ၁၈ ရက်မှ ၂၂ ရက်အတွင်း ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက မော်လမြိုင်နဲ့ တောင်ကြီးမှာ ဈေးငြိမ်နေပြီး ရန်ကုန်မှာ ဒီဇယ်ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီ ရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့်နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီရော ဒီဇယ်ပါ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာဈေးငြိမ်နေပြီး အောက်တိန်းဈေးနည်းနည်းတက်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၈၀ ကျပ်၊ အောက်တိန်း ၇၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၂၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေ ၁၈ ရက် ဓာတ်ဆီ ဝယ်ဈေး ၁၄၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၇၀၀၀ ကျပ်နဲ့ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ မေ ၁၈ ရက်မှာ ဝယ်ဈေး ၁၄၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မေ ၂၀ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၃၀၀၀ ကျပ် ဈေးကျခဲ့တယ်လို့ သိရပါတယ်။တစ်ဂါလန် ဝယ်ဈေး၊ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ဓါတ်ဆီ၊ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ဓာတ်ဆီနဲ့ အောက်တိန်းတို့ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးကတော့ ဓာတ်ဆီ တစ်လီတာ ၇၇၀ ကျပ်၊ အောက်တိန်း ၇၇၀ ကျပ်၊ ဒီဇယ် ၇၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၉၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေ ၁၈ ရက်နေ့မှာ ဒီဇယ် ဝယ်ဈေး ၁၄၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၀၀၀၀ ကျပ်နဲ့ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ မေ ၁၈ ရက်နေ့ ဝယ်ဈေး ၁၅၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၇၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာမှ မေ ၂၀ ရက်တွင် ဝယ်ဈေး၊ရောင်းဈေး ၃၀၀၀ ကျပ်ဈေးကျခဲ့တယ် လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၄၀၀ ကျပ်၊ ဓာတ်ဆီ ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်ပြီးအရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများကဓာတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၄၀ ကျပ်၊ အောက်တိန်း ၃၃၃၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၃၀၀ ကျပ်၊ အောက်တိန်း ၃၄၀၀ ကျပ် နဲ့အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီနဲ့ ဒီဇယ်ဈေးမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၂၀၀ ကျပ်၊ ဒီဇယ်၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၁၀၀ ကျပ်၊ ဒီဇယ် ၃၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**သီတာဝင်း (DOT)**

## Energy NYMEX 22-5-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 60.59 | -0.13 | -0.21 |
| Brent Crude Futr (USD/bbl) | 66.40 | -0.14 | -0.21 |
| Gasoline Rbob Fut (Cent/gal) | 208.00 | -0.24 | 0.12 |
| Natural Gas Futr (USD/MMBtu) | 2.95 | 0.00 | -0.10 |
| Heating Oil Futr (Cent/gal) | 198.22 | -0.37 | -0.19 |

# ဗဟိုဘဏ်၏ကန့်သတ်ချက် ထိရောက်မှု မရှိခြင်းကြောင့် ငွေလဲနှုန်းများ ပြန်လည်မြင့်တက်

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဗဟိုဘဏ်၏ ထိန်းညှိမှုကြောင့် ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ် ကျဆင်းခဲ့သော်လည်း ယခုတစ်ပတ်တွင်မူ ပြန်လည်မြင့်တက်လာခဲ့ကြောင်း ငွေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပုဂ္ဂလိကဘဏ်များ၏ ငွေလဲဈေးကွက်အတွင်းတွင်မူ အဝယ်သာရှိပြီး အရောင်းကောင်တာများကို ပိတ်ထားကြောင်း သိရသည်။

"ကျွန်တော်တို့ဘဏ်မှာ အဝယ်ပဲရှိပါတယ်။ အဝယ်ကိုတော့ မေ ၂၂ရက်ဈေး ၁၀၉၀ ကျပ်နဲ့ ဝယ်ပေးပါတယ်။ အရောင်းကောင်တာကို ပိတ်ထားပါတယ်။ အရောင်းကိုတော့ အဝယ်ရှိသလောက်ပဲ ရောင်းပေးပါတယ်"ဟု အေဂျီဒီဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဗဟိုဘဏ်၏ ဝင်ရောက်ထိန်းညှိပေးမှုကြောင့် ပြည်တွင်းငွေလဲနှုန်းများသည် ၁၁၀၀ ကျပ်သို့ ကျဆင်းသွားခဲ့သော်လည်း ယခုတစ်ပတ်တွင်မူ ဈေးကွက်အတွင်း အဝယ်လိုက်လာမှုကြောင့် ဈေးနှုန်းများ ထပ်မံမြင့်တက်ခဲ့ရခြင်းဖြစ်ကြောင်း ပုဂ္ဂလိကငွေလဲစင်တာတစ်ခုမှ သိရသည်။

"ပြီးခဲ့တဲ့တစ်ပတ်တုန်းက ငွေဈေးက ကျသွားတယ်။ အဲဒီလိုကျဆင်းသွားတာက ဗဟိုဘဏ်က ဝင်ထိန်းပေးတဲ့အတွက်ကြောင့်ပါ။ ဒါပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးကွက်ထဲမှာ အဝယ်ရော အရောင်းရော တော်တော်လေးကို များလာတယ်။ အဲဒီလိုများလာတော့ ဈေးကွက်ထဲမှာလိုအပ်ချက်တွေ များလာတဲ့အတွက် ဈေးမြင့်တက်လာရတာပါ"ဟု ၎င်းစင်တာမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပုဂ္ဂလိကဘဏ်များတွင်အကန့်အသတ်ဖြင့်ရောင်းနေရသည့်အတွက် ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းလိုသည့် ကုန်သည်များအနေဖြင့် ဒေါ်လာများကို အပြင်မှ ဝယ်ယူနေရသည့်အတွက် အဝယ်လိုက်နေသကဲ့သို့ ဈေးကစားသူများကြောင့်လည်း ဈေးမြင့်တက်နေရခြင်းဖြစ်ကြောင်းသိရသည်။

ယခုတစ်ပတ်အတွင်း ပုဂ္ဂလိကဘဏ်များတွင် ဝယ်ဈေး ၁၀၈၉ကျပ်၊ ရောင်းဈေး ၁၀၉၁ ကျပ်ဟု သတ်မှတ်ထားသော်လည်း အရောင်းအဝယ်မရှိကြောင်းသိရသည်။ အပြင်ပုဂ္ဂလိကဈေးကွက်တွင်မူ မေလ ၁၈ရက်နေ့က ရောင်းဈေး ၁၁၁၄ ကျပ်၊ ဝယ်ဈေး ၁၁၁၀ကျပ်ရှိခဲ့ ပြီး မေလ ၂၀ရက်နေ့တွင် ရောင်းဈေး ၁၁၃၅ကျပ်၊ ဝယ်ဈေး ၁၁၂၉ကျပ်သို့ မြင့်တက်လာခဲ့သည်။ မေ ၂၂ ရက်တွင်မူ ရောင်းဈေး ၁၁၂၅ကျပ်၊ ဝယ်ဈေး ၁၁၁၅ ကျပ်သို့ ပြန်လည်ကျဆင်းခဲ့သည်။ **မယ်သီတာ**

# မြန်မာ့ရွှေဈေး အမြင့်ဈေးဖြင့် ဆက်လက်တည်ရှိနေ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက နေ့စဉ်မြင့်တက်ခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင်ဆက်လက်မြင့်တက်လာခဲ့ကာ အမြင့်ဈေးဖြင့်ပင် တည်ရှိနေကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်လျက်ရှိနေခြင်း၊ ကမ္ဘာ့ရွှေဈေးအောက်သို့ မြန်မာ့ရွှေဈေးရောက်ရှိနေခြင်းတို့သည် မြန်မာ့ရွှေဈေးကို ဆက်လက်မြင့်တက်စေသည့် အကြောင်းရင်းများပင်ဖြစ်ကြောင်း ရွှေကုန်သည်များက သုံးသပ်လျက်ရှိသည်။

သို့သော် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်အတွင်း အမြင့်ဆုံးဈေးအဖြစ် ကျပ် ၇၁၉၀၀၀ သို့ရောက်ရှိခဲ့ပြီး နောက်ရက်တွင် ကျပ် ၇၁၄၀၀၀ သို့ တစ်ရက်အတွင်း ကျပ် ၅၀၀၀ ခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

"မြန်မာ့ရွှေဈေးက ဆက်ပြီး တက်လာနိုင်ပါသေးတယ်။ဘာကြောင့်လည်းဆိုတော့ ကမ္ဘာ့ရွှေဈေးနဲ့ မြန်မာ့ ရွှေဈေး ချိန်ထိုးကြည့်ရင် ဈေးက ဟနေသေးတယ်။ အဲဒီလိုဈေးကွာဟနေတဲ့အတွက် မြန်မာ့ရွှေဈေးက မြင့်တက်လာနိုင်သေးတယ်လို့ ဆိုချင်တာပါ။ ဒါပေမယ့်လည်း ခုရက်ပိုင်းမှာတော့ ပြန်ကျသွားတယ်။ တစ်ရက်ထဲမှာ ကျပ် ၅၀၀၀ လောက်ကျသွားခဲ့တယ်။ ဒီတစ်ပတ်ထဲမှာတော့ ဈေးကမငြိမ်ဘူး။ အတက်အကျတွေ များနေတယ်။ ဒီလို အတက်အကျတွေ များနေရင်တော့ ရွှေဈေးကွက် ပျက်သွားနိုင်ပါတယ်" ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

မြန်မာ့ရွှေဈေးသည် မေ ၁၈ ရက်တွင် ကျပ် ၇၁၂၀၀၀ သို့ရောက်ရှိခဲ့ပြီး မေ ၂၀ရက်တွင် ကျပ် ၇၁၉၀၀၀ သို့ တစ်ပတ်အတွင်း အမြင့်ဆုံးနှုန်းအဖြစ် ရောက်ရှိခဲ့သည်။ မေ ၂၂ ရက်တွင်မူ ကျပ် ၇၁၁၈၀၀သို့ ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် မေ ၁၈ ရက်တွင် ၁၂၂၄ ဒေါ်လာရှိခဲ့ပြီး မေ ၂၀ ရက်တွင် ၁၂၀၈ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ မေ ၂၂ ရက်တွင် ၁၂၀၆ ဒေါ်လာသို့ အနည်းငယ် ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

May 22, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.26 |
| BDT | Bangladesh Taka | 78.09 |
| CAD | Canada Dollars | 1.22 |
| CNY | China Yuan Renminbi | 6.20 |
| EUR | Euro | 0.90 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 63.57 |
| IDR | Indonesia Rupiahs | 13133.43 |
| JPY | Japan Yen | 120.73 |
| MYR | Malaysia | 3.59 |
| PKR | Pakistan Rupees | 101.89 |
| PHP | Philippines Pesos | 44.52 |
| RUB | Russia Rubles | 49.89 |
| SGD | Singapore Dollars | 1.33 |
| KRW | South Korea Won | 1090.95 |
| LKR | Sri Lanka Rupe | 134.15 |
| THB | Thailand Baht | 33.41 |
| GBP | United Kingdom Pounds | 0.64 |
| VND | Vietnam Dong | 21810.05 |

*Source : xe.com*

## World Gold Price

May, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 18 | 1222 | 1221 | 1221 |
| 19 | 1220 | 1219 | 1220 |
| 20 | 1203 | 1206 | 1203 |
| 21 | 1207 | 1208 | 1208 |
| 22 | 1206 | 1207 | 1207 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 18-5- 2015 | 715.00 | 715.00 |
| 19-5- 2015 | 719.00 | 721.00 |
| 20-5- 2015 | 719.00 | 719.00 |
| 21-5- 2015 | 715.50 | 714.70 |
| 22-5- 2015 | 709.50 | 710.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 18 | 6 .20 | 33.41 | 77.87 | 63.68 |
| 19 | 6. 21 | 33.50 | 77.74 | 63.82 |
| 20 | 6 .21 | 33.62 | 77.75 | 63.77 |
| 21 | 6 .20 | 33.46 | 77.78 | 63.68 |
| 22 | 6.20 | 33.41 | 78.09 | 63.57 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 18-May | 17.57 | 2330.94 | 1834.11 | 6513.70 | 1165.00 |
| 19-May | 17.47 | 2330.94 | 1834.11 | 6513.70 | 1166.00 |
| 20- May | 16.95 | 2266.88 | 1765.12 | 6306.50 | 1149.00 |
| 21- May | 17.13 | 2260.83 | 1764.00 | 6351.74 | 1154.00 |
| 22- May | 17.17 | 2245.60 | 1754.82 | 6351.74 | 1154.00 |

Source:kitco.com

## ဘိလပ်မြေ



### ကန်ဒေါ်လာ ၈၁ သိန်းကျော်တန်ဖိုးရှိ ဘိလပ်မြေတင်သွင်း

မေလ ၁၀ ရက်မှ ၁၆ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၈၁၉၂၈၂၄ တန်ဖိုးရှိ ဘိလပ်မြေ ၆၄၂၂၉ ဒသမ ၅၂၅ တန်ကို ပင်လယ် ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယနိုင်ငံမှတန်ချိန် ၃၅၀၀၊ စင်ကာပူမှ ၈၈၅ ဒသမ ၁၇၅ တန်နဲ့ ထိုင်းနိုင်ငံမှ ၅၉၈၄၄ ဒသမ ၃၅ တန်တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဆင်နဲ့ စိန် ဘိလပ်မြေ အများဆုံးဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ၃၄၅၄ တန်ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

### ယခင်တစ်ပတ်အတိုင်းအရောင်းအဝယ်ဖြစ်နေတဲ့ဘိလပ်မြေ

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

မေလ၁၀ရက်မှ ၁၆ ရက် သီတင်းပတ်မှာ ပြည်တွင်းကိုရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၆၄၂၂၉ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ၆၇၆၈၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ ၃၄၅၄ တန်ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ ၁၄၇၅၀ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၂၃၇၆၈ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၉၀၁၇ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်** မှာ ဒီတစ်ပတ် အရောင်းအဝယ် ပုံမှန်ရှိပေမယ့် ကြံ့(မြိုင်ကလေး) က ၂၅ ကျပ်၊ ဆင်(ထိုင်း) က ၁၀၀ ကျပ်ဈေးကျပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင် (ထိုင်း) ၅၃၅၀ ကျပ်၊ မြင်းခေါင်း ၄၂၀၀ကျပ်၊ ကြံ့(မြိုင်ကလေး) ၅၁၀၀ ကျပ်၊ စိန် ၅၅၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ် သွက်ပေမယ့် ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန် (ယိုးဒယား) ၇၄၀၀ ကျပ်၊ အပါချီ ၅၇၀၀ ကျပ်၊ နဂါး ၅၇၀၀ ကျပ်၊ ကမ္ဘောဇ ၅၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အနောက်မြို့ပတ်လမ်းမှာရှိတဲ့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းသွက်သလို ဈေးနည်းနည်းတက်လာတယ်လို့ သိရပါတယ်။ ဈေးကွက် ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ဆင်(ထိုင်း)၇၆၀၀ကျပ်၊ စိန်(ထိုင်း) ၇၆၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်)၅၀၀၀ ကျပ်၊ ကျားခေါင်း ၅၀၀၀ ကျပ်၊ မြင်းခေါင်း ၅၀၀၀ ကျပ်၊ အေသုံးလုံး ၅၇၀၀ ကျပ်၊ မြန်မာဆင် ၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ဒီတစ်ပတ်မြေဩဇာအဝင်နည်း

မေလ ၁၀ ရက်မှ ၁၆ ရက်အတွင်း ကန်ဒေါ်လာ ၃၈၇၁၃၀ ကျော် တန်ဖိုးရှိ မြေဩဇာ ၁၃၉၁ ဒသမ ၃၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ အမိုးနီးယမ်းဆာလဖိတ် ၂၆ တန်၊ စင်ကာပူမှ ကွန်ပေါင်းကတန်ချိန် ၇၂၀နဲ့ FOLIAR မြေဩဇာ ၁ ဒသမ ၁၀တန်၊ ဂျာမနီမှ တန်ချိန် ၁၀၀၊ ဗီယက်နမ်မှကွန်ပေါင်းတန်ချိန် ၃၀၀နဲ့ ဩဂဲနစ် တန်ချိန် ၂၁၀၊ ဂျပန်မှ ၄ ဒသမ ၂၇ တန်နဲ့ထိုင်းမှ တန်ချိန် ၃၀၀ဝင်လာတယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တန်ချိန်နှစ်သောင်းကျော်ထိ ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ မြေဩဇာအဝင်တော်တော်လေးနည်းခဲ့တယ်လို့သိရပါတယ်။

### ဓာတ်မြေဩဇာ အဝင်လျော့ကျ

မေ ၁၀ ရက်မှ ၁၆ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှမြေဩဇာတန်ချိန် ၁၃၉၁ တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန် ၂၃၉၃၂ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၂၅၄၁ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၁၆၇၀၈တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၇၈၁၈ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၁၁၀တန် ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ တောင်ကြီး၊ မကွေးမှာ ဈေးအနည်းငယ်မြင့်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေဩဇာအရောင်းအဝယ် ကောင်းတယ်လို့ သိရပါတယ်။မိုးလေးနည်းနည်း ရွာလာတာကြောင့် စိုက်ခင်းတွေအတွက် နယ်ဘက်က အဆွဲရှိလို့ အရောင်းသွက်လာတယ်လို့ သိရပါတယ်။ ဒါပေမယ့် ဈေးက ငြိမ်နေတယ်လို့ ဆိုပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ၂၁၀၀၀ ကျပ်၊ ကွန်ပေါင်း(အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၇၀၀၀ကျပ်၊ ကွန်ပေါင်း (ပန်းရောင်)(ထိုင်း) ၃၁၀၀၀ ကျပ်၊ ကွန်ပေါင်း (၁၆း၁၆း၈) (မြင်းပျံ-ထိုင်း) ၂၉၅၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၂၀၀၀၀ ကျပ်၊ တီစူပါ၁၆% (မြားကမ္ဘာ-တရုတ်) ၁၁၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ် တယ်လို့ စုံစမ်း ရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်ပါးပေမယ့် ဈေးနည်းနည်းတက်တယ်တယ်လို့ သိရပါတယ်။ ဒီလိုဈေးတက်ရတာကလည်း ငွေဈေးတက်လာတာကြောင့် ဖြစ်တယ်လို့ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၂၂၀၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၆၀၀ ကျပ်၊ တီစူပါ(**GTSP** ၄၆%- တရုတ်) ၁၈၄၀၀ကျပ် ၊တီစူပါ (**GSSP** ၁၆%-တရုတ်) ၉၂၀၀ ကျပ်၊တီစူပါ(**GSSP** ၁၂%-တရုတ်) ၈၄၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၃၄၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်ပုံမှန်ရှိသလို ဈေးလည်း ငြိမ်နေပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ(ကမ္ဘာလုံး-တရုတ်)၂၁၃၀၀ကျပ်၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၂၁၃၀၀ကျပ် ၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)၂၂၀၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်)၁၀၂၀၀ ကျပ်၊တီစူပါ ၁၆%(တရုတ်)၁၀၇၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည်(တရုတ်)၃၇၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)၁၅၅၀၀ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၅၀၀၀ ကျပ်၊ ပိုတက် (တရုတ်)၂၃၅၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၂၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ ၂၉၇ တန်ကျော်နဲ့ နို့မှုန့် တန် ၃၀၀ ကျော်ဝင်

မေ ၁၀ ရက်မှ ၁၆ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၈၂၁၇၀ တန်ဖိုးရှိနို့ဆီ ၂၉၇ ဒသမ ၆၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန် ရှစ်ရာ့သုံးဆယ်ကျော်ထိ ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင် နည်းခဲ့ပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ တင်သွင်းလာတာ တွေ့ရပါတယ်။ ဝင်လာခဲ့တဲ့ တန်ချိန်မှာ ၃၀၃ ဒသမ ၉၀၇ တန် ဖြစ်ပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ၁၃၅ ဒသမ ၅၀၇ တန်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေဩဇာကအရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ရာသီချိန်ပျိုးခင်းအတွက် စတင်ဝယ်နေပြီဖြစ်တာကြောင့် အဝယ်ရှိလာလို့ အရောင်းအဝယ်ကောင်းလာသလို ဈေးကလည်း နည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်)၂၁၀၀၀ ကျပ်၊ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၂၁၀၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၁၀၀၀ ကျပ်၊ တီစူပါ(သံကွင်း-တရုတ်)၁၉၂၀၀ကျပ်၊ပိုတက် (အိန္ဒိယ) ၂၁၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅ (နေရွက်လှေ) ၃၀၅၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။



### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၉/၅ မှ ၁၅/၅ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂/၅ မှ ၈/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၄၈.၀၀ | ၂၇၄၄.၂၅ | (-) | ၁၃၉၆.၂၅ |
| ၂။ | လွယ်ဂျယ် | ၇၀၄.၀၀ | ၁၁၈၈.၀၀ | (-) | ၄၈၄.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၄၂၄၈.၀၀ | ၃၈၀၁.၀၀ | (+) | ၄၄၇.၀၀ |
| ၅။ | တာချီလိတ် | ၇၂.၀၀ | ၅၅၀၀.၀၀ | (-) | ၅၄၂၈.၀၀ |
| ၆။ | မြဝတီ | ၁၃၅၉.၀၀ | ၂၀၁၀.၅၀ | (-) | ၆၅၁.၅၀ |
| ၇။ | ကော့သောင်း | ၇၀၂၀.၀၀ | ၈၃၅၀.၀၀ | (-) | ၁၃၃၀.၀၀ |
| ၈။ | မြိတ် | - | ၁၇၅.၀၀ | (-) | ၁၇၅.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၄၇၅၁.၀၀ | ၂၃၇၆၈.၇၅ | (-) | ၉၀၁၇.၇၅ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၉/၅ မှ ၁၅/၅ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂/၅ မှ ၈/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၈၈၁.၆၀၀ | ၁၆၉၆၇.၀၀၀ | (-) | ၂၀၈၅.၄၀၀ |
| ၂။ | လွယ်ဂျယ် | ၁၂၂.၀၀၀ | ၁၅၄.၈၀၀ | (-) | ၃၂.၈၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၁၅၅၄.၈၃၀ | ၄၄၈.၉၆၀ | (+) | ၁၁၀၅.၈၇၀ |
| ၆။ | ကော့သောင်း | ၁၅၀.၀၀၀ | ၂၄၈.၀၀၀ | (-) | ၉၈.၀၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | - | - | | - |
| | စုစုပေါင်း | ၁၆၇၀၈.၄၃၀ | ၁၇၈၁၈.၇၆ | (-) | ၁၁၁၀.၃၃၀ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

# နှမ်းတင်ပို့မှု ပိုမိုလာ

မေလ ဒုတိယပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်နယ်စပ်စခန်းများမှ ကန်ဒေါ်လာ သုည ဒသမ ၇၈၇ သန်းတန်ဖိုးရှိနှမ်းရောင်စုံ ၅၁၅ တန် တင်ပို့ ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်စခန်းတစ်ခုတည်းမှသာ နှမ်းနက် ၃၄ တန်နဲ့ နှမ်းဖြူ (အခွံချွတ်) ၃၅ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ နှမ်းပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန် ၁၆၈၆၉၉၁ ကျပ်၊ နှမ်းနက် တစ်တန် ၁၉၅၂၄၇ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် နှမ်းဖြူဈေး ၁၆၃၇၇၁၅ ကျပ်နဲ့ နှမ်းနက်ဈေး ၁၈၉၅၄၄၇ ကျပ်ကို ဈေးပြန်လည်ကျဆင်းသွားတာတွေ့ရပါတယ်။ ယခင်တစ်ပတ်က မန္တလေး-မူဆယ်ကုန်စည်သယ်ယူခနှုန်းမှာ နှမ်းတစ်ပိဿာကို (၁၀၀-၉၇) ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာတော့ (၉၇-၉၀) ကျပ်သို့ ကုန်ပစ္စည်းသယ်ပို့ကားခများမှာလည်း ကျဆင်းလျက်ရှိကြောင်း သိရပါတယ်။ စခန်းအလိုက်တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကို ဖော်ပြပေးလိုက်ပါတယ်-

**တန်ချိန်-ကိန်းပြည့်**

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် |
|---|---|---|
| နှမ်းဖြူ | - | ၂၆၇ |
| နှမ်းနက် | ၆၇ | ၁၂၈ |
| နှမ်းဖြူ (အခွံချွတ်) | ၅၃ | - |

**မော်မော်အောင်**

## ပြည်ဈေးကွက်မှာ မြေပဲဆန်ဈေးဆက်မြင့်ပြီး နှမ်းဈေးဆက်ကျ

ပြည်ဈေးကွက်၌ ယခုတစ်ပတ်တွင်လည်း မြေပဲဆန်ဈေး တက်လာပြီး နှမ်းဈေးဆက်ကျလာပါတယ်။ မြေပဲဆန်ကို ရခိုင်ပြည်နယ်ဘက်မှ တစ်နေ့ကို အိတ် ၃၀၀ ခန့်ဝင်ရောက်လာပြီး ဆီစက်များနဲ့ ဝယ်လက်များက အဝယ်ရှိနေပါတယ်။ နှမ်းမှာ အဝင်မရှိဘဲ လက်ကျန်စမုံနက်နှမ်း အနည်းငယ်ဖြင့်သာ တစ်နေ့ အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်နေပါတယ်။ စမုံနက်နှမ်းကို မကွေးနဲ့ မန္တလေးဝယ်လက်များက အဝယ်ရှိနေသော်လည်း ဈေးမှာမြင့်မသွားဘဲ ငြိမ်နေပါတယ်။ နှမ်းနီကို ဆီစက်များက အဝယ်သိပ်မရှိလို့ ဈေးကျနေပါတယ်။ မြေပဲဆန်မှာ ဝယ်လိုအားများပြီး ရောင်းလိုအားနည်းသဖြင့် မြေပဲဆန်ဈေးမြင့်လာပါတယ်။ မြေပဲဆန်ဈေးမှာ ဆီကြိတ် မြေပဲဆန် တစ်ပိဿာ ၂၄၀၀ ကျပ်နဲ့ လုံးဆန်တစ်ပိဿာ ၂၆၀၀ ကျပ်ဖြင့် ဈေးမြင့်နေပြီး နှမ်းဈေးမှာ နှမ်းနီတစ်တင်း ၂၆၆၀၀ ကျပ်၊ နှမ်းနက်ရိုးရိုးတစ်တင်း ၃၀၀၀၀ ကျပ်နဲ့ စမုံနက်နှမ်း တစ်တင်း ၆၀၀၀၀ ကျပ်ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ **ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

# ရေနံစိမ်းဈေးနှုန်းများ ကျဆင်းမှုနဲ့အတူ စားအုန်းဆီဈေးများပါကျဆင်း

ပို့ကုန်ဝယ်လိုအား မြင့်မားမှုက စားအုန်းဆီဈေးနှုန်းများမြင့်တက်စေမယ့် အခြေအနေတွေကို ဖန်တီးပေးပေမယ့် ပင်လယ်ရပ်ခြားမှာ စားအုန်းဆီနဲ့ မိတ်ဘက်လိုဖြစ်နေတဲ့ တခြား ကုန်စည်ဈေးတွေ ကျဆင်းမှုကြောင့် မလေးရှားစားအုန်းဆီဈေးက မေ ၂၀ ရက်မှာ ရက်သတ္တပတ်သုံးပတ်အတွင်း အနိမ့်ဆုံးဈေးအဖြစ် ကျဆင်းခဲ့ကြောင်းနဲ့ ယခုလိုကျဆင်းမှုက လေးရက်ဆက်တိုက် ကျဆင်းခဲ့တာဖြစ်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

အမေရိကန်ပြည်ထောင်စုနဲ့ ရေနံအများဆုံးတင်ပို့တဲ့ နိုင်ငံဖြစ်တဲ့ ဆော်ဒီအာရေးဘီးယားနိုင်ငံတို့က ရေနံတွေကို တိုးမြှင့်ထုတ်လုပ်လာတာကို ထင်ထင်ရှားရှားတွေ့ရတဲ့အတွက် မေ ၁၉ ရက်နေ့မှာ ရေနံဈေးနှုန်းက သုံးရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းတဲ့အတွက် ဇီဝလောင်စာဆီထုတ်လုပ်ဖို့ စိတ်ဝင်စားမှုနည်းလာတာကြောင့် စားအုန်းဆီရဲ့ဝယ်လိုအားကို ကျဆင်းစေခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုနဲ့ တရုတ်ဒါလီယံဈေးကွက်မှာ ပဲပုပ်စေ့ဈေးကျဆင်းတာကလည်း စားအုန်းဆီဈေးကိုကျဆင်းစေခဲ့ပါတယ်။ ကမ္ဘာ့ဈေးကွက်တွင် သီးနှံတွေ၊ စွမ်းအင်ဈေးနှုန်းတွေကျဆင်းမှုကြောင့် ပို့ကုန်တွေ မြင့်တက်လာပေမယ့် စားအုန်းဆီဈေးကွက်က ကျဆင်းခဲ့ရကြောင်း ကွာလာလမ်ပူရှိ နိုင်ငံခြားကုန်စည်အကျိုးဆောင်အဖွဲ့မှ ကုန်သည်တစ်ဦးကပြောပါတယ်။

ဘာဆာ မလေးရှားကုန်စည်ဒိုင်မှာ ဩဂုတ်လအတွက် အခြေခံစံထားဈေးနှုန်းက သုည ဒသမ ၈ ရာခိုင်နှုန်းကျဆင်းပြီး စားအုန်းဆီ တစ်တန်ကို ၂၁၄၀ ရင်းဂစ် (၅၉၂ ဒသမ ၃၉ ဒေါ်လာ)နှုန်းကို ရောက်ရှိခဲ့ပါတယ်။ စောစောပိုင်းက စားအုန်းဆီဈေးဟာ တစ်တန်ကို ၂၁၃၁ ရင်းဂစ်နှုန်းအထိ ကျဆင်းခဲ့တဲ့အတွက် ဧပြီ ၃၀ ရက်နောက်ပိုင်း အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့ပါတယ်။ စုစုပေါင်းရောင်းချရတဲ့ ပမာဏက ၂၅ တန်ရှိအတွဲ ၃၉၇၁၃ တွဲထိရောင်းရတဲ့အတွက် ပျမ်းမျှရောင်းရနှုန်းဖြစ်တဲ့ အတွဲ ၃၅၀၀၀ ထက်ပိုမိုခဲ့ပါတယ်။

ပင်လယ်ရပ်ခြားဒေသမှာ မလေးရှားစားအုန်းဆီရောင်းချမှု မြင့်တက်ခဲ့ကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Intertek Testing Services (ITS ) က အစီရင်ခံစာတင်ပြခဲ့ပြီးနောက်ပိုင်း ယခုလ ပထမလဝက်မှာ ဝယ်လိုအားတွေကျဆင်းမှာကို စိုးရိမ်လျက်ရှိနေပါတယ်။

ဧပြီလကာလတူနဲ့ နှိုင်းယှဉ်ရင် စားအုန်းဆီတင်ပို့မှုက မေလ ၁ ရက်မှ ၂၀ ရက်အတွင်း ၅၂ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ပြီး တန် ၁၀၇၀၂၈၂ တန်ထိ ရောက်ရှိခဲ့ကြောင်း ITS အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ တရုတ်နဲ့ ဥရောပတို့ရဲ့ ဝယ်ယူမှုက နှစ်ဆမြင့်တက်ပြီး အိန္ဒိယဝယ်ယူမှုက သုံးဆနီးပါးရှိခဲ့ပါတယ်။

ဟင်းရွက်ဆီဈေးကွက်ကိုကြည့်ပါက အမေရိကန်ပြည်ထောင်စုရဲ့ ဇူလိုင်အတွက် ချုပ်ဆိုတဲ့ ဈေးနှုန်းက သုည ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ပြီး ဒါလီယံဈေးကွက်မှာရှိတဲ့ စားအုန်းဆီဈေးက ၂ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၂-၅-၂၀၁၅)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| ရန်ကုန် | ၅၂၀၀ | ၅၂၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၃၇၀ | ၁၃၆၅ | ▽ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၅၀၀ | ၃၈၀၀ | △ | ၁၄၉၀ | ၁၄၈၀ | ▽ |
| ပဲခူး | ၂၉၀၀ | ၂၉၀၀ | □ | ၅၁၀၀ | ၄၉၀၀ | ▽ | ၁၄၀၀ | ၁၄၂၀ | △ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၁၀၀ | ၄၁၀၀ | □ | ၁၄၅၀ | ၁၅၅၀ | △ |
| မုံရွာ | ၄၈၀၀ | ၄၈၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၀၀ | ၁၅၁၀ | △ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*

## စားအုန်းဆီဈေးနှုန်းများ (၁၈-၅-၂၀၁၅ မှ ၂၂-၅-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၁၈-၅-၂၀၁၅ | ၆၈၅ |
| (၂) | ၁၉-၅-၂၀၁၅ | ၆၈၀ |
| (၃) | ၂၀-၅-၂၀၁၅ | ၆၈၀ |
| (၄) | ၂၁-၅-၂၀၁၅ | ၆၇၅ |
| (၅) | ၂၂-၅-၂၀၁၅ | ၆၇၅ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၂-၅-၂၀၁၅ US$/Ton

| အမျိုးအစား | မေလဒုတိယပတ် | မေလတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၂၆.၀၀ | ၆၂၀.၀၀ | ▽ |
| RBD P.Olein | ၆၂၃.၅၀ | ၆၃၀.၀၀ | △ |
| RBD P.Strarin | ၅၉၂.၅၀ | ၅၉၅.၅၀ | △ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၂ - ၅ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၂၃၃.၀၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၀၈ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆.၁၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၈၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၁.၂၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၈.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၄၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၇၀.၂၉ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၂-၅-၂၀၁၅နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၇၅ ဒေါ်လာ၊ FOB ၆၅၀ ဒေါ်လာနှင့် Earning ဈေး ၁၁၁၈ကျပ်)ဖြင့်တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၂-၅-၂၀၁၅ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၁၁၈ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်း မရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါ ဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# SME များထံမှ အခွန်ပိုမိုကောက်ခံရရှိနိုင်ရန် စည်းမျဉ်းဥပဒေပြင်ဆင်

ထိုင်းနိုင်ငံအစိုးရသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) အားမှတ်ပုံတင်စာရင်းသွင်း၍ အခွန်ဆောင်လာစေရေး တွန်းအားပေးရန် ရည်ရွယ်၍ပုဂ္ဂလိကကုမ္ပဏီများတရားဝင် ဖွဲ့စည်းခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများကိုမြှင့်တင်ရန်ဆောင်ရွက်လျက်ရှိ ပါသည်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းမှတရားဝင်စီရင်ပိုင်ခွင့်ရှိသောပုဂ္ဂိုလ် (Juristic person) အဖြစ်တရားဝင်လျှောက်ထားလာခြင်းကိုခွင့်ပြုရန်ညွှန်ကြား ချက်များကို စီးပွားရေးဖွံ့ဖြိုးမှုဌာန (Department of Business Development)မှ လေ့လာလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးMs.Apiradi ကပြောကြားခဲ့ပါသည်။လေ့လာမှုကိုစက်တင်ဘာလ၌ အပြီးသတ်မည်ဖြစ်ပါသည်။

လက်ရှိတရားဝင် မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအရ လီမိတက်ကုမ္ပဏီ (Limited company) တစ်ခုအတွက်အနည်းဆုံးအစုရှယ်ယာရှင် သုံးဦးရှိရမည်ဖြစ်ပြီး၊ လီမိတက်အစုစပ် (Limited partnership) အတွက် အနည်းဆုံးအစုဝင်/စီးပွားဖက်နှစ်ဦးရှိရမည်ဖြစ်သည်။ ထို့ပြင်အနည်းဆုံး ဒါရိုက်တာတစ်ဦး၊ စာရင်းစစ်တစ်ဦး၊ သင်းဖွဲ့စည်းမျဉ်း (Memorandum of association) ကုမ္ပဏီအစုရှယ်ယာရှင်များ၏အထွေထွေ အစည်းအဝေး(Statutory meeting)၊ တရားဝင် ဖွဲ့စည်းသည့်စာရွက်စာတမ်းများ (Incorporation papers)အား မှတ်ပုံတင်ခြင်းစသည့်အချက်များကိုလည်း သတ်မှတ်ထားပါသည်။

ကုမ္ပဏီများအနေဖြင့် Civil and Commercial Code ၊ အခွန်ဘဏ္ဍာဥပဒေ (Revenue Code) ၊ ငွေစာရင်းအက်ဥပဒေ (Accounts Act) တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း ငွေစာရင်းလုပ်ထုံးလုပ်နည်းများကိုလည်း လိုက်နာရပါမည်။ စာရင်းရှင်းတမ်း(Balance Sheet)ကိုလည်းတစ်နှစ်လျှင်တစ်ကြိမ်ရေးဆွဲ၍ အခွန်နှင့် ကူးသန်း ရောင်းဝယ်ရေးမှတ်ပုံတင်ဌာန (Department of Revenue and Commercial Registration) သို့တင်ပြရပါမည်။ကုမ္ပဏီများအနေဖြင့်ပုံမှန်ဝန်ထမ်းများအားလုံး၏လစာမှဝင်ငွေခွန်ကို နှုတ်ဖြတ် (withhold) လုပ်ထားရန်လည်း လိုအပ်ပါသည်။

ထိုင်းနိုင်ငံ၌ SME ပေါင်း ၂ ဒသမ ၇သန်းအနက်အများစုသည် တစ်ဦးတည်းမှ လည်ပတ်ဆောင်ရွက်လျက်ရှိသော အသေး စားလုပ်ငန်းများဖြစ်ပါသည်။ လုပ်ငန်း ခုနစ်သိန်းနီးပါးသည် လယ်ယာကဏ္ဍမဟုတ်သော အလုပ်သမားများ၏ ၈၀ရာခိုင်နှုန်းကိုခန့်ထားပါသည်။အဆိုပါပမာဏသည်ကုမ္ပဏီကြီးများ၏အလုပ်သမားခန့်ထားမှုထက်များပါသည်။သို့ရာတွင် လုပ်ငန်းပေါင်း ခြောက်သိန်းခန့်သာလျှင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ မှတ်ပုံတင်စာရင်းသွင်းထားပါသည်။

စည်းမျဉ်းသစ်သည် တရားဝင်မှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်းများ (လုပ်ငန်းစဉ်များ)နှင့် အစုရှယ်ယာရှင်အစည်းအဝေးများခေါ်ခြင်းတို့ကိုလျှော့ချပေးမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးဝန်ကြီး ဌာနသည် စီးပွားရေးလုပ်ငန်းသစ်များ ပေါ်ပေါက်လာစေရေးအတွက် အထူးအခွင့်အရေးများပေးရန်အတွက် စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ ယခုနှစ်တွင်SMEတစ်သိန်းခန့်သည်မှတ်ပုံတင်လာနိုင် သည်ဟုမျှော်လင့်ထားကြောင်း သိရှိရပါသည်။ **ရီရီမွန်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# တရုတ်နိုင်ငံစီးပွားရေးနှေးကွေးနေခြင်း၏ ရိုက်ခတ်မှုကြောင့် ထိုင်းပြည်ပ တင်ပို့မှုကိုထိခိုက်

တရုတ်နိုင်ငံ၏စီးပွားရေးနှေး ကွေးနေခြင်းသည် ထိုင်းနိုင်ငံ၏ပြည်ပတင်ပို့မှုအပေါ် ဆက်လက်ထိခိုက်စေ မည်ဖြစ်သော်လည်း ခရီးသွားလုပ်ငန်းအပေါ် အကျိုးသက်ရောက်မှု အနည်းငယ်သာ ရှိနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မှု၏ ၅၀ ရာခိုင်နှုန်းခန့်သည် ပြည်တွင်းစားသုံးမှုအတွက် လူသုံးကုန် ပစ္စည်းများဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ စီးပွားရေးနှေးကွေးနေခြင်းသည် အဆိုပါ ကုန်စည်များအပေါ် ထိခိုက်မှုရှိကြောင်း သိရှိရပါသည်။

သို့ရာတွင် တရုတ်နိုင်ငံသို့ အီလက်ထရောနစ်ထုတ်ကုန်များ၊ လျှပ်စစ်ပစ္စည်းများ၊ Hard disk drives, တစ်ပိုင်းလျှပ်ကူးပစ္စည်းစသည့် စက်မှုထုတ်ကုန်များ တင်ပို့မှုသည် သင့်တင့်စွာ တိုးတက်နေဆဲဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ တရုတ်နိုင်ငံသို့ တင်ပို့မှု သည် ဇန်နဝါရီလ၌ ၁၉ ဒသမ ၇ ရာခိုင်နှုန်း၊ ဖေဖော်ဝါရီလ၌ ၁၅ ဒသမ ၁ ရာခိုင်နှုန်း၊ မတ်လ၌ ၈ ဒသမ ၃ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

ပထမသုံးလပတ်အတွင်း ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုသည် ပြီးခဲ့သည့်နှစ်အလားတူကာလကထက် ၄ ဒသမ ၆၈ ရာခိုင်နှုန်းကျဆင်းခဲ့ရာ ထိုင်းနိုင်ငံ၏တတိယမြောက်နှစ်အဖြစ် ဆက်တိုက်ကျဆင်းဖွယ်ရှိသည်ဟူသော စိုးရိမ်မှုကို ပိုမိုဖိအားပေးခဲ့ပါသည်။

ပြီးခဲ့သည့်နှစ်၌ ထိုင်းနိုင်ငံ ပြည်ပတင်ပို့မှု၏ ၁၁ ရာခိုင်နှုန်းသည် တရုတ် ဈေးကွက်သို့တင်ပို့ခဲ့ခြင်းဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၃ ဘီလီယံ ရှိခဲ့ပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ၎င်း၏ပြည်ပတင်ပို့မှုအရည် အသွေးမြှင့်တင်သင့်ကြောင်း၊ တရုတ်နိုင်ငံ၌ ဈေးကွက်အသစ်များ(segments) ရှာဖွေသင့်ကြောင်း၊ တရုတ်အစိုးရသည် ၎င်း၏တိုးတက်မှုမူဝါဒကိုပြည်တွင်း စားသုံးမှုတိုးတက်ရေးဘက်သို့ ဦးတည်ချက်ပြောင်းလဲပြီးဖြစ်သောကြောင့် တရုတ်နိုင်ငံသို့ တင်ပို့နိုင်မည့်အခွင့်အလမ်းရှိနေဆဲဖြစ်ကြောင်း Mrs.Alisara က ပြောကြားခဲ့ပါသည်။

တရုတ်အစိုးရအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခဲ့သောကြောင့် တရုတ်နိုင်ငံ၏စီးပွားရေးသည်ဖွံ့ဖြိုးမှုနှေးကွေး နေခြင်းကိုတွေ့ကြုံရလိမ့်မည်ဟု ခန့်မှန်းကြောင်း၊ သို့ရာတွင်ရေရှည်တွင် စီးပွားရေးတည်ငြိမ်မှုကိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်းလည်း Mrs.Alisara သုံးသပ်ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံ၏စီးပွားရေးသည် သိသိသာသာနှေးကွေးနေသော်လည်း ထိုင်းနိုင်ငံသို့တရုတ်ခရီးသွားဧည့်သည် ဝင်ရောက်မှုကို ထိခိုက်စေနိုင်ခြင်းမရှိကြောင်း၊ တရုတ်နိုင်ငံသားများ၏ ဝင်ငွေသည် တိုးတက်နေဆဲဖြစ်သောကြောင့် ဖြစ်ကြောင်း၊ ထို့ပြင်ထိုင်းနိုင်ငံသည် တရုတ်ခရီးသွားများအတွက် အဓိက ခရီးသွားနေရာဖြစ်နေဆဲဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဘယ်လ်ဂျီယံနိုင်ငံ၏ ၂၀၁၄ ခုနှစ် အတွင်း ဆန်တင်သွင်းမှုအခြေအနေ

၂၀၁၄ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံသည်အီးယူအဖွဲ့ဝင်နိုင်ငံများမှ ဆန်တန်ချိန် ၁၇၄၆၀၆ ခန့်(တန်ဖိုးအားဖြင့် ယူရို ၁၁၂ သန်းခန့်)တင်သွင်းခဲ့ပြီး အီးယူပြင်ပနိုင်ငံများမှ ဆန်တန်ချိန် ၂၈၄၉၄၂ ခန့်(တန်ဖိုးအားဖြင့် ယူရိုသန်း၁၃၀ ခန့်)တင်သွင်းခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၄ခုနှစ်တွင်ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တင်သွင်းမှုသည်တန်ချိန်အားဖြင့် ၄၅၉၅၄၈ ခန့်ရှိခဲ့ပြီး တန်ဖိုးအားဖြင့် ယူရို ၂၄၂ သန်းခန့်ရှိခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၁၄ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ ဆန်တင်သွင်းမှုသည် ၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၄ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံသည် စပိန်နိုင်ငံ(တန်ချိန် ၈၃၈၅၅ ခန့်)၊ မြန်မာနိုင်ငံ (တန်ချိန် ၆၄၃၈၉ ခန့်)၊ အီဂျစ်နိုင်ငံ (တန်ချိန် ၅၁၉၁၉ ခန့်)၊ အီတလီနိုင်ငံ (တန်ချိန် ၄၆၄၇၇ ခန့်)၊ ပါကစ္စတန်နိုင်ငံ (တန်ချိန် ၃၀၉၃၇ ခန့်)၊ အိန္ဒိယနိုင်ငံ (တန်ချိန် ၂၄၉၅၇ ခန့်) တို့မှ ဆန်များကို အဓိကအားဖြင့် တင်သွင်းခဲ့ပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

■

# ၂၀၁၄ ခုနှစ်တွင် အီးယူမှအီးယူ ပြင်ပနိုင်ငံများသို့ သစ်သီးနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုတိုးတက်

၂၀၁၄ ခုနှစ်တွင် အီးယူသည် အီးယူပြင်ပနိုင်ငံများသို့ တန်ချိန် ၇ ဒသမ ၇ သန်းခန့်ရှိသော လတ်ဆတ်သော သစ်သီးနှင့်ဟင်းသီးဟင်းရွက်များ တင်ပို့ခဲ့ရာ ၂၀၁၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက အီးယူ၏ တင်ပို့မှုသည် ၁၀ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ပါသည်။

၂၀၁၄ ခုနှစ်တွင် အီးယူ ပြင်ပနိုင်ငံများသို့ အီးယူ၏ သစ်သီးတင်ပို့မှုသည် တန်ချိန်အားဖြင့် ၄ ဒသမ ၂ သန်းခန့်ရှိ ခဲ့ပြီး ၂၀၁၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းခန့်တိုးတက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် အီးယူမှ အီးယူ ပြင်ပနိုင်ငံများ သို့ အဓိကတင်ပို့မှုပြုလုပ်ခဲ့သည့် သစ်သီးများမှာ ပန်းသီး တန်ချိန် ၁ ဒသမ ၇ သန်းခန့်နှင့် သစ်တော်သီးတန်ချိန် ၄၇၁၇၉၇ ခန့် တို့ဖြစ်ကြပါသည်။

၂၀၁၄ ခုနှစ်တွင် အီးယူပြင်ပနိုင်ငံ များသို့ အီးယူ၏ ဟင်းသီးဟင်းရွက် တင် ပို့မှုသည် တန်ချိန်အားဖြင့် ၃ ဒသမ ၄ သန်းခန့်ရှိခဲ့ပြီး ၂၀၁၃ ခုနှစ်နှင့် နှိုင်းယှဉ် ပါက ၉ ရာခိုင်နှုန်းခန့်တိုးတက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် အီးယူမှ အီးယူ ပြင်ပနိုင်ငံများသို့ အဓိက တင်ပို့မှုပြုလုပ် ခဲ့သည့် ဟင်းသီးဟင်းရွက်များမှာ အာလူးတန်ချိန် ၁ ဒသမ ၄ သန်းခန့်နှင့်ကြက်သွန်နီတန်ချိန် ၈၀၄၆၅၉ခန့် တို့ဖြစ်ကြပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

■

# တောင်ကိုရီးယားနိုင်ငံတွင် ဘယ်လ်ဂျီယံကုမ္ပဏီ ထပ်မံရင်းနှီး မြှုပ်နှံမည်

ပြည်တွင်းတာယာလုပ်ငန်းမှ တိုး တက်လာသော ဝယ်လိုအားကိုဖြည့် ဆည်းပေးနိုင်ရေးအတွက် တောင်ကိုရီးယားနိုင်ငံတွင် တစ်နှစ်လျှင် တန်ချိန် ၈၀၀၀၀ ခန့် ထုတ်လုပ်ပေးနိုင် သော ဆီလီကာထုတ်လုပ်ရေးစက်ရုံသစ် တစ်ရုံအား ဘယ်လ်ဂျီယံနိုင်ငံ အခြေစိုက် ပလတ်စတစ်နှင့် ဓာတုပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီအုပ်စုတစ်ခုဖြစ်သော Solvoy က တည်ဆောက်လျက် ရှိပါသည်။ စက်ရုံသစ်အား ၂၀၁၇ ခုနှစ်တွင် စတင်လည်ပတ်ရန် ခန့်မှန်းထားကြောင်း Flanders Today တွင် ဖော်ပြထားချက်အရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# AIIB ဘဏ်တွင် ထိုင်းနိုင်ငံမှတည် ရင်းနှီးငွေအဖြစ် ဘတ်၉ ဒသမ ၅ ဘီလီယံထည့်ဝင်ရန် အတည်ပြု

ထိုင်းနိုင်ငံ အစိုးရအဖွဲ့သည် တရုတ်နိုင်ငံမှစတင်ဦးဆောင်၍ တည်ထောင်ခဲ့သော အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank-AIIB) ၌ ဘတ် ၉ ဒသမ ၅ ဘီလီယံကို ငါးနှစ်အတွင်း ထည့်ဝင်ရန် မကြာသေးခင်က အတည်ပြုခဲ့ပါသည်။ AIIB ၌ ထည့်ဝင်မှုနှင့် ပတ်သက်၍ ထိုင်းနိုင်ငံအနေဖြင့် ၎င်း၏ရင်းနှီးငွေ (Start-up capital) အဖြစ် ၂၀၁၆-၂၀၂၀ နှစ်များအတွင်း တစ်နှစ်လျှင် ဘတ် ၁ ဒသမ ၉ ဘီလီယံခွဲဝေလျာထားရမည်ဖြစ်ကြောင်း ဒုတိယ ဝန်ကြီးချုပ် Mr. Pridiyathorn က ပြောကြားခဲ့ပါသည်။

ပြီးခဲ့သည့်လနှောင်းပိုင်းတွင် ပေကျင်း၌ ကျင်းပခဲ့သော AIIB တည်ထောင်ခြင်းဆိုင်ရာ ခေါင်းဆောင်များ လေးကြိမ်မြောက် ဆွေးနွေးညှိနှိုင်းမှု အစည်းအဝေး ဆုံးဖြတ်ချက်များအရ အဖွဲ့ဝင် ၅၇ နိုင်ငံသည် ယခုလတွင် ရင်းနှီးမြှုပ်နှံမှုကို ပေးချေရမည် ဖြစ်ပါသည်။ သို့ဖြစ်ရာ ထိုင်းနိုင်ငံအနေဖြင့် ပူးတွဲရင်းနှီးမြှုပ်နှံမှုအတွက် အတည်ပြုချက် ရယူရန်လိုအပ်ပါသည်။

AIIB တည်ထောင်သူအဖွဲ့ဝင်များသည် ဇွန်လမှဒီဇင်ဘာလအတွင်း ပူးတွဲရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်မှန်းထားပါသည်။ AIIB တရားဝင်စတင်ဖွင့်လှစ်ခြင်းကို ယခုနှစ်ကုန်ပိုင်းမှ ၂၀၁၆ ခုနှစ် အစောပိုင်းကာလအတွင်း ပြုလုပ်ရန်လည်း ခန့်မှန်းထားပါသည်။

AIIB သည် အနောက်နိုင်ငံများ လွှမ်းမိုးသည့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)နှင့် ကမ္ဘာ့ဘဏ် (WB) တို့၏လွှမ်းမိုးမှုမှ ကင်းလွတ်မည့် ပထမဆုံး အာရှအခြေစိုက် အပြည်ပြည်ဆိုင်ရာဘဏ်ဖြစ်ပါသည်။ ဘဏ်၏ မတည်ရင်းနှီးမြှုပ်နှံငွေသည် အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံဖြစ်ကြောင်း၊ ရင်းနှီးငွေ၏ တစ်ဝက်ကို တရုတ်နိုင်ငံမှ ထည့်ဝင်မည်ဖြစ်ပြီး ကျန်တစ်ဝက်ကို အခြားအဖွဲ့ဝင်နိုင်ငံများမှထည့်ဝင်မည်ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများ၏ ငွေကြေး ထည့်ဝင်နိုင်မှုအပေါ် မူတည်၍ ရင်းနှီး ငွေထည့်ဝင်ပြီး Working capital ပြည့်မီပြီးနောက် ဘဏ်၏ရင်းနှီး မြှုပ်နှံငွေကို အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံသို့ တိုးမြှင့်ရန် တရုတ်နိုင်ငံမှ အဆိုပြုထားပါသည်။

၂၀၁၅ ခုနှစ်၊ ဧပြီလ၌ အဖွဲ့ဝင်နိုင်ငံပေါင်း ၅၇ နိုင်ငံရှိကြောင်း၊ ဆွီဒင်၊ အစ္စရေး၊ တောင်အာဖရိက၊ အိုက်စ်လန်၊ ပေါ်တူဂီ၊ ပိုလန် စသည့်နိုင်ငံများ ပါဝင်ကြောင်း၊ စတင်တည်ထောင်ခဲ့သည့်အဖွဲ့ဝင်နိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်္ကာပူ၊ ဆော်ဒီအာရေးဗီးယား၊ ဘရူနိုင်း၊ မြန်မာ၊ ဖိလစ်ပိုင်၊ ပါကစ္စတန်၊ ဗြိတိန်၊ ဩစတြေးလျ၊ ဘရာဇီး၊ ပြင်သစ်၊ ဂျာမနီ၊ စပိန်နိုင်ငံတို့ ပါဝင်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဂျပန်ကုမ္ပဏီက ဘယ်လ်ဂျီယံနိုင်ငံတွင် ယူရိုသန်း ၃၅၀ ခန့် ထပ်မံရင်းနှီး မြှုပ်နှံမည်

ဓာတုပစ္စည်းဆိုင်ရာ ဂျပန်ကုမ္ပဏီအုပ်စုတစ်ခုဖြစ်သော Nippon Shokubai သည် ဘယ်လ်ဂျီယံနိုင်ငံ၊ အန်းဝပ်ဆိပ်ကမ်းရှိ ၎င်း၏ စက်ရုံအား ထပ်မံတိုးချဲ့ရန် ယူရိုသန်း ၃၅၀ ခန့်ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း Flanders Investment and Trade ၏သတင်းထုတ်ပြန်ချက်တစ်ရပ်အရ သိရှိရပါသည်။

ဂျပန်ကုမ္ပဏီသည် စက်ရုံတိုးချဲ့ဆောက်လုပ်မှု ပြီးစီးသွားပါက Super-absorbent Polymers နှစ်စဉ် ထုတ်လုပ်မှုအား တန်ချိန် ၆၀၀၀၀မှ တန်ချိန် ၁၆၀၀၀၀ သို့ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ရည်မှန်းထားပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ရှီးမလီမိတက်သည် စင်ကာပူနိုင်ငံ၏ နည်းစနစ်များကိုအသုံးပြု၍ မြန်မာနိုင်ငံ၌ ရေသန့်စင်စက်ရုံ တည်ဆောက်မည်

ရှီးမဦးပိုင်ကုမ္ပဏီလီမိတက်သည် ရန်ကုန်မြို့ရှိပန်းလှိုင်ဂေါက်ကွင်းအိမ်ရာတွင် သုံးစွဲရန်အတွက် စင်ကာပူနိုင်ငံ အခြေစိုက် Hyflux ကုမ္ပဏီ၏ အဆင့်မြင့်နည်းပညာများကို အသုံးပြုလျက်ရေသန့်စင်စက်ရုံတစ်ခုကို မေလ ၁၈ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါ ရေသန့်စင်စက်ရုံ၌ Hyflux ကုမ္ပဏီကသာ တစ်ဦးတည်းမူပိုင်ဖြစ်သော Kristal ultrafiltration ခေါ် အဆင့်မြင့် စစ်ထုတ်မှု နည်းပညာနှင့် ရေငန်ကို ရေချိုအဖြစ် သန့်စင်သည့် Reverse osmosis နည်းပညာများကို အသုံးပြုမည်ဖြစ်ကြောင်း၊ ဤစက်ရုံမှ တစ်ရက်လျှင် ရေကုဗမီတာ ၁၀၀၀ကို သန့်စင်နိုင်စွမ်းရှိပြီးနေ့စဉ် သောက်သုံးရေ ၂၅၀၀ ကုဗမီတာကို စဉ်ဆက်မပြတ်ထောက်ပံ့ပေးနိုင်သည် အထိစက်စွမ်းအားတိုးချဲ့နိုင်ရန်ဒီဇိုင်းပုံ ထုတ်တည်ဆောက်ထားကြောင်း၊ အိမ်ခြံမြေတည်ဆောက်မှုလုပ်ငန်းတစ်ရပ် အနေဖြင့်မြန်မာနိုင်ငံ၌ ပထမဆုံးသော ကိုယ်ပိုင်ရေသန့်စင်မှုစနစ်ကိုဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုရေသန့်စင်စက်ရုံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ၏ ရေသန့်စင်မှုလမ်းညွှန်ချက်များအား အပြည့်အဝလိုက်နာဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၌ နေထိုင်သူများအတွက် နိုင်ငံတကာအဆင့်မီနေထိုင်မှုအဆင့်အတန်းရရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းစသည်ဖြင့် ရှီးမဦးပိုင်လီမိတက်မှပြောကြားချက်အား စင်ကာပူသတင်းဌာနများမှ ရေးသားဖော်ပြပါသည်။

Hyflux ကုမ္ပဏီသည်စင်ကာပူ နိုင်ငံ၌ ရေငန်မှရေချိုသို့သန့်စင်မှုနှင့် ရေဆိုးပြန်လည်သန့်စင်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ ၂၀၁၃ ခုနှစ်အတွင်း ဖွင့်လှစ်ခဲ့သည့် တစ်ရက်လျှင်ရေဂါလန်သန်း ၇၀ ထုတ်လုပ်နိုင်သော ရေငန်သန့်စင်စက်ရုံမှ သောက်သုံးရေများကို အစိုးရနှင့်နှစ်ရှည်စာချုပ်ချုပ်ဆို၍ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

# မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော အစားအစာသစ် ၁၀ မျိုးကို အီးယူက တင်သွင်းခွင့်ပြု

ပြောင်းအမျိုးမျိုး၊ ပဲပုပ်စေ့၊ ဝါဂွမ်း နှင့် မုန့်ညင်းစေ့အပါအဝင် မျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲထားသော အစားအစာ သို့မဟုတ် တိရစ္ဆာန်အစားအစာသစ် ၁၀ မျိုး အီးယူက ၂၀၁၅ ခုနှစ်၊ ဧပြီလတွင် တင်သွင်းခွင့်အား ခွင့်ပြုပေးခဲ့ပါသည်။ ထို့အပြင် မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော ထုတ်ကုန် ၇ မျိုးအတွက် လိုင်စင်များကို သက်တမ်းတိုးပေးခဲ့ပြီး မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော ဖော်မွှားပန်းအမျိုးအစားနှစ်မျိုး တင်သွင်းခွင့်ကိုလည်း အီးယူကခွင့်ပြုပေးခဲ့ပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# စင်ကာပူနှင့် တရုတ်နိုင်ငံတို့အကြား ကုန်အမှတ်တံဆိပ်မှတ်ပုံတင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ခြင်း

စင်ကာပူနိုင်ငံဉာဏပစ္စည်းပိုင်ဆိုင်မှုလုပ်ငန်းဌာန (Intellectual Property Office of Singapore)နှင့် တရုတ်နိုင်ငံစက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးစီမံခန့်ခွဲမှုအဖွဲ့အစည်း (State Administration for Industry and Commerce ) တို့သည် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်မှုနှင့် အကာအကွယ်ပေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ တစ်စောင်ကို မေ ၁၈ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ဤစာချွန်လွှာအရနှစ်နိုင်ငံအစိုးရအဖွဲ့အစည်းများအကြား

- ကုန်အမှတ်တံဆိပ်မှတ်ပုံတင်မှုနှင့် အကာအကွယ်ပေးမှုဆိုင်ရာ အလေ့အထကောင်းများနှင့် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်း
- ကုန်အမှတ်တံဆိပ်စစ်ဆေးမှု၊ ဆန့်ကျင်ကွဲလွဲမှုများနှင့် အငြင်းပွားမှုများအား ဖြေရှင်းဆောင်ရွက်မှုစသည်တို့တွင် လေ့ကျင့်သင်တန်းပေးခြင်းဖြင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း
- ဉာဏပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် အရာရှိများအား အပြန်အလှန်စေလွှတ်ခြင်း
- ကုန်အမှတ်တံဆိပ်မှတ်ပုံတင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာညီလာခံဆွေးနွေးပွဲများ အားပူးပေါင်းကျင်းပခြင်း
- ကုန်အမှတ်တံဆိပ် အကာအကွယ်ပေးမှုနှင့် ဥပဒေလိုက်နာစေမှုတို့နှင့် ပတ်သက်၍နှစ်နိုင်ငံအတွင်းဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ပညာပေးလုပ်ငန်းများအား ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

တရုတ်နိုင်ငံ၌ ၂၀၁၃ ခုနှစ်မှစတင်၍ နှစ်စဉ်ကုန်အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားမှုအရေအတွက်မှာ ၁ ဒသမ ၈ သန်းကျော်ရှိရာ နိုင်ငံတကာ၌ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်သည့် ထိပ်တန်းနိုင်ငံတစ်ခုအဖြစ်သို့ရောက်ရှိလာပါသည်။ ယခုကဲ့သို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းဖြင့် တရုတ်ကုမ္ပဏီများ၏ စင်ကာပူနှင့် အာဆီယံဒေသအတွင်း၌လုပ်ငန်းတိုးချဲ့မှုများကို အထောက်အကူပြုမည်ဖြစ်ပါသည်။

အလားတူ စင်ကာပူဒေသခံကုမ္ပဏီများနှင့် စင်ကာပူအခြေစိုက်နိုင်ငံစုံကော်ပိုရေးရှင်းကြီးများမှတရုတ်နိုင်ငံဈေးကွက်အတွင်း ၎င်းတို့၏ကုန်အမှတ်တံဆိပ်နှင့် ထုတ်ကုန်ပစ္စည်းများဝင်ရောက်ခွင့်ကိုပိုမိုရရှိစေမည်ဖြစ်ပါသည်။

စင်ကာပူနှင့် တရုတ်နိုင်ငံတို့အကြားကုန်သွယ်မှုပမာဏမှာ ၂၀၁၄ ခုနှစ်တွင်နှစ်အလိုက်နှိုင်းယှဉ်တိုးတက်မှု ၁၁ ရာခိုင်နှုန်းဖြင့် စင်ကာပူ ဒေါ်လာ ၁၁၅ ဒသမ ၂ ဘီလီယံအထိရောက်ရှိခဲ့ပါသည်။ ယခင်နှစ်ကာလအတွင်း စင်ကာပူနိုင်ငံသည်ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၇ဒသမ၃ဘီလီယံ ခန့်ဖြင့် တရုတ်နိုင်ငံ၏ အကြီးမားဆုံးနိုင်ငံခြား ရင်းနှီးမြှုပ်နှံသူအဖြစ် ရပ်တည်ခဲ့ပြီး တရုတ်နိုင်ငံသည်လည်း စင်ကာပူ၏ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် တည်ရှိခဲ့ကြောင်းသိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

# ကုန်သွယ်ရေးမြှင့်တင်ဖို့ကြိုးပမ်းလာတဲ့ တောင်ကိုရီးယား-မြန်မာ ပူးပေါင်းဆောင်ရွက်မှု ခြေလှမ်းတစ်လှမ်း

|ဗိုလ်ဇော်|




## ပွဲတွေကများလို့နားရတယ်မရှိ

အခုတလော အလုပ်ရုံဆွေးနွေးပွဲတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အစည်းအဝေးတွေ၊ ပုံမှန်ပြုလုပ်နေရတဲ့ မြန်မာ့စီးပွားရေးဖိုရမ် (MBF-Myanmar Business Forum) တွေ နဲ့ နားရတယ်ဆိုတာမရှိသလောက်ပါပဲ။ အခုတစ်ပတ်ထဲမှာတင် ပြပွဲက နှစ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲက နှစ်ခု၊ ပြည်ပ အဖွဲ့အစည်းတွေနဲ့တွေ့ဆုံဆွေးနွေးတာက အကြိမ်ကြိမ်ပါပဲ။ ဒီတစ်ပတ်အတွင်းမှာတော့ တောင်ကိုရီးယားနဲ့ မြန်မာတို့ စီး ပွားရေး ပူးပေါင်းဆောင်ရွက်မှုတွေ၊ ဆွေးနွေးပွဲတွေ၊ ကုန်စည်ပြပွဲတွေ၊ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်တဲ့ ပဒေသာ ကပွဲတွေ စသည်ဖြင့် ကျင်းပခဲ့တာကို တွေ့ရပါတယ်။

## ကိုရီးယားကုန်စည်ပြပွဲ

အခုတစ်ပတ်ထဲမှာတော့ လူအများ စိတ်ဝင်တစားရှိနေကြပြီး လာရောက်လေ့လာကြည့်ရှုခဲ့ကြတာကတော့မေလ ၂၁ ရက်နေ့ကနေ ၂၄ ရက်နေ့အထိ ရှင်စောပုလမ်းမှာရှိတဲ့ Myanmar Event Park မှာ ကိုရီးယား ကုန်စည်ပြပွဲ ၂၀၁၅ (Korea Product Expo 2015-Yangon) ကျင်းပခဲ့ပါတယ်။

ဒီပြပွဲမှာ အခန်းပေါင်း ၈၈ ခန်း ပြသခဲ့ပြီး ကုန်စည်အမျိုးအစား ပေါင်း ၈၁ မျိုးပါဝင်ပြသခဲ့ပါတယ်။ ပြပွဲကို ဖြစ်မြောက်အောင် စီစဉ် စုစည်းပြသတာကတော့ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် Korea Myanmar Business Council၊ MOTIE (Ministry of Trade, Investment and Electronics, KOTRA တို့က ကူညီထောက်ပံ့ပေးခဲ့ပါတယ်။

အဓိကပြသတာက တောင်ကိုရီးယားနိုင်ငံအနေနဲ့ ကိုရီးယားကုန်စည်ပြပွဲ ၂၀၁၅ မှာ ကုမ္ပဏီပေါင်း ၈၂ ခုက အုပ်စု ၇ စုခွဲပြီး ပြသခဲ့တာကို တွေ့ရပါတယ်။ အဲဒီအုပ်စု ၇ စုကတော့ Electronics, Medical Equipment, Cosmetics and Beauty, Living Goods, Korea Food, Auto Parts, Machinery and Tools, Construction and Interior တို့ပဲ ဖြစ်ပါတယ်။

## ပြပွဲရဲ့ ရည်ရွယ်ချက်

ပြပွဲတွေ မကြာခဏလာ ရောက်ပြသခဲ့သလို စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းတွေကလည်း အမြဲမပြတ် လာရောက်ပြီး လေ့လာလျက်ရှိနေတဲ့ အပြင် ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာလည်း လာရောက်ရင်းနှီးမြှုပ်နှံလျှက်ရှိတာကို တွေ့နေရပါပြီ။ ကျင်းပပြီးစီးခဲ့တဲ့ ကိုရီးယားကုန်စည်ပြပွဲ ၂၀၁၅ ကိုကျင်းပရတဲ့အဓိက ရည်ရွယ်ချက်ကတော့ "ကိုရီးယား-မြန်မာစီးပွားရေးလုပ်ငန်းများ၊ ကုန်သွယ်မှုနှင့် အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုတတို့ ရှင်သန်စေဖို့"ပဲ ဖြစ်ပါတယ်။

## မြန်မာ–တောင်ကိုရီးယားကုန်သွယ်မှု

တောင်ကိုရီးယားနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ကုန်သွယ်ဖက် နိုင်ငံများအနက် အဆင့် (၇) မှာ ရပ်တည်နေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ မြန်မာနဲ့ တောင်ကိုရီးယားတို့ရဲ့ ကုန်သွယ်မှု ပမာဏဟာ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှာ အမေရိကန် ဒေါ်လာ သန်းပေါင်း ၈၃၀ ဒသမ ၆၆၉ သန်းရှိ ခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်တွေက မြန်မာနဲ့ ကိုရီးယားတို့ရဲ့ ကုန်သွယ်မှုကို ပြန်ကြည့်မယ်ဆိုရင် ၂၀၁၀-၁၁ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာသန်းပေါင်း ၄၅၂ သန်း၊ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်မှာ အမေရိကန် ဒေါ်လာ သန်းပေါင်း ၆၆၆ သန်း၊ ၂၀၁၂-၁၃ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၂၃ သန်း၊ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၅၇၀ သန်းအထိ မြင့်တက်ခဲ့ပြီး ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှာတော့ အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၃၀ ကျော်ရှိခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။

မြန်မာနိုင်ငံက ထွက်ကုန်တွေကို တင်ပို့ရာမှာတော့ တောင်ကိုရီးယားနိုင်ငံဟာ အဓိက တင်ပို့တဲ့ ၁၀ နိုင်ငံထဲမှာ ပါဝင်လာပြီး အဆင့် (၆) နေရာမှာ ရှိနေတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ကိုရီးယားနိုင်ငံကနေ မြန်မာနိုင်ငံသို့ တင်သွင်းလာတဲ့ နိုင်ငံအလိုက် ကြည့်ရင်တော့ အဆင့် (၉) နေရာမှာ ရှိနေတာကို တွေ့ရ ပါတယ်။

## မြန်မာနိုင်ငံရဲ့ အဓိကပို့ကုန်

မြန်မာနိုင်ငံကနေ တောင်ကိုရီးယားနိုင်ငံသို့ အဓိကတင်ပို့တဲ့ ကုန်ပစ္စည်းတွေကတော့ အသင့်ချုပ်ပြီးသား အထည်၊ ရေထွက်နဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေပဲ ဖြစ်ပါတယ်။ ၂၀၁၄-၁၅ ပို့ကုန်စာရင်းဇယားတွေအရ အသင့် ချုပ်ပြီးအထည်တင်ပို့မှုမှာ အမေရိကန် ဒေါ်လာ ၂၇၂ သန်းဖိုး၊ ငါးတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၃ သန်းကျော်ဖိုး၊ ပဲတီစိမ်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်း ကျော်ဖိုး၊ ပဲလွန်းဖြူတင်ပို့မှုမှာ အမေရိ ကန်ဒေါ်လာ ၁ ဒသမ ၅ သန်းကျော်ဖိုး၊ နှမ်း တင်ပို့မှုမှာ အမေရိကန် ဒေါ်လာ သုည ဒသမ ၆ သန်းကျော်ဖိုး၊ စွန်တာနီ၊ စွန်တာပြာ၊ သီဟိုဠ်စေ့တို့က အမေရိကန်ဒေါ်လာ တစ်သန်းကျော်ဖိုး၊ ပုဇွန်တင်ပို့မှုမှာ အမေရိကန် ဒေါ်လာ သုည ဒသမ ၃ သန်းကျော်ဖိုးတင်ပို့ထားတာကိုတွေ့ရပါတယ်။

မြန်မာထုတ်ကုန်တွေ တောင်ကိုရီးယားနိုင်ငံကို ထိုးဖောက်တင်ပို့နိုင်ဖို့အတွက် တိုးတက်ဆောင်ရွက်ဖို့ လိုအပ်နေတာကတော့ အမှန်ပါပဲ။ မြန်မာ့ကုန်ပစ္စည်းများ တောင်ကိုရီးယားနိုင်ငံကို တင်ပို့နိုင်မှုအခြေအနေများကို လေ့လာကြည့်ပါက ၂၀၁၀-၁၁ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁၄၈ သန်းကျော်၊ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်မှာ အမေရိကန် ဒေါ်လာ ၂၁၄ သန်းကျော်၊ ၂၀၁၂-၁၃ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၂၁၈ သန်းခန့်၊ ၂၀၁၃-၁၄ ဘဏ္ဍာနှစ် မှာ အမေရိကန်ဒေါ်လာ ၃၅၃ သန်း ကျော်ဖိုးနဲ့ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၃၄၁ သန်းကျော်ဖိုး တင်ပို့ထားခဲ့ပါတယ်။

တောင်ကိုရီးယားနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ပို့ကုန်တင်ပို့တဲ့ အဓိကနိုင်ငံတွေအနက် အဆင့် (၆) မှာ ရှိနေပါတယ်။ ဒါကြောင့် အမယ်သစ် ပို့ကုန်တွေ တိုးချဲ့တင်ပို့နိုင်ဖို့၊ ဈေးကွက်ဝေစု ပိုမိုရရှိစေဖို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။

## မြန်မာနိုင်ငံသို့ တင်သွင်းမှု

တောင်ကိုရီးယားနိုင်ငံမှ ထွက်ရှိတဲ့ ထုတ်ကုန်ပစ္စည်းတွေအနက် မြန်မာနိုင်ငံကို တင်သွင်းတဲ့ အဓိကကုန်စည် ၁၀ မျိုးကိုလည်း လေ့လာမိခဲ့ပါတယ်။ တောင်ကိုရီးယားကနေ မြန်မာနိုင်ငံကို အဓိက တင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေရဲ့ တန်ဖိုးကို ကြည့်မယ်ဆိုရင် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှာ စက်နှင့်စက်အပိုပစ္စည်း အမေရိကန်ဒေါ်လာ သန်း ၁၁၀ ဖိုး၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်း အမေရိကန်ဒေါ်လာ ၄၅ သန်းဖိုး၊ ယာဉ်နှင့် ယာဉ်အပိုပစ္စည်းအမေရိကန်ဒေါ်လာ ၃၆ သန်းဖိုး၊ လယ်ယာသုံး ထွန်စက် အမေရိကန်ဒေါ်လာ ၃၁ သန်းဖိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း (သံနှင့်သံမဏိ) အမေရိကန်ဒေါ်လာ ၂၂ သန်းဖိုး၊ ဆေးနှင့်ဆေးပစ္စည်း အမေရိကန်ဒေါ်လာ ၁၄ သန်းဖိုးခန့် ၊ လျှပ်စစ်သုံးပစ္စည်း အမေရိကန်ဒေါ် လာ ၁၄ သန်းဖိုး၊ ဓာတုဗေဒချည် အမေရိကန်ဒေါ်လာ ၁၀ သန်းဖိုး၊ သားရေနှင့် သားရေတုပစ္စည်း အမေရိကန်ဒေါ်လာ ၇ သန်းဖိုးနှင့် ဓာတုဗေဒထုတ်ကုန် အမေရိကန်ဒေါ်လာ ၈ သန်းကျော်ဖိုး တင်သွင်းခဲ့ပါတယ်။

စုစုပေါင်းသွင်းကုန်ပမာဏဟာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၉၀ သန်းဖိုး ရှိတာကိုတွေ့ရပါတယ်။ ဘဏ္ဍာနှစ်အလိုက် ကုန်ပစ္စည်းတင်သွင်းမှုကတော့ ၂၀၁၀-၁၁ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၃၀၄ သန်း၊ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်မှာ အမေရိကန် ဒေါ်လာ ၄၅၂ သန်း၊ ၂၀၁၂-၁၃ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁၂၁၈ သန်း၊ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၄၉၀ သန်းဖိုးရှိ တာကိုတွေ့ရပါတယ်။

## ဆွေးနွေးပွဲများ

ကုန်စည်ပြပွဲနဲ့အတူ Novotel Yangon Max Hotel မှာ ကိုရီးယား-မြန်မာ စီးပွားရေးဖိုရမ်ကိုလည်း ကျင်းပခဲ့ပါတယ်။ ဒီစီးပွားရေး ဖိုရမ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဌာနဆိုင်ရာအရာရှိများ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တောင်ကိုရီးယားနိုင်ငံမှ KOTRA ဥက္ကဋ္ဌ၊ Mr.Kom-Jae-Hong၊ တောင်ကိုရီးယားနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr.Lee Woon-Ho၊ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ တောင်ကိုရီးယား နိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနှင့် ကိုရီးယားနိုင်ငံတို့မှ စီးပွားရေးပညာရှင်များ၊ လုပ်ငန်းရှင်များတက်ရောက်ခဲ့ကြပါ တယ်။

ဆွေးနွေးပွဲမှာ Expansion of Economic Cooperation Between Korea and Myanmar (Myantra စီမံကိန်းပါဝင်) ခေါင်းစဉ်ဖြင့် KOTRA မှ Executive Vice President ဖြစ်သူ Mr.Yam Won - Sok က လည်းကောင်း၊ Policy and Intensification Strategy for Promotion Foreign Trade in Myanmar NES ခေါင်းစဉ်ဖြင့် ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးကလည်းကောင်း၊ ASEAN Economic Community and Myanmar: Opportunities and Challenges ခေါင်းစဉ်ဖြင့် KIEP မှ Head of South East Asia and Oceania Team မှ Dr.Oh Yoon-Ah ကလည်းကောင်း၊ နိုင်ငံတော် သမ္မတ၏ စီးပွားရေးရာအကြံပေးပုဂ္ဂိုလ် ဒေါက်တာအောင်ထွန်းသက်က Economic Development of Myanmar and Role of Foreign Direct Investment ခေါင်းစဉ်ဖြင့်လည်းကောင်း ဒဂုံအင်တာနေရှင်နယ်မှ ဦးသူရိန်အောင်က SEZ:Development Plans of Myanmar and Opportunities for Korea Investors ခေါင်းစဉ်ဖြင့်လည်းကောင်း၊ KIET မှ Senior Research Fellow ဖြစ်သူ Dr. Shim Young-Seop က Economy Vitalizing Investment ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးတင်ပြဆွေး နွေးခဲ့ကြပါတယ်။

## အဖြေထုတ်ခဲ့တာက

ဆွေးနွေးခဲ့ကြတဲ့ အကြောင်းအရာခေါင်းစဉ်တွေအပေါ် မှာ မူတည်ပြီးတော့ မြန်မာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အဖြေထုတ်ဆွေးနွေးပြီး အဆုံးသတ်ခဲ့ကြပါတယ်။

## အနာဂတ်အတွက်

ကျွန်တော်တို့နိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာဖို့အတွက် လိုအပ်ချက်တွေ ဖြည့်ဆည်းဖို့လိုသလို ပြင်ဆင်စရာရှိတာတွေကိုလည်း ပြင်ဆင်ရမှာဖြစ်ပါတယ်။ အဲဒီလို စဉ်ဆက် မပြတ်ကြိုးပမ်းဆောင်ရွက်မှုတွေကြောင့် အနာဂတ် မြန်မာနိုင်ငံရဲ့ စီးပွားရေးအလားအလာဟာ လှပလာမှာကတော့ အသေအချာပါပဲ။

# မြန်မာ-ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေး၊ခရီးသွားလာရေးလုပ်ငန်းများ တိုးတက်မြှင့်တင်ရေး နှစ်နိုင်ငံကိုယ်စားလှယ်များ ဆွေးနွေး




မြန်မာ-ဗီယက်နမ်ရင်းနှီး မြှုပ်နှံမှု၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေး လုပ်ငန်းများ တိုးတက်မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကိုမေ ၁၉ ရက် နံနက် ၉ နာရီကမန္တလေးမြို့ အောင်မြေသာစံမြို့နယ် Mandalay Hill Resort တွင်ကျင်းပရာမန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဦးအောင်ဇံ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မုံရွာစက်မှုဇုန်၊ စစ်ကိုင်းစက်ဇုန်တို့မှ တာဝန် ရှိသူများ၊ မန္တလေး၊ မြင်းခြံကုန်သည် ပွဲစားအသင်း အမှုဆောင်များ၊ ဗီယက်နမ်နိုင်ငံဟိုချီမင်းမြို့တော်ပြည်သူ့ ကော်မတီဒုတိယဥက္ကဋ္ဌနှင့်စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင်ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်ပြည်သူ့ ကော်မတီ ဒုတိယဥက္ကဋ္ဌ H.E Mrs. Nguyen Thi Hong ကမြန်မာ-ဗီယက်နမ်စီးပွားရေး ပူးပေါင်းဆောင် ရွက်ရေး၊ ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့် အလမ်းများလေ့လာရေး၊ နှစ်နိုင်ငံခရီး သွားလုပ်ငန်းမြှင့်တင်ရေး အတွက် မန္တလေးမြို့သို့ လာရောက်ရခြင်းဖြစ်ကြောင်း ပဏာမမိတ်ဆက် ပြောကြားသည်။ ထို့နောက်မန္တလေး တိုင်း ဒေသကြီး အစိုးရအဖွဲ့စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဒေါက်တာမောင်မောင်က စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့် အလမ်းများ၊ မန္တလေးတိုင်းဒေသကြီး၏ ထွက်ကုန်များ၊ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်ပြည်သူ့ကော်မတီ ဒုတိယဥက္ကဋ္ဌ H.E Mrs.Nguyen Thi Hong ဦးဆောင်သောဗီယက်နမ် စီးပွားရေးကိုယ်စားလှယ်အဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များက စိုက်ပျိုးရေးထုတ်ကုန်များ၊ စားသောက်ကုန်များ၊ အဝတ်အထည်၊ လူသုံးကုန်များ၊ ဖိနပ်များ၊ ဆေးဝါးများက အထက်မြန်မာပြည် ဈေးကွက် ဖြန့်ချိ ရောင်းချနိုင်ရေး၊ ခရီးသွားလာမှုမြှင့်တင်ရေး၊ နှစ်နိုင်ငံလေယာဉ် ခရီးစဉ်များနေ့စဉ်ပြေးဆွဲရေး အပါအဝင် စီးပွားရေးအခွင့်အလမ်းများဆွေးနွေး ကြပြီးသိရှိလိုသည်များအားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူး ဒေါ်နွယ်နီဦးက ပြန်လည်ရှင်းလင်း ဖြေကြားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍မြန်မာစီးပွားရေးဖိုရမ်ကျင်းပ




မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း နှင့်မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းမှကြီးမှူး၍ မြန်မာစီးပွားရေး ဖိုရမ်ကိုမေ ၂၂ ရက်နံနက် ၉ နာရီက မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်ရတနာပုံ စူပါစင်တာစတုတ္ထထပ်ရှိမန္တလေး တိုင်း ဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအစည်း အဝေးခန်းမတွင်ကျင်းပရာတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ၊ အသင်းဝင်များ၊ ညီနောင်အသင်းများမှအသင်းဝင်များ၊ မုံရွာ၊ မြင်းခြံ၊ မိတ္ထီလာပွဲစားကုန်သည်များ၊ စက်မှုဇုန်များမှလုပ်ငန်းရှင်များတက်ရောက်ကြသည်။

အခမ်းအနားတွင်မန္တလေးတိုင်း ဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌဦးဝင်းအောင် က မြန်မာစီးပွားရေးဖိုရမ် ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အသင်းတွဲဖက် အထွေထွေအတွင်းရေးမှူးဒေါက်တာ သက်သက်ခိုင်ကပုဂ္ဂလိကကဏ္ဍပြောင်းလဲ ဖွံ့ဖြိုးတိုးတက်စေရန် နှင့် အထောက်အပံ့ ဖြစ်စေရန် မြန်မာစီးပွားရေးဖိုရမ် ကျင်းပရခြင်းနှင့် လုပ်ထုံးလုပ်နည်းများ ပြောင်းလဲပြီး နိုင်ငံတကာလုပ်ထုံး လုပ်နည်းများနှင့် ရင်ပေါင်တန်းလာစေနိုင်ရန်၊ ပုဂ္ဂလိက လုပ်ငန်းများ၏ အခက်အခဲများကိုနိုင်ငံတော်သို့ အကြံပြုတင်ပြရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍နိုင်ငံတကာဘဏ္ဍာရေး ကော်ပိုရေးရှင်း (IFC) မှ စီးပွားရေးပညာရှင်က နိုင်ငံတကာအတွေ့အကြုံများနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက်မြန်မာစီးပွားရေးဖိုရမ် အတွင်းရေးမှူးရုံးအဖွဲ့မှကုန်သွယ်ရေး နှင့်စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းကာ အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များက လယ်ယာ၊ သား၊ ငါး၊ သစ်တောကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများ တင်ပြကြပြီးအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်၊ အတွင်းရေးမှူးဦးအေးလွင်နှင့် တာဝန်ရှိသူများကရှေ့ဆက်ဆောင်ရွက်ရမည့် အစီအစဉ်များအားဆွေးနွေးကြကာ မန္တလေးတိုင်းဒေသကြီး ကုန်သည်များ နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌဦးအောင်သန်းက နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။ မြန်မာစီးပွားရေးဖိုရမ်ကို တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**




# Samsung Myanmar က နောက်ဆုံးပေါ် SUHD TV(4K) ကို Korea Expo 2015 တွင် မိတ်ဆက်ပြသ

Samsung Myanmar က နောက်ဆုံးပေါ် SUHD TV(4K) ကို မြန်မာပြည်သူများအတွက်မိတ်ဆက်ပွဲ အခမ်းအနားကို Myanmar Event Park တွင်ကျင်းပသည့် Korea Expo 2015 တွင် ပြုလုပ်ခဲ့သည်။

ကိုရီးယား-မြန်မာသံတမန်နှစ် (၄၀)ပြည့်အထိမ်းအမှတ်အဖြစ်ပြုလုပ်သည့် Korea Expo တွင် Samsung Myanmar သည် မြန်မာပြည်သူများ ၏ လူနေမှုဘဝကိုမြှင့်တင်ပေးရန်အတွက် ယခု SUHD TV(4K) ကို မိတ်ဆက်ပြသရခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၁၅မှာ ကြီးကျယ်တဲ့အတွေ့ အကြုံတွေကို သယ်ဆောင်လာဖို့ကကျွန်တော်တို့ရဲ့ ဦးစားပေးလုပ်ရပ်ပါ။ ဒါ့ထက်ပိုပြီးတော့လည်း Samsung အနေနဲ့ လူတွေအတွက် ပိုမိုကောင်းမွန် တဲ့ အဆင့်မြင့်တဲ့ လူနေမှုပုံစံနဲ့ ပိုမိုဆန်းသစ်တဲ့ စိတ်ကူးတီထွင်မှုမှတ်တိုင်တွေ စိုက်ထူဖို့အတွက် ထုတ်ကုန်တွေ ဖန်တီးနေပါတယ်။ ပြသထားတဲ့နည်းပညာတွေက မြန်မာပြည်သူတွေရဲ့ အဆင့်မြင့် မှုနဲ့ ခေတ်မီဆန်းသစ်တဲ့လူနေမှုပုံစံကို ဖန်တီးပေးမှာပါ"ဟု Samsung Myanmar ၏ မန်းနေဂျင်းဒါရိုက်တာ ဖြစ်သူ Mr. Nam Sik Ahn က ပြောကြားခဲ့သည်။

Samsung မှ အသစ် ထပ်မံထုတ်လုပ်လိုက်သည့် ၇၈လက်မအရွယ်အစား ရှိသည့် SUHD TV ကို ထုတ်ဖော် မိတ်ဆက်ပြသခဲ့ကြောင်းသိရသည်။

SUHD TV အမျိုးအစားသည် ယခုနှစ်တွင် အကောင်းဆုံးနည်းပညာများဖြင့် ထုတ်လုပ်ထားပြီးပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသော Nano Crystal နည်းပညာများကို အသုံးပြုထားပြီး အံ့မခန်းဖွယ်ရာပုံရိပ်များ၊ တောက်ပ သောအလင်းအား၊ အရောင်အသွေးနှင့် ပုံရိပ်တိကျပြတ်သားမှုတို့ကို အဆန်း သစ်ဆုံးနည်းပညာများဖြင့် တီထွင်ထုတ်လုပ်ထားကြောင်း သိရသည်။

Samsung SUHD TV ကို ၅၅ လက်မ၊ ၆၅လက်မနှင့် ၇၈လက်မ အရွယ်အစားများရရှိနိုင်ပြီး Samsung Brand Shop ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

၅၅လက်မအရွယ်အစား SUHD TV ကို ကျပ် ၃၉သိန်း၊ ၆၅လက်မ အရွယ်အစားကို ကျပ် ၅၉သိန်းနှင့် ၇၈ လက်မအရွယ်အစားကို ကျပ် ၁၄၇ သိန်းနှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

သို့သော် Korea Expo ၂၀၁၅ ပြပွဲ ကာလအတွင်းတွင်မှ ၅၅ လက်မအရွယ် နှင့် ၆၅လက်မအရွယ်အစားရှိသည့် SUHD TV တို့ကို ဝယ်ယူပါက ကျပ် ကိုးသိန်းကျော်တန် ဖိုးရှိသည့် Soundbar သို့မဟုတ် Blu-ray Player နှင့် Samsung Galaxy Tab A 8" တို့ကို လက်ဆောင်အဖြစ်ပေးအပ်ခဲ့ကြောင်း၊ ၇၈ လက်မ အရွယ်အစားရှိသည့် SUHD TV တစ်လုံး ဝယ်ယူပါက ကျပ် ၂၄သိန်းကျော်တန်ဖိုးရှိသည့် Home Theatre တစ်ခုနှင့် Galaxy S6 တို့ကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

Commodity Exchange News
Vol: 15, No.19 Monday May 25 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၅–၅– ၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်တွင် မတ်ပဲကို အိန္ဒိယဝယ်လက် ဝယ်လိုအားပုံမှန်ရှိ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က တစ်တန်ကို ၁၂၉၂၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ပြီး နောက်ပိုင်းရက်တွေမှာ ဈေးအနည်းငယ်လျော့ပြီး ဝယ်ယူတာကြောင့် ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၁၂၈၆၅၀၀ ကျပ်ဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် နည်းလာပေမယ့် ဈေးကောင်းရတဲ့အခါမှာတော့ ထုတ်ရောင်းမှုတွေ များလာကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ဒီတစ်ပတ်မှာ အရောင်းအဝယ်အေးနေကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးမာ၊ ပဲတီစိမ်းပုံမှန်အရောင်းအဝယ်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဈေးပေးအဝယ်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၁၉၀၀ ကျပ် (တစ်တန်ကို ၁၁၆၃၅၄၁ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှု များခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကိုတော့ မန္တလေးဝယ် လက်ကပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး တစ်ပိဿာကို ၁၉၃၅ ကျပ်(တစ်တန်ကို ၁၁၈၄၉၇၄ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ခန့်ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ပဲမျိုးစုံ အရောင်းအဝယ်ပါး

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ကုန်စည်ဒိုင်သို့ ပဲမျိုးစုံဝယ်ရောင်းလုပ်လိုသော ကုန်သည်များ လာရောက်မှုနည်းသလို ပဲမျိုးစုံအရောင်းအဝယ်လည်း ပါးနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ မတ်ပဲအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ဒေသတွင်းပဲခွဲစက်နှင့် ရန်ကုန်ဝယ်လက်တချို့က တစ်ပိဿာ ၁၉၅၀ ကျပ် (တစ်တန် ကို ၁၁၉၄၁၆၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၈၀၀ ခန့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် တောင်သူလက်ဝယ်မှာ ပစ္စည်းလက်ကျန်ပြတ်သွားပေမယ့် လှောင်လက်ကုန်သည်တွေကတော့ ဈေးကောင်းရတဲ့အခါမှာ ထုတ်ရောင်းမှုတွေရှိလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ၁၉၆၇ကျပ်(တစ်တန်ကို ၁၂၀၄၅၇၁ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၅၀၀ ခန့်သာအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကိုတော့ တရုတ်ဝယ်လက်က အရည်အသွေးကောင်းတဲ့ (ထိပ်စ) ပဲတွေကို ဈေးကွက်အဝင်ရှိသလောက် ဝယ်လိုအားရှိခဲ့တယ်လို့ ဆိုပါတယ်။ အရောင်း အဝယ်အနေဖြင့် တစ်ပိဿာ ၂၁၆၉ ကျပ်(တစ်တန်ကို ၁၃၂၈၂၇၃ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ သိပ္ပံနှမ်းနဲ့ ပဲစင်းငုံနီတက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို မန္တလေး-ရန်ကုန်ဝယ်လက်က အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအား ပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာ အရောင်းများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၄၄၅ ကျပ်ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရ ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိတာ ကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၉၅၀ ကျပ်(တစ်တန်ကို ၁၁၉၄၁၆၀ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့်အရောင်းအဝယ်ဖြစ် ခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းအဝင်များလို့ ဈေးအနည်းငယ်ကျလာ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီး(ထိပ်စ)ကို တရုတ် အတွက်ဝယ်ယူနေတဲ့ မန္တလေးဝယ်လက်ကဝယ်လိုအား ပုံမှန်ရှိပေမယ့် ဈေးကွက်သို့ပစ္စည်း အဝင် များတာကြောင့်ဈေး အနည်းငယ်ကျလာပြီး တစ်ပိဿာကို ၂၀၆၈ ကျပ်(တစ်တန်ကို ၁၂၆၆၄၂၂ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၈၀၀ မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်ဝယ်လက်ကတော့ တစ်ပိဿာ ၁၉၆၅ ကျပ်(တစ်တန်ကို ၁၂၀၃၃၄၆ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၇၀၀ ခန့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကိုတော့ မြို့ခံပဲခွဲစက်တွေက တစ်ပိဿာကို ၁၁၄၂ ကျပ် (တစ်တန်ကို ၆၉၉၃၄၉ ကျပ်) ဈေးဖြင့်တစ်ရက်ကို အိတ် ၄၀၀ ခန့် ပုံမှန်အဝယ်ရှိပေမယ့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးတန့်နေကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှာ နှမ်းမျိုးစုံပုံမှန်အရောင်းအဝယ်ဖြစ် ပဲစင်းငုံနီဈေးစွာ

မကွေးဈေးကွက်မှာ ဒီတစ်ပတ်နှမ်းမျိုးစုံကို မန္တလေး-ရန်ကုန်ဝယ်လက်နှင့် ဒေသတွင်းဆီစက်တွေက ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်တွေကလည်း အဆိုပါဈေးဖြင့် ပုံမှန်အရောင်းရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် နှမ်းနီ တစ်ပိဿာ ၂၂၇၀ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၂၃၃၅ ကျပ်၊ နှမ်းနက်စမုံ တစ်ပိဿာ ၄၂၉၀ ကျပ်၊ နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၇၃၅ ကျပ်နှင့် နှမ်းညိုကြား တစ်ပိဿာ ၂၀၀၀ ကျပ်ဈေးဖြင့် နှမ်းမျိုးစုံ တစ်ရက်ကိုအိတ် ၈၀၀ မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် နည်းနေပေမယ့် ရန်ကုန်ဝယ်လက်က ဈေးကောင်းပေး အဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၉၀၀(တစ်တန်ကို ၁၁၆၃၅၄၁ ကျပ်) ကျပ်ဈေးဖြင့် တစ်ရက်ကိုအိတ် ၄၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲနှင့် ဒေသထွက်ပဲပုပ်ကို ရန်ကုန်အဆွဲ ပုံမှန်ရှိ

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားသွက်သလို ရောင်းသူကုန်သည်များကလည်း တစ်ပိဿာ ၁၉၈၅ ကျပ် (တစ်တန်ကို ၁၂၁၅၅၉၄ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်ပဲပုပ်ကို ရန်ကုန်ဝယ်လက် ကတစ်ပိဿာ ၈၀၀ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၁၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို မန္တလေး-ရန်ကုန်-မူဆယ်အဝယ်များ အစာစပ်လုပ်ငန်းရှင်တွေ ဝယ်လိုအားနည်း

တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေးနဲ့ မူဆယ်ဘက်မှ ဝယ်လိုအားများပေမယ့် ဒေသတွင်းအစာစပ်လုပ်ငန်းရှင်များ ဘက်ကတော့ ဝယ်လိုအားနည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၂၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၄ သိန်း အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။ ပြောင်းသီးနှံအနေဖြင့် တောင်သူထံမှာ ပစ္စည်းလက်ကျန်ပြတ်သလောက်ဖြစ်သွားပြီး လှောင်လက်ကုန်သည် တွေထံမှာသာ ပစ္စည်းလက်ကျန်ရှိတော့ကြောင်း သိရပါတယ်။

## လားရှိုးဈေးကွက်တွင် ပြောင်းဈေးမြင့်လာ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံအနေဖြင့် လှောင် လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် တရုတ် ဝယ်လက်ကတော့ ဝယ်လိုအားကောင်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၉၀ ကျပ်ဈေးဖြင့် တစ်ပတ် အတွင်းပိဿာချိန် ၁၀ သိန်းကျော်ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီဈေးမာ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲအနေဖြင့်ပန်တောင်းနဲ့ ပေါက်ခေါင်းဘက်မှ ဝင်ရောက်မှုမှာ နည်းသွားပေမယ့် ရန်ကုန်ဝယ်လက်ကတော့ နေ့စဉ်ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ရဲ့ ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် မတ်ပဲဈေးမြင့်လာပြီး တစ်ပိဿာကို ၁၉၇၅ ကျပ်(တစ်တန်ကို ၁၂၀၉၄၇၀ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၄၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် နယ်စုံမှ ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲများကိုသာဈေးကောင်းရချိန်မှာ လှောင်လက်တွေ ထုတ်ရောင်းမှုများလာကြောင်း အရောင်းအဝယ်အနေဖြင့်တစ်ပိဿာကို ၁၉၂၅ ကျပ်(တစ်တန်ကို ၁၁၇၈၈၅၀ ကျပ်) ဈေးဖြင့် တစ်ပတ်အတွင်း အိတ် ၁၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲမျိုးစုံဈေးတန့်ပြီး အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲဖြူလုံးကြီးနဲ့ ကုလားပဲ(ထိုင်ဝမ်)ကိုမြို့ခံပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၃၂၀ ကျပ် (တစ်တန်ကို ၈၀၈၉၆၇ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်)တစ်ပိဿာ ၁၁၂၀ ကျပ် (တစ်တန်ကို ၆၈၆၄၈၉ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်းတစ်ရက်ကို အိတ် ၃၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ လက်ကျန်ပြောင်းထက်စာရင် ပြောင်းသစ်ဈေးကောင်းရ

မူဆယ်ဈေးကွက်မှာ ပြောင်းသီးနှံအနေနဲ့ တစ်ပတ်အတွင်း တန်ချိန် ၁၈၇၀၀ ခန့်ဝင်ရောက်ခဲ့ပြီး ၎င်းဝင်ရောက်လာတဲ့အထဲမှ ပြောင်း(သစ်)တချို့က ၅၀ ကီလိုတစ်အိတ်ကို တရုတ်ဝယ်လက်က ၁၀၀ ယွမ်ဈေးအထိ ဈေးမြင့်အဝယ်ရှိခဲ့သလို လက်ကျန်ပြောင်းတွေကိုလည်း တရုတ်ဝယ်လက်က ၉၆ ယွမ်ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်းသိရပါတယ်။ တရုတ်ဘက်မှာ ပြောင်းကားတချို့ အဖမ်းအဆီးရှိပေမယ့် အရောင်းအဝယ်တော့ ပုံမှန်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

# မကွေးတောင်သူများ မိုးဦးကောင်း၍ ဆီထွက်ကောင်းသော စွန်တာနီမြေပဲကို အားထားစိုက်ပျိုး

မုတ်သုံလေဝင်ရောက်လာခြင်းနှင့်အတူ အနောက်မြောက်ဘက်မှ မိုးတိမ်တောင်များ ပြိုဆင်းလာခြင်းကြောင့် မကွေးမြို့နယ်အတွင်းပြီးခဲ့သည့် တစ်ပတ်လုံး အမြင့်ဆုံးဖြစ်ခဲ့သော မြေပြင်အပူချိန်များ ပြန်လည်ကျဆင်းလာကာ မေ ၁၈နှင့်၁၉ ရက်များတွင် မိုးသည်းထန်စွာ ရွာခဲ့ပြီး မိုးရေချိန် ၂ ဒသမ ၄၈ လက်မရှိခဲ့ကြောင်း မကွေးတိုင်းဒေသကြီး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါမိုးရွာသွန်းမှုကြောင့် မကွေးမြို့နယ်အတွင်း စိုက်ပျိုးမြေများ အစိုဓာတ်လုံလောက်စွာရရှိသဖြင့် ယခုနှစ်တွင် စိုက်ပျိုးသီးနှံများ ယမန်နှစ်ကထက် အထွက်ကောင်းနိုင်ကြောင်း ဆားတိုင်ကန်ကျေးရွာမှ တောင်သူတစ်ဦးက သုံးသပ်ပြောဆိုသည်။

“ခုရွာတဲ့မိုးက တစ်ပြိုင်တည်း၊ တစ်ခါတည်း သဲသဲမဲမဲရွာလိုက်တဲ့အတွက် အစိုဓာတ်လုံလုံလောက်လောက်ရတယ်။ ပထမဆုံးမိုးမှာများများရွာတာပေါ့၊ယမန်နှစ်ကတော့ မိုးကရွာလိုက်၊ ပြတ်လိုက်ဖြစ်နေတဲ့ အပြင်ရွာတဲ့မိုးကရေမပါဘူး၊ ဒီလိုစိမ်မရွာဘူး၊ ဒီနှစ်မိုးဦးမှာမိုးကောင်းတယ်၊တောင်သူတွေကြိုက်တယ်”ဟုပြောသည်။ ထို့နောက် မကြီးကန်ကျေးရွာမှ တောင်သူတစ်ဦးကလည်း ယခုရွာသောမိုးသည် တောင်သူများ မိုးကြိုနှမ်းကြိုကြသူများအတွက် အချိန်ကိုက်ဖြစ်ကြောင်းပြောသည်။

“နှမ်းကြိုကြသမားတွေ မဖျက်ရတော့ဘူး၊ အစိုဓာတ်များတဲ့အတွက် မြေပဲစိုက်သူတွေကြဲနိုင်ကြပြီး၊ အခုကျွန်တော်ကြဲနေတာမြေပဲပါ ယမန်နှစ်ကဒီအခင်းကို နှမ်းကြဲတာ မြေပဲတစ်လှည့် နှမ်းတစ်လှည့်ပေါ့။ ယမန်နှစ်ကနှမ်းကို နှစ်လယ်ကြဲတာ၊ တင်း ၅၀ ကျော်ရတယ်၊ ဒီနှစ်စွန်တာနီမြေပဲကြဲတယ်။ စွန်တာနီမြေပဲက ၁၅ ပိဿာတစ်တင်းကို ဆီ ၇ ပိဿာထွက်တယ်။ မြေပဲအတောင့်တစ်တင်း ၈၀၀၀ကျပ်ဈေးရောင်းရတယ်။ မျိုးပဲဆန်၊ တစ်တင်း၊ ၃၈၀၀၀ ကျပ်နဲ့ဝယ်ရတယ်။ စွန်တာနီမြေပဲဟာဒေသမျိုးပါ။ သူကဆီထွက်ကောင်းတဲ့အတွက် တောင်သူတွေ အများဆုံးကြဲတယ်။ ရက်ပေါင်း ၉၀ သက်တမ်းရှိတယ်။ မိုးနှမ်းနဲ့အတူပေါ်တယ် မြေပဲနုတ်ပြီးရင်၊ ပဲတီစိမ်းဆက်ကြဲတယ်။ ဒီမိုးဟာအစိုဓာတ်လုံလောက်အောင်ရတဲ့အတွက် နောက်တစ်လလောက်အထိ မိုးခွာသွားလည်း စိုးရိမ်စရာမရှိဘူး။ ၁၀ ရက်၊ ၁၅ ရက်တစ်ကြိမ်လောက်ဆိုရင်ရတယ်။ ဒီနှစ်၊ မကွေးတောင်သူတွေ ပဲရော နှမ်းရောရကြမှာပါ၊ သီးနှံပေါ်တဲ့အချိန်ဈေးကောင်းဖို့ပဲ လိုတယ်။ ယမန်နှစ်ကကြွေးထူလို့၊ စောစောရောင်းတဲ့လူတွေဈေးကောင်းရပြီး အဆင်ပြေတယ်။ နောက်ပိုင်းမှာဈေးကတဖြည်းဖြည်းကျလာတယ်။ တောင်သူအလုပ်ဆိုတာ မိုးမျှော်ရတယ်။ ဈေးကွက်ကိုမျှော်ရတယ်။ အဲဒီနှစ်ခုတိုက်ဆိုင်သွားရင် တောင်သူတွေဘဝအဆင်ပြေပါတယ်”ဟုရင်းကပြောသည်။

**နေလင်းသူရိန် (မကွေး)**

# Global Financial Management သင်တန်းနှင့် Applied Research Methodology သင်တန်းများ ဖွင့်လှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနနှင့် မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော Global Financial Management သင်တန်းနှင့် Applied Research Methodology သင်တန်း ဖွင့်ပွဲအခမ်းအနားကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် မေလ ၂၃ ရက်နေ့ နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနား သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်ဒေါက်တာမောင်အောင်၊ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းနှင့် တာဝန်ရှိသူများ၊ သင်တန်းဆရာများ၊ သင်တန်းသားသင်တန်း သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို နှစ်လကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတစ်ခုလျှင် သင်တန်းသား ၃၅ ဦးစီ တက်ရောက်လျက်ရှိကြောင်း သိရသည်။ ယင်းသင်တန်းအား Super Seven Star Industry Co., Ltd. ၊ Sinor Lines ၊ Myanmar Apex Bank တို့က ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

# ဒသမအကြိမ်မြောက် ကုန်သွယ်လယ်ယာမိသားစုများ ဆရာကန်တော့ပွဲကျင်းပမည်

ကုန်သွယ်လယ်ယာဝန်ထမ်းဟောင်းများ အချင်းချင်းရိုင်းပင်းကူညီရေးအသင်းမှ ကြီးမှူးကျင်းပသော သက်ကြီးဝါကြီးဆရာများအား ဒသမအကြိမ်မြောက် ဆရာကန်တော့ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် မေလ ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၀၉း၀၀ နာရီအချိန်တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း ကုန်သွယ်လယ်ယာခမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဝန်ထမ်းများနှင့်ဝန်ထမ်းဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဆရာကန်တော့ပွဲ ကျင်းပရေးကော်မတီ**

# မုံရွာကုန်စည်ဒိုင် မေလတတိယပတ်ပဲဈေးကွက် စိမ်းကြီးအရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင် မေလတတိယပတ်ပဲဈေးကွက်မှာ Export အတွက် စိမ်းကြီး၊ ငုံနီနဲ့ V2 တို့ ဝယ်လိုအားသွက်ခဲ့သလို ဈေးလည်း တက်ဈေးမှာမာလျက်ရှိတာတွေ့ရပါတယ်။ ဒေသသုံးပဲအများစုကတော့ ဈေးငြိမ်ခဲ့ပြီး အရောင်းအဝယ်လည်း ခပ်အေးအေးသာဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ မနှစ်ကကာလတူပေါက်ဈေးများအနေနဲ့ Export ပဲတွေ ဒီနှစ်မှာ ဈေးမြောက်ခဲ့တာ တွေ့ရပါတယ်။

မုံရွာကုန်စည်ဒိုင် ယခုတစ်ပတ်ပဲဈေးကွက်ရဲ့ အရောင်းအဝယ်အားအကောင်းဆုံးပဲကတော့ စိမ်းကြီးဖြစ်ပြီး နယ်ကနေ ဒိုင်ကို ဝင်လာသလောက် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ရက်အိတ် ၅၀၀၀ မှ ၆၀၀၀ ဝန်းကျင်နေ့စဉ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ အဓိကဝယ်လက်က တရုတ်ဝယ်လက်ဖြစ်ပြီး နွေပဲတီတွေအဝင်လျှင်သလောက် အမြင့်ဈေးနဲ့ အရောင်းအဝယ်သွက်နေပါတယ်။

ယခုတစ်ပတ်မှာ ငုံနီကလည်း Export အတွက် ပဲစုဆောင်းသူတွေ၊ ပစ္စည်းအပ်မယ့်သူတွေ အဝယ်အနည်းငယ်ရှိခဲ့ပြီး အရောင်းအဝယ်ဖြစ်တဲ့နေ့မှာ အိတ် ၁၅၀၀ ခန့်ရှိသလို ပါးတဲ့နေ့မှာ အိတ် ၂၀၀ ခန့်သာ ဖြစ်တယ်လို့ ကုန်သည်ရပ်ကွက်က သိရပါတယ်။ ကုလားပဲကတော့ V2 က Export အတွက် ပဲကြိုဝယ်သူတွေရှိနေပြီး၊ ရောင်းလက်ရှားနေကာ လိုသလောက် မဝယ်နိုင်ဘဲ တစ်ခါတစ်ရံမှာ တစ်ရက်အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

မတ်ပဲဈေးကွက်အနေနဲ့ ပဲဈေးမြောက်လာပေမဲ့ ကုန်သည်လှောင်လက်အချို့ရဲ့ အရောင်းသာရှိနေလို့ တစ်ရက်အိတ် ၂၀၀ ဝန်းကျင်သာဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒေသတွင်း လုပ်ငန်းသုံးနဲ့ ပဲလက်လီဈေးကွက်သာရှိတဲ့ စွန်တာနီနဲ့ ပဲနီလုံးကြားတို့ အရောင်းအဝယ်မသွက်ခဲ့ဘဲ တစ်ရက်အိတ် ၃၀၀ ခန့်သာရှိခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်- မုံရွာ**

# စုပေါင်းအားဖြင့် AEC ဘုံဈေးကွက်မှ အခြားဘုံဈေးကွက်များဆီသို့

ယခင်တုန်းကမြေဈေး၊ ရွှေဈေးကစားခြင်း၊ ပဲလှောင်ခြင်းများ လုပ်ကိုင်ခဲ့ကြခြင်း၊ ငွေလက်ထဲမှာ ပိုလျှံသူတွေက အတိုးကိုမက်ပြီး အတိုးပေးထားခြင်းများမှာ လိမ်ညာခံရလို့ စာချုပ်စာတမ်းမရှိ၊ တိုင်လို့မရနဲ့ မိမိတို့စုဆောင်းထားငွေလေးများ ဆုံးရှုံးရတာမျိုး မကြာခဏကြားသိနေရပါတယ်။ ဘဏ်တိုးထက်လည်း တိုးပွားချင်၊ ကိုယ်တိုင်လည်း ကုမ္ပဏီကြီးမလုပ်နိုင်သူများအနေနဲ့ နေ့စဉ်လူအားမစိုက်ထုတ်ရဘဲ၊ ယုံကြည်စိတ်ချ မျှော်လင့်ချက် ကောင်းတဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံလိုကြတာတွေ့ရပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ရွှေနိုင်ငံ၊ သီလဝါစသဖြင့် ရှယ်ယာတွေ ဝယ်ယူကြတာတွေရှိသလို၊ Stock Exchange ပေါ်လာရင်လည်း ဝင်ရောက်ရင်းနှီးမြှုပ်နှံ နိုင်တော့မှာဖြစ်ပါတယ်။ ဒေသအသီးသီးမှာလည်း အများပိုင်ကုမ္ပဏီတွေလိုအပ်လာပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ရွှေဘိုပေါ်ဆန်း အလုပ်ရုံဆွေးနွေးပွဲမှာ အများပိုင်ကုမ္ပဏီထူထောင်ရမဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး အများပိုင်ကုမ္ပဏီ မရှိခြင်းဟာ အားနည်းချက်ဖြစ်သွားနိုင်လို့ စိတ်တူကိုယ်တူလုပ်ငန်းရှင်တွေ ပူးပေါင်းတည်ထောင်သင့်ကြောင်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေအနေနဲ့ တစ်ဦးတည်းပိုင်လုပ်ငန်းကို ကူညီပေးလို့မရဘဲ အများပိုင် ကုမ္ပဏီ အသင်းအဖွဲ့ဆိုရင် ကူညီမည့်သူပေါလို့ညီညွတ်စွာ လုပ်ဆောင်ပါက ကြီးမားတဲ့ရလဒ်ကို ရနိုင်ပါကြောင်း၊ အများပိုင်ကုမ္ပဏီ ဆိုတာ အတိုးရသလို တစ်သမတ်တည်းမဟုတ်ဘဲ လုပ်ငန်းစွမ်းဆောင်မှုပေါ် မူတည်ပြီး အကျိုးအမြတ်များစွာ ရနိုင်သလို အရှုံးလည်းရှိနိုင်ကြောင်း၊ အရောင်းအဝယ်သဘောမှာ ဝယ်သူကရောင်းသူ ပိုများလေ ကြိုက်လေဖြစ်ရာ မိမိတို့က ရောင်းမည့်သူ၊ Export ပို့မည့်သူဖြစ်ပါက တစ်ယောက်တစ်မျိုးရောင်းသည့် ပုံစံသည် ဈေးနှုန်းဈေးကွက် ပျက်နိုင်လို့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဈေးနှုန်းဈေးကွက်ရရှိဖို့ ပူးပေါင်းလုပ်ဆောင်ရမှာဖြစ်ကြောင်း ပြောကြားခဲ့တာကို မှတ်သားရပါတယ်။

AEC ဘုံဈေးကွက်ဖော်ဆောင်လာရင် အခြားနိုင်ငံတွေရဲ့ လုပ်ငန်းတူစည်းလုံးမှုအင်အားက မိမိတို့နိုင်ငံရဲ့ မညီညွတ်တဲ့ အစုအဖွဲ့များကို မီးမောင်းထိုးပြလာမှာပါ။ မိမိတို့ရဲ့ အားနည်းချက်ကိုရှာပြီး လိုနေတဲ့ကွက်လပ်ကို ဝင်နေရာယူ ဖြည့်ဆည်းသွားမှာဖြစ်လို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ သားစဉ်မြေးဆက် စီးပွား အဓွန့်ရှည်စေဖို့ မျှော်တွေးကြရန်လိုပါတယ်။ ဒါကြောင့် ပါဝင်ပူးပေါင်းလာမယ့် ၉ နိုင်ငံကို ယှဉ်ပြိုင်ဘက်တွေအဖြစ် မမြင်ဘဲ စိန်ခေါ်မှုအခက်အခဲဆိုတာထက် တိုးတက်အောင် ကြိုးစားရန် အခွင့်အလမ်းလို့မြင်ကြရန် ဆရာကြီး ဒေါက်တာအောင်ထွန်းသက်က ၂၀၁၅ ခုနှစ်၊ ဧပြီလအတွင်း မုံရွာကုန်စည်ဒိုင်မှာပြုလုပ်တဲ့ ဟောပြောပွဲမှာ ပြောကြားခဲ့ပါတယ်။ အဆိုပါဟောပြောပွဲမှာ UMFCCI မှ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်ကလည်း AEC သည် မိမိတို့လုပ်ငန်းငယ်လေးတွေကို ထိခိုက်မယ့် စိန်ခေါ်မှုချည်းမဟုတ်ဘဲ အားနည်းချက်၊ အားသာချက်ရယူရမယ့် အခွင့် အလမ်းဖြစ်ပြီး ဒီ AEC ဘုံဈေးကွက်ကနေ အခြားကမ္ဘာ့ဘုံဈေးကွက်များကို ဝင်ရောက်ထိုးဖောက်နိုင်ရန် ရည်မှန်းချက်တူညီသော ပေါင်းစည်းမှုပင်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

တစ်ယောက်အားဖြင့်ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူမှရမည်ဆိုသလို အများပိုင်ကုမ္ပဏီများ၊ အသင်းအဖွဲ့များ။ စုပေါင်းအားဖြင့် အခွင့်အလမ်းနဲ့ ကောင်းမွန်တဲ့ရလဒ်များကို ဆန်စင်ရာ ကျည်ပွေ့မလိုက်နိုင်သဖြင့် ကျည်ပွေ့ရှိရာ ဆန်စုကြသည့်နည်းဖြင့် ရယူသွားကြရန်လိုအပ်ကြောင်း ဟောပြောဆွေးနွေးပွဲများမှ ရရှိတဲ့အသိများကို ဖြန့်ဝေလိုက်ပါတယ်။

**ရီလင်းထွဋ်-မုံရွာ**

Vol: 15, No.19 Monday May 25 2015

# တရုတ်အဝယ်လိုက်နေတဲ့သကြားဈေးကွက်

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မေလ ၁ ရက်မှ ၁၅ ရက် တာကာလအတွင်း ကန်ဒေါ်လာ ၃ ဒသမ ၆၉၉ သန်းတန်ဖိုးရှိ သကြားဖြူ ၆၁၆၄တန်ခွဲ ကန်ဒေါ်လာ သုည ဒသမ ၆၆၄ သန်းတန်ဖိုးရှိ သကြားညို ၁၁၄၄ တန်ကိုတင်ပို့နိုင်ခဲ့ပါတယ်။ ဧပြီလအတွင်းမှာတော့ သကြားဖြူ ၁၆၁၈၀ တန်ခွဲနဲ့ သကြားညို ၃၂၂ တန် တင်ပို့ခဲ့တာတွေ့ရပါတယ်။ တရုတ်ဝယ်လက်ရှိချိန်ဆိုလျှင် မန္တလေးဈေးကွက်မှာ တစ်ရက်လျှင် သကြားပိဿာဝင်အိတ်ရေ ၃၀၀၀ ကျော်ခန့်တင်ပို့နိုင်ပြီးပြည်တွင်း အတွက်စားသုံးရန် လုံလောက်တာကြောင့် ယခုလိုပြည်ပသို့ တင်ပို့နိုင်ကြောင်း၊ တရုတ်နိုင်ငံသို့ သကြားကို အကြမ်းရော အနုပါပို့ရတော့ အဆင်ပြေတယ်လို့ မြန်မာနိုင်ငံသကြားဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**



## မြဝတီနဲ့ ကော့သောင်းမှ ရေထွက်ကုန်ပိုမိုတင်ပို့နိုင်

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းနဲ့ မြိတ်နယ်စပ်ကုန်သွယ်ရေး စခန်းများက ၂၀၁၅ ခုနှစ် မေလ ၉ ရက်မှ ၁၅ ရက်အတွင်း ကန်ဒေါ်လာ ၂ ဒသမ ၇၅၆ သန်း တန်ဖိုးရှိရေထွက်ကုန် ၂၇၂၀ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း စခန်းအလိုက် ဆောင်ရွက်နိုင်မှုများမှာ-

**မြဝတီကုန်သွယ်ရေးဇုန်**က ကန်ဒေါ်လာ သုည ဒသမ ၁၉၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၇၇ တန်ကျော်၊ ကဏန်း ၃၄ တန်ကျော်နဲ့ ပုစွန် ၂တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၂၁ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်း**ကလည်း ကန်ဒေါ်လာ သုည ဒသမ ၉၉၇ သန်းတန်ဖိုးရှိရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၁၁၀ တန်ကျော် ၊ ပုစွန် ၆ တန်ကျော်၊ငါးရှဉ့် ၇ တန်ကျော်၊ ရေဘဝဲ ၁ တန်ကျော်နဲ့ ကင်းမွန် ၁ တန်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ၄၃၆ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းကလည်း ကန်ဒေါ်လာ ၁ ဒသမ ၅၆၂ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၃၆၄ တန်ကျော်၊ ပုစွန်တန် ၂၀ ကျော်၊ ငါးမှုန့် တန် ၉၀၊ ကဏန်းသေး(အသေ)၃ တန်ကျော်၊ ကင်းမွန် ၂ တန်နီးပါးနဲ့သဲဂဏန်း ၁ တန်ကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၁၃၅၁ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ်**

# ဘဏ္ဍာနှစ်စမှ မေလ ၁၅ ရက်ထိ နယ်စပ်မှ ကုန်သွယ်မှုက ကာလတူထက် ပိုမိုခဲ့သော်လည်း ပင်လယ်ရေကြောင်းမှ ကုန်သွယ်မှုလျော့နည်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၁၅ ရက်ထိ ပို့ကုန်ဒေါ်လာ ၅၈၈ သန်းကျော်နဲ့ သွင်းကုန် ကန်ဒေါ်လာ ၁၆၆၁ သန်းကျော် ဆောင်ရွက်နိုင်ခဲ့ရာ ကုန်သွယ်မှုပမာဏမှာ ကန်ဒေါ်လာ ၂၂၅၀ သန်းကျော် ဖြစ်ပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက နယ်စပ်မှ ပို့ကုန်ရော သွင်းကုန်ပါ ကန်ဒေါ်လာ ၁၃၇ သန်းကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပို့ကုန်မှာ ကန်ဒေါ်လာ ၇၁ သန်းကျော်နဲ့ သွင်းကုန်မှာ ဒေါ်လာ ၆၆ သန်းနီးပါး ဖြစ်ပါတယ်။ ပင်လယ်ရေကြောင်းမှ ကုန်သွယ်မှုမှာ ပို့ကုန်ရော သွင်းကုန်ပါလျော့နည်းခဲ့ပြီး ကန်ဒေါ်လာ ၂၅၅ သန်းကျော် လျော့နည်းခဲ့ပါတယ်။

အုပ်စုအလိုက် တင်ပို့နိုင်မှုကို နှိုင်းယှဉ်လျှင် ပို့ကုန်ပိုင်းမှာ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်၊ သတ္တုတွင်းထွက်၊ သစ်တောထွက်ကုန်များ ယမန်နှစ်ကာလတူထက် ပိုမိုတင်ပို့နိုင်သော်လည်း စက်မှုကုန်ချောအုပ်စု ပို့ကုန်တင်ပို့မှုမှာ ကန်ဒေါ်လာ ၃၂၆ သန်းကျော် လျော့နည်းခဲ့သဖြင့် စုစုပေါင်း ပို့ကုန် တင်ပို့နိုင်မှုမှာ ကန်ဒေါ်လာ ၉၃ သန်းနီးပါး လျော့နည်းခဲ့ပါတယ်။

မိမိတို့ရဲ့ အဓိကအားထားရတဲ့ ပို့ကုန်အုပ်စုမှ လယ်ယာထွက်ကုန် တင်ပို့မှု နှိုင်းယှဉ်လျှင် နှမ်း၊ ပဲလွန်းဖြူ ထောပတ်ပဲ၊ ပဲကြီး၊ ပဲဖြူလေး၊ ပဲနီကြား၊ နိုင်လွန်ပဲ၊ မြေပဲဆံအပါအဝင် အခြားပဲများ အပို့လျော့ခဲ့သော်လည်း ယမန်နှစ်ကာလတူထက် ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ရော်ဘာစိမ်းနဲ့ ကျန်ပဲမျိုးစုံအပို့ ပိုမိုခဲ့ပါတယ်။

သွင်းကုန်ပိုင်းကိုကြည့်ပါက ယမန်နှစ်ကာလတူထက် လူသုံးကုန်ပစ္စည်း အသွင်းပိုမိုခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုနဲ့ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း အသွင်းလျော့နည်းခဲ့တဲ့အတွက် ကန်ဒေါ်လာ ၂၄ သန်းကျော် လျော့နည်းတင်သွင်းခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်တဲ့ စက်နဲ့စက်ပစ္စည်းများ၊ သံနဲ့ သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လယ်ယာသုံး နောက်တွဲယာဉ်နဲ့ အခြားယာဉ်များ၊ အင်ဂျင်များ၊ မီးရထားနဲ့ မီးရထားပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများဖြစ်တဲ့ ရေနံထွက်ပစ္စည်းများ၊ ဓာတုဗေဒချည်ခင်များ၊ ဂျုံစေ့၊ သားရေနဲ့ သားရေတု၊ သတ္တုကုန်ကြမ်းပစ္စည်းများ လျော့နည်းတင်သွင်းခဲ့တယ်လို့သိရပါတယ်။

**MIRT**

## မူဆယ် (၁၀၅) မိုင်မှ ရော်ဘာ အဆင့်စုံတင်ပို့

မေ ၉ ရက်မှ ၁၅ ရက်ထိကာလအတွင်းမှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁ ဒသမ ၉၂၀ သန်းဖိုးရှိ ရော်ဘာ ၁၃၉၇ တန်ကျော်ကို တစ်ဖက်တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ရော်ဘာများကတော့ RSS-1 ၂၇ တန်ကျော်၊ RSS-3 ၁၀၅၂ တန်၊ RSS-5 ၁၆ တန်၊MSR-20 ၂၅၂တန်၊ MSR-50 တန် ၅၀ ခန့်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ် (၁၀၅) မိုင်မှ ၁၃၆၄ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၃ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ကျန်စခန်းများမှ တင်ပို့မှု မရှိဘဲ မူဆယ်ကုန်သွယ်ရေးဇုန်မှသာ တင်ပို့မှုရှိခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ ယခင်တစ်ပတ်က တက်ရိပ်ပြခဲ့ပြီး ယခုတစ်ပတ်မှာ အနည်းငယ်ပြန်ကျခဲ့ပါတယ်။ ယခင်တစ်ပတ်က RSS-3 တစ်တန်ကို ၁၄၉၅၈၄၁ ကျပ်ရှိရာမှ ၁၄၅၂၁၄၈ ကျပ်သို့ အနည်းငယ်ကျသွားကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**



## အပို့/အသွင်းစုံတဲ့သစ်သီးဝလံ

၂၀၁၅ ခုနှစ် မေလ ၉ ရက်မှ ၁၅ ရက်တာကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁ ဒသမ ၈၆၆ သန်းဖိုးရှိ ဖရဲသီး ၃၅၀၇ တန်ခွဲ၊ သခွားမွှေး ၅၇ တန်၊ သရက်သီး ၃၆၂၀ တန်နဲ့ အုန်းသီး ၅ တန်ကိုလည်းကောင်း၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဖရဲသီး ၁၆၃၄ တန်ကို လည်းကောင်း၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၆၉၄၄ တန်ဖိုးရှိ အုန်းသီး ၃၇ တန်ခွဲကို လည်းကောင်း အသီးသီးတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ သစ်သီးဝလံတွေကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့မှုရှိသလို မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ပန်းသီး၊ ပန်းသစ်တော်သီး၊ လိမ္မော်သီး ၆၃၆ တန်ကို ကန်ဒေါ်လာ ၂၄၂၉၄၄ ဖိုး၊ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ပန်းသီး၊ ဒူးရင်းသီး၊ စပျစ်သီး၊ ပိန္နဲသီး၊ ရေငန်သီး၊ နန်းမြားသီး၊ သစ်တော်သီး၊ နာနတ်သီး၊ ကျွဲကောသီးနဲ့ ကြက်မောက်သီး ၂၄ တန်ခွဲကို ကန်ဒေါ်လာ ၆၂၉၅၅ ဖိုးတင်သွင်းနိုင်ခဲ့တယ်လို့သိရပါတယ်။

**မော်မော်အောင်**

## စစ်တွေကုန်သွယ်ရေးစခန်းက ရေထွက်ကုန်၊ လယ်ယာထွက်ကုန်နဲ့ စက်မှုကုန်ချော တန် ၂၀၀နီးပါးတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းက မေလ ၉ ရက်မှ ၁၅ ရက်ထိကာလအတွင်း ရေထွက်ကုန် လယ်ယာထွက်ကုန်နဲ့ စက်မှုကုန်ချော ၁၉၅ တန် ၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၁၇၁ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ကန်ဒေါ်လာ သုည ဒသမ ဝ၈၁ သန်းဖိုးတင်ပို့နိုင်ခဲ့သဖြင့် ယခုသီတင်းပတ်မှာတော့ ကန်ဒေါ်လာ သုည ဒသမ ဝ၉ဝသန်းပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုသီတင်းပတ်မှာ ရေထွက်ကုန်တင်ပို့မှုရှိခဲ့တဲ့အတွက် တင်ပို့မှုပိုမိုခဲ့ရခြင်းဖြစ်ပါတယ်။

ယခုသီတင်းပတ်မှာ တင်ပို့ခဲ့တဲ့ ပစ္စည်းတွေကတော့ ရေထွက်ကုန်ပစ္စည်းဖြစ်တဲ့ ရေချိုငါး(ငါးမြစ်ချင်း) ၁၅၄ တန်၊ လယ်ယာထွက်ကုန်ပစ္စည်းများကတော့ မန်ကျည်းစေ့ ၃ တန်၊ မန်ကျည်းဖတ် ၃ တန်၊ မန်ကျည်းဖတ်(အစေ့ပါ)၁တန်၊နနွင်းတက် ၂ တန်၊ ဆီးသီးခြောက် ၁၆ တန်တို့ဖြစ်ကြပါတယ်။စက်မှုကုန်ချောပစ္စည်းဖြစ်တဲ့ ဆီးယိုထုတ် ၁၆ တန်ကိုလည်း တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

## သရက်သီးရော၊ သရက်ပြားခြောက်ပါ မူဆယ်နယ်စပ်မှ တင်ပို့



၂၀၁၅ ခုနှစ် မေလ ဒုတိယပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁ ဒသမ ၂၃၁ သန်းတန်ဖိုးရှိ သရက်သီး ၃၆၂၀ တန်တင်ပို့နိုင်ခဲ့သလို ကန်ဒေါ်လာ သုည ဒသမ ၁၀၈ သန်းဖိုးရှိ သရက်ပြားခြောက် ၁၆၇ တန်ကိုလည်းတင်ပို့ခဲ့ပါတယ်။ ယမန်နှစ်ကာလတူမှာတော့ ကန်ဒေါ်လာ သုည ဒသမ ၃၁၆ သန်းတန်ဖိုးရှိ သရက်ပြားခြောက် ၄၃၅တန်နဲ့ ကန်ဒေါ်လာ ၁ ဒသမ ၅၂၄ သန်းဖိုးရှိတဲ့ သရက်သီး ၄၄၈၁ တန် တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ သရက်ပြားခြောက်ကိုတရုတ်နိုင်ငံမှာ စားသောက်ကုန်လုပ်ငန်းများမှာ အသုံးပြုတဲ့ ကုန်ကြမ်းအဖြစ် အသုံးပြုကြတာဖြစ်ပါတယ်။ သရက်ပြားခြောက် တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးကတော့ ငွေလဲနှုန်းအရ ၇၁၂၀၈၀-၇၂၈၈၅၀ ကျပ်ကြားဈေးပေါက်တယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## အခွန်ပေးဆောင်ထားသည်ထက် ပိုမိုသယ်ဆောင်လာသော ပိတ်လိပ်များ စစ်ဆေးတွေ့ရှိ

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ထွက်ခွာလာတဲ့ ကုန်တင်မော်တော်ယာဉ်များမှာ ပိတ်လိပ်များအား လိုင်စင်၊ ID တွင် ဖော်ပြ အခွန်ဆောင်ထားတဲ့ ပမာဏထက် ပိုမိုသယ်ဆောင်မှုများရှိနေတယ်လို့ မြေပြင်သတင်းများကို လရ-၁ အဖွဲ့က ရရှိလျက်ရှိပါတယ်။ သတင်းများအရ ယာဉ်များကို တားဆီးစစ်ဆေးရာမှာ မေလ ၁၂ ရက်နေ့က နောင်ချို Asia World ယာယီအခြေပြု လရ-၁ အဖွဲ့မှာ ဝင်ရောက်အစစ်ဆေးခံတဲ့ PE ၁၂ ဘီးယာဉ် ၆ခ/xxxx အား ပူးပေါင်းအဖွဲ့နဲ့ စစ်ဆေးမှုပြုလုပ်ခဲ့ပါတယ်။ စစ်ဆေးရာမှာ လိုင်စင်/ID မှာဖော်ပြထားတဲ့ Polyester Cotton Elastic Fabric (Printed / Plain) အတိုင်း အမျိုးအစား မှန်ကန်မှု ရှိသော်လည်း အခွန်ပေးဆောင်စဉ်က ကြေညာထားသည်ထက် ၇၀၀ ကီလိုဂရမ်ပိုမိုသယ်ဆောင်ထားတာကို စစ်ဆေးတွေ့ရှိခဲ့ရတယ်လို့ သိရပါတယ်။

ပိုမိုသယ်ဆောင်လာတဲ့ ပိတ်လိပ် ၇၀၀ ကီလိုဂရမ်အား လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှု တွဲဖွင့်အရေးယူဆောင်ရွက်ထားပြီး ကျောက်မဲမြို့နယ် ဇီးပင်ကျေးရွာတစ်ဝိုက်မှာ ပိတ်လိပ်နဲ့ အခြားပစ္စည်းများ တင်ဆောင်ထားတဲ့ ယာဉ် (၁၀) စီးခန့်ကို ရပ်တန့်စောင့်ဆိုင်းကာ Mobile Team အခြေအနေကို စုံစမ်းနေတယ်လို့ လရ-၁ Mobile Team ထံက သိရှိရပါတယ်။ **MIRT**

## ဂျူတီခါတ်မြေသြဇာနဲ့ရောနှောသယ်ဆောင်လာတဲ့ ဆိုင်ကယ်လေးစီး စစ်ဆေးတွေ့ရှိ

မူဆယ်-မန္တလေး ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိလရ-၁ အဖွဲ့သည် အေးရှားဝေါလ်တိုးဂိတ်အနီး ယာယီအခြေပြု၍ စားသုံးသူအကာအကွယ်ပေးရေးနဲ့ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် မေလ ၁၇ ရက် ၁၁း၀၀ ချိန်ခန့်မှာ မူဆယ်မှ မန္တလေးသို့ ဦးတည်သွားနေသော 7H/xxxx ယာဉ်အားစစ်ဆေးခဲ့ရာမှာ ဂျူတီနဲ့ သယ်ဆောင်လာသော ခါတ်မြေသြဇာအပြင် မော်တော်ဆိုင်ကယ် (၄)စီးကို တရားမဝင်သယ်ဆောင်လာမှုခဲ့တာကို စစ်ဆေးတွေ့ရှိ ခဲ့ရတယ်လို့ ရှေ့ပြေးသတင်းများအရသိရှိခဲ့ရပါတယ်။

အလားတူ မေလ ၁၈ ရက် ၀၄း၃၀ ချိန်ခန့်မှာလည်း မန္တလေးမှ မူဆယ်သို့ ဦးတည်မောင်းနှင်တဲ့ 1G/xxxx (Soarer) ယာဉ်အား စစ်ဆေးရာ ကျောက်စိမ်းလို့ယူဆရတဲ့ ကျောက်တုံးများကို ရှာဖွေတွေ့ရှိခဲ့ရသော်လည်း ယာဉ်မောင်းဟာ ယာဉ်နဲ့ကျောက်တုံးများကိုထားရှိပြီး ထွက်ပြေး တိမ်းရှောင်သွားတဲ့အတွက် ကျောက်တုံးများနဲ့ မော်တော်ယာဉ်အား ထိန်းသိမ်းခဲ့တယ်လို့သိရပါတယ်။ **MIRT**

## တရားမဝင်ဒီဇယ်ဆီပေပါများ သိမ်းဆည်းရမိ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ထုတ်နုတ်အင်အား Mobile Team အဖွဲ့ဟာ မေလ ၁၇ ရက် ၁၈း၀၀ ချိန်ခန့်မှာ လုံခန်ရွာအနီး ရှောင်ကွင်းလမ်းမှာ တရားမဝင်စုပုံထားတဲ့ ဒီဇယ်ဆီပေပါ(၁၀)လုံးအား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိတဲ့အတွက် မူဆယ်မြို့ အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံခဲ့ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

အလားတူ ၁၇း၃၀ ချိန်ကလည်း ခိုခေးရွာအနီးရှောင်ကွင်းလမ်းမှာ တရားမဝင်စုပုံထားတဲ့ ကျောက်မှုန့်အိတ် ၄၀ ကိုလည်း သိမ်းဆည်းရမိတဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့တယ်လို့သိရပါတယ်။ **MIRT**

## တရားမဝင် တင်ဆောင်လာတဲ့ အေးခဲအသားများကို မူဆယ် Mobile Team မှ စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်စခန်းထုတ်နုတ်အင်အား Mobile Team မှ ဦးစီးအရာရှိဦးစီးတဲ့အဖွဲ့သည် မေလ ၁၂ ရက်နေ့တွင် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တရားမဝင်တင်ဆောင်လာတဲ့ GI Express ယာဉ်အမှတ် 4I/xxxx အားစစ်ဆေးခဲ့တယ်လို့ သိရပါတယ်။ ယာဉ်အားအဖွဲ့စုံဖြင့် အသေးစိတ် စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင်တင်ဆောင်လာတဲ့ (1x25) kg ပါ အေးခဲအမဲသားအစို ၄၉ အိတ်၊ (1x10) kg ပါ အေးခဲအမဲသားအခြောက် ၁၅ အိတ်တို့ကို စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ပါတယ်။ အလားတူ မေလ ၁၅ ရက်နဲ့ ၁၆ ရက်နေ့များတွင် အမဲသားခြောက် ၁၃ အိတ်၊ (1x200) kg ပါတရုတ်နိုင်ငံထုတ်အေးခဲအသား ၄ အိတ်တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ပါတယ်။ သိမ်းဆည်းရမိ အေးခဲအသားများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၆ ဒသမ ၇၂၀ ဖိုးခန့်ဖြစ်ပြီး အဖွဲ့စုံဖြင့် မူဆယ်မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံကာ အမှုတွဲဖွင့်လှစ်ပြီးဖြစ်ပါတယ်။ **MIRT**

## သိမ်းဆည်းရမိပုပ်သိုးပျက်စီးလွယ်သစ်သီးဝလံများအား လေလံတင်ထုခွဲရောင်းချ

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်မှာ ယာယီအခြေပြုထားတဲ့ လရ-၂ အဖွဲ့သို့ မေလ ၁၅ ရက်နေ့ ၀၅း၃၀ ချိန်က ဝင်ရောက်စစ်ဆေးခံတဲ့ Canter ယာဉ် 8L/xxxx ပေါ်မှ စစ်ဆေးတွေ့ရှိထားသော တစ်ဖက်နိုင်ငံထွက် ဒူရင်းသီးနဲ့ မာလကာသီးများဟာ ပုပ်သိုးပျက်စီးလွယ်များဖြစ်တဲ့အတွက် လေလံတင်ရောင်းချမှု ပြုလုပ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ သိမ်းဆည်းရမိ သစ်သီးဝလံများဟာ ဒူးရင်းသီး ၁၀၀ ကီလိုဂရမ်နဲ့ အစေ့မဲ့ မာလကာသီး ၁၈၂ ကီလိုဂရမ်တို့ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် ၁ ဒသမ ၃၆၄ သိန်းလို့ သိရပါတယ်။ **MIRT**

## Mobile Phone နဲ့ ဆက်စပ်ပစ္စည်းများကို စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်စခန်းထုတ်နုတ်အင်အားMobile Team မှ ဦးစီးအရာရှိဦးစီးတဲ့အဖွဲ့က မေလ ၁၇ ရက်နေ့ ၀၉၁၅ ချိန်တွင် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ယာဉ်အမှတ် EE/xxxx အားစစ်ဆေးခဲ့ပါတယ်။ ယာဉ်ပေါ်တွင် တရားမဝင်တင်ဆောင်လာတဲ့ Mobile Phone ၇ လုံးနဲ့ HTO တံဆိပ်ဖုန်းအလုံး ၂၀ ကို စစ်ဆေးတွေ့ရှိသိမ်းဆည်းနိုင်ခဲ့ပါတယ်။ ယင်းနေ့ ၁၉း၀၀ ချိန်တွင်လည်း ကုန်သွယ်ရေးဇုန်အလွန်ရှောင်ကွင်းလမ်းတွင် တရားမဝင်စုပုံထားတဲ့ Power Bank ၃၀ ခု၊ MP 3 Minispeaker (သေး) ၁၂ ခု၊ Huawei Battery ၉ ခုနဲ့ DC ဂျပ်ပင် ၁ ဖာတို့ကိုလည်း ထပ်မံသိမ်းဆည်းရမိခဲ့တယ်လို့ သိရပါတယ်။ အဆိုပါသိမ်းဆည်းရမိ Mobile Phone နဲ့ ဆက်စပ်ပစ္စည်းများကို အကောက်ခွန်အမှုတွဲဖွင့်လှစ်ကာ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမယ်လို့ ရှေ့ပြေးသတင်းအရသိရပါတယ်။ **MIRT**

## ကျိုင်းတုံနဲ့ ဝမ်တာပင်းအကြားကျေးရွာဝန်းကျင်မှာ စုပုံထားတဲ့ ပိုင်ရှင်မဲ့ဆန်များသိမ်းဆည်းရမိ

တရားမဝင်ဆန်သယ်ယူပို့ဆောင်မှုမရှိစေရေးအတွက် ဝမ်တာပင်း Mobile Teamအဖွဲ့ဟာ အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိပါတယ်။မေလ ၁၆ ရက်နေ့ ၁၀း၃၀ ချိန်ခန့်မှာ ကျိုင်းတုံ-ဝမ်တာပင်း ကားလမ်းဘေး ပန်ဝိုင်းကျေးရွာ မိုင်တိုင်အမှတ် ၂၇/၆ အနီး တောင်ယာတဲအတွင်း စုပုံထားတဲ့ ဆန်အိတ် ၄၀ ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပါတယ်။ဒီဆန်အိတ်များအား တစ်ဖက်နိုင်ငံသို့ တင်ပို့ရန် စုပုံထားတယ်လို့ ယူဆရတဲ့အတွက် သိမ်းဆည်းခဲ့ခြင်းဖြစ်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့် အရေးယူသွားမယ်လို့သတင်းရရှိပါတယ်။ **MIRT**

## တရားမဝင်စုပုံထားတဲ့ ဘိလပ်မြေအိတ်များကို စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်စခန်း ထုတ်နုတ်အင်အား Mobile Team အဖွဲ့သည် မေလ ၁၁ ရက်နေ့တွင် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ကုန်သွယ်ရေးဇုန်အလွန် ရှောင်ကွင်းလမ်းတွင် တရားမဝင်စုပုံထားတဲ့ ဘိလပ်မြေအိတ်များကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ တရားမဝင်စုပုံထားတဲ့ ဘိလပ်မြေအိတ်များရဲ့ခန့်မှန်းတန်ဖိုးမှာ ကျပ် ၉ သိန်းဖိုးခန့်ဖြစ်ပြီး မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ အဖွဲ့စုံဖြင့်လွှဲပြောင်းအပ်နှံကာ အမှုတွဲဖွင့်လှစ်ပြီးဖြစ်တယ်လို့ သိရပါတယ်။ **MIR**

## တရားမဝင်သစ်များနဲ့ သစ်တင်ယာဉ်များအား လရ-၁ အဖွဲ့မှ မေလ ဒုတိယပတ်အတွင်း စစ်ဆေးတွေ့ရှိသိမ်းဆည်း

နောင်ချိုမြို့ Asia World Toll Gate အနီး ယာယီအခြေပြု၍ စားသုံးသူအကာအကွယ်ပေးရေးနဲ့ တရားမဝင် ကုန်သွယ်မှုတားဆီး ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်နေသော လရ-၁ အဖွဲ့သည် ပိတောက်ခွဲသားနဲ့ တမလန်းခါးရွေများ တင်ဆောင်လာသော ယာဉ်တစ်စီးအား စစ်ဆေးတွေ့ရှိတားဆီးခဲ့ပါတယ်။ တားဆီး သစ်များရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၅ ဒသမ ၅၀၀ သိန်းဖိုးဖြစ်ပြီး ပိတောက်ခွဲသား ၈၅ ချောင်း၊ တမလန်းခါးရွေ ၅ တုံးနဲ့ အဆိုပါ သစ်တင်ဆောင် သောယာဉ် Toyota Ace Freezer Box Truck 2005 Modelyr 5j/xxxx ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၇၀ တို့အား လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့် အရေးယူထားတယ် လို့သတင်းရရှိပါတယ်။ **MIRT**

## ကျပ် ၁၁၆ သိန်းကျော်တန်ဖိုးရှိ သစ်တောထွက်ပစ္စည်းအမယ်စုံ လရ(၁)အဖွဲ့မှ သိမ်းဆည်းရမိ

မန္တလေး-မူဆယ် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်မှာ စားသုံးသူအကာအကွယ်ပေးရေးနဲ့ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော လရ-၁ အဖွဲ့ ညွှန်ကြားရေးမှူးဦးစီး၍နောင်ချို Asia World Toll Gate အနီးတာဝန်ထမ်းဆောင်နေစဉ်မေလ ဒုတိယပတ်အတွင်းက ခန့်မှန်းတန်ဖိုးကျပ် ၁၁၆ ဒသမ ၁၅၀ သန်းတန်ဖိုးရှိ ပိတောက်ခွဲသား ၃၈ ချောင်း(သုည ဒသမ ၀၇၆ တန်)၊ တမလန်းစားရွေ ၁၀ ချောင်း(သုည ဒသမ ၃၂၇ တန်)၊ သစ်ခွအစို ၅ အိတ်(၇၉ ပိဿာ)၊ သစ်ခွအခြောက် ၅ အိတ် (၁၁၃ ပိဿာ)အား သိမ်းဆည်းရမိတဲ့အတွက် အကောက်ခွန် အမှုတွဲဖွင့်လှစ်ပြီးနောက် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## ပလတ်စတစ်ပုံးများနဲ့ ရောနှောသယ်ဆောင်လာတဲ့ empty drum အလုံး ၆၀ စစ်ဆေးတွေ့ရှိ

မော်လမြိုင်မှ ရန်ကုန်သို့ မောင်းနှင်လာတဲ့ဒေသသုံး မော်တော်ယာဉ်များအား လရ-၂ အဖွဲ့က စစ်ဆေးမှု ပြုလုပ်နေစဉ် မေလ ၁၈ ရက် ၀၁း၃၀ ချိန်က ယာဉ်အမှတ် 2H/xxxx ပေါ်မှ ပလပ်စတစ်ပုံးများနဲ့ ရောနှော တင်ဆောင်လာတဲ့ empty drum အလုံး(၆၀)ကို စစ်ဆေးတွေ့ရှိခဲ့ သဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ရတယ်လို့သတင်းရရှိပါတယ်။ **MIRT**

Vol: 15, No.19 Monday May 25 2015

# စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းကို
# ဘယ်လိုခြေလှမ်းမျိုးနှင့် ဆက်လှမ်းသင့်ပါသလဲ

|ခမ်လျှန်စွမ်း|

ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့မည်သည့်နိုင်ငံနှင့်မျှ မတူညီနိုင်တဲ့ အခြေအနေတွေ ပိုင်ဆိုင်ထားပါတယ်။ ဒါ့ကြောင့်လည်းပဲ စစ်ရေးနယ်ပယ်မှာပဲဖြစ်ဖြစ်၊ စီးပွားရေးမှာပဲဖြစ်ဖြစ်၊ နိုင်ငံရေးနှင့် လူမှုရေးနယ်ပယ်များမှာ အခြားနိုင်ငံများဆီက နည်းစနစ်တွေ၊ နည်းဗျူဟာတွေကို တိုက်ရိုက်ကူးယူလို့မရတာ ဖြစ်ပါတယ်။ အထူးသဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းမှာ အခြားနိုင်ငံများဆီက နည်းနာတွေ တိုက်ရိုက်ကူးယူလို့ မရပါဘူး။ မြန်မာ့စားသုံးသူများရဲ့ အလေ့အထ၊ စားသောက်ပုံ၊ နေထိုင်သွားလာပုံ၊ ပတ်ဝန်းကျင်ရဲ့ အခြေအနေစတဲ့ အချက်အလက်တွေကို အခြေခံပြီး စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း ဆောင်ရွက်ဖို့ ခြေလှမ်း ဆက်လှမ်း နိုင်မှသာ အောင်မြင်မှုရရှိမှာ ဖြစ်ပါတယ်။

၂၀၁၅ခုနှစ် ဧပြီလ ၁၁၊ ၁၂ ရက်နေ့များမှာ မန္တလေးမြို့မှာ ကျင်းပပြုလုပ်တဲ့ "စားသုံးသူ အကာအကွယ် ပေးရေး လုပ်ငန်းများကို ခိုင်မာတိုးတက်စေရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာ အကောင်းဆုံးအလေ့အထများကို လေ့လာခြင်းဆိုင်ရာ ဆွေးနွေးပွဲ" သို့ တက်ရောက်ခွင့်ရခဲ့ပါတယ်။ အတော့်ကိုကောင်းတဲ့ ဆွေးနွေးပွဲတစ်ခု ဖြစ်ပါတယ်။

၎င်းဆွေးနွေးပွဲ အကြောင်းကို မဆွေးနွေးသေးဘဲ အတွေ့အကြုံအချို့ကို ပြန်လည် ပြောပြလိုပါတယ်။ အဲဒီ ဆွေးနွေးပွဲသို့ ဝန်ထမ်းများအပြင် စီးပွားရေးလုပ်ငန်းရှင်များနဲ့ စားသုံးသူရေးရာလုပ်ငန်းများ လုပ်ဆောင်နေတဲ့ ပြင်ပအဖွဲ့အစည်းများနဲ့ ဆုံတွေ့ခွင့်ရတဲ့ပွဲ တစ်ခုလည်းဖြစ်ပါတယ်။ ဆွေးနွေးပွဲအားလပ်တဲ့အချိန်များမှာ တက်ရောက်သူ အချင်းချင်း မိတ်ဆက်ခြင်း၊ အမြင်ချင်းဖလှယ်ခြင်း၊ စကားစမြည်ပြောကြားခြင်းများက ပျော်စရာအလွန်ကောင်းလှပါတယ်။ မြန်မာစားသုံးသူများ သမဂ္ဂအဖွဲ့က ပုဂ္ဂိုလ်တစ်ဦးနဲ့ စကားလက်ဆုံကျခဲ့ပါတယ်။ ကျွန်တော်ရေးသား ထုတ်ဝေတဲ့ စားသုံးသူပညာပေးစာအုပ်ကို ဖတ်ဖြစ်ခဲ့ပုံများ၊ အလွန် သဘောကျပုံများ ပြောလာခဲ့ပြီး ကျွန်တော့ကို အထင်ကြီးတဲ့ ပုံစံနဲ့ မေးခွန်းတစ်ခုမေးလိုကြောင်း၊ စားသုံးသူနဲ့ပတ်သက်တဲ့ မေးခွန်းပဲ ဖြစ်ကြောင်း စကားအစချီပြီး ပြောကြားလာပါတော့တယ်။ သူမေးတဲ့ မေးခွန်းကြောင့် ကျွန်တော် အတော်စိတ်လှုပ်ရှားစေခဲ့ပါတယ်။ သူ့ မေးခွန်းက "အသစ် ပြန်လည်ဖွဲ့စည်းလိုက်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူရေးရာကို ဘယ်လိုဆက်ပြီး ခြေလှမ်းလှမ်းသင့်တယ်လို့ ထင်ပါသလဲ"တဲ့။

ကျွန်တော် အလွန်ပျော်သွားပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီလိုမေးခွန်းမျိုးကို ဘယ်သူကမှ မမေးခဲ့ဘူးတဲ့ အတွက်ပဲ ဖြစ်ပါတယ်။ ကျွန်တော် စကားပလ္လင်ခံ ပြောခဲ့ရပါသေးတယ်။ ကျွန်တော် ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့လူ မဟုတ်တဲ့အကြောင်း၊ စားသုံးသူရေးရာနဲ့ ပတ်သက်လို့ စိတ်ဝင်စားပြီး လေ့လာသူတစ်ဦးသာလျှင် ဖြစ်ကြောင်း၊ စားသုံးသူရေးရာအလုပ်မှာ နှစ်နှစ်ကျော်ကြာ အတွေ့အကြုံရှိသူ တစ်ဦးသာလျှင်ဖြစ်ကြောင်း၊ မိမိရဲ့ခံယူချက်၊ အမြင်ကိုတော့ လက်ခံမယ်ဆိုရင် ဆွေးနွေးပေးမှာဖြစ်ကြောင်းဖြင့် ပြောပြီးဆွေးနွေးခဲ့ပါတယ်။ ၎င်းပုဂ္ဂိုလ်မေးတဲ့ မေးခွန်းကို အောက်ပါအတိုင်း ကျွန်တော် ပြန်လည်ဖြေကြားခဲ့ရပါတယ် -

၂၀၁၅ခုနှစ် ဧပြီလကစပြီး မိမိတို့ဌာနကို ပြန်လည်ဖွဲ့စည်းခဲ့ပါကြောင်း၊ စားသုံးသူရေးရာဌာနကို စားသုံးသူရေးရာနဲ့ ထုတ်ကုန်များ လုံခြုံစိတ်ချမှုဆိုင်ရာဌာနခွဲများအဖြစ် ထားရှိတဲ့ အခါ ဝန်ထမ်းများအနေနဲ့ ဘယ်ကစပြီး အဲဒီဌာနခွဲအလုပ်တွေ စလုပ်ရမယ်ဆိုတာ အခက်အခဲတစ်ခုဖြစ်သွားပါကြောင်း၊ အဲဒီလိုဖြစ်ရခြင်းအကြောင်းအရင်းမှာ နိုင်ငံရပ်ခြားက စားသုံးသူ အကာအကွယ်ပေးရေးဌာနတွေကို တိုက်ရိုက်ကူးချလာလို့ပဲ ယူဆပါကြောင်း၊ သူတို့ဆီမှာ တရုတ်နိုင်ငံထုတ် အာမခံချက်မရှိတဲ့ ကုန်ပစ္စည်းမရှိဘူး။ ဆိုးဆေးတွေဆိုးထားတဲ့ စားသောက်ကုန်တွေ လမ်းဘေးမှာ မရောင်းဘူး။ အစပ်ချောင်းတွေကို စာသင်ကျောင်းတွေမှာ ရောင်းချတာ မရှိဘူး။ ထားလိုက်ပါတော့။ ကျွန်တော်တို့ဆီမှာတော့ အကုန်အန္တရာယ်ရှိတယ်။ ဒါကြောင့် ကိုယ့်နိုင်ငံနှင့် ကိုက်ညီမယ့် နည်းဟန်တွေနဲ့ လုပ်ကိုလုပ်မှသာ ကာကွယ်ပေးနိုင်မှာဖြစ်တဲ့အကြောင်း၊ အခုတော့ ဌာနခွဲနှစ်ခု အနက် ဘယ်ဌာနခွဲက ပညာပေးမှာလဲ။ ဒီလိုအခြေအနေကို ဘယ်လိုထိန်းသိမ်းမှာလဲ။ အငြင်းပွားမှု အဆင့်အထိ တက်လာပါ့မလား။ တက်လာသည့်တိုင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်တွေက အချိန်မီ ဖြေရှင်းနိုင်ပါ့မလား။ မေးခွန်းတွေမေးစရာက အများသားနဲ့။



ဒါပေမယ့် တစ်ချိန်ချိန်ကျရင်တော့ အံဝင်သွားနိုင်ကောင်းပါရဲ့။ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းတဲ့ကိစ္စ နည်းနည်းစောသေးတယ်လို့ ယူဆပါကြောင်း၊ နောင် စားသုံးသူပညာ ပေးရေး အသားကျဖြစ်ပြီဆိုရင် သူ့လမ်းကြောင်းနဲ့သူ အငြင်းပွားမှုတွေ ဖြေရှင်းပေးရမှာ ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပါတယ်။

ဆက်လက်ပြီး ဆွေးနွေးခဲ့ရာမှာ ကျွန်တော်ရဲ့ အယူအဆအရဆိုရင် ဌာနခွဲနှစ်ခုအတွက် စားသုံးသူရေးရာ (ပြည်တွင်း)နဲ့ စားသုံးသူရေးရာ(ပြည်ပ)ဆိုပြီးတော့ ဖွဲ့သင့်ပါတယ်ဆိုတဲ့အကြောင်း၊ ဘာကြောင့်လည်းဆိုရင် ကျွန်တော်တို့နိုင်ငံဟာ ကုန်ထုတ်စွမ်းအား ကြီးမားပြီး အမြတ်အစွန်းအတွက် ဘာမဆိုလုပ်တတ်တဲ့ တရုတ်နိုင်ငံလိုနိုင်ငံများနဲ့ နယ်စပ်ကုန်သွယ်မှုရှိခြင်း၊ ထိုင်းနိုင်ငံလို ကုန်ထုတ်စွမ်းအားကောင်းတဲ့ နိုင်ငံနဲ့ နယ်စပ်ချင်းထိစပ်နေခြင်း၊ နိုင်ငံတကာနဲ့ ကုန်းကြောင်း၊ လေကြောင်းများဖြင့် ကူးလူးဆက်သွယ်မှု များပြားလာခြင်း၊ ပြည်တွင်းဈေးကွက်မှာ ဝယ်လိုအားကြီးမားနေခြင်း၊ ပြည်တွင်းထုတ်လုပ်သူအချို့ရဲ့ အတ္တစွဲထုတ်လုပ်မှုကြောင့် စားသုံးသူပြည်သူများ ဆုံးရှုံးမှုများပြားလာခြင်း၊ အန္တရာယ်တွေကို ရှောင်ရှားလိုတဲ့ ဆန္ဒနည်းပါးတဲ့ စားသုံးသူပြည်သူများရဲ့ အရိုးစွဲအလေ့အထဆိုးတွေ များပြားနေသေးခြင်းစတဲ့ အခြေအနေတွေ ရှိနေသေးတာကြောင့် ဖြစ်ပါကြောင်း၊ ဒီအခြေအနေ တွေကို ထိရောက်စွာ ပညာပေးနိုင်ဖို့ အရေးကြီးလှပါကြောင်း၊ ဒါ့ကြောင့် အလွယ်တကူ ပညာပေးနိုင်ရေးအတွက် ပြည်တွင်းကဖြစ်တဲ့ စားသုံးသူကိစ္စရပ်များကို စားသုံးသူရေးရာ(ပြည်တွင်း) ဌာနခွဲက တာဝန်ယူဖြေရှင်း သွားရမှာ ဖြစ်ပါကြောင်း၊ ထို့အတူ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံခြားကလာတဲ့ စားသုံးသူကိစ္စ ရပ်များကို စားသုံးသူရေးရာ(ပြည်ပ)က တာဝန်ယူပြီး ဖြေရှင်းသွားရမှာ ဖြစ်တဲ့အကြောင်း၊ ဒီလို ဆောင်ရွက်နိုင်မှသာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးတွေက ပညာပေးလုပ်ငန်းမှာ လုပ်သာကိုင်သာရှိလာမှာ ဖြစ်တဲ့အကြောင်းများ ဆွေးနွေးခဲ့ပါတယ်။

ကျွန်တော် ဆွေးနွေးအကြံပြုခဲ့တဲ့ အဲဒီဌာနနှစ်ခုရဲ့အောက်မှာ စားသုံးသူရေးရာနဲ့ပတ်သက်တဲ့ စားသောက် ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ဝန်ဆောင်မှုကဏ္ဍနဲ့ အခြားကိစ္စရပ်များကို ဌာနစိတ်များထားရှိသင့်တဲ့ အကြောင်း၊ အဲဒီဌာနစိတ်ငယ်များကို တာဝန်ခံရတဲ့ ဝန်ထမ်းများအနေနဲ့ ပစ္စည်းများ တစ်ခုချင်းအလိုက် ထုတ်လုပ်ပုံ၊ အသုံးပြုပုံ၊ အကျိုးအပြစ်များကို ထပ်မံ၍ အသေးစိတ် လေ့လာပြုစုသင့်တဲ့အကြောင်း၊ ၎င်းနဲ့ ပတ်သက်တဲ့ အကြောင်းအရာ အသေးစိတ်များကို အင်တာနက်ဝက်ဆိုက်ကနေ အမြဲမပြတ်လေ့လာခြင်း၊ ပြည်တွင်းပြည်ပ ပညာရှင်များရဲ့ လေ့လာတွေ့ရှိချက်များကို ပြုစုခြင်းနဲ့ အခြားဝန်ထမ်းများဆီ တစ်ဆင့်ဖြန့်ဝေခြင်း တို့ကို အစဉ် ဆောင်ရွက်လုပ်ကိုင်နေဖို့ လိုအပ်မှာ ဖြစ်တဲ့အကြောင်း၊ အစိုးရမဟုတ်တဲ့ ပြင်ပအဖွဲ့အစည်းတွေရဲ့ လုပ်အားနဲ့ အတွေ့အကြုံတွေကိုလည်း လေ့လာရမှာ ဖြစ်တဲ့အကြောင်း၊ ပညာပေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ပေးရမှာဖြစ်ကြောင်း ဆွေးနွေးခဲ့ပါတယ်။

ကျွန်တော့်ရဲ့ ဆွေးနွေးချက်အပေါ် သူ့အမြင်အချို့ကိုလည်းပြောပြီး သူလက်မခံနိုင်တဲ့ အပိုင်းတွေလည်း ရှိတဲ့အကြောင်း ပွင့်လင်းစွာနဲ့ ပြန်ပြောခဲ့ပါတယ်။ ၎င်းက ကျွန်တော်ဆွေးနွေးတဲ့ အချက်တွေထဲမှာ စားသုံးသူ ရေးရာကို ပြည်တွင်းနဲ့ပြည်ပ ခွဲခြားတာ မကြိုက်တဲ့အကြောင်း၊ ကုန်ပစ္စည်းအနေနဲ့ပဲ ခွဲခြားသင့်တဲ့အကြောင်း၊ ဥပမာအနေနဲ့ စားသောက်ကုန်ပစ္စည်းဌာနခွဲ၊ လူသုံးကုန်ပစ္စည်းဌာနခွဲ၊ အခြားကုန်ပစ္စည်းဌာနခွဲ၊ ဝန်ဆောင်မှုဌာနခွဲနဲ့ အခြားကိစ္စများဌာနခွဲဆိုပြီး ဖွဲ့စည်းခဲ့ရင် ပိုမိုအဆင်ပြေမှာဖြစ်တဲ့အကြောင်း၊ ယခုဖွဲ့စည်းတဲ့ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို စားသုံးသူများအရေး ကူညီဖြေရှင်းပေးရေးအဖွဲ့လို့ မြန်မာလို ဘာသာပြန် သုံးစွဲသင့်တဲ့အကြောင်း ပြန်လည်ဆွေးနွေးလာခဲ့ပါတယ်။

မုံရွာမြို့အခြေစိုက် အော်ဂဲနစ်စိုက်ပျိုးရေး အစည်းအရုံးက ဒေါက်တာမျိုးဝင်းကလည်း မေးခွန်းတွေ ထုတ်လာပါတယ်။ "ခင်ဗျားပြောတဲ့ ဌာနခွဲအောက်က ဌာနစိတ်ငယ်ကို ဘာတွေနဲ့ ဖွဲ့စည်းထားမှာလဲ" လို့ မေးမြန်းခဲ့ပါတယ်။ ကျွန်တော်က နည်းနည်းကွန့်ပြီး ဖြေလိုက်ပြန်ပါတယ်။

ကျွန်တော်အကြံပြုတဲ့ ဌာနခွဲနှစ်ခုအောက်မှာရှိတဲ့ ဌာနစိတ်တွေက အတူတူပဲဖြစ်ကြမယ်။ ဥပမာ- စားသောက်ကုန်ဌာနစိတ်ဆိုပါစို့။ အဲဒီခေါင်းစဉ်အောက်မှာ ဆန်၊ အသီးအရွက်၊ ဟင်းချက်ဆီ၊

# Korean Product Expo 2015 ကုန်စည်ပြပွဲကျင်းပ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု နှစ်(၄၀)ပြည့် မြောက်သည့် အထိမ်းအမှတ်အဖြစ် Korean Product Expo 2015 ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ ရှင်စောပုလမ်း၊ Myanmar Event Park (MEP) တွင် ၂၀၁၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့ နံနက် ၁၀း၃၀ နာရီတွင် ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်/ စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ စီမံ/ စီးပွားဝန်ကြီး ဦးသန်းမြင့်၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ KOTRA ဥက္ကဋ္ဌ Mr. Kim Jae-Hong, ကိုရီးယားနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr-Lee Woon-Ho, မြန်မာနိုင်ငံဆိုင်ရာကိုရီးယားသံအမတ်ကြီး Mr. Lee Beak-Soon နှင့် KOTRA (ရန်ကုန်)မှ မန်နေဂျင်း ဒါရိုက်တာ Mr.Ahn Jae-Yong တို့တက်ရောက်ကြပြီး ပြခန်းအား ဖွင့်လှစ်ပေးခဲ့ကြပါသည်။




အဆိုပါ ပြပွဲတွင် ကိုရီးယားနိုင်ငံ၏ လူသုံးကုန်၊ အလှကုန်၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ စားသောက်ကုန်များ၊ လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်း၊ ယာဉ်နှင့်ဆက်စပ်ပစ္စည်းများကို ကုမ္ပဏီ ၆၇ ခုမှ ပြခန်းပေါင်း ၉၀ ကျော်ဖြင့် ခင်းကျင်းပြသခဲ့ပါသည်။ ၎င်းပြပွဲတွင် မြန်မာနှင့်ကိုရီးယား နှစ်(၄၀)ပြည့် အခမ်းအနားဖြစ်သောကြောင့် ယခင်ပြပွဲများနှင့် မတူဘဲ ပျော်ပွဲ၊ ရွှင်ပွဲများ ထည့်သွင်းကျင်းပခြင်း၊ ကိုရီးယားအစားအစာများ ပြုလုပ်ကျွေးမွေးခြင်း၊ အလှအပပစ္စည်းများ လက်ဆောင်ပေးအပ်ခြင်း၊ ကလေးများအတွက် သီးသန့်စက်ရုပ်ကြီးများနှင့်ယှဉ်တွဲ ဓါတ်ပုံမှတ်တမ်းတင်ခြင်းဖြင့် ကိုရီးယားနိုင်ငံမှ ပန်းချီဆရာများမှ ပန်းချီပုံတူများရေးဆွဲ၍ လက်ဆောင်ပေးအပ်ခြင်းတို့ ထည့်သွင်းကျင်းပပြသခဲ့ ပါသည်။ ထို့အပြင် ကိုရီးယားနိုင်ငံ၏ အဓိကလုပ်ငန်းဖြစ်သော အိုးအလှပြုလုပ်ခြင်းလုပ်ငန်းကို လက်တွေ့ ပြုလုပ်ပြသပြီး အိုးပေါ်တွင် ဆေးရေးပန်းချီများရေးဆွဲခြင်းကိုလည်း ပါဝင်ပြသခဲ့ပါသည်။

ထို့အပြင် ကိုရီးယားနိုင်ငံထုတ် မော်တော်ကားများ၊ လျှပ်စစ်ကားလေးများ၊ ထော်လာဂျီများလည်း ပြသခဲ့ပါသည်။ လာရောက် လေ့လာသူများအား ကိုရီးယားဝတ်စုံဖြင့် တစ်ခန်းရပ်ပြဇာတ်များကို ဖျော်ဖြေတင်ဆက်ခဲ့ပါသည်။ ကိုရီးယားနိုင်ငံ ယဉ်ကျေးမှုနှင့် အစားအစာတို့မှတစ်ဆင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုပမာဏများ ပိုမိုတိုးတက် ဆောင်ရွက်နိုင်ရေးစေရန် ရည်ရွယ်ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရှိရပါသည်။ ပြပွဲကို မေလ ၂၁ ရက်နေ့မှ ၂၄ နေ့အထိ ၄ ရက်တိုင်တိုင်ကျင်းပခဲ့ရာ ကဏ္ဍစုံမှ လုပ်ငန်းရှင်များနှင့် အများပြည်သူများ လာရောက်လေ့လာခဲ့ကြကြောင်း သိရှိရပါသည်။

**KMT**



## MYANTRA Master Plan အတွက် Kick-Off Meeting အခမ်းအနား ကျင်းပ

၂၀၁၅ ခုနှစ်၊ မေလ ၂၂ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ကိုရီးယားသမ္မတနိုင်ငံ၊ ကိုရီးယားကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအေဂျင်စီ (KOTRA) တို့ပူးပေါင်း၍ Kick-Off Meeting for MYANTRA Master Plan အခမ်းအနားကို နေပြည်တော် Lake Garden ဟိုတယ်၌ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားသို့ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကားပြောကြားခဲ့ပြီး၊ ကိုရီးယားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ (KOTRA) မှ အမှုဆောင်ဒုတိယဥက္ကဋ္ဌ Mr. Yun Won Sok, KOICA မှ မြန်မာနိုင်ငံတာဝန်ခံဌာနေကိုယ်စားလှယ် Mr. Nam Kwon Hyoung တို့နှင့် မြန်မာ-ကိုရီးယား နှစ်နိုင်ငံမှ ဌာနဆိုင်ရာတာဝန်ရှိသူများ စုစုပေါင်း ၅၀ ဦးခန့် တက်ရောက် ခဲ့ကြသည်။

ကိုရီးယားသမ္မတနိုင်ငံသည် ကိုရီးယားကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ (KOTRA) အားတည်ထောင်ပြီး ပြည်တွင်းလုပ်ငန်းများအတွက် ဈေးကွက်သစ်ရှာဖွေခြင်း၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းများအတွက် ဈေးကွက်သတင်းအချက်အလက်များနှင့် လိုအပ်ချက်များကို ထိရောက်စွာ ပံ့ပိုးပေးနိုင်ခဲ့ခြင်းတို့ကြောင့် ပြည်ပဈေးကွက်များသို့ လျင်မြန်စွာ ထိုးဖောက်နိုင်ခြင်းစသည့် အောင်မြင်သော အတွေ့အကြုံကောင်းများကို အခြေခံ၍ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမြှင့်တင် ရေးအေဂျင်စီ (MYANTRA) တည်ထောင်ရေးအတွက် Master Plan ကူညီရေးဆွဲခဲ့ခြင်း ဖြစ်ကြောင်းသိရှိရသည်။

အဆိုပါ Master Plan တွင် မြန်မာနိုင်ငံအတွက် ကုန်သွယ်မှု မြှင့်တင်ရေး မူဝါဒပိုင်းဆိုင်ရာများ ဆွေးနွေးခြင်းများ၊ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအား အချိန်နှင့်တစ်ပြေးညီဈေးကွက်သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရေး အစီအစဉ်များ MYANTRA တည်ထောင်ဖွဲ့စည်းပုံ ဆိုင်ရာ အစီအစဉ်များ ချမှတ်ခြင်း တို့ ပါဝင်ပြီး မြန်မာနိုင်ငံ၏ ပို့ကုန်ဦးဆောင်သော ဖွံ့ဖြိုးတိုးတက်မှုဆီသို့ တက်လှမ်းရာတွင် တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်မည်ဖြစ်၍ မြန်မာ့ပို့ကုန်များ အနာဂတ် အလားအလာကောင်းများ ရရှိကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကျဉ်းပေးနိုင်မည်ဖြစ်သည်။

**မြတ်မြတ်စိုးမိုး (DOTP)**

ဟင်းချိုမှုန့်၊ ဆား၊ အရောင်တင် ငါးပိ၊ အသားငါး၊ အချိုရည်၊ မုန့်မျိုးစုံ၊ သကြား၊ လက်ဖက်၊ ကော်ဖီ . . . အစရှိသဖြင့် ရှိမှာ ဖြစ်ကြောင်း၊ ဟင်းချက်ဆီဆိုရင် စားအုန်းဆီလား၊ အခြားအသီးအနှံ့ကရတဲ့ ဆီလား၊ တိရစ္ဆာန်အဆီလား၊ မြောင်းဆီလား ဆိုတာ ခွဲခြားရမှာဖြစ်တဲ့အကြောင်း၊ ၎င်းဆီတွေရဲ့ ဓာတုဗေဒအခေါ်တွေ၊ တန်ဖိုးသတ်မှတ်ချက်တွေကအစ လူကိုအန္တရာယ်ဖြစ်စေတဲ့ အချက်တွေအဆုံး သိရှိဖို့လိုကြောင်း၊ ပညာပေးဟောပြောပွဲတွေမှာ အသုံးပြုရမှာ ဖြစ်တဲ့အကြောင်း၊ ဓာတ်ခွဲခန်းမှာလည်း လိုအပ်သလို စစ်ဆေးပြီး တိကျတဲ့အဖြေကိုလည်း မြန်မြန်ဆန်ဆန် ထုတ်ပြန်နိုင်ဖို့လိုကြောင်း စသဖြင့် ဌာနစိတ်တစ်ခုရဲ့ အစိတ်အပိုင်းတစ်ခုနဲ့ ဆွေးနွေးရင်း ကျွန်တော်တို့ရဲ့ ပြင်ပဆွေးနွေးပွဲကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြပါတယ်။

ကျွန်တော်ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေက စားသုံးသူရေးရာ ပညာပေးခြင်းလုပ်ငန်းအတွက် အသားပေးဖော်ပြခြင်း ဖြစ်ပါတယ်။ အကြောင်းမှာ ကျွန်တော်တို့နိုင်ငံရဲ့ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းဟာ အခုမှ စတာဖြစ်တဲ့အတွက် စားသုံးသူပြည်သူများကို ပညာပေးရင်း စည်းရုံး၊ စည်းရုံးရင်း ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးက အခြေခံအကျဆုံး ဖြစ်နေလို့ပဲ ဖြစ်ပါတယ်။ နယ်မြို့အတော်များများမှာ စားသုံးသူပြည်သူများ အတော်စိတ်ဝင်စားတဲ့ လုပ်ငန်းလည်း ဖြစ်နေပါပြီ။ လူသိများပြီး လိုက်နာမှုအားနည်းတဲ့ ကိစ္စရပ်ကတော့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာရပ်ပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် လိုက်နာတတ်အောင် များများပညာပေးခြင်းဟာ အဓိကကျတယ်လို့ ဆိုနိုင်ပါတယ်။ ထို့အတူပဲ စားသုံးသူ အကာအကွယ်ပေးရေး ပညာပေး လုပ်ငန်းဟာ ရပ်တန့်နေလို့ မရဘူး။ အဆက်မပြတ် ဆက်ကာဆက် ကာ ဟောပြောနေမှ ပြည်သူတွေရဲ့ အသည်းထဲ၊ နှလုံးထဲ စွဲရစ်မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြရရင် ယနေ့ ကျွန်တော်တို့နိုင်ငံဟာ အညွန့်တလူလူနဲ့ ထိုးထွက် တိုးတက်နေတဲ့ အချိန် ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ အနာဂတ်ကို ကင်ဆာကဲ့သို့သော ရောဂါဆိုးတွေက ကျွန်တော်တို့ အနီးအပါးမှာ ခြိမ်းခြောက်နေလျက် ရှိပါတယ်။ အနီးကပ်ရန်သူကို တွန်းလှန်ကာကွယ် တိုက်ထုတ်ဖို့ တာဝန်ကို ယနေ့ ကျွန်တော်တို့ တာဝန်ကြီးတစ်ရပ်အနေနဲ့ ရောက်ရှိလို့လာပြီ ဖြစ်ပါတယ်။ ၂၀၁၅ခုနှစ်၊ မေလ ၂၁ ရက် နေ့ထုတ် 7 DAY နေ့စဉ်ထုတ်သတင်းစာ စာမျက်နှာ(၈)မှာ "ရန်ကုန်ဆေးရုံကြီးတွင် ကင်ဆာနှင့် နှလုံးတိုးချဲ့ဆောင်များ ဆောက်လုပ်မည်" ဆိုတဲ့သတင်းပါလာပါတယ်။ ကင်ဆာ ဘယ်လောက်တိုးပွားသွားသလဲဆိုတာ မီးမောင်းထိုးပြတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ တာဝန်ရှိ ဝန်ထမ်းများအနေနဲ့ စားသုံးသူ အငြင်းပွားမှု မလာမီ စားသုံးသူပြည်သူများကို ထိထိမိမိ ပညာပေးလုပ်ငန်းများ အားကြိုးမာန်တက်ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းအကြံပြုအပ်ပါတယ်။

**➲ စာမျက်နှာ - ၃ ပြည်ထောင်စုဝန်ကြီး… မှ အဆက်**

ကုန်သည်များအနေနှင့် လိုအပ်မှုမရှိဘဲ မိမိ၏ ရေတို အကျိုးစီးပွားအတွက် လုပ်ဆောင်နေမှုများကြောင့် အခြားနိုင်ငံများထက် ဒေါ်လာ ဈေးမြင့်တက်မှုရာခိုင်နှုန်းပိုများနေသည်ကို တွေ့ရပါကြောင်း၊ အထွေထွေ ကုန်ဈေးနှုန်းတက်ရန်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေမှုများအားလုံးကို သက်ဆိုင်ရာဌာနအသီးသီးမှ လုပ်ထုံးလုပ်နည်းများအတိုင်း စိစစ်ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ လိုအပ်သလို ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ယခုအခါ သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်၍ အခက်အခဲများကြောင့် ဈေးနှုန်းတက်မှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ အမြန်ဆုံး ဖြေရှင်းသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ လုပ်ငန်းကဏ္ဍအလိုက် ကုန်သည်အသင်းအဖွဲ့လိုက်မှ တာဝန်ရှိသူများက မိမိတို့လုပ်ငန်းကဏ္ဍအလိုက် ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်သည့် ကိစ္စရပ်များနှင့် အခက်အခဲရှိသည်များကို ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

## ပြောင်း

### ပြောင်းဖူးအစိမ်း(အစို)များ တရုတ်နိုင်ငံသို့ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မေ ၉ ရက်မှ ၁၅ ရက်တာ သီတင်းပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၀၁၂ သန်း တန်ဖိုးရှိ ပြောင်းဖူးအစိမ်း(အစို)များကို အဖူးလိုက် အမယ်သစ်အဖြစ် တင်ပို့နိုင်ခဲ့ပါတယ်။ ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်အတွင်း ဧက(၇၀)ခန့်နဲ့ မိုးမောက်မြို့နယ်အတွင်း ဧက(၄၀)ခန့်ကို ဒေသခံတောင်သူများနဲ့ အကျိုးတူပူးပေါင်းပြီး စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ထွက်ရှိပြီးဒေသအတွင်းဖြန့်ဖြူးရောင်းချခဲ့ပါတယ်။ ပိုလျှံပြောင်းဖူးတွေကိုတော့ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ၁ ကီလို ၇၅ ကျပ်နှုန်းဖြင့် တင်ပို့လိုကြောင်း စိန်ရာစု ကုမ္ပဏီလီမိတက်မှ လျှောက်ထားခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

### ပြောင်းတင်ပို့မှုအနည်းငယ်လျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီး နယ်စပ်စခန်းများမှ မေလ ဒုတိယပတ်ကာလမှာ ကန်ဒေါ်လာ ၆ ဒသမ ၃၂၃ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၂၀၉၆ တန်ကျော်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တဲ့ ပြောင်းတန်ချိန်တွေကတော့ မူဆယ်မှ ၁၉၆၁၇ တန်ကျော်၊ လွယ်ဂျယ်မှ တန် ၂၀၀၀ နဲ့ ကန်ပိုက်တီးစခန်းမှ ၄၇၉ တန်ခွဲဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်နဲ့ ကန်ပိုက်တီးစခန်းမှ တန်ချိန် ၃၀၇၀၃ တန်ကျော်တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်ရဲ့ ပြောင်းတင်ပို့မှု ၈၆၀၆ တန်ခွဲလျော့နည်းသွားခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို မိမိဘက်ဈေး ၃၁၇၀၈၀ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၃၀၇၈၁၈ကျပ်သို့ ဈေးပြန်လည်ကျဆင်းသွားခဲ့တာတွေ့ရပါတယ်။ ပြောင်းဈေးကျပေမယ့် တရုတ်ဘက်ကတော့ ဝယ်လိုအား ပုံမှန်ရှိကြောင်း၊ အရောင်းအဝယ်အနေဖြင့် ၁၀၀၀ ကီလိုဂရမ်ကို ၁၈၄၀ ယွမ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ပဲ

### ငွေချည်-၆ဝါဂွမ်း ပိုမိုတင်ပို့မှု

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မေလ ဒုတိယပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၄၇၉ သန်းတန်ဖိုးရှိ ငွေချည်-၆ ဝါဂွမ်း ၂၁၇ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်က ၈၂ တန်ခွဲသာ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် ဝါတင်ပို့မှုပိုမိုလာတာတွေ့ရပါတယ်။ ဧပြီလအတွင်းက မူဆယ်ကနေ တရုတ်ပြည်ကို ဝါဂွမ်း ၉၇၁ တန်ထိ တင်ပို့နိုင်ခဲ့ပါတယ်။

ရမည်းသင်းမြို့နယ်ရှိ ဝါပွဲရုံများ၊ အဝယ်ဒိုင်များအနေနဲ့ အနယ်နယ်အရပ်ရပ်မှ ထွက်ရှိတဲ့ ဝါတွေကို ဝယ်ယူစုဆောင်းပြီး ဝါဂွမ်းနဲ့ ဝါစေ့အဖြစ် ကြိတ်ခွဲရောင်းချကာ ကြိတ်ခွဲရရှိတဲ့ဝါဂွမ်းတွေကို ဖိစက်နဲ့ဖိပြီး စနစ်တကျထုပ်ပိုး၍ မန္တလေးစက်ရုံများနဲ့ ပြည်ပဝယ်လက်များသို့ တင်ပို့ရောင်းချကြတယ်လို့ ဝါကြိတ်စက်လုပ်ငန်းရှင်တစ်ဦးရဲ့ပြောကြားချက်အရ သိရပါတယ်။

**မော်မော်အောင်**

## ကော်ဖီ

### တရုတ်ဝယ်လက် သွက်နေတဲ့ ကော်ဖီစေ့

မေလ ၁ ရက်မှ ၁၅ ရက်တာသီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၃၁၃၄၂ တန်ဖိုးရှိ ကော်ဖီစေ့ ၁၁၈ တန်ခွဲကို မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်ပြည်ကို တင်ပို့ခဲ့ပါတယ်။ ပြင်ဦးလွင်မှာရှိတဲ့ ကော်ဖီစိုက် ခြံကြီး/ခြံငယ်တွေကထွက်တဲ့ Clean Seed ကော်ဖီစေ့တွေကို အရင်က ထိုင်း၊ စင်ကာပူ၊ ကိုရီးယား၊ဂျပန်၊ တရုတ်(တိုင်ပေ) စတဲ့ ဈေးကွက်တွေကို အများဆုံးတင်ပို့ရောင်းချခဲ့တာဖြစ်ပါတယ်။ တစ်တန်ကို ၁၂ သိန်းဝန်းကျင်ခန့်ဈေးရရှိကြောင်း သိရပါတယ်။ ဧပြီလမှာတော့ ကော်ဖီစေ့ ၂၃၄ တန်ခွဲကို ကန်ဒေါ်လာ ၂၆၆၅၅၉ ဖိုး တင်ပို့နိုင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**



## ရော်ဘာ

### ပင်လယ်ရေကြောင်းမှ မလေးရှားနဲ့ စင်ကာပူသို့ ရော်ဘာအများဆုံးတင်ပို့

ပင်လယ်ရေကြောင်းမှ ပြည်ပနိုင်ငံများသို့ ရော်ဘာတင်ပို့ရာတွင် မလေးရှားနိုင်ငံနဲ့စင်ကာပူနိုင်ငံများသို့ တင်ပို့မှုမှာ အများဆုံးဖြစ်ပါတယ်။ မေလ ၁၀ ရက်မှ ၁၆ ရက်အတွင်းမှာလည်း ကန်ဒေါ်လာ သုည ဒသမ ၉၈၅ သန်းဖိုးရှိရော်ဘာအဆင့်စုံ ၇၇၂ တန်ခန့်တင်ပို့ခဲ့ပါတယ်။

မလေးရှားနိုင်ငံသို့တင်ပို့မှုမှာ RSS-3 ၂၆၅ တန်၊ RSS-5 တန်၅၀ နဲ့ MSR 20 ၈၄ တန်၊ စင်ကာပူနိုင်ငံသို့ MSR 20 ၃၇၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မလေးရှားနဲ့စင်ကာပူကို တန် ၉၇၀ ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၀၃ တန်ခန့်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာပေါက်ဈေးအတက်အကျ အနည်းငယ်သာ ရှိပါတယ်။ ဒါ့ကြောင့် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာများကိုလည်း ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲဘဲ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ဈေးနှုန်းထုတ်ပြန်ထားပါတယ်-

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| Concentrate | တစ်တန်လျှင် | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| Latex 60% DRC | | |

**ယဉ်ယဉ်အေး**

### ရော်ဘာရာသီကုန်ခါနီး ဈေးမြင့်လာ

မြိတ်ဒေသမှာ ရော်ဘာအစေးခြစ်ရာသီကုန်ခါနီး ဈေးအနည်းငယ်မြင့်တက်လာပါတယ်။ မြိတ်မြို့ပေါ်ရှိ ရော်ဘာအဝယ်ဒိုင်များအနေနဲ့ တရုတ်ဖက်မှ အဝယ်လိုက်လာလို့ ဈေးပိုပေးတယ်လို့လည်း ပြောပါတယ်။ ယခုအခြေအနေမှာ မိုးစတင်ရွာလာလို့ ရော်ဘာခြံရှင်များအနေနဲ့ အစေးခြစ်လုပ်ငန်းတွေကိုရပ်နားတော့မှာဖြစ်ပါတယ်။ ယခုအချိန်မှာ ကုန်လက်ကျန်နည်းပါးလာမှုကြောင့်လည်း ရော်ဘာဈေးပိုပေးလာကြောင်း ကုန်သည်တစ်ဦးက ပြောပါတယ်။

မြိတ်ဒေသ ရော်ဘာဈေးများကို လေ့လာရာမှာ ယခင်မေလဆန်းပိုင်းလောက်က ရော်ဘာအဆင့် (၃) တစ်ပေါင် ၅၅၆ ကျပ်ရှိရာမှ ယခု ရော်ဘာရာသီချိန်ကုန်ခါနီးမှာ ၆၆၇ ကျပ်သို့ ရုတ်တရက် ဈေးမြင့်တက်သွားပါတယ်။ ဈေးအဆမတန်မြင့်တက်သွားခြင်းမျိုး မဟုတ်သော်လည်း ရော်ဘာခြံရှင်များအနေနဲ့ စိတ်ချမ်းသာမှုတစ်ခုတော့ ရကြပါတယ်။ ဒီထက်မက ဈေးမြင့်လာမလားလို့လည်း မျှော်လင့်နေကြပေမယ့် ဒေသခြံရှင်များအနေနဲ့ ရော်ဘာလက်ကျန်များ သိမ်းဆည်းထားမှုမရှိကြောင်း သိရပါတယ်။ မြိတ်ရော်ဘာ ဈေးအနေနဲ့ ယခင်နှစ်ကလည်း ဈေးနှုန်းကျဆင်းလျက်ရှိတာကို သိရပြီး ယခုအခြေအနေမှာ ဈေးမြင့်တက်လာတာကို တွေ့ရလို့ ဒေသခံရော်ဘာခြံရှင်များ ယခင်ကထက် အားတက်လာကြကြောင်း သိရပါတယ်။

**မျိုးအေး-မြိတ်**

### မြန်မာ့ရော်ဘာဈေးများမြင့်တက်လာသော်လည်း တွက်ခြေမကိုက်

မေလ ပထမပတ်အတွင်းမှာ ကမ္ဘာ့ရော်ဘာဈေးများမြင့်တက်လာခြင်းနဲ့ ငွေလဲနှုန်း မြင့်တက်လာခြင်းတို့ကြောင့် မြန်မာ့ရော်ဘာဈေးများမြင့်တက်လာသော်လည်း ပြည်တွင်းထုတ်လုပ်သူများရဲ့ ကုန်ကျစရိတ်များကိုတော့ ကာမိနိုင်ခြင်းမရှိသေးဘူးလို့ သိရပါတယ်။ နိုင်ငံတကာဈေးကွက်မှာ ၂၀၁၁ ခုနှစ်မှစ၍ ရော်ဘာဈေးများ ကျဆင်းမှုဟာ ၇၅ ရာခိုင်နှုန်းထိရှိခဲ့ပြီး ပြည်တွင်းရော်ဘာဈေးများလည်း ကျဆင်းခဲ့ရပါတယ်။ ရော်ဘာများ အဆမတန်ပိုလျှံနေတဲ့အတွက် ရော်ဘာဈေးဟာ နိမ့်ကျဆဲဖြစ်နေပါတယ်။

ပြည်တွင်းထွက် ရော်ဘာတစ်ပေါင်ကို ယခင်က ၆၀၀ ကျပ်ဈေးရှိရာမှ ယခုအခါ ၇၂၅ ကျပ်ထိ မြင့်တက်ရရှိလာခဲ့ပါတယ်။ ပြည်တွင်း ရော်ဘာကုန်သွယ်မှုမှာ ပေါက်ဈေးဟာ နိုင်ငံတကာ ပေါက်ဈေးအောက်မှာပဲရှိနေပါတယ်။ တိုကျိုကုန်စည်ဒိုင်မှာ မေလ ရော်ဘာပေါက်ဈေးဟာ တစ်ကီလိုဂရမ်ကို ၂၁၄ ယန်း ပေါက်နေပြီး ၂၀၁၁ ခုနှစ် အတွင်းက ၅၄၉ ယန်းပေါက်ခဲ့တာဖြစ်ပါတယ်။

လက်ရှိ ရော်ဘာပေါက်ဈေးများဟာ ရော်ဘာစိုက်တောင်သူများအတွက် သိသိသာသာ အမြတ်အစွန်းရရှိမှု မရှိသေးဘူးလို့သိရပါတယ်။ မကြာမီ မုတ်သုံဝင်တော့မှာဖြစ်ရာ ရော်ဘာထုတ်လုပ်မှု အများစုမှာ ရပ်တန့်တော့မှာဖြစ်ပါတယ်။ လတ်တလော ရော်ဘာပေါက်ဈေးများဟာ ကာလတာရှည်အောင် ရော်ဘာဈေးများ ကမောက်ကမဖြစ်ပြီး ကျဆင်းခဲ့ရာမှ ပြန်လည်မြင့်တက်လာခြင်းပင်ဖြစ်ပါတယ်။ ယခင်က ရော်ဘာတစ်ပေါင် ၅၂၀ မှ ၅၈၀ ဝန်းကျင်ထိကျဆင်းခဲ့ခြင်းဖြစ်ပြီး ယခုပေါက်ဈေးမှာ ကျပ် ၇၀၀ ကျော်နေပြီဖြစ်ပါတယ်။ ရော်ဘာဈေးများကာလကြာရှည် ကျဆင်းနေတဲ့အတွက် အချို့ရော်ဘာလုပ်ငန်းများ ပိတ်သိမ်းခဲ့ကြရပါတယ်။ ရော်ဘာဟာ အချို့ပြည်နယ်နဲ့ တိုင်းဒေသကြီးများအတွက် အဓိကကျတဲ့ လယ်ယာထွက်ကုန်ဖြစ်ပါတယ်။

**ချမ်းမြေ့မောင်**



# မတ်ပဲမည်သည့်အချိန်တွင်ရောင်းချမည် (When to Sell) ကို ပြီးခဲ့သည့် ကာလဈေးကွက်သတင်းအချက်အလက် (Historical Market Information) များပေါ် အခြေခံ၍ဆုံးဖြတ်ခြင်း

ကျော်မြင့်

ဈေးကွက်စီးပွားရေးစနစ်တွင် ဈေးနှုန်း (price) ကို ဝယ်လိုအား ရောင်းလိုအားကသာ ဆုံးဖြတ်ကြပါသည်။ မြန်မာနိုင်ငံသည် မတ်ပဲကို အိန္ဒိယသို့ တင်ပို့ရောင်းချလျက်ရှိသဖြင့် ပြည်တွင်းဈေးကွက်တွင်ဖြစ်ပေါ်သည့် အမေရိကန်ဒေါ်လာ နှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်း၊ အိန္ဒိယဘက်မှ ဝယ်လိုအားအပြောင်းအလဲ၊ အိန္ဒိယတွင်ဖြစ်ပေါ်သည့် မြန်မာ့မတ်ပဲဈေး၊ အိန္ဒိယသို့ တင်ပို့ရောင်းချမှု စရိတ် (Transaction cost) စသည့်အချက်များသည် ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေး အပြောင်းအလဲကို ဖြစ်ပေါ်စေပါသည်။

**မတ်ပဲစိုက်ပျိုးသူလယ်သမား။** အောက်မြန်မာပြည် ဧရာဝတီတိုင်းဒေသကြီးတွင် မတ်ပဲကို မိုးစပါးရိတ်သိမ်းအပြီး သီးထပ်အဖြစ် နိုဝင်ဘာ၊ ဒီဇင်ဘာတွင် **စိုက်ပျိုးပြီး။** ဖေဖော်ဝါရီလတွင် မတ်ပဲအသစ်အဖြစ် ဈေးကွက်သို့ ဝင်ရောက်လာသည်။ မတ်ပဲစိုက်ပျိုးသူလယ်သမားဝင်ငွေအနည်းအများသည် ရောင်းချသည့်ပမာဏ (Sale volumes) နှင့် ရောင်းချသည့်အချိန်တွင်ဖြစ်ပေါ်သည့် ဈေးနှုန်းနှင့် ဆက်စပ်လျက်ရှိပါသည်။ မည်သည့်အချိန်တွင် ရောင်းချမည် (When to sell) ဆိုသည့်အချက်သည် အဓိကကျသည့်အချက် ဖြစ်လာပါသည်။

ရန်ကုန်မတ်ပဲဈေးသည် အိန္ဒိယနိုင်ငံမွမ်ဘိုင်း၊ ချနိုင်းတွင် နေ့စဉ်ဖြစ်ပေါ်သော မြန်မာမတ်ပဲဈေးအပြောင်းအလဲကို ရန်ကုန် မတ်ပဲတင်ပို့ရောင်းချသူများ(Local exporter) က တုံ့ပြန်ကြသည်။ဟင်္သာတ၊ ပြည်၊ မန္တလေးမှမတ်ပဲဈေးသည် ရန်ကုန်မတ်ပဲဈေး အပြောင်းအလဲပေါ်အခြေခံသည်။

မတ်ပဲစိုက်ပျိုးသူလယ်သမားသည် ဖေဖော်ဝါရီလတွင် ရိတ်သိမ်းပြီး မတ်ပဲအသစ်ကို မည်သည့်အချိန်တွင် ရောင်းချမည် (When to sell) ဆိုသည်ကို ဆုံးဖြတ်ရမည်ဖြစ်ပါသည်။

**ပုံ-၁။ ဧပြီလတွင် ရန်ကုန်မတ်ပဲဈေးမြင့်ခြင်း (၂၀၀၉ ခုနှစ်)**




**ပုံ-၂။ ဧပြီလတွင် ရန်ကုန်မတ်ပဲဈေးမြင့်ခြင်း (၂၀၁၀ ခုနှစ်)**




**ပုံ-၃။ ဧပြီလတွင် ရန်ကုန်မတ်ပဲဈေးမြင့်ခြင်း (၂၀၁၃ ခုနှစ်)**




ဇာစ်မြစ်။ www.etrademyanmar.com

ပြီးခဲ့သည့် ကာလဈေးကွက်သတင်းအချက်အလက် (Historical Market Information) များအရ-

- ဧပြီလတွင် မတ်ပဲဈေးမြင့်သောနှစ်များမှာ ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၃၊ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်တို့ဖြစ်ပါသည်။ **အရေအတွက်အား** ဖြင့် ၅ နှစ်ဖြစ်ပါသည်။ ပုံ-၁ မှ ပုံ-၅ ထိ လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။
- ဧပြီလတွင် မတ်ပဲဈေးကျသောနှစ်များမှာ ၂၀၀၈၊ ၂၀၁၁၊ နှင့် ၂၀၁၂ ခုနှစ်တို့ ဖြစ်ပါသည်။ **နှစ်အရေအတွက်အားဖြင့် ၃ နှစ်**ဖြစ်ပါသည်။ ပုံ-၆ မှ ပုံ-၈ ထိ လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

**ပုံ-၄။ ဧပြီလတွင် ရန်ကုန်မတ်ပဲဈေးမြင့်ခြင်း (၂၀၁၄ ခုနှစ်)**




**ပုံ-၅။ ဧပြီလတွင် ရန်ကုန်မတ်ပဲဈေးမြင့်ခြင်း (၂၀၁၅ ခုနှစ်)**




ဇာစ်မြစ်။ www.etrademyanmar.com

**မတ်ပဲစိုက်ပျိုးသူလယ်သမား**သည် ဖေဖော်ဝါရီလတွင် ရိတ်သိမ်းပြီး မတ်ပဲ အသစ်အားချက်ချင်းမရောင်းချသေးဘဲ ဧပြီလ (သင်္ကြန်ကာလ) ပြီးမှ ရောင်းချပါက မတ်ပဲဈေးအမြင့်နှင့် တွေ့ကြုံရပြီး စီးပွားရေးပိုမိုတွက်ချေကိုက်နိုင်သည့် အခြေအနေဖြစ်ပါသည်။ ဧပြီလနောက်ပိုင်းကာလများတွင် ရောင်းချမည်ဆိုပါက မတ်ပဲ ဈေးအတက်အကျများ ဖြစ်ပေါ်ခြင်း၊ သိုလှောင်မှုစရိတ်မြင့်လာနိုင်ခြင်း၊ သိုလှောင်ထားသော မတ်ပဲပမာဏနှင့် ညီမျှသည့် ငွေကြေးပမာဏမှ ရရှိနိုင်သည့် အတိုးငွေ (ဘဏ်တွင်ထားပါကရရှိမည့်အတိုး) များ ထည့်သွင်းစဉ်းစားပါက သိုလှောင်မှုအတွက် ကုန်ကျစရိတ်ပိုမိုလာမည်ဖြစ်ပါသည်။ ပြီးခဲ့သည့်ကာလ ဈေးကွက်သတင်း အချက်အလက် (Historical Market Information ) များအရလည်းကောင်း၊ ၂၀၁၅ ခုနှစ် ဧပြီလမတ်ပဲဈေးအရလည်းကောင်း၊ ဧပြီလတွင် ရောင်းချခြင်းသည် စီးပွားရေး ပိုမိုတွက်ချေကိုက်မည့် အခြေအနေဖြစ်ပါသည်။

ပုံ-၆။ ဧပြီလတွင် ရန်ကုန်မတ်ပဲဈေးကျခြင်း (၂၀၀၈ ခုနှစ်)




ပုံ-၇။ ဧပြီလတွင် ရန်ကုန်မတ်ပဲဈေးကျခြင်း (၂၀၁၁ ခုနှစ်)




ပုံ-၈။ ဧပြီလတွင် ရန်ကုန်မတ်ပဲဈေးကျခြင်း (၂၀၁၂ ခုနှစ်)




ဇာစ်မြစ်။ etrademyanmar.com

**မတ်ပဲရောင်းဝယ်သည့်ကုန်သည်များ။** မိမိလက်ဝယ် ဝယ်ယူသိုလှောင်ထားသော မတ်ပဲကို မည်သည့်အချိန်တွင် ရောင်းချမည် ( When to sell) ဆိုသည့် ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ မတ်ပဲရောင်းဝယ်သည့်ရာသီကာလ (Marketing season) နောက်ပိုင်းဈေးမြင့်သည့်နှစ်များကို အခြေခံပြီး စဉ်းစားဆုံးဖြတ်သင့်ပါသည်။ ပြီးခဲ့သည့် ကာလဈေးကွက်သတင်းအချက်အလက် (Historical Market Information) များအရ ပုံ-၉ တွင်ဖော်ပြချက်ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။ ပုံ ၁၀ တွင် မတ်ပဲရောင်းဝယ်သည့်ရာသီကာလ (Marketing season) နောက်ပိုင်းဈေးကျသည့် နှစ်များအတွက် ဖော်ပြချက်ကို လေ့လာကြည့် ရှုရန်ဖြစ်ပါသည်။ ဩဂုတ်လနောက်ပိုင်း မတ်ပဲဈေးကျသောလများအဖြစ် တွေ့ရှိရပါသည်။

➲ စာမျက်နှာ ၂၈ သို့

# ဆူဒန်နိုင်ငံတွင် သက်တမ်းလွန်ကြက် ဘဲသား ၁၁၃ ကီလိုဂရမ် ဖမ်းဆီးရမိ

ဆူဒန်နိုင်ငံ KhartoumState တွင် ကျန်းမာရေးကန့်သတ်ချက်များ၊ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမှုမရှိဘဲ သတ်ဖြတ်ထားသော သိုးငါးကောင်အပြင် ဈေးကွက်အတွင်း သက်တမ်းကျော်လွန်နေသော ကြက်၊ ဘဲသား ၁၁၃ ကီလိုဂရမ်အား လယ်ယာစိုက်ပျိုးရေးနှင့် တိရစ္ဆာန်အရင်းအမြစ်ဝန်ကြီးဌာန၊ ပတ်ဝန်းကျင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်စားသုံးသူကာကွယ်ရေးဆိုင်ရာ ရဲများက ပူးပေါင်းဖမ်းဆီးခဲ့ပါသည်။

ထို့နောက် ဝန်ကြီးဌာန၏တံဆိပ်ကိုတုပပြီး တရားမဝင်တိရစ္ဆာန်သတ်ဖြတ်သော သားသတ်ရုံကို စီမံ ဆောင်ရွက်နေသည့် သံသယဖြစ်ဖွယ်ရှိသည့်သူတစ်ဦးကိုလည်း ဖမ်းဆီးခဲ့ပါသည်။

ကျန်ရှိသည့် သံသယဖြစ်ဖွယ်ရာသူများကိုလည်း ဖမ်းဆီးခဲ့ကာ ၎င်းတို့အား ဥပဒေရုံးမှ အမှုဖွင့်လှစ်ပြီး ဥပဒေအရဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဆူဒန်စားသုံးသူကာကွယ်ရေးအဖွဲ့အစည်း၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ Dr. Yassir Mirghani သည် တရားမဝင်အသားသတ်ဖြတ်ရောင်းချနေသူများအား ဖမ်းဆီးဆောင်ရွက်ခဲ့သည့် စားသုံးသူကာကွယ်ရေး ရဲစုံထောက်များအား ချီးမွမ်းပြောကြားခဲ့ပြီး သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများမှလည်း စားသုံးသူများအပေါ် လိမ်လည်ဆောင်ရွက်နေမှုများ လျော့နည်းပပျောက်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

၎င်းမှ ရာဇဝတ်ဆိုင်ရာဓာတ်ခွဲခန်း၏ စမ်းသပ်ချက်အရ လူအများ သုံးစွဲရန်မသင့်သည့် မျိုးရိုးဗီဇပြုပြင်ထားသော ဝါဂွမ်းစေ့နှင့် သက်ဆိုင်သည့် အမှုကိုလည်း တရားရုံးတွင် ဆက်လက်အရေးယူဆောင်ရွက်သွားရန်နှင့် စားသုံးသူပြည်သူများမှ တရာ ဥပဒေအပေါ် ယုံကြည်ကိုးစားမှုဖြစ်ပေါ်လာကြစေရန် အထူးအလေးထားဆောင်ရွက်သွားကြရန် တို့ကိုလည်း ပြောကြားခဲ့ပါသည်။ **မျိုးမျိုးထိုက်၊ စားသုံးသူရေးရာ**

# အိုင်ယာလန်နိုင်ငံတွင် ရောင်းချနေသည့် နေရောင်ခြည်ဒဏ်ကာကွယ်သည့် လိမ်းဆေးများမှာ တံဆိပ်အမှတ်အသားတွင် ဖော်ပြထားသည့်အတိုင်း ကာကွယ်နိုင်ခြင်းမရှိဟုဆို




စားသုံးသူစောင့်ကြည့်သည့် အဖွဲ့၏ စမ်းသပ်စစ်ဆေးမှုအရအိုင်ယာလန်နိုင်ငံတွင် နေရောင်ခြည်ဒဏ်ကာကွယ်သည့်လိမ်းဆေး နှစ်မျိုးမှာ နေရောင်ခြည်ဒဏ် ကာကွယ်နိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်။ အိုင်ယာလန်နိုင်ငံတွင်နာမည်ကြီး နေရောင်ခြည်ဒဏ်ကာကွယ်သည့်လိမ်းဆေး နှစ်မျိုးဖြစ်သည့် Boots Soltan Protect &Moisturise Lotion SPF 20 (200ml)နှင့်Hawaiian Tropic Silk Hydration Lotion SPF 30(180ml) တို့မှာ တံဆိပ်အမှတ်အသားတွင်ဖော်ပြထားသကဲ့သို့ နေလောင်မှုကိုအဓိကဖြစ်ပေါ်စေသော နေရောင်ခြည်တွင် ပါဝင်သည့် UVB ဓာတ်ရောင်ခြည်ကို အပြည့်အဝကာကွယ်နိုင်ခြင်းမရှိဘဲ အဆိုပါ ဓာတ်ရောင်ခြည်၏ သုံးပုံနှစ်ပုံကိုသာကာကွယ်နိုင်စွမ်းရှိသည်ကိုတွေ့ရှိရကြောင်း၊ ဗြိတိန်နိုင်ငံ စားသုံးသူအဖွဲ့သည် နာမည်ကျော်ကြားသော တံဆိပ်များဖြစ်သည့် Nivea နှင့် Piz Buin တို့အပါအဝင် နာမည်ကျော်ကြားသော နေရောင်ခြည်ဒဏ် ကာကွယ်သည့်လိမ်းဆေးများနှင့် ဈေးကွက်အတွင်းမှ ကိုယ်ပိုင်တံဆိပ်အမှတ်အသားများပါရှိသည့် နေရောင်ခြည်ဒဏ်ကာကွယ်သည့် လိမ်းဆေး ၁၃ မျိုးတို့ကို စမ်းသပ်စစ်ဆေးခဲ့ပါသည်။ ၎င်းတို့အနက် နာမည်ကြီးလိမ်းဆေးနှစ်မျိုးဖြစ်သည့် Boots နှင့်Hawaiian ထုတ်ကုန်များမှာ စမ်းသပ်စစ်ဆေးမှုနှစ်ကြိမ်စလုံးတွင် မအောင်မြင်ခဲ့သဖြင့် အဆိုပါတံဆိပ်များပါရှိသည့် လိမ်းဆေးများအား ဝယ်ယူသုံးစွဲခြင်း မပြုရန် ကြေညာခဲ့ပြီး မဝယ်ယူရမည့်ထုတ်ကုန်စာရင်းတွင်ထည့်သွင်းခဲ့ပါသည်။ စားသုံးသူများအနေဖြင့် ကုန်ထုတ်လုပ်ရောင်းချသူများမှ ပေးပို့သော သတင်းအချက်အလက်များကို ယုံကြည်အားကိုးရမည် ဖြစ်သော်လည်း ယခုကဲ့သို့ နာမည်ကျော်ကြား သောအမှတ်တံဆိပ်များမှ သတင်းအချက်အလက်များမှာ လွဲမှားဖော်ပြနေသဖြင့် စားသုံးသူများ၏ ယုံကြည်မှုကို အားနည်းစေမည်ဖြစ်ပါသည်။

ယခုကဲ့သို့ဖြစ်ရပ်မျိုးများကို နောင်တွင် မဖြစ်ပွားစေရန်သက်ဆိုင်ရာထုတ်ကုန်များနှင့်စပ်လျဉ်း၍ ၎င်းတို့ ပေးအပ်ထားသည့် ကတိဖော်ပြချက်အတိုင်း စားသုံးသူများအတွက် အရေးယူဆောင်ရွက်ပေးရန်လည်း လိုအပ်ပါသည်။ နေရောင်ခြည်ဒဏ် ကာကွယ်သည့် နာမည်ကျော်လိမ်းဆေးများဖြစ်သည့် Boots နှင့် Hawaijan Tropic တို့မှလည်း ၎င်းတို့၏ထုတ်ကုန်များမှာ သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများအတိုင်း စားသုံးသူတို့ အတွက် လုံခြုံစိတ်ချရမှုအဆင့်ရှိအောင် ထုတ်လုပ်ထားခြင်းဖြစ်ပြီး တံဆိပ်အမှတ်အသားပါ ဖော်ပြချက်များကိုလည်း စားသုံးသူများမှယုံကြည်စိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်ကြောင်းနှင့် ၎င်းတို့အနေဖြင့် အရေပြားကင်ဆာဖောင်ဒေးရှင်းအမှတ်တံဆိပ်များပါရှိသည့် ထောက်ခံချက်များကိုလည်း ရရှိထားကြောင်း မီဒီယာများမှတစ်ဆင့်ပြန်လည်ချေပပြောကြားခဲ့ ကြပါသည်။ Irish Cancer Society မှတာဝန်ရှိသူ Rosemary Scott ကလည်း နေရောင်ခြည်ဒဏ် ကာကွယ်သည့် အရေပြားလိမ်းဆေးများကို ဥရောပတွင် အလှကုန်ကဲ့သို့ပင် စည်းမျဉ်းထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ဩစတြေးလျနိုင်ငံကဲ့သို့ ဆေးဝါးများနှင့်တန်းတူ စည်းမျဉ်းထိန်းသိမ်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အိုင်ယာလန်နိုင်ငံသည် အရေပြားကင်ဆာရောဂါသည် ဖြစ်ပွားမှုအများဆုံးဖြစ်သည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး ၂၀၄၀ ခုနှစ်ခန့်တွင် ဖြစ်ပွားမှုနှုန်း တစ်ရှိန်ထိုး မြင့်တက်လာနိုင်ကြောင်းနှင့် အိုင်ယာလန်ပြည်သူများအနေဖြင့် လွန်ကဲသောနေရောင်ခြည်ထိတွေ့မှုများကို ရှောင်ရှားသင့်ကြောင်း ပြောကြားခဲ့ပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာ**



## ဖျာပုံမြို့တွင် စားသုံးသူအကာအကွယ်ပေးရေး သင်တန်း ၂/ ၂၀၁၅ ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဒု-တိုင်းဦးစီးမှူး ဦးဆောင် သော တိုင်းအဆင့်အရာထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ တိုင်းဦးစီးမှူးပါဝင်တဲ့အဖွဲ့ဟာ ဖျာပုံခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရှိ ဝန်ထမ်းသင်တန်းသား၊ သင်တန်းသူ ၃၂ ဦးအားမေလ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ ဖျာပုံခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမမှာ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သင်တန်းအမှတ်စဉ် ၂/ ၂၀၁၅ အားပို့ချခဲ့တယ်လို့ သိရပါတယ်။

အခမ်းအနားတွင် ဒု-တိုင်းဦးစီးမှူး ဦးစောမိုက်ကယ်က သင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက်နဲ့ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေဆိုင်ရာများ ညွှန်ကြားချက်များကိုလည်းကောင်း၊ တိုင်းဒေသကြီးရုံးမှ အရာထမ်းများကလည်း အာဆီယံနှင့်နိုင်ငံတကာ စားသုံးသူအကာအကွယ်ပေးရေးသိကောင်းစရာများ၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်ဝတ္တရားများ၊ တိုင်းဒေသကြီးတွင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူ တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းမှုအခြေအနေ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု၊ စီးပွားရေး လုပ်ငန်းရှင်ထုတ်လုပ်သူများ၏ အခွင့်အရေးတာဝန်နှင့် တားမြစ်ချက်တို့ကို အကျယ်တဝင့် ပို့ချခြင်းဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ အစားအသောက်နှင့်ကွပ်ကဲရေးဦးစီးဌာန (FDA) မှ တိုင်းဦးစီးအရာရှိဒေါက်တာဦးမျိုးညွန့်က စားသောက်ကုန်၊ ဆေးဝါးနဲ့အလှကုန်ပစ္စည်းများ၏ ကုန်အမှတ်တံဆိပ်များအကြောင်း၊ စံချိန်စံညွှန်း သတ်မှတ်ချက်နှင့် အညီကုန်ပစ္စည်းထုတ်လုပ်နေမှု ရှိ မရှိ စစ်ဆေးမှုပြုလုပ်ပုံများအကြောင်း၊ စားသောက်ကုန်ဥပဒေ၊ ဆေးဝါးဥပဒေနှင့်အလှကုန်ပစ္စည်းဆိုင်ရာဥပဒေများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူ ရေးရာဦးစီးဌာနနဲ့လက်တွဲ၍ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် မိမိ၏ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများကိုလည်းကောင်း၊ ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသီဟထွန်းက မြို့ပေါ်ရှိဈေးရုံများ၊ ဆိုင်ခန်းများ၊ လမ်းဘေးဈေးတန်းများ၊ ဆေးဆိုင်များ၊ လိုင်စင်ရအသားရောင်းဆိုင် များ၊ တည်ခိုခန်းများစသည့်ဆိုင်များသို့ တစ်ပတ်တစ်ခါလှည့်လည်၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိပြီး စားသုံးရန်မသင့်သော အစားအစာများရောင်းချပါက သတိပေးတားမြစ်ခြင်း၊ ဒဏ်ငွေသတ်မှတ်ထားခြင်း၊ စည်ပင်သာယာ၏ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေများအကြောင်း၊ လုပ်ငန်းခွင်တွင် ရင်ဆိုင်ဖြေရှင်းရသည့် အခက်အခဲများ၊ အတွေ့အကြုံများကိုလည်းကောင်း၊ အသီးသီးသင်တန်းပို့ချခဲ့ကြတယ်လို့ သိရပါတယ်။

ထို့နောက် တက်ရောက်နေကြသော သင်တန်းသားသင်တန်းသူများရဲ့ မေးမြန်းမှုများအား တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြတယ်လို့ သိရပါတယ်။

**မင်းဇော်မွန် - ဖျာပုံ**

# မြေသြဇာတင်သွင်းဖြန့်ဖြူးရောင်းချခြင်းနဲ့မြေသြဇာ ဥပဒေအကြောင်းသိကောင်းစရာ ဆွေးနွေးဟောပြောပွဲကျင်းပ

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း ရန်ကုန်ရုံးခွဲမှ ကြီးမှူးကျင်းပတဲ့ ဓါတ်မြေသြဇာ တင်သွင်း ဖြန့်ဖြူးရောင်းချအသုံးပြုမှုနှင့်မြေသြဇာ ဥပဒေအကြောင်းသိကောင်းစရာ ဆွေးနွေးပွဲကို မေလ ၁၆ ရက်စနေနေ့ နံနက် ၉း၀၀ နာရီက မြေပဒေသာကျွန်းစိုက်ပျိုးရေးဦးစီးဌာန သင်တန်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဆွေးနွေးပွဲမှာ ဦးခင်မောင်ဝင်း (လက်ထောက်ညွှန်ကြားရေးမှူး)မြေယာအသုံးချရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဆွေးနွေးဟောပြောခဲ့တာဖြစ်ပါတယ်။မြေသြဇာဥပဒေကို ၂၀၀၂ ခုနှစ်က စတင်ပြဌာန်းခဲ့ပြီး ခေတ်စနစ်နဲ့လျော်ညီစေရေးအတွက် ၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၅ ဖြင့် မတ်လ ၂၇ ရက်နေ့က မြေသြဇာပြင်ဆင်သည့် ဥပဒေကို နိုင်ငံတော်သမ္မတကလက်မှတ်ရေးထိုးပြဌာန်းခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် ၊ မြေသြဇာလုပ်ငန်းများ စနစ်တကျ ကွပ်ကဲထိန်းသိမ်းနိုင်ရန်၊ အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီတဲ့ မြေသြဇာကို သုံးစွဲနိုင်ရန် ၊ သင့်လျော်သော မြေသြဇာကို သုံးစွဲခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းရေးနဲ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုနိုင်ရန်အတွက်ဖြစ်ပါတယ်။ မြေသြဇာကော်မတီကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ဥက္ကဌအဖြစ်ဆောင်ရွက်ပြီး ဆက်စပ်ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရဲချုပ်၊ (မြန်မာနိုင်ငံ ရဲတပ်ဖွဲ့)၊ UMFCCI မှ ဥက္ကဌနဲ့အဖွဲ့ဝင် ၁၀ ဦးတို့နဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ဆက်လက်ပြီး မြေသြဇာဆိုင်ရာနည်းပညာကော်မတီကိုလည်း စိုက်ပျိုးရေးဦးစီးဌာနနဲ့စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနဲ့ ဆက်စပ်ဌာနများမှ ညွှန်ကြားရေးမှူးများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခနဲ့အဖွဲ့ဝင်ရှစ်ဦးတို့နဲ့ ဖွဲ့စည်းထားကြောင်း ပြောကြားခဲ့ပါတယ်။

မြေသြဇာဥပဒေအရ မြေသြဇာကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုသည့်ခွင့်ပြုချက်များ၊ မြေသြဇာမှတ်ပုံတင်ခြင်းလုပ်ငန်းများ ၊ စိုက်ပျိုးရေးဦးစီးဌာနရဲ့ ထောက်ခံပေးခြင်း၊ မြေသြဇာ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုတဲ့ လိုင်စင်၊ မြေသြဇာလုပ်ငန်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်းနဲ့ အဖွဲ့ရဲ့လုပ်ငန်းဆောင်ရွက်ချက်များ ၊ ရေကြောင်းဖြင့် တင်သွင်းသော မြေသြဇာများ အရည်အသွေးပြည့်မီမှုရှိ/မရှိ စစ်ဆေးခြင်းဆိုင်ရာများ ပြောကြားခဲ့ပါတယ်။

မြေသြဇာမှတ်ပုံတင် လျှောက်ထားခြင်းနဲ့ ပတ်သက်၍ သက်ဆိုင်ရာကုမ္ပဏီများရဲ့ တင်ပြမှုများ မှန်ကန်ပြည့်စုံပါက တစ်ရက်တည်းဖြင့် မှတ်ပုံတင်ခြင်း၊ စိုက်ပျိုးရေးထောက်ခံချက်ဆောင်ရွက်ခြင်းများ ပြီးစီးတယ်လို့ ပြောကြားခဲ့ပါတယ်။

တင်သွင်းခွင့် ပိတ်ပင်ထားသော မြေသြဇာများနှင့်ပတ်သက်၍ Ammonium Nitrate မှာ ဖောက်ခွဲရေးပစ္စည်းအဖြစ်အသုံးပြုနိုင်သဖြင့် တင်သွင်းခွင့်ရပ်ဆိုင်းထားရန်၊SSP(Single Super Phosphate) မြေသြဇာကိုTSP(Triple Super phosphate )မြေသြဇာအဖြစ်အတုပြုလုပ်ရန် လွယ်ကူခြင်း၊SSP နှင့် TSP မြေသြဇာများကို မျက်မြင်အရခွဲခြားမရခြင်းကြောင့် လယ်သမားများ၏ အကျိုးစီးပွားထိခိုက်နစ်နာမှုမရှိစေရန် Single Super Phosphate Fertilizer ကို တင်သွင်းခွင့်မပြုရန် တားမြစ်ထားကြောင်း ရှင်းလင်း ပြောကြားခဲ့ပါတယ်။ဒါ့အပြင် စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေး၍ မှတ်ပုံတင်ထားခြင်းမရှိသည့် မြေသြဇာ ၅၇ မျိုးကို အရည်အသွေးနှင့်စံချိန်စံညွှန်းပြည့်မီမှုအာမခံချက်မရှိကြောင်း၊ သုံးစွဲရန်မသင့်တော်ကြောင်း နိုင်ငံပိုင် သတင်းစာများတွင် အများပြည်သူသိရှိစေရန် လေးကြိမ်ထည့်သွင်းကြေညာပေးခဲ့ကြောင်း၊ မှတ်ပုံတင်ထားသော မြေသြဇာများကိုသာ ဝယ်ယူသုံးစွဲသင့်ကြောင်း အသိပေး ပြောကြားခဲ့ပါတယ်။

ဖြန့်ဖြူးရောင်းချခြင်းနဲ့ ပတ်သက်ပြီး ကုမ္ပဏီကြီးများ၊ အရောင်းဆိုင်ကြီးများက ကျေးရွာများအရောက် မြေသြဇာများကို တိုက်ရိုက်ပေးပို့ကာ ရောင်းချခြင်းအတွက် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးများမှာ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်များ လျှောက်ထားရန်နဲ့ တစ်မြို့တည်းမှာပဲ ပိုင်ရှင်တစ်ဦးတည်းက ဆိုင်နာမည်တစ်ခုတည်းနဲ့ ဆိုင်နေရာခွဲများ ရောင်းချခြင်းကို ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်တစ်ခုတည်းဖြင့် ခွင့်မပြုကြောင်း ၊ တစ်ဆိုင်လျှင် လိုင်စင်တစ်ခုစီပြုလုပ်ရန် လိုကြောင်း အသိပေးပြောကြားခဲ့ပါတယ်။

ဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များ ၅၀ ဦးခန့်တက်ရောက်ခဲ့ပြီး တက်ရောက်သူများမှ သိလိုသည်များ မေးမြန်းချက်ကို ဦးခင်မောင်ဝင်းမှ ပြန်လည်ဖြေကြားပါတယ်။မေလ ၃၀ ရက်နေ့ တွင်လည်း ရာသီဥတု ပြောင်းလဲမှုနှင့် စိုက်ပျိုးရေးအကြောင်း သိကောင်းစရာ များကို ဒေါက်တာစိန်လှဗိုလ် အကြံပေး ပုဂ္ဂိုလ်မှ ဟောပြောဆွေးနွေးမယ်လို့ သတင်းရရှိခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

■

## Motor.com.mm ၏ Automobile Policy နှင့် မြန်မာ့ကားဈေးကွက် အလားအလာခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ




Motor.com.mm ၏ဦးဆောင်မှု ဖြင့် Automobile Policy နှင့်မြန်မာ့ကားဈေးကွက်အလားအလာခေါင်းစဉ် ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို မေလ ၁၈ ရက်နေ့က ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ ကျင်းပခဲ့သည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ဦးအောင်မြင့်(ညွှန်ကြားရေးမှူး (ငြိမ်း) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာန၊ ဒုတိယဥက္ကဌ၊ မြန်မာနိုင်ငံအင်ဂျင် နီယာအသင်း)၊ ဦးအေးထွန်း(ဒုတိယ ဥက္ကဌ၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ် သူများအသင်း၊ ဒုတိယဥက္ကဌ၊ ကားသစ် တင်သွင်းရောင်းချသူများအသင်း၊ မန်းနေးဂျင်းဒါရိုက်တာ၊ Nissan Myanmar)၊ ကိုမင်းမင်းမောင် (မန်နေး ဂျင်းဒါရိုက်တာ၊ ဝန်းရံခကားအရောင်း စင်တာ)၊ ကိုအရည်ကြို(မြန်မာ့ကားဈေး ကွက်ကျွမ်းကျင်သူ)၊ ကိုထွဋ်ထိပ်(မန်နေးဂျင်းဒါရိုက်တာ၊ Distinct Trading)တို့ တက်ရောက်ကာ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် စလစ်ဈေးမြင့်တက်မှုကိစ္စ၊ Brand New ကားရောင်းချရမှုအခြေအနေနှင့် ကြုံတွေ့ရသည့်အခက်အခဲများ၊ Automobile Policy နှင့် ၂၀၁၅-၁၆မြန်မာ့ ကားဈေးကွက်အလားအလာ၊ အွန်လိုင်းကားဈေးကွက် တိုးတက်ဖွံ့ဖြိုးလာမှုတို့ ကိုအဓိကထား၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

စကားဝိုင်းဆွေးနွေးပွဲမစတင်မီ Motor.com.mm နှင့် Carmudi Myanmar ၏ Country Manager ဖြစ်သူ Ms Rianne Roggema က နိုင်ငံတကာနှင့် မြန်မာ့ကားဈေးကွက် အစီရင်ခံစာကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

# တစ်ပတ်ရစ်ကားဈေးကွက်အတွင်း ရောင်းလိုအားအမြင့်ဆုံးအဖြစ် Honda Fit ကားများက ဦးဆောင်နေ

မြန်မာနိုင်ငံ၏ တစ်ပတ်ရစ်ကားဈေးကွက်အတွင်း Honda Fit ကားများက ရောင်းလိုအားအမြင့်ဆုံးတွင် ရှိနေကြောင်း အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက်များအရ သိရသည်။



အခွန်နှင့် ပတ်သက်သည့် ဥပဒေများ နှင့်နေရာဒေသဆိုင်ရာ ဥပဒေသစ်များကြောင့် ကားအရောင်းအဝယ်ကဏ္ဍသည် ၂၀၁၅ခုနှစ်တွင် အကျဘက်သို့ ဦးတည်လျက်ရှိကြောင်းသိရသည်။

အွန်လိုင်းပေါ်ရှိ အခမဲ့ ကြော်ငြာဝက်ဘ်ဆိုက်များရှိ ကားဝယ်ရောင်းကဏ္ဍများတွင်လည်း အရောင်းစာရင်းတင်သည့်ကားများမှာ ပိုမိုများပြားလာကြောင်း သိရသည်။

ထို့ပြင် အလဲအထပ်ကားများနှင့် လုပ်ငန်းသုံးယာဉ်များသာ အရောင်းအဝယ်ဖြစ်ကာ ဇိမ်ခံကားများတွင်လည်း အရောင်းသာရှိပြီး ဝယ်လက်မှာမူနည်းပါးလျက်ရှိကြောင်း သိရသည်။

“၂၀၁၅ခုနှစ် နှစ်ဆန်းပိုင်းမှာ ကားဈေးတွေ တဖြည်းဖြည်းကျလာတယ်။ ဒါပေမယ့် ဝယ်လက်ကလည်း တဖြည်း ဖြည်းကျလာတယ်။ လက်ရှိအချိန်မှာ တော့ လုပ်ငန်းသုံးယာဉ်တွေ ပိုပြီးရောင်း အားကောင်းနေတာတွေ့ရတယ်။ ဇိမ်ခံကားဈေးကွက်မှာတော့ အလဲအထပ် လုပ်တာက ပိုပြီးအလုပ်ဖြစ်လာတာကို တွေ့ရတယ်။ ကျွန်တော်တို့ဝက်ဘ်ဆိုက် ရဲ့ရောင်းလိုအားအမြင့်ဆုံးတစ်ပတ်ရစ် အမျိုးအစားတွေမှာ တိုယိုတာဖြစ်ပြီး Honda Fit နဲ့ Nissan တို့က ရှိနေပါတယ်”ဟု Ads.com.mm မှ Mr. Elijah Htang က ပြောကြားခဲ့သည်။

ကားဝယ်ရောင်း လုပ်နေသူတစ်ဦး ဖြစ်သည့် ဦးကျော်မြင့်က “ဒီနှစ်ထဲမှာ ကားဈေးကွက်က အပြောင်းအလဲများတယ်။ ခါတိုင်းနှစ်ဆို မြန်မာနှစ်ကူးနီးလာတဲ့အခါတိုင်း၊ နှစ်ကူးပြီးတိုင်း ရောင်းအားတွေက ဝယ်လက်တွေနဲ့ အပြိုင်ဖြစ်နေတယ်။ ဒီနှစ်မှာတော့ ရောင်းလိုအား က များနေပြီး ဝယ်လိုအားက ပါးနေတယ်။ တစ်ပတ်ရစ်ကားထဲကဆို လုပ်ငန်းသုံးကားတွေပဲ အရောင်းအဝယ်ဖြစ်တယ်။ ဇိမ်ခံကားတွေနဲ့ ရိုးရိုးအိမ်စီးကား တွေက အလဲအထပ်နဲ့ အလိုက်ပေးလဲတာတွေက တော်တော်လေးများတယ်။ ကားအသစ်ရောင်းဝယ်တဲ့ နေရာမှာတော့ အဝယ်က တော်တော်လေးကို ပါးပါတယ်”ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

(ဓါတ်ပုံပါသည်။ ) DCCA 15-5-2015 Folder
consumer protect photo



# ဟွန်ဒါနဲ့ဖို့ဒ်ကုမ္ပဏီများက ထုတ်လုပ်သော ကားများမှာ ချွတ်ယွင်းမှုအချို့တွေ့ရှိသဖြင့် ပြန်လည်ခေါ်ယူလဲလှယ်ရန်စီစဉ်နေ

အိန္ဒိယနိုင်ငံ၊ ဟွန်ဒါကုမ္ပဏီမှထုတ်လုပ်တဲ့ကားများရဲ့ လေအိတ်များမှာ အပြစ်အနာအဆာများ တွေ့ရှိရတဲ့အတွက် လေအိတ်များ ပြန်လည်အစားထိုး တပ်ဆင်ပေးရန် ကားစီးရေ ၁၁၃၈၁ စီးကို မေလလယ်မှာ ပြန်လည် ခေါ်ယူလိုက်ပါတယ်။ ဂျပန်နိုင်ငံမှာ လေအိတ်အပြစ်အနာအဆာကြောင့် ကား ငါးသန်းကို ပြန်လည်ခေါ်ယူကြောင်း ကြေညာပြီး နောက်တစ်နေ့မှာ အိန္ဒိယကားကုမ္ပဏီကလည်း ယခုလို ထုတ်ပြန်လိုက်တာ ဖြစ်ပါတယ်။

အိန္ဒိယ ဟွန်ဒါကားကုမ္ပဏီက ၂၀၀၃ မှ ၂၀၀၇ ခုနှစ်ထုတ် Accord Sedans များရဲ့ ယာဉ်မောင်း ဘက်ခြမ်းက လေအိတ်များ ချွတ်ယွင်းတဲ့အတွက် ကား ၁၀၈၀၅ စီးကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်ထုတ် CR-V 575 စီးနဲ့Civic တစ်စီးတို့မှာ ခရီးသည်ဘက် လေအိတ်များချွတ်ယွင်း၍လည်းကောင်း ကုမ္ပဏီသို့ ပြန်လည်ပေးပို့၍ လေအိတ်များအစားထိုး ပြန်လည်တပ်ဆင်ရန် စီစဉ်နေတာဖြစ်ပါတယ်။ လေအိတ်ချွတ်ယွင်းမှုနဲ့ ပတ်သက်လို့ အသုံးပြုသူများထံမှ သတင်းပေးပို့မှု တစ်စုံတစ်ရာတော့မရှိကြောင်း အိန္ဒိယကားကုမ္ပဏီက တာဝန်ရှိသူက ပြောကြားလိုက်ပါတယ်။

အလားတူ တရုတ်နိုင်ငံမှာလည်း ဖို့ဒ်ကား ကုမ္ပဏီက ဓါတ်ဆီစုပ် တင်တဲ့အပိုင်းနဲ့ ကားတံခါး လက်ကိုင်များမှာ ချွတ်ယွင်းမှုများကို စိစစ်တွေ့ရှိရတဲ့အတွက် ကား ၁၃၉၉ စီးကို ပြန်လည်ခေါ်ယူထားတယ်လို့ ဆင်ဟွာသတင်းမှာ ဖော်ပြထားပါတယ်။ ပြန်လည်ခေါ်ယူထားတဲ့ကားများထဲမှာ ပြည်ပမှတင်သွင်းတဲ့ Edge နဲ့ Explorer ကားများလည်း ပါဝင်တယ်လို့ တရုတ်နိုင်ငံ အရည်အသွေးစစ်ဆေးရေးဌာန AQSIQ (Administration of Quality Supervision, Inspection & Quaratine) ကထုတ်လွှင့်ထားတဲ့ ဝက်ဘ်ဆိုဒ်မှာ ဖော်ပြထားပါတယ်။

ဓါတ်ဆီစုပ်တင်တဲ့အပိုင်း ချွတ်ယွင်းမှုကြောင့် အင်ဂျင်ပိုင်းဆိုင်ရာ ပျက်စီးမှုနဲ့ စပ်လျဉ်းပြီး ၂၀၁၄ ခုနှစ် ဧပြီလ ၃၀ ရက်နဲ့ မေလ ၂၁ ရက်အတွင်း ထုတ်လုပ်ခဲ့တဲ့ Edge 2.0L 1099 စီးနဲ့ ကားတံခါးလက်ကိုင် အပိုင်းချွတ်ယွင်းမှုနဲ့စပ်လျဉ်းပြီး ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်အတွင်း ထုတ်လုပ်ခဲ့တဲ့ Explorer 3.5 Lအစီး ၃၀၀ ကို ပြန်လည်သိမ်းယူခဲ့တာဖြစ်ပါတယ်။ကားတံခါးလက်ကိုင် ချွတ်ယွင်းမှုကြောင့် ကားသော့ခတ်လို့ မရနိုင်ဘူးလို့သိရပါတယ်။

ဖို့ဒ်ကုမ္ပဏီအနေနဲ့ Edge ကားများကို ဇွန်လ ၂၆ ရက်နဲ့ Explorer ကားများကို မေလ ၂၉ ရက်နေ့များမှာ စတင်ပြီး ပြန်လည်အပ်နှံကြရမှာဖြစ်ပြီး ချွတ်ယွင်းနေသော အစိတ်အပိုင်းများကို အခမဲ့ပြန်လည်တပ်ဆင်ပေးသွားမယ်လို့ သတင်းရရှိပါတယ်။

mae Consumer

# ပုသိမ်မြို့တွင် မြို့သစ်မြေကွက်ချွန်းသာ အဆင့်မြင့်အိမ်ရာစီမံကိန်း အကောင်အထည်ဖော်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ မြို့သစ်ဖွံ့ဖြိုးရေး မြကျွန်းသာအဆင့်မြင့်အိမ်ရာစီမံကိန်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် Delta Industrial Group (DIG) မှ မြေဧက ၁၅၀ ကျယ်ဝန်းသောစီမံကိန်းမြေမှာ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ မြို့သစ်ဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် ပထမဦးဆုံး အကောင်အထည်ဖော်ဆောင်ရွက်မယ့် မြကျွန်းသာအိမ်ရာစီမံကိန်းမှာ မြို့နယ်တစ်မြို့နယ်စာ အကျယ်အဝန်းရှိလို့ လူဦးရေ ၃၀၀၀၀ ကျော်နေနိုင်မှာ ဖြစ်ကြောင်း၊ ယင်းစီမံကိန်းဆောင်ရွက်ရန်အတွက် လိုအပ်သည့်မြေဧက ၁၅၀ ကျော်ကို ပိုင်ရှင်များထံမှ DIG ကုမ္ပဏီမှ ဝယ်ယူထားခြင်းဖြစ်ပြီး၊ မြေကွက်ဝယ်ယူလိုသူများမှာလည်း မြေဂရန်ရရှိမှာဖြစ်ကြောင်း DIG ကုမ္ပဏီ ဒါရိုက်တာ ကိုသူရအောင်က ပြောပါတယ်။

စီမံကိန်းဖွင့်ပွဲပြုလုပ်သည့် မေလ ၁၈ ရက်နေ့မှစတင်ပြီး တစ်ပေပတ်လည် ၁၆၀၀၀ ကျပ်၊ ၂၀၀၀၀ ကျပ်ဖြင့် ၃၀ × ၆၅ ပေ၊ ၄၀ × ၆၅ ပေ၊ ၅၀ × ၇၀ ပေ၊ ၇၀ × ၉၀ ပေ၊ ၈၀ × ၈၀ ပေမြေကွက်အမျိုးအစားများကိုလည်း ရောင်းချပေးလျက်ရှိပြီး၊ မြကျွန်းသာအိမ်ရာစီမံကိန်းအတွင်းမှာလည်း အဆင့်မြင့်မြင့်နေထိုင်နိုင်ရန် ဟိုတယ်၊ ရုပ်ရှင်ရုံ၊ Super Market ၊ ဘဏ်၊ အားကစားကွင်း ၊ ရေကူးကန်၊ သဘာဝရေကန်များလည်း ပါဝင်မှာဖြစ်ပြီး နိုင်ငံတကာ အဆင့်မီကျန်းမာရေးနှင့်ညီညွတ်တဲ့ ပတ်ဝန်းကျင်ဖြစ်စေရန် မီးသတ်ပိုက်လိုင်းများနဲ့ အမှိုက်သိမ်းစနစ်များ ပါဝင်မှာဖြစ်ကြောင်း၊ ဒါရိုက်တာ ကိုသူရအောင်က ဆက်လက်ပြောကြားပါတယ်။ အသေးစိတ်သိရှိလိုပါက Delta Industrial Group (DIG) သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ အင်ပူလမ်း | ၇၅၀ စ/ပေ | (၇) လွှာ | ၂ သိန်း | ၁ လအငှားနှုန်း | ၀၉/၂၅၃/၈၂၈၂၀၂ |
| ၂။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | (၇)လွှာ၊ ကြိုပွိုင့် | ၁၄၀၀ သိန်း | ဓါတ်လှေခါးပါ | ၀၉/၅၁/၁၇၂၆၂ (၇၀%) ပြီးစီး |
| ၃။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၂×၇၀)ပေ | (ပ)ထပ်၊ပြင်ဆင်ပြီး | ၁၄ သိန်း ၁ လအငှားနှုန်း | ရပ်ကွက်သန့်၊လမ်းသန့် (ညှိနှိုင်းနိုင်) | ၀၉/၅၁/၁၇၂၆၂ |
| ၄။ | တိုက်ခန်း | မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၂.၅×၄၅)ပေ | (၃)လွှာ | ၉၈၀ သိန်း | လမ်းမကြီးနီး | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၅။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊မြသီတာအိမ်ရာ | ၂၅၀၀ စ/ပေ | RC (၂) ထပ် | ၆၅၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း၊ (၁၄/၂) ရပ်ကွက် | ၂၀၀၀ စ/ပေ | (၁)ထပ် BN | ၂၆၀၀ သိန်း | အသင့်နေ၊မြေပိုပါ | ၀၁/၇၀၂၄၀၅ |
| ၇။ | မြေ | တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံအိမ်ရာ | ၂၄၀၀ စ/ပေ | မြေသီးသန့် | ၅၈၀၀ သိန်း | ဂရန်မြေ | ၀၉/၂၅၃/၈၂၈၂၀၂ |
| ၈။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ ပြည်တော်သာလမ်း | ၁၅၀၀ စ/ပေ | RC (၁) ထပ် | ၁၂၅၀ သိန်း | အသင့်နေ၊ လမ်းကောင်း၊ ရပ်ကွက်သန့် | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | လုံးချင်းအိမ် | ပြင်ဦးလွင်မြို့ နန်းမြိုင်လမ်းသွယ် | ၅၀၀၀ စ/ပေ | BN (၁) ထပ် MB (၂) ခန်း | ၃.၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |

# ဇုန်ထုတ်ဂျစ်ကားများအပ်နှံရာတွင် လုပ်ဆောင်မှုများလွဲမှားနေမှုကြောင့် စလစ်ဈေးတက်ရသည်ဟုဆို

စက်မှုဇုန်ထုတ်ဂျစ်ကားများကို အပ်နှံခွင့်ပြုရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏လုပ်ဆောင်မှုများ လွဲမှားနေမှုကြောင့် စလစ်ဈေးများ မြင့်တက်ရခြင်းဖြစ်ကြောင်း Motor.com.mm ၏စကားဝိုင်းဆွေး နွေးပွဲတွင် မြန်မာ့ကားဈေးကွက်ကျွမ်းကျင်သူ ကိုအရည်ကြိုက ပြောကြားခဲ့ခြင်းဖြစ်သည်။

"စလစ်ဈေးတက်ရတာကို ကညန ရဲ့လုပ်ဆောင်ချက်တွေ လွဲမှားနေလို့ ဈေးတက်ရတာလို့ ကျွန်တော် ယူဆချင်ပါတယ်။ လက်ရှိမှာ လက်ခံတာက စက်မှုဇုန်ထုတ်ကားတွေကို ၁၀နှစ်အထိ လက်ခံတယ်လို့ ပြောတယ်။ တကယ်တမ်းကျတော့ ချက်ဆီနံပါတ်က ရက်စွဲကို ယူတာမဟုတ်ဘဲ ငွေသွင်းတဲ့ ရက်စွဲ ကို ယူတာဖြစ်တဲ့ အတွက် ၂၀၀၅ခုနှစ်က ထုတ်တဲ့စက်မှုဇုန်ထုတ်ကားတွေ အပ်လို့မရဘူးဖြစ်နေတယ်။ ချက်ဆီနံပါတ် က ၂၀၀၅ ခုနှစ် ဖြစ်ပေမယ့် ငွေသွင်းတာ က ၂၀၀၇ ခုနှစ်မှ ဖြစ်နေမယ်ဆိုရင် ဒါ ဆယ်နှစ်မပြည့်သေးဘူးဆိုပြီး အပ်လို့မရဘူးဖြစ်နေတယ်။ နှစ် ၂၀အပ်တဲ့ကားတွေကို ကျတော့ ထုတ်လုပ်တဲ့ခုနှစ်ကိုပဲ ကြည့်ပြီးတော့ လက်ခံတယ်။ စက်မှုဇုန်ထုတ်ကားကိုကျတော့ ငွေသွင်းတဲ့ရက်ကိုပဲ ကြည့်ပြီးတော့လက်ခံတယ်။ ဒါကြောင့်စက်မှုဇုန်ထုတ်ကားတွေ အပ်လို့မရတော့တဲ့ အတွက် စလစ်ဈေးတွေ တက်ရတာပါ" ဟု ကိုအရည်ကြိုက ပြောကြားခဲ့သည်။

ထို့ပြင် Distinct Trading မှ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဦးထွန်းထိပ်က စလစ်ဈေးတက်ရခြင်းမှာ စက်မှုဇုန်ထုတ်ကားများကို ပြန်အပ်ရန်အတွက် လက်ခံရာတွင် နှစ်အကန့်အသတ်ဖြင့် လက်ခံခြင်းကြောင့် ဈေးတက်ရခြင်းဖြစ်ကြောင်း အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင်ပြောကြားခဲ့သည်။

"စလစ်ဈေးက သိသိသာသာလေးကို ထိုးတက်သွားပါတယ်။ စလစ်ဈေးတက်တဲ့အတွက် ကားဈေးတွေလည်း ထိုးတက်သွားပါတယ်။ အရင်တုန်းက စက်မှုဇုန်ထုတ်ကားတွေကို ကန့်သတ်ချက်မရှိဘဲ လက်ခံတယ်။ သင်္ကြန်မတိုင်ခင်ကမှ အဲဒီစက်မှုဇုန်ထုတ်ကားတွေ အပ်တာကို ရပ်ဆိုင်းလိုက်တဲ့အတွက် စလစ်ဈေးတွေ တော်တော်လေးကို တက်သွားတာပါ။ ခုစက်မှုဇုန်ထုတ်ကားတွေကို ပြန်အပ်ဖို့ လက်ခံပြန်တော့လည်း နှစ်အကန့်အသတ်နဲ့ဆိုတော့ ဒီစလစ်ဈေးက ဆက်တက်နေတာဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

ကားဟောင်းအပ်စလစ်ဈေးသည် ပြီးခဲ့သည့်လအတွင်းက ၆၂ သိန်းသာရှိသော်လည်း ယခုမေလ နောက်ဆုံးပတ်တွင် ကျပ် ၆၅ သိန်းမှ ၆၈သိန်းအထိရှိလာ ခဲ့ကြောင်း မော်တော်ယာဉ်ဟောင်း ရောင်းဝယ်သည့်ဈေးကွက်မှ သိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (2009) | ယာယီ | ၁၀၂ သိန်း | ၁.၅ ဓါတ်ဆီ |
| ၂။ | တိုယိုတာ (ဝှရ်) (2003) | ယာယီ | ၁၄၀ သိန်း | ၁.၈ ဓါတ်ဆီ |
| ၃။ | ကလူဂါ (2003) | ယာယီ | ၂၄၅ သိန်း | ၂.၄ ဓါတ်ဆီ |
| ၄။ | အယ်လ်ဖတ် (2003) | ယာယီ | ၂၃၀ သိန်း | ၂.၄ ဓါတ်ဆီ |
| ၅။ | ဟွန်ဒါဖစ် (2009) | ယာယီ | ၉၈ သိန်း | ၁.၃ ဓါတ်ဆီ |
| ၆။ | ဟွန်ဒါစီအာဗီ (2002) | 5I | ၁၆၅ သိန်း | ၂.၀ ဓါတ်ဆီ |
| ၇။ | မာဇဒါဒီမီယို (2009) | 9G | ၈၅ သိန်း | ၁.၃ ဓါတ်ဆီ |
| ၈။ | ပါဆို (2009) | ယာယီ | ၈၅ သိန်း | ၁.၃ ဓါတ်ဆီ |
| ၉။ | ဘယ်(လ်)တာ (2010) | ယာယီ | ၁၂၀ သိန်း | ၁.၃ ဓါတ်ဆီ |
| ၁၀။ | ဗီလ်ဒါ (2009) | ယာယီ | ၁၆၅ သိန်း | ၁.၅ ဓါတ်ဆီ |

SN



# Gentamicin Sulfate Injection ထိုးဆေးကို ဆေးဝါးအတုဖြစ်ကြောင်း စစ်ဆေးတွေ့ရှိ

ကျန်းမာရေးဝန်ကြီးဌာနက အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိတဲ့ ဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲကြပ်မတ်လျက် ရှိနေပါတယ်။

ဈေးကွက်ရှိဆေးဝါးများကို ပုံမှန်စစ်ဆေးဆောင်ရွက်ချက်အရ Henan Dekang Pharmaceutical Co. Ltd ထုတ် Gentamicin Sulfate Injection(၈၀၀၀၀ units/2mls) နဲ့ Beverly Henan Pharmaceutical Co., Ltd ထုတ် Gentamicin Sulfate Injection (80000 unils/2 mls) ထိုးဆေးနှစ်မျိုးဟာ ဆေးဝါးအတုဖြစ်နေကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထိုဆေးဝါးနှစ်မျိုးမှာ မြန်မာနိုင်ငံမှာ ဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်ထုတ်ပြန်ထားပါတယ်။ ဆေးဝါးအတု ၊ စံမညီသောဆေးဝါးများကို မှီဝဲတဲ့ ရောဂါဝေဒနာရှင်များဟာ စရိတ်များစွာ ကုန်ကျတဲ့အပြင် မိမိတို့ခံစားနေရတဲ့ ရောဂါများပျောက်ကင်းခြင်း (လုံးဝ) မရှိဘဲ ပိုမိုဆိုးရွားတဲ့ အခြေအနေကိုခံစားရမှာဖြစ်ကြောင်း၊ ဆေးဝါး တင်သွင်းဖြန့်ဖြူးတဲ့ ကုမ္ပဏီ၊ ဆေးဝါးရောင်းချတဲ့ ဆေးဆိုင်များအနေနဲ့ မြန်မာနိုင်ငံမှာ မှတ်ပုံတင်ထားခြင်းမရှိတဲ့ ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း (လုံးဝ) လုံးဝ မပြုရန်နဲ့ လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းက အမျိုးသားဆေးဝါး ဥပဒေပုဒ်မ (၁၈) နဲ့အညီတရားစွဲဆို အရေးယူမယ်လို့ ကျန်းမာရေးဝန်ကြီး ဌာနကထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိပါတယ်။ **မယ်စားသုံး**

# ကျန်းမာရေးနဲ့ညီညွတ်တဲ့ လူနေမှုပုံစံ Lifestyle နဲ့ နေခြင်းဖြင့် အူသိမ်အူမကင်ဆာဝေဒနာသည်များ အသက်ပိုရှည်နိုင်



အူသိမ်အူမကင်ဆာဝေဒနာ ခံစားနေရသူများအနေနဲ့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ လူနေမှုပုံစံနဲ့ နေထိုင်မယ်ဆိုပါက အသက် ပိုမိုရှည်ရှည်နေထိုင်ရန်အတွက် အခွင့်အလမ်းကောင်း ရရှိစေနိုင်မယ်လို့ အင်္ဂလန်နိုင်ငံထုတ် Bio Med Central ဂျာနယ်မှာ ဖော်ပြထားပါတယ်။

လန်ဒန် အင်ပီရီယယ်ကောလိပ်မှ သုတေသီအဖွဲ့တစ်ဖွဲ့ဟာ ၆ နှစ်နဲ့ ၃ လကြာ နိုင်ငံ ၁၀ နိုင်ငံမှ လူ ၅၂၀၀၀၀ ယောက်အား လေ့လာမှုပြုလုပ်ခဲ့ပြီး ယခုကဲ့သို့ဖော်ထုတ်နိုင်ခဲ့တာဖြစ်ပါတယ်။ EPIC-European Prospective Investigation into Cancer and Nutrition အစီအစဉ်နဲ့ လေ့လာမှု ပြုလုပ်ရာမှာ လူ ၃၂၉၂ ဦးမှာ အူသိမ် အူမကင်ဆာကို စမ်းသပ်တွေ့ရှိခဲ့တယ်လို့ သိရပါတယ်။

သုတေသီများဟာ ကင်ဆာရောဂါဖြစ်ပွားမှုကို တားဆီးရန်နဲ့ဝေဒနာသည်များ အသက်ရှင်သန်ရေးကို အခြေခံထားပြီး သုတေသနပြုလေ့လာမှုကို ပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။အမျိုးသားများမှာ ခန္ဓာကိုယ်အလေးချိန်၊ ကိုယ်ကာယလှုပ်ရှားမှု၊ အစားအသောက်စားသောက်မှုစတဲ့အချက်ခြောက်ချက်ကို အခြေခံလေ့လာခဲ့ပြီး အမျိုးသမီးများမှာတော့ အထက်ပါ အချက်များနဲ့ နို့တိုက်ကျွေးမှုအချက်အပါအဝင် အချက်ခုနစ်ချက်ကို အခြေခံလေ့လာခဲ့တာဖြစ်ပါတယ်။

ကျန်းမာရေးနဲ့ ညီညွတ်သော ခန္ဓာကိုယ်အလေးချိန်၊ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်စားသုံးမှုများလေ အသက်ပိုမိုရှည်နိုင်ခြေများလေလို့ ဖော်ထုတ်နိုင်ခဲ့ကြပါတယ်။ အမျိုးသမီးများမှာတော့ နို့တိုက်မိခင်များမှာ အသက်ရှည်နိုင်စွမ်းပိုတယ်လို့ သုတေသီများက ပြောပါတယ်။ သုတေသနအဖွဲ့ ခေါင်းဆောင် Dora Romaguera က သုတေသနပြုဖော်ထုတ်ချက်အရ ကျန်းမာရေးနဲ့ညီညွတ်သော လူနေမှုပုံစံသည် အူသိမ်အူမ ကင်ဆာဖြစ်ပွားမှုကို တားဆီးနိုင်ရုံသာမက အူသိမ်အူမကင်ဆာဖြစ်ပွားနေသူများ အသက်ရှည်ရှည် နေနိုင်စေကြောင်း ဖော်ထုတ်ပြောကြားကြောင်း ဆင်ဟွာသတင်းမှာ ဖော်ပြထားပါတယ်။

**ရှင်ပါဂူ**

**သင့်ကျန်းမာရေး**

# အသားအရေကျန်းမာရေး SKIN CARE

| ဒေါက်တာလွင်သန့် |



အသားအရေဟာ ခန္ဓာကိုယ် ပြင်ပကမ္ဘာနဲ့ ထိတွေ့ကာကွယ်ပေးထား ပြီး ပြင်ပဒဏ်များခုခံပေးတယ်။ အရေပြားဟာ အပူချိန်များခြင်း၊ ခြောက်သွေ့ခြင်း၊ လေတိုက်စားခြင်း၊ နေလောင်ခြင်းများကို ခံစားရတဲ့အပြင် အရေပြားကို ဂရုမစိုက်မှု၊ ကောင်းစွာမထိန်းသိမ်းမှုက ပိုမိုရင့်ရော်စေတယ်။

အရေပြားရဲ့အသက်အရွယ်အလိုက် ပြောင်းလဲမှုဟာ ခန္ဓာကိုယ်ရှိအခြား အင်္ဂါများလို နေရောင်အောက်အချိန်ကြာမြင့်စွာနေခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အာဟာရချို့တဲ့ခြင်းကြောင့် အိုမင်းရင့်ရော်စေတယ်။

အရေပြားရဲ့ အသက်အရွယ်ပြောင်းလဲမှုဟာ ခန္ဓာကိုယ်ရှိအခြား အင်္ဂါများလို မတူတာကအရေပြားလဲလှယ်မှုရှိတယ်။ ၁၅ ရက်မှ၁၈ ရက် အတွင်းလဲပြီး၊ ရက်သတ္တပတ်အနည်း ငယ်မှ အသစ်ဖြစ်တယ်။ အသက် ၇၀ ရောက်ရင် ဆဲလ်အသစ်ဖြစ်ဖို့ လပေါင်းများစွာ ကြာတယ်။

**အသက်အရွယ်အလိုက်အသားအရေပြောင်းခြင်း။**

အသက်အရွယ်အလိုက်အရေပြား ပြောင်းလဲခြင်းရဲ့ ပြင်ပအကြောင်းကြောင့် အရေပြားပြောင်းလဲခြင်းခွဲခြားနိုင်တယ်။ အသက်အရွယ်အလိုက် အရေပြားပြောင်းလဲ ခြင်းဟာ လူတိုင်းရှောင်လွှဲ၍မရနိုင်ပါ။ ပြင်ပအကြောင်းချက်နဲ့မပတ်သက်တဲ့ အရေပြားပြောင်းလဲခြင်းဖြစ်တယ်။

ပြင်ပအကြောင်းအချက်ဆိုတာ နေရောင်ခြည်နဲ့ ထိတွေ့ခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ ဖြစ်တယ်။ အသက်အရွယ်လိုက်အရေပြား ပြောင်းလဲခြင်း၊ အသက်ရွယ်အရ အရေပြားပြောင်းလဲ ခြင်းမှာ ဆဲလ်များတစ်ရှူးများထိခိုက်စေတဲ့ပစ္စည်းထွက်ရှိမှုများ ပါဝင်တယ်။

**ပြင်ပအကြောင်းအချက်များကြောင့် အရေပြားပြောင်းလဲခြင်း။**

(Extensis Agency) ပြင်ပအချက်များကြောင့် အဓိကအကြောင်းရင်းမှာ ခရမ်းလွန်ရောင်ခြည်ဖြစ်တယ်။ နေမှ ခရမ်းလွန်ရောင်ခြည်ကို အိုဇုန်းလွှာက ခြားထားတယ်။ လူတို့နဲ့ကပ်ရပ်က ထရိုပိုစပီးယားပြီး စထရာတိုစပီးယား နောက်အိုဇုန်းလွှာဖြစ်တယ်။ အိုဇုန်းလွှာဟာ လူတို့မဆင်မခြင်လုပ်မှုကြောင့် ပေါက်ပြဲလာတယ်။ ပွားလာတယ်။ ရေနံ၊ ဓာတ်ငွေ့စတဲ့ဓာတ်ကြွင်းလောင်စာများလောင်ကျွမ်းခြင်း၊ တောမီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းနဲ့ လူတို့အသုံးပြုတဲ့လေအေးစက်များ (Air-Con) နှင့်ဖျက်မင်၊ ရေမွှေး၊ ရင်ကြပ်ရှုဆေးတို့၊ ရေခဲသေတ္တာတို့မှာ စီအက်ဒီကြောင့် ပါးလွှာ၊ ပေါက်ပြဲလာတယ်။ ခရမ်းလွန်ရောင်ခြည်ဟာ အရေပြားအပေါ်တိုက်ရိုက် ကျရောက်လာတယ်။ အရေပြားနေလောင်ခြင်း၊ အရေပြားတွန့်ခြင်းမှသည်၊ အရေပြား ကင်ဆာဖြစ်စေတယ်။

မျက်နှာနဲ့အရေပြား အိုမင်းရင့် ရော်ခြင်းဖြစ်ပေါ်တဲ့ အခြားအကြောင်းမှာ မျက်နှာအမူအရာပါဝင်တယ်။ မျက်နှာထားတင်းတင်းထပ်ကာထပ်ကာ လုပ်ခြင်းနဲ့ ကမ္ဘာ့ဆွဲအားတို့ကြောင့် မျက်နှာပြင်အရေးအကြောင်းဖြစ်စေတယ်။ အသက် ၃၀နှစ်နောက်ပိုင်း အရေပြားရဲ့ ဆန့်နိုင်၊ ကျုံ့နိုင်စွမ်း ကျဆင်းလာတာကိုပိုပြီး သိသိသာသာတွေ့ရတယ်။

ဆေးလိပ်သောက်ခြင်းဟာ အရေပြားပြောင်းလဲခြင်းရဲ့လက္ခဏာများ ပါဝင်ကာ အရေပြားကြမ်းလာစေတယ်။ စီးကရက်သောက်ခြင်း၊ ကွမ်းစား ခြင်းဖြစ်ရင် ၁၀ နှစ်ကျော်ကြာသိသာစွာ ပြောင်းလဲစေတယ်။ အရေပြားပေါ်မှာ အခြားအရောင်ရှိအကွက်များ ပေါ်လာခြင်း၊ အရေပြား တင်းရင်းမှုလျော့ကျခြင်း၊ မှဲ့ခြောက်ပေါ်လာခြင်း၊ အရေပြားကင်ဆာ ဖြစ်စေနိုင်တယ်။

**အရေပြားပြောင်းလဲမှုနဲ့ အဓိက သွင်ပြင်နဲ့ အရေးကြောင်းများ၊** အသားအရေတွန့်ခြင်း၊ နေလောင်ကွက်များ၊ အရေပြားလျော့တိလျော့ရဲဖြစ်လာမှုများ၊ သွေးကြောမျှင်များနဲ့ အရေပြားတွဲကျခြင်း တို့ဖြစ်လာတယ်။

Vol: 15, No.19 Monday May 25 2015

## (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

၂၅-၅-၂၀၁၅ မှ ၃၁-၅-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ရာထူးတိုးတက်ခြင်း၊ အလုပ်အကိုင် တိုးတက်ခြင်းရှိမည်။ သည်းခံနိုင်မှ အဆင်ပြေမည်။ ဆန်၊ စပါး၊ ပဲ၊ ပြောင်း၊ ဂျုံနှင့်ပြုလုပ်သောစားသောက်ကုန်လုပ်ငန်းများ အကျိုးပေးကောင်းနေမည်။ စီးပွားရေးလုပ်ငန်းများ ပုံမှန်ရှိနေတတ်ပါသည်။ အချစ်ရေးတွင် ကံကောင်းသည်ဟု မဆိုနိုင်သေးပါ။ အပြင်ပန်းအနေဖြင့်ကြည့်လျှင် သင့်ကျန်းမာရေးကောင်းသည်ဟုထင်ရတတ်ပါသည်။ ရင်ထဲတွင်မကောင်းတတ်ပါ။ ခန္ဓာကိုယ်၏ ဖောက်ပြန်မှု ဒဏ်ကိုခံနေရတတ်ပါသည်။ **ယတြာ။ အုန်းဆွမ်းကပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** အရာရာကို သံသယထားတတ်နေလိမ့်မည်။ ဆုံးဖြတ်ချက်ချမည်ဆိုလျှင် မပြတ်သားတတ်ပါ။ မိတ်ကောင်း ဆွေကောင်းများက ကူညီမှုအားပေးမှုများကြောင့် စီးပွားရေး တွင် ဆောက်လုပ်ရေး၊ ယာဉ်အမျိုးမျိုးရောင်းဝယ်ရေးအကျိုး ပေးပါသည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတိုးရန် ခေတ္တစောင့်ရပါမည်။ အချစ်ရေးတွင် အနိုင်ယူလွှမ်းမိုးနိုင်သူနှင့် တွေ့ရတတ်သည်။ ကျန်းမာရေးအနေဖြင့် ဝေဒနာဟောင်းကိုကုသနေရတတ်ပါသည်။ **ယတြာ။ ဘုရားတွင် သစ်သီး ၉ မျိုးလှူပါ။**



**အင်္ဂါသားသမီးများအတွက်** အနှောင့်အယှက် အတိုက်အခံ အပြိုင်အဆိုင်တို့ကို ဖယ်ထုတ်ရှင်းလင်း ကျော်ဖြတ်နိုင်သောကြောင့် စီးပွားရေးလုပ်ငန်းတို့သည် တဖြည်းဖြည်းတိုးတက်မှု အခြေအနေသို့ရောက်လာရတတ်ပါသည်။ ဆရာကောင်းသမားကောင်းတို့၏ အကြံဉာဏ်များနှင့် မိမိ၏နည်းပညာသစ်များကိုလက်တွေ့အသုံးချ၍ လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာလည်ပတ်နိုင်ပြီး၊ လုပ်ငန်းများတိုးချဲ့ရန် ရှိတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးများ သင့်တင့်နေလိမ့်မည်။

**ယတြာ။ သံဃာတော်များကို ဖိနပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ငန်းတွင်း၌ ရင်းနှီးမြှုပ်နှံငွေများ ဝင်ရောက်နေတတ်ပါသည်။ အမွေအနှစ်များနှင့် စီးပွားရေးအတွက် အရင်းအနှီးများလည်းရတတ်ပါသည်။ ရေထွက်ကုန်များ၊ ပွဲရုံလုပ်ငန်းများ အကျိုးပေးကောင်းတတ်ပါသည်။ ချစ်ခင်သူ ဝိုင်းရံနေသည့်ကာလဖြစ်သည်။ ဉာဏ်ပညာ ထူးချွန်ထက်မြက်မှု ရှိနေမည်။ ကျန်းမာရေး လေနှင့်ပတ်သက်သောဝေဒနာ ခံစားရတတ်သည်။ **ယတြာ။ လိမ္မော်ရည်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** ငွေကြေး အလုံးအရင်းနှင့် ရရှိမည်။ စီးပွားရေးလုပ်ငန်းများ ပြန်လည်တိုးတက်ကောင်းမွန်လာမည်။ ဓာတ်သတ္တုပစ္စည်းများနှင့်ပတ်သက်ပြီး၊ သံဖြူသွပ်တို့နှင့်ပြု လုပ်သောစီးပွားရေးလုပ်ငန်းများမှအကျိုးခံစားရမှုရှိနေတတ်ပါသည်။ ချစ်သူရှိလျှင် နီးစပ်ဖို့အရေး ဆွေးနွေးတိုင်ပင်နေရတတ်သည်။ လူမျိုးခြား၊ ဘာသာခြားများနှင့် တွေ့ဆုံ၍ ပေါင်းသင်းဆက်ဆံရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့်အအေးမိခြင်း၊ အကျိတ်အဖုရောဂါယားယံခြင်း ရောဂါဝေဒနာတို့ဖြစ်တတ်ပါသည်။ **ယတြာ။ နို့ဆွမ်းကပ်လှူပါ။**



**သောကြာသားသမီးများအတွက်** ပတ်ဝန်းကျင်နှင့်လိုက်ဖက်ညီအောင်နေထိုင် ပြောဆိုမှုတို့ကြောင့်အများ၏ချစ်ခင်လေးစားမှုတို့ကိုရရှိတတ်ပါသည်။ အနေအထိုင် တည်တံ့မှုရှိသောကြောင့် အများက အထင်ကြီးတတ်သည်။ စီးပွားရေးတွင် ဆီနှင့် ဆီထွက်ပစ္စည်းများနှင့် ခဲ၊ နီလာ၊ ဘော်၊ ကြေးနီစသောလုပ်ငန်းများအကျိုး ပေးအားကောင်း နေလိမ့်မည်။ ဝန်ထမ်းဖြစ်လျှင် နေရာပြောင်းရွှေ့ခြင်း၊ ရာထူး တိုးခြင်းတို့ရှိနေတတ် သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အတူကြိုးစားလုပ်ကိုင်ဆောင်ရွက်နေရ တတ်သည်။ ကျန်းမာရေးတွင် အစာအိမ်၊အူနှင့်ပတ်သက်သော ရောဂါဝေဒနာ များဖြစ်တတ်ပါသည်။ **ယတြာ။ ဘုရားတွင် အောင်သပြေပန်းလှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများပြန်လည်တိုးတက်ကောင်းမွန်လာမည်။ အတွေးအခေါ်များနှင့် လုပ်ရန်အလုပ်များကို ဂရုစိုက်ရပါမည်။ မြေတွင်းထွက်ရေနှင့် ရေနံထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းဝယ်ခြင်းဖြင့် စီးပွားဖြစ်ထွန်းမှုအားကောင်းနေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မိတ်ဟောင်းဆွေဟောင်းများနှင့် ပြန်လည်တွေ့ဆုံရတတ်သည်။ ကျန်းမာရေးတွင် အပင်ပန်းခံခြင်းကြောင့် ပင်ပန်းနွမ်းနယ်သောဝေဒနာခံစားရတတ်သည်ကို သတိပြုသင့်ပါသည်။ **ယတြာ။ ထောပတ်ဆွမ်းကပ်ပါ။**

# မုံရွာဟောဓိတစ်ထောင်နားက ဒေသထွက်ကုန်ကျောက်ငရုတ်ဆုံ

မုံရွာမြို့ရဲ့ တောင်ဘက် ၉ မိုင်ခန့်အကွာ ဗောဓိတစ်ထောင်သာသနာ့နယ်မြေအနီးရှိ ခတက္ကန်(မြောက်) ကျေးရွာဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ကျောက်ဆစ်လုပ်ငန်းကို ဒေသထွက်ကုန်တစ်ရပ်အဖြစ်လုပ်ကိုင်ခဲ့ကြရာ ယနေ့အချိန်အထိ လုပ်ငန်းတွင်ကျယ်လျက်ရှိတယ်လို့ သိရပါတယ်။

ခတက္ကန်ဒေသထွက် ကျောက်ဆစ်ထုတ်ကုန်အနေနဲ့ ကျောက်ငရုတ်ဆုံနဲ့ မုံ့အနှစ်ကြိတ်တဲ့ ဘီးတွေကို အရွယ်မျိုးစုံ ကုန်ချောအဖြစ် ထုတ်လုပ်လျက်ရှိတာ တွေ့ရပါတယ်။ ကုန်ကြမ်းဖြစ်တဲ့ ကျောက်ကိုတော့ ဗောဓိတစ်ထောင် သာသနာ့နယ်မြေအနီး ဖိုးခေါင်တောင်ရိုးက သဘာဝကျောက်ရိုင်းများကို တူးဖော်ထုခွဲ ရောင်းချသူတွေထံမှတစ်ဆင့် ဝယ်ယူရတယ်လို့ ဆိုပါတယ်။ မျက်နှာပြင် ၈ လက်မဝန်းကျင်ရှိတဲ့ ကျောက်တစ်တုံးကို ၅၀၀ ကျပ်ခန့်၊ ၁၂ လက်မ မျက်နှာပြင်ရှိတဲ့ ကျောက်တစ်တုံးကို ၁၀၀၀ ကျပ်နှုန်းနဲ့ အိမ်အရောက်ပို့ပေးတယ်လို့ ကျောက်ဆစ်လုပ်ငန်းရှင် ဦးကျော်ဆွေက ပြောပါတယ်။

ကုန်ချောဈေးကွက်အနေနဲ့ ကျောက်ငရုတ်ဆုံ တစ်စုံကို အနည်းဆုံး ၁၂၀၀ ကျပ်မှ အများဆုံး ၃၀၀၀ ကျပ်ထိပေါက်ဈေးရှိသလို၊ မုန့်ကြိတ်ဘီးကုန်ချောဈေးအနေနဲ့ ၂၂ လက်မအရွယ် ၉၀၀၀ ကျပ်၊ ၂၀ လက်မအရွယ် ၈၀၀၀ ကျပ်၊ ၁၈ လက်မအရွယ် ၇၀၀၀ ကျပ်၊ ၁၆ လက်မ အရွယ် ၆၀၀၀ ကျပ်နဲ့ ၁၂ လက်မ အရွယ် ၄၀၀၀ ကျပ် အသီးသီးပေါက်ဈေးရှိကာ စစ်ကိုင်း၊ မန္တလေး၊ မုံရွာ၊ ရန်ကုန်၊ ဟသ်ာတနဲ့ ပြည်ဒေသတွေထိ တင်ပို့ရောင်းချလျက်ရှိတယ်လို့ သိရပါတယ်။

ကုန်ကြမ်းရရှိမှု ဈေးချိုကာ လွယ်ကူခြင်း၊ ကုန်ချောဝယ်လိုအား ပုံမှန်ရှိခြင်းတို့ကြောင့် ခတက္ကန်(မြောက်)ရွာ ကျောက်ဆစ်လုပ်ငန်းဟာ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ယခုအခါလုပ်ငန်းရှင် ၁၁ ဦး၊ တစ်နိုင်တစ်ပိုင်လုပ်သူ ၁၀ ဦးခန့်နဲ့ လုပ်သား ၃၀၀ နီးပါးရှိလာပြီလို့ လုပ်ငန်းရှင်တစ်ဦးက ဆိုပါတယ်။ လုပ်ငန်းရင်းနှီးမြှုပ်နှံမှုအနေနဲ့ လုပ်သား ၅၀ ဦးခန့်ရှိတဲ့လုပ်ငန်းရှင်က ငွေကျပ်သိန်း ၁၃၀ ခန့်ရှိပြီး၊ လုပ်သား ၃၀ ဦးခန့်ရှိတဲ့ လုပ်ငန်းက ငွေကျပ်သိန်း ၈၀ လောက်မြှုပ်နှံရကာ ငွေကြေးလည်ပတ်မှု ကောင်းမွန်လျက်ရှိတယ်လို့ ဆိုပါတယ်။

ကျောက်ဆစ်လုပ်ငန်းရဲ့ အဓိကလိုအပ်ချက်ဖြစ်တဲ့ ကျွမ်းကျင်လုပ်သားများ ယခုအခါရှားပါးလျက်ရှိပြီး လောလောဆယ်အနေနဲ့ ငရုတ်ဆုံလုပ်သားတစ်ဦးဟာ တစ်နေ့လျှင် ကျပ် ၄၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်အထိ ဝင်ငွေရသလို၊ မုန့်ကြိတ်ဘီးလုပ်သားတစ်ဦးဟာလည်း တစ်နေ့ ကျပ် ၅၀၀၀ မှ ၆၀၀၀ ကျပ်အထိလုပ်ငန်းပြီးစီးမှုအလိုက် ဝင်ငွေရရှိနိုင်တယ်လို့ သိရပါတယ်။ ထုတ်လုပ်မှုအနေနဲ့ လုပ်သားတစ်ဦးတစ်ရက် ငရုတ်ဆုံပြုလုပ်ပါက ၁၀ လုံးပြီးနိုင်ကာ မုန့်နှစ်ကြိတ်ဘီးလုပ်ရင် အကြီး တစ်စုံ (အသေး-၂စုံ) ပြီးစီးကာ ခတက္ကန်မြောက်ရွာရဲ့ တစ်ရက်ကုန်ချော ထုတ် လုပ်နိုင်မှုဟာ ကျောက်ငရုတ်ဆုံ အရွယ်စုံ ၂၀၀ လုံးနဲ့ မုန့် ကြိတ်ဘီး ၅၀ ခန့်ရှိတယ်လို့ သိရပါတယ်။

မုံရွာမြို့နယ်၊ ခတက္ကန်မြောက်ရွာမှ ထုတ်လုပ်တဲ့ ကျောက်ငရုတ်ဆုံမျိုးစုံဟာ ဗောဓိတစ်ထောင်မုခ်ဦးအဝင် ခတက္ကန်တောင်ရွာမှ ဈေးဆိုင်တန်းများမှာ ပြသရောင်းချလျက်ရှိပြီး မြန်မာပြည်အရပ်ရပ်က ဘုရားဖူးဧည့်သည်များမှတစ်ဆင့် ဒေသထွက်ကုန်ဈေးကွက်ကို နေ့စဉ်ဖြန့်ကြက်လျက်ရှိပါကြောင်း---။

**ထွန်းလှိုင်- မုံရွာ**

## ပြည်မြကျောက်သရက်သီးအရောင်းသွက်

မေလ တတိယပတ် သစ်သီးဝလံဈေးကွက်တွင် ပြည်မြို့မှထွက်ရှိတဲ့ မြကျောက်သရက်သီးကတော့ လှိုင်လှိုင်ပေါ်နေပြီး ဈေးကွက်တွင်းဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

မိုးဆက်တိုက်ရွာသွန်းတာကြောင့် သရက်သီးမှည့်များဟာလည်း ချိုအီလာပါတယ်။ မြကျောက် သရက်သီးပေါ်ကာစက တစ်လုံးကို ၃၅၀ ကျပ်-၄၀၀ ကျပ်ထိရှိပြီး ယခုလှိုင်လှိုင်ပေါ်ချိန်တွင် တစ်လုံးကို ၂၀၀ ကျပ်၊ ၁၅၀ ကျပ်တို့ဖြင့် ဖောက်သည်သမားများ ရန်ကုန်သို့ တင်ပို့ကြကြောင်း သိရပါတယ်။ တစ်ရက်ကို အလုံးရေ ၁၀၀၀ ကျော် ပုံမှန်တင်ပို့မှုရှိနေပြီး လက်လီသမားများကလည်း ဈေးကွက်သို့ တစ်လုံးကို ၂၀၀ ကျပ်-၂၅၀ ကျပ်ဖြင့် ဝင်ရောက်လာသမျှ အားလုံး အရောင်းအဝယ်သွက်နေပါတယ်။ လုံးချောတစ်လုံးကို ၃၀၀ ကျပ်ထိ ဈေးရရှိကြောင်း သိရပါတယ်။ **နီနီဝင်း-ပြည်**

➲ စာမျက်နှာ ၂၃ မှအဆက်

**ပုံ၉။ မတ်ပဲရောင်းဝယ်သည့်ရာသီကာလ (Marketing season) နောက်ပိုင်း ဈေးမြင့်သည့်နှစ်များ (၂၀၀၉၊ ၂၀၁၃၊ ၂၀၁၄ နှင့် ၂၀၁၅)**





**ပုံ၁၀။ မတ်ပဲရောင်းဝယ်သည့်ရာသီကာလ (Marketing season ) နောက်ပိုင်း ဈေးကျသည့်နှစ်များ (၂၀၀၈၊ ၂၀၁၀၊ ၂၀၁၁ နှင့် ၂၀၁၂)**





**ဇာစ်မြစ်။ www.etrademyanmar.com**

ပြီးခဲ့သည့် ကာလဈေးကွက်သတင်းအချက်အလက် (Historical Market Information ) များ အရ မတ်ပဲကို မည်သည့်အချိန်တွင် ရောင်းချမည်(When to sell) ဆိုသည့် ဆုံးဖြတ်ချက်အတွက်၊ အထက်တွင် ဖော်ပြထားသော ပြီးခဲ့သည့်ကာလဈေးကွက်သတင်းအချက်အလက် (Historical Market Information )များမှ အထောက်အကူပြုစေရန် စိစစ်သုံးသပ် ဖော်ပြအပ်ပါသည်။

Domestic Sport News
Vol: 15, No.19 Monday May 25 2015

# အမေရိကန်အသင်းသည် မိမိတို့ထက်ပိုကောင်းသော်လည်း ကြောက်စရာမရှိဟု ဂတ်ဆီဇီ ဖွင့်ဟ

မြန်မာ ယူ-၂၀အသင်း၏ နည်းပြချုပ် မစ္စတာ ဂတ်ဆီဇီသည် သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ ကီလို မီတာ ၃၀၀ ခန့်ကွာဝေးသည့် ဂေါ့စ်ဖို့ဒ်ရှိ Central Coast ဘောလုံးကွင်းတွင် မေ ၁၉ ရက်က ကျင်းပခဲ့သည့် အမေရိကန် ယူ-၂၀အသင်းနှင့် သြစတြေးလျယူ-၂၀အသင်းတို့၏ခြေစမ်းပွဲစဉ်အား သွားရောက်ကြည့်ရှုခဲ့ပြီးနောက် အမေရိကန်အသင်းသည် မိမိတို့အသင်းထက် သာလွန်ကောင်းမွန်တောင့်တင်းသည့် အသင်းတစ်သင်းဖြစ်သော်လည်း ကြောက်စရာမရှိကြောင်း မှတ်ချက်ပြုခဲ့သည်။

"အမေရိကန်အသင်းဟာ ကျွန်တော်တို့အသင်းထက် အစစအရာရာ ပိုပြီးကောင်းမွန်ပါတယ်။ ဒါပေမယ့်သိပ်ကောင်းလွန်းတဲ့ အသင်းတစ်သင်းတော့ မဟုတ်ပါဘူး။ ဒီလိုအသင်းမျိုးတွေနဲ့ ဘယ်လိုကစားရမယ်ဆိုတာ ကျွန်တော်တို့ ပြင်ဆင်လေ့ကျင့်ထားတာရှိပါတယ်။ ကစားသမားတွေအနေနဲ့ မှာကြားထားတဲ့အတိုင်း ကြိုးကြိုးစားစား ကစားကြမယ်ဆိုရင် ကြောက်ဖို့မလိုပါဘူး"ဟု နည်းပြချုပ်က ဖွင့်ဟပြောကြားခဲ့သည်။

အမေရိကန်အသင်း၏ ကစားသမားများမှာ မြန်မာကစားသမားများထက် တစ်ဦးချင်း ခန္ဓာကိုယ်ဖွံ့စည်းပုံ၊ အရပ်အမောင်း၊ ပါဝါ၊ ကြံ့ခိုင်မှုများတွင် အစစအရာရာ သာလွန်ကြောင်း ထပ်မံပြောကြားခဲ့သည်။

ထို့အတူ အမေရိကန်အသင်းမှ ကစားသမားလေးဦးခန့်မှာ မြန်မာအသင်းအတွက် အန္တရာယ်ရှိသည့် ကစားသမားများဖြစ်ပြီး အဓိကကစားသမားအချို့မှာလည်း ယခုပွဲတွင် ဝင်ရောက်ကစားခဲ့ခြင်း မရှိကြောင်း ၎င်းက သုံးသပ်ပြောကြားခဲ့သည်။

အဆိုပါ အမေရိကန်ယူ-၂၀အသင်းနှင့် သြစတြေးလျ ယူ-၂၀အသင်းတို့၏ ခြေစမ်းပွဲတွင် အမေရိကန် ယူ-၂၀အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။







# မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းများ၏ ဂျာစီများကို ရောင်းချပေးမည်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဖီဖာကမ္ဘာ့ဖလား ယူ-၂၀ပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ့လက်ရွေးစင် ယူ -၂၀၊ ယူ-၂၃နှင့် လက်ရွေးစင်အသင်းကြီးတို့၏ ဂျာစီများကို ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဂျာစီများကို မေ ၂၁ ရက်မှစတင်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး၏ရှေ့(သုဝဏ္ဏအားကစားကွင်း၏ရှေ့)တွင် နေ့စဉ် နံနက် ၁၀နာရီမှစတင်ကာ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းဂျာစီများအနက် Player Version အား ကျပ် ၃၃၀၀၀၊ Fan Version အား ကျပ် ၁၈၀၀၀ ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ အဆိုပါဈေးနှုန်းများသည် နိုင်ငံခြားမှ မှာယူသည့်ဈေးနှုန်းအတိုင်းပင်ဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံရှိ မြန်မာဘောလုံးချစ်ပရိသတ်များအတွက်ကိုလည်း Player Version အား စင်ကာပူဒေါ်လာ ၄၀၊ Fan Version အား စင်ကာပူဒေါ်လာ ၂၃ ဒေါ်လာဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

စင်ကာပူရှိ မြန်မာဘောလုံးပရိသတ်များအနေဖြင့် seagamemyanmar.order@gmail.com ဖုန်းနံပါတ် +၆၅ ၉၂၇၀၁၇၀၅ သို့ ဆက်သွယ်၍ မှာယူနိုင်ကြောင်း သိရသည်။

# ဖီဖာယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၀ အသင်း မဲလ်ဘုန်းအသင်း၊ ကာတာအသင်းတို့နှင့် ခြေစမ်းကစား၊ ကမ္ဘာ့ဖလားပွဲမတိုင်မီ မည်သည့်ခြေစမ်းပွဲကိုမျှ ထပ်မံပြုလုပ်မည်မဟုတ်တော့ဟုဆို

နယူးဇီလန်နိုင်ငံတွင် ကျင်းပမည့် ၂၀၁၅ခုနှစ် ဖီဖာယူ-၂၀ကမ္ဘာ့ဖလား ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ- ၂၀ အသင်းသည် သြစတြေးလျ နိုင်ငံသို့ရောက်ရှိစဉ် မဲလ်ဘုန်းစီးတီး လူငယ်အသင်းနှင့် မေလ ၁၈ရက်နေ့က ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာ ယူ-၂၀ အသင်းက ခုနစ်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲတွင် ဒဏ်ရာရရှိနေသည့် ငြိမ်းချမ်းအောင်၊ ပြန်လည်သက်သာကာစ သန်းပိုင်တို့ကို ထည့်သွင်းအသုံးပြုခြင်းမရှိဘဲ ကျန်အဓိကကစားသမားများဖြင့်သာ ပွဲထွက်ခဲ့ကြောင်း သိရသည်။

မြန်မာ ယူ-၂၀အသင်းအတွက် အနိုင်ဂိုးများကိုအောင်သူက ဟက်ထရစ်ရယူပြီး မောင်မောင်လွင်က နှစ်ဂိုး၊ ကျော်မင်းဦးနှင့် မောင်မောင်စိုးတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့သည်။

ထို့နောက် မြန်မာယူ-၂၀အသင်းသည် ကာတာအသင်းနှင့်ခြေစမ်းကစားခဲ့ရာကာတာအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ ကာတာ ယူ-၂၀နှင့်မြန်မာယူ-၂၀အသင်းတို့၏ပွဲစဉ်ကို ကွင်းပိတ်၍ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ကွင်းပိတ်ကစားရခြင်းနှင့်ပတ်သက်၍ "ပြိုင်ဘက်တွေက ကျွန်တော်တို့အသင်းရဲ့ခြေစွမ်းနဲ့ ကစားကွက်တွေကို မသိရှိစေဖို့ ခုလိုကွင်းပိတ်ကစားဖို့ စီစဉ်တာပါ။ ဒီခြေစမ်းပွဲက အသင်းရဲ့ နောက်ဆုံးခြေစမ်းပွဲဖြစ်လို့အရမ်းကိုအရေးကြီးပါတယ်။ ပရိသတ်တွေ လုံးဝမပါဘဲ ကွင်းပိတ်ကစားမှာပါ" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



ထို့နောက် ကာတာအသင်းနှင့် မြန်မာအသင်းတို့၏ ခြေစမ်းပွဲသည် အရေးကြီးသည့်ပွဲဖြစ်ကြောင်း နည်းပြချုပ် ဂတ်ဆီဇီက ပြောကြားခဲ့သည်။

"ဒီပွဲဟာနောက်ဆုံးပြင်ဆင်မှုတွေ လုပ်နေတဲ့ ကျွန်တော့်အသင်းအတွက် အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့အသင်းရဲ့ နောက်ဆုံးအနေအထားကိုမြင်တွေ့ရမှာဖြစ်သလို ဘယ်အပိုင်းကို အဓိကထားပြီး ဆက်ပြင်ရမလဲဆိုတာ သိနိုင်တာမို့ပါ။ အဖွဲ့ချုပ်ရဲ့စီစဉ်မှုအပြင် ကစားဖို့လက်ခံခဲ့တဲ့ ကာတာအသင်းကိုပါ ကျေးဇူးတင်မိပါတယ်"ဟု နည်းပြချုပ်ဂတ်ဆီဇီက ပြောကြားခဲ့သည်။

မြန်မာ ယူ-၂၀ အသင်းအနေဖြင့် ကာတာအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် မည်သည့်အသင်းနှင့်မျှ ခြေစမ်းတော့မည်မဟုတ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

"နောက်ထပ် ခြေစမ်းပွဲကစားဖို့ အစီအစဉ်မရှိတော့ပါဘူး။ ကျွန်တော်တို့အနေနဲ့ခြေစမ်းပွဲတွေ လုံလုံလောက်လောက်ကစားခဲ့ပြီးပြီလို့ ထင်ပါတယ်။ ပြိုင်ပွဲမတိုင်ခင်မှာ ကစားသမားတွေ လန်းလန်းဆန်းဆန်းရှိနေဖို့နဲ့ ကြံ့ခိုင်မှုပြည့်ဝနေဖို့ကို အာရုံစိုက်သွားပါ့မယ်" ဟု နည်းပြချုပ်က ပြောကြားခဲ့သည်။

မြန်မာ ယူ-၂၀အသင်း ရှုံးနိမ့်ခဲ့သည့် ကာတာအသင်းသည် မြန်မာအသင်း ပွဲဦးထွက်ယှဉ်ပြိုင်ရမည့် အမေရိကန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျထားခဲ့သည်။ မြန်မာ ယူ-၂၀ အသင်းသည် မေ ၂၄ ရက်တွင် နယူးဇီလန်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

# ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်း၏ အပြီးသတ်လူစာရင်းထုတ်ပြန်

လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် သွားရောက်ယှဉ်ပြိုင်ရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များအတွက် မြန်မာ့လက်ရွေးစင်အသင်း၏ အပြီးသတ်လူစာရင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

အဆိုပါလူစာရင်းတွင် မျက်နှာသစ်ကစားသမားများ ပါဝင်လာသကဲ့သို့ လက်ရွေးစင်အသင်း၏ အမာခံကစားသမားများလည်း ပါဝင်လာခဲ့ကြသည်။

အဆိုပါကစားသမားများကို Goal Hotel ၌ စတင်စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။ ရွေးချယ်ထားသည့် ကစားသမား ၂၄ဦးစာရင်းတွင် ရန်ကုန်ယူနိုက်တက်မှ ခုနစ်ဦးဖြင့်အများဆုံးပါဝင်နေပြီး ကမ္ဘောဇ၊ ဧရာဝတီနှင့် ရတနာပုံအသင်းတို့မှ ကစားသမားသုံးဦးစီ ပါဝင်နေကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်း၏ အပြီးသတ် လူစာရင်းတွင် **(ဂိုး)**ဇနလားဟရွယ် (ဧရာဝတီ)၊ ပြည့်ဖြိုးအောင်၊ ဇော်ထက်လင်း(ဆောက်သမ်း)၊ ရန်အောင်လင်း (ဟံသာဝတီ)၊**(နောက်)**ဇော်ဝင်း၊ ဇော်မင်းထွန်း၊ ခင်မောင်လွင်(ရန်ကုန်)၊ ဇော်လင်း၊ ဝင်းမင်းထွဋ်(ကမ္ဘောဇ)၊ အောင်ဇော်(ဧရာဝတီ)၊ ဇော်ရဲထွန်း (ရတနာပုံ)၊ **(လယ်)**မင်းမင်းသူ၊နိုင်လင်းဦး(ဧရာဝတီ)၊ ကျော်ကိုကို၊ ကြည်လင်း၊ ဒေးဗစ်ထန်၊ ရန်အောင်ကျော် (ရန်ကုန်)၊ ဟိန်းဇာအောင်(မကွေး)၊ ပြည်မိုး (ရခိုင်)၊ ဆောင်လမန်(ချင်း)၊ **(ရှေ့)** စိုးမင်းနိုင်(မကွေး)၊ ဇင်မင်းထွန်း၊ နန္ဒလင်းကျော် ချစ်(ရတနာပုံ)၊ ကျော်ဇေယျာဝင်း(ကမ္ဘောဇ)တို့ဖြစ်ကြောင်း သိရသည်။

# ကမ္ဘာ့လစာအများဆုံး ကစားသမားများအဖြစ် မေဝဲသားနှင့် ပက်ကွီအိုတို့ ဦးဆောင်




ကမ္ဘာ့အားကစား မဂ္ဂဇင်းတစ်စောင်ဖြစ်သည့် ESPN ၏ စာရင်းကောက်ယူမှုများအရ အားကစားလောကတွင် အချမ်းသာဆုံးသော အားကစားသမားများမှာ လက်ဝှေ့ကျော်များဖြစ်သည့် မေဝဲသားနှင့်ပက်ကွီအိုတို့ပင်ဖြစ်သည်ဟု ဒေးလီးမေးလ်သတင်းစာ၏ ထုတ်ပြန်ချက်များအရ သိရသည်။

၎င်းတို့နှစ်ဦး၏နောက်တွင် ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီ၊ ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး ခရစ္စတီယာနိုရော်နယ်ဒို၊ ဖော်မြူလာဝမ်းကားမောင်းချန်ပီယံ ဆီဗက်စတီန်းဗက်တဲလ်နှင့် ဖာနန်ဒိုအလွန်ဆိုတို့က လိုက်ပါလျက်ရှိကြောင်း သိရသည်။

Money ဟု အမည်ပြောင်ပေးထားသည့် မေဝဲသား၏ တစ်လတာရရှိသည့် လစာ(ဝင်ငွေ)မှာ ပေါင်သန်းပေါင်း ၁၆၁ သန်းရှိနေပြီး တစ်မိနစ်လျှင် ပေါင်သန်းပေါင်း ၃ ဒသမ ၈၆ သန်းရှိနေကြောင်း အဆိုပါအစီရင်ခံစာတွင်ဖော်ပြထားသည်။

ပက်ကွီအိုမှာ တစ်နှစ်ဝင်ငွေပေါင် ၉၆ ဒသမ ၅သန်းဖြင့် ဒုတိယနေရာမှ လိုက်နေပြီး လီယွန်နယ်မက်ဆီကမူ ပေါင်သန်းပေါင်း ၃၆ ဒသမ ၂၃ သန်းဖြင့် တတိယနေရာတွင် ရပ်တည်နေသည်ဟုဆိုသည်။

ခရစ္စတီယာနိုရော်နယ်ဒိုမှာ ပေါင်သန်းပေါင်း ၃၂ ဒသမ ၃သန်းဖြင့် စတုတ္ထနေရာတွင်ရပ်တည်နေပြီး ဖော်မြူလာဝမ်းချန်ပီယံ ဗက်တဲလ်မှာမူ ပေါင် ၃၂ ဒသမ ၂သန်း၊ ဖာနန်ဒိုအလွန်ဆိုမှာ ပေါင်သန်းပေါင်း ၂၅ ဒသမ ၇ သန်းရှိခဲ့ကြောင်း သိရသည်။

ဖော်မြူလာဝမ်း ကားမောင်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံ လူးဝစ္စဟာမီလ်တန်မှာမူ ယခုလက်ရှိတွင် အဆင့်ရှစ်နေရာ၌ ရပ်တည်နေသော်လည်း ၎င်းအနေဖြင့် မာစီဒီးကားကုမ္ပဏီနှင့် ၂၀၁၈ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသဖြင့် ဝင်ငွေမှာ ပြောင်းလဲသွားနိုင်ကြောင်းဖြင့် အဆိုပါသတင်းတွင်ဖော်ပြထားသည်။

ကမ္ဘာ့ဝင်ငွေအကောင်းဆုံးကစားသမားဖြစ်သည့် မေဝဲသားသည် လောင်းကစားပြုလုပ်ရာတွင်လည်း ကံကောင်းလျက်ရှိသူတစ်ဦး ဖြစ်သည်ဟုဆိုသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ပြုလုပ်ခဲ့သည့် NBA ဘတ်စကက်ဘော ပြိုင်ပွဲသုံးပွဲနှင့် လက်ဝှေ့ပွဲတစ်ပွဲတို့တွင် အမေရိကန်ဒေါ်လာသုံးသိန်းခွဲ လောင်းကြေးထပ်ခဲ့ရာ အမေရိကန်ဒေါ်လာ ၈၂၇၂၇၂ အနိုင်ရရှိခဲ့ကြောင်း သိရသည်။

# လစာရလိုမှုဖြင့် နယူးယောက်ကော့စ်မိုအသင်းကို အဲရစ်ကန်တိုနာ တရားစွဲဆို



မေဂျာလိဂ်ကလပ်အသင်းပြိုင်ပွဲဝင် နယူးယောက်ကော့စ်မိုအသင်း၏ နည်းစနစ်ဒါရိုက်တာတစ်ဦးဖြစ်သူ အဲရစ်ကန်တိုနာကအသင်းအနေဖြင့်၎င်းအား လစာများပေးချေရန် ကျန်ရှိနေသေးကြောင်း၊ ယင်းအတွက် အသင်းအား တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ မန်ချက်စတာယူနိုက်တက်အသင်း၏ တိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်သူ အသက် ၄၈နှစ်အရွယ်ရှိ ကင်တိုနာသည် ၂၀၁၁ခုနှစ်မှစတင်ကာ နယူး ယောက်ကော့စ်မိုအသင်းတွင် ဒါရိုက်တာအဖြစ် သွားရောက်လုပ်ကိုင်နေခဲ့ခြင်းဖြစ်သည်။

နယူးယောက်ကော့စ်မိုအသင်းအနေဖြင့် ကင်တိုနာအားလစာပေးရန်ကျန်ရှိနေသည့်ပမာဏမှာ အမေရိကန်ဒေါ်လာ ၉၆၁၂၉၀ဖြစ်ကြောင်း သိရသည်။

ကင်တိုနာကတရားစွဲဆိုရာတွင် အဆိုပါလစာများကိုပေးချေရန် ကျန်ရှိသည့်အပြင် ယင်းပမာဏအပေါ်တွင် အတိုးနှုန်း ၄ ရာခိုင်နှုန်းဖြင့် အတိုးငွေကိုပါ ထပ်ဆောင်းပေးရမည်ဟု ဖော်ပြထားသည်ဟုဆိုသည်။

အဲရစ်ကင်တိုနာသည် ပြီးခဲ့သည့်နှစ်က လန်ဒန်မြို့တွင် ဓာတ်ပုံသတင်းထောက်တစ်ဦးကို ထိုးကြိတ်ခဲ့မှုဖြင့် ဖမ်းဆီးခံရပြီးနောက် အသင်းမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

ကင်တိုနာသည် မန်ယူအသင်းတွင်ရှိနေစဉ် ၁၉၉၄-၁၉၉၅ ဘောလုံးရာသီတွင် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ပရိသတ်တစ်ဦးအား ထိုးကြိတ်ခဲ့မှုဖြင့် ကိုးလတာ ဘောလုံးကစားခွင့် ပိတ်ပင်ခံခဲ့ရသည်။

နယူးယောက်ကော့စ်မိုအသင်းသည် အမေရိကန်ဘောလုံးလောကတွင် ၁၉၇၀ ပြည့်နှစ်အတွင်းက ကမ္ဘာကျော် ဘရာဇီးဘောလုံးသမား ပီလီနှင့် ဂျာမနီလက်ရွေးစင် နောက်ခံကစားသမား ဘက်ကင်ဘောင်ဝါတို့ကို နည်းပြများအဖြစ် ငှားရမ်းခဲ့ပြီးနောက် နာမည်ကြီးလာသည့် ဘောလုံးအသင်း တစ်သင်းဖြစ်လာခဲ့သည်။




# ဖနောင့်ကြောဒဏ်ရာက အိုလံပစ်ဝင်ခွင့်အိပ်မက်ကို နှောင့်ယှက်နေဟု ဂျက်စီကာအန်းနစ် ဝန်ခံ

ဗြိတိန်ခုနစ်မျိုးစုံအားကစားမယ် ဂျက်ဆီကာအန်းနစ်က ၂၀၁၆ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ကျင်းပမည့် ရီယိုဒီဂျနေရိုးအိုလံပစ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရေး ရည်မှန်းထားမှုကို ၎င်း၏ဖနောင့်ကြောဒဏ်ရာက အနှောင့် အယှက်ပေးနေသည်ဟု ဝန်ခံခဲ့သည်။ ၂၀၁၂ လန်ဒန်အိုလံပစ်ခုနစ်မျိုးစုံချန်ပီယံ အန်းနစ်သည် ပြီးခဲ့သည့် မေ ၁၇ရက်နေ့က ကျင်းပခဲ့သော Loughborough ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း၎င်း၏အကောင်း ဆုံးစံချိန်များကို မရသေးပေ။

အလျားခုန်တွင် ၆ ဒသမ ၁၆ မီတာဖြင့် တတိယသာရခဲ့ပြီး လှံတံပစ်တွင်လည်း ၄၃ ဒသမ ၈၈မီတာဖြင့် အဆင့်ခြောက်တွင်သာချိတ်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲမှာ လွန်ခဲ့သည့် နှစ်နှစ်နီးပါးအတွင်း ဒုတိယမြောက် ပါဝင်ယှဉ်ပြိုင်ခဲ့သည့်ပြိုင်ပွဲဖြစ်ပြီး ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျင်းပခဲ့သော ဂရိတ်မန်ချက်စတာအားကစားပြိုင်ပွဲ၏ မီတာ၁၀၀တန်းကျော်ပြေးပွဲတွင်လည်း တတိယသာ ချိတ်နိုင်ခဲ့သည်။

အင်းနစ်မှာ ဒဏ်ရာပြဿနာများအပြင် သားဦးလေးမွေးဖွားမှုကြောင့်လည်း ကာလရှည်အနားယူခဲ့ရခြင်းဖြစ်သည်။ လက်ရှိတွင် ၂၀၁၆ အိုလံပစ်အတွက် ရည်ရွယ်လေ့ကျင့်နေသူ အန်းနစ်က ဖနောင့်ကြောဒဏ်ရာဟောင်းမှာ ယခုတိုင် ဒုက္ခပေးနေဆဲဖြစ်သည်ဟု ဝန်ခံပြောဆိုသွားခဲ့သည်။

# စံချိန်တင်စုစုပေါင်းရိုက်ချက်၊ လျှော့ရိုက်ချက်များဖြင့် Wells Fargo ချန်ပီယံဆုကိုမက်အီရွိုင်းဆွတ်ခူး



ကမ္ဘာ့အဆင့် တစ်မြောက်အိုင်ယာလန် ဂေါက်သီးသမား မက်အီရွိုင်းသည် Wells Fargo ချန်ပီယံရှစ်ပြိုင်ပွဲတွင် စံချိန်တင် စုစုပေါင်းရိုက်ချက်၊ လျှော့ရိုက်ချက်များဖြင့် ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

တတိယနေ့ ပွဲစဉ်တွင် ဆုကြေးစားဘဝ၌ တစ်ရက်တာ ရိုက်ချက်အနည်းဆုံး စံချိန်(၆၁ချက်)တင်နိုင်ခဲ့သေးသော မက်အီရွိုင်းသည် နောက်ဆုံးနေ့တွင်လည်း ၆၉ ချက်ရိုက်ပြီး ဆုဖလားကို ထိုက်တန်စွာ ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

၎င်း၏ လေးရက်ပေါင်း ရိုက်ချက် ၂၆၇ ချက်မှာ ပြိုင်ပွဲ၏ အကောင်းဆုံး စံချိန်ဖြစ်ခဲ့သလို လျှော့ရိုက်ချက် ၂၁ ချက်မှာလည်း စံချိန်သစ်ဖြစ်ခဲ့သည်။ ထို့အပြင် ပူးတွဲဒုတိယရခဲ့သော အမေရိကန်မှ ပက်ထရစ်ရော်ဂျာနှင့်ဝပ်ဆင်မ်ဆန်တို့ကို ခုနစ်ချက် အသာရခဲ့ခြင်းမှာလည်း စံချိန်သစ်ပင်ဖြစ်သည်။

“ဒီပြိုင်ပွဲ ကျင်းပနေတဲ့ရက်ထဲမှာ ကွင်းတော်ကို ကစားသမားတွေအားလုံးက ထိန်းချုပ်ထားသလိုခံစားရတယ်။ ပွဲပြီးသွားတဲ့အချိန်မှာ ကွင်းတော်သင်ခန်းစာတွေ ကောင်းကောင်းရခဲ့ပါတယ်”ဟု မက်အီရွိုင်းက ပြောကြားခဲ့သည်။

မက်အီရွိုင်းသည် ယခုလအစောပိုင်းက ကျင်းပခဲ့သည့် WGC Cadillac ပြိုင်ပွဲတွင်လည်း ဗိုလ်စွဲခဲ့သေးရာ နှစ်ပတ်အတွင်း ဖလားနှစ်လုံး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ နောက်ဆုံး PGA ပြိုင်ပွဲ ရှစ်ပွဲတွင်လည်း ထိပ်ဆုံး ၁၀ ဦးစာရင်းသို့ ဝင်ခဲ့သည်မှာ ခြောက်ကြိမ်ရှိခဲ့သည်။ ထို့ပြင် ဆုကြေးစားဘဝ ပွဲဦးထွက်ဆုဖလားကိုလည်း Wells Fargo ပြိုင်ပွဲတွင် ရယူနိုင်ခဲ့ပြီး PGA ဖလား ၁၁ လုံးကို ပိုင်ဆိုင်ခဲ့ပြီးဖြစ်သည်။

# အမယ်သစ်ပို့ကုန် ကြယ်ပဲရဲ့ စိုက်ပျိုးရာမှာ – စကား အသီးအပွင့်မှာ အလက်ာ ဈေးကွက်မှာ–ဇာတ်လမ်း

|မြင့်ဦး-ပခုက္ကူ|

ဆက်သွယ်ရေးနည်းစနစ်တွေ ကောင်းမွန်လာတဲ့ခေတ်စနစ် (IT) ဆိုတဲ့ ခေတ်တစ်ခေတ်မှာ ကမ္ဘာကြီးကို ကမ္ဘာ့ရွာလို့ တင်စားလာကြရတာပေါ့။ ကမ္ဘာ့အရှေ့ခြမ်းကဖြစ်ပျက်သွားတဲ့ကိစ္စတစ်ခုကို ကျန်တဲ့ကမ္ဘာဘက်ခြမ်းက တစ်ဆက်တည်း သိရတယ်။ အပြန်အလှန်ပေါ့။ ကိုယ့်ပြည်တွင်းက ကိုယ့်ဒေသတစ်ခုမှာကိုဘဲ သေချာလေ့လာကြည့်ရင် ပြောင်းလဲမှုတွေ တွေ့နေရမှာပါ။ ဥပမာ-ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ မုန်ညင်းထုပ်၊ ခါကြက်ဥ (မုန်လာဥနီ) ဆိုတာတွေဟာ ဟိုတုန်းက ဆောင်းတွင်းမှာမှ မြင်ကြစားကြရတဲ့ပစ္စည်းမျိုးဖြစ်ပြီး၊ ရာသီဒေသ ရေမြေကွာခြားမှုတွေကြောင့် ဒီအပင်၊ ဒီအထုပ်၊ ဒီဥတွေဟာ မေမြို့ကစိုက်မှ ရှမ်းပြည်နယ်ကစိုက်မှ ထွက်မှ ကိုယ့်ဒေသကိုတင်ပို့သယ်ယူရောက်ရှိလာပြီး စားကြရတာမျိုး အခြေအနေ ခုကိုယ့်ဒေသမှာ စိုက်လို့ရသလို နွေမိုးဆောင်းရာသီမရွေးစားသုံးလို့ရနေပါပြီ။ ခေတ်တစ်ခုရဲ့ ထင်ဟပ်လာသော ပုံရိပ်အကျိုးခံစားနေရတာမဟုတ်ပါလား။ ဒီကတစ်ဆင့် နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ ရောင်းမှုဝယ်မှုပြုကြတယ်။

ကိုယ့်တိုင်းပြည်ကထွက်တာ ပြည်တွင်းစားသုံးလို့ပိုလျှံတာ၊ ပြည်ပတင်ပို့ရောင်းချပြီး တိုင်းပြည် ဝင်ငွေရှာကြတယ်။ ကိုယ့်တိုင်းပြည်ကလိုနေရင်ကော တင်သွင်းကြရမှာပေ့ါဗျာ။ ကမ္ဘာ့ရွာဆိုတဲ့ ခေတ်ကြီးထဲမှာ တိုးတက်လာတဲ့နည်းပညာတွေအရ ဒီနေရာ၊ ဒီရာသီဥတု၊ ဒီမြေအမျိုးအစားမှာ ဒီအပင်စိုက်လို့ရတယ်။ ဟိုအပင်ကတော့ ရေမြေသဘာဝရာသီဥတုနဲ့ မညီလို့ စိုက်ပျိုးမရဘူးဆိုတဲ့ ခေတ်ကြီး မရှိတော့ပါဘူး။ ဒ့ါပြင်ခေတ်မီ တိုးတက်လာတဲ့ ခေတ်ကြီးမှာ နည်းပညာဆိုတာကို အခြေခံလို့ရအောင် စိုက်မယ်ဆိုတဲ့ စိတ်ဓာတ်မွေးမြူ တီထွင် ကြံဆကြတော့ စိုက်ပျိုးအောင်မြင်ကြတော့တာပေ့ါ။ စိုက်ပျိုးတယ်၊ ထုတ်လုပ်တယ်။ တင်ပို့ရောင်းချတယ်။

တစ်ခါ ဝယ်ယူသူ အပိုင်းကြည့်ရအောင်ပါ။ ပစ္စည်းတစ်ခုနှစ်သက်တယ်။ ကြိုက်တယ်၊ ဝယ်ယူလိုတယ်၊ ညှိနှိုင်းတယ်၊ ရောင်းသူနဲ့ဝယ်သူ ရောင်းသူအပိုင်းက သေချာပေါက်ထွက်တယ်။ ကိုယ့်ပစ္စည်းသူတို့ (ဝယ်ယူ) လိုနေတယ်၊ ကြိုက်နေတယ်၊ သေချာ ပေါက်ရောင်းရမယ်၊ ဈေးကိုင်တယ်။ ရနိုင်သရွေ့ဈေးတင်တယ်။ ဒီမှာဝယ်သူကဝယ်ယူပုံနည်းစနစ် ပြောင်းတယ်။ ဒါမှမဟုတ် အစားထိုးစားသုံးမယ်ဆိုတာတွေ ဖြစ်ပေါ်လာကြတယ်။ အကောင်အထည်ဖော်လာကြတယ်။

ဥပမာ-မြန်မာပြည်ကထွက်တဲ့ ဂန့်ဂေါထောပတ်ပဲ တစ်ခေတ်ဖြစ်ခဲ့ဖူးတယ်။ ပြည်ပဝင်ငွေများစွာရခဲ့တယ်။ နောက်ပိုင်း ဂန့်ဂေါထောပတ်ပဲနေရာကို ဝိုက်ဘီး၊ ဘေဘီလိုင်မာဆိုတဲ့ပဲများ အစားထိုးဝင်ရောက်လာတယ်။ ဂန့်ဂေါ ထောပတ်ပဲကို မမီသော်လည်း နီးပါးမီတယ်။ ကောင်းတယ်၊ သူ့အားသာချက်က ဂန့်ဂေါထောပတ်ပဲထက်ဈေးချို တယ်။ ဒီယှဉ်ပြိုင်မှုမှာ ဂန့်ဂေါထောပတ်ပဲရှုံးတယ်ပေ့ါဗျာ။

တစ်ခါ ပဲစင်းငုံ နိုင်ငံခြားဈေးကွက်ခိုင်တယ်။ မာတယ်၊ ဒီနေရာမှာ ကနေဒါက ပဲနီလေးဆိုတာ အစားထိုးလာတယ်။ ဒါဟာ လူတွေပြုလုပ်လေ့ရှိကြတဲ့ လူ့လောက၊ လူ့ပတ်ဝန်းကျင်ရဲ့အမူအကျင့်ပါ။ ထုတ်လုပ်တင်ပို့ရောင်းချသူက သူ့ပစ္စည်းရောင်းရမှန်းသိတော့ ဈေးကိုင်မယ်။ ဝယ်ယူစားသုံးသူက အတတ်နိုင်ဆုံး အောင့်အီးသည်းခံဝယ်ယူစားသုံးတယ်။ နောက်ဆုံး သည်းခံမှု ကုန်တော့ အစားထိုးစားသုံးတယ်။ ရောင်းချသူဈေးကွက် မပျက်သော်လည်း ထိလာတယ်။ ဈေးကိုင်လို့မရတော့ဘူး။ ဒီအတိုင်းနေမယ်ထင်ပါသလား။ စာရှုသူ၊ ပို့ကုန်အမယ်အသစ်ရှာကြတော့တာပေ့ါ။

ဒီစာစုအစမှာတင်ပြခဲ့သလို လူတွေပဲဗျာ။ နည်းပညာအတတ်ပညာဆန်းတွေနဲ့ လိုက်လျောညီထွေရှိတဲ့ (သို့)လိုက်လျောညီထွေမဖြစ်ဖြစ်အောင် အဆင့်ဆင့်ပြုပြင်လို့ စိုက်ပျိုးထုတ်လုပ်ကြမှာပေ့ါ။ မိမိတို့ဌာနရဲ့ရည်မှန်းချက်ထဲမှာကို “ပြည်တွင်းပြည်ပ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်”ဆိုတဲ့ ရည်မှန်းချက်ပါနေတာပဲ။ ဒီတော့ ပုံမှန်စိုက်ပျိုးထုတ်လုပ်ရာကနေ အမယ်သစ်ပို့ကုန်ဆိုတာ ရှာဖွေလေ့လာ ဆန်းစစ်သုံးသပ်ဖော်ဆောင်ကြရမှာပေ့ါ။ ယခင်ကတည်းက ကိုယ့်နိုင်ငံမှာ ပုံမှန်စိုက်ပျိုးနေရာက ဝဥခြောက်၊ ကြက်ဟင်းခါးသီးခြောက်၊ ဂျုံးမြစ်၊ ကညွတ်စတာတွေ စနစ်တကျစိုက်ပျိုးတင်ပို့နေကြပါပြီ။

ခုတလော မြန်မာပြည်နေရာအနှံ့မှာ ကြားနေရတဲ့ ကြယ်ပဲ (Star Bean) ကိုကိုယ့်ပတ်ဝန်းကျင်က မြို့နယ် တွေမှာ စတင်စိုက်ပျိုးနေတာကို သွားရင်းလာရင်း လေ့လာတွေ့ရှိနေရပါပြီ။ အမယ်သစ်ထွက်ကုန်ဖြစ်နိုင်မလား။ အကျိုးရှိနိုင်မလား။ ဈေးကွက်ကောခိုင်မာရဲ့လားဆိုတာတွေကို လေ့လာကြည့်ရင်း သူ့ရဲ့မျိုးရင်းဟာ ပီရူးနိုင်ငံ (Inca) ဒေသမှ စတင်တွေ့ရှိပြီး ထိုင်း၊ လာအို၊ ဗီယက်နမ်စတဲ့ အရှေ့တောင်အာရှနိုင်ငံတွေမှာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း နေတာ ငါးနှစ်၊ ခြောက်နှစ်ခန့်ရှိနေပြီလို့သိရပါတယ်။ ကိုယ့်မြန်မာနိုင်ငံမှာလည်း ၂၀၁၄ ခုနှစ်မှာ စတင်ဝင်ရောက်လာပြီး နေရာဒေသတော်တော်များများမှာ စိုက်ပျိုးနေကြပြီဆိုတာသိရပါတယ်။ သေသေချာချာလေ့လာကြည့်ရအောင်ပါ-

| | | |
|---|---|---|
| **ကြယ်ပဲ** | - | (Sacha Inchi) |
| **မြန်မာအမည်** | - | ကြယ်ပဲ |
| **အင်္ဂလိပ်အမည်** | - | Sacha Peanut, Mountain Jnca Peanut |
| **ရုက္ခဗေဒအမည်** | - | Plaukemetia Voluilis |
| **စိုက်ပျိုးနိုင်မည့် မြေအမျိုးအစား** | - | နယ်မြေဒေသမရွေးစိုက်ပျိုးနိုင်သည် |

ကြယ်ပဲကိုစိုက်ပျိုးပုံမှာ ဇွန်လတွင် ကျင်းတူးမြေဆွထည့်မြေနုပ်၊ ဇူလိုင်လတွင် အပင်စိုက်ရေဖြန်း၊ ဩဂုတ်လတွင် မြေဆီကျွေး၊ မြေဆီပိုးသတ်ဆေးဖြန်း၊ စက်တင်ဘာလတွင် အပင်သေအပင်ဖာ၊ ပေါင်းရှင်း၊ အောက်တိုဘာလ မြေဩဇာကျွေး၊ နိုဝင်ဘာလ မြေဆွပေါင်းရှင်း၊ ဒီဇင်ဘာလ ဆေးဖြန်း၊ ရေဝင်ရေထွက် ပေါင်းရှင်းဆိုတာဖြစ်ပါတယ်။

စတင်စိုက်ပျိုးသော ရင်းနှီးမှုကုန်ကျငွေမှာ တစ်ဧကလျှင် ကျပ်ငါးသိန်းပတ်ဝန်းကျင် ကုန်ကျမည်ဟုသိရှိရပြီး၊ စတင်စိုက်ပျိုးသော ပထမနှစ်တွင် ကျပ်တစ်သိန်းအမြတ်ကျန်ရှိမှာဖြစ်ပြီး၊ ဒုတိယနှစ်မှ စတင်ကာ တစ်နှစ်လျှင် ကျပ် ၁၂ သိန်းအထိ အမြတ်ကျန်နိုင်ကြောင်း မှတ်တမ်းများအရသိရှိလေ့လာရပါတယ်။ ကြယ်ပဲပင်ဟာ သက်တမ်းနှစ် ၃၀ မှ ၅၀ နှစ်ထိ ကြာရှည်တာဖြစ်တဲ့အတွက် အနေအထားမှာ အကျိုးပြုမယ်။ အကျိုးရှိမယ့် အမြတ်အစွန်းတကယ်ရှိတဲ့ သီးနှံလို့ ပြောရမှာပါ။

ဈေးကွက်အနေအထားကိုလေ့လာကြည့်ရင် ထိုင်း၊ ဗီယက်နမ်၊ လာအိုစတဲ့နိုင်ငံများမှာ စိုက်ပျိုး အောင်မြင် ဖြစ်ထွန်းနေကြပြီဖြစ်ပြီး၊ မြန်မာနိုင်ငံတွင် သေသေချာချာ စနစ်တကျအောင်မြင်ဖြစ်ထွန်းထွက်ရှိပါက ထိုင်းနိုင်ငံရှိကုမ္ပဏီများမှ ဝယ်လက်များလာရောက်ဝယ်ယူရန် ကမ်းလှမ်းမှုရှိနေပြီး ပြည်တွင်းမှာ အဆီထုတ်သည့်စက်များ လာရောက်တည်ဆောက်လိုကြောင်း ကမ်းလှမ်းမှုရှိသည်ဆိုသည့် သတင်းများကြားရသည်ဟု သတင်းများလည်း ရရှိထားကြောင်းသိရှိနေရပါတယ်။ မြန်မာပြည်ရဲ့လက်ရှိအနေအထားကတော့ ကြယ်ပဲတစ်ကီလို ၈၀၀ ကျပ်မှ ၁၀၀၀ ကျပ်ကျော်ဈေးပတ်ဝန်းကျင်ရှိနေတယ်လို့ သိရပါတယ်။ ဒါပေမယ့် ခုဖြစ်ပေါ်နေတဲ့ ဈေးကွက်အနေအထားမှာ ကုမ္ပဏီတစ်ခုက မျိုးစေ့ထုတ်လုပ်ရောင်းချနေပြီး မျိုးစေ့ ၂ ဧကနီးပါးကို ၂၆၀၀၀၀ ကျပ်နဲ့ဝယ်ရပြီး သူ့ရဲ့မျိုးစေ့ဝယ်မှ ထွက်သည့်ပဲကို ပြန်လည်ဝယ်ယူမယ်ဆိုတဲ့ သတ်မှတ်ချက်တွေရှိနေတယ်လို့လည်းကြားသိရပါတယ်။ ဒါလည်း ဖြစ်သင့်ဖြစ်ထိုက်တဲ့ အနေအထားတစ်ခုလို့ဆိုရမှာပါ။ စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်ရဲ့ ရသင့်တဲ့ အခွင့်အရေး လို့ ပြောရမယ်ထင်ပါတယ်။ ဘာပဲပြောပြော ကြယ်ပဲရဲ့ ဈေးကွက်အနေအထား ပြည်တွင်းမှာရော၊ ပြည်ပမှာပါ အလားအလာကောင်းရှိတယ်လို့ သတ်မှတ်ရမှာပေ့ါဗျာ။

အမယ်သစ်ပစ္စည်းတစ်ခု ပို့ကုန်တစ်ခုပေါ်တယ်။ အဲဒီ ပစ္စည်းဟာ ကိုယ့်ဒေသနဲ့ကိုက်ညီရဲ့လား၊ စိုက်ပျိုး ဖြစ်ထွန်းအောင်မြင်နိုင်ရဲ့လား၊ ကောင်းပြီ၊ ကိုယ့်ဒေသရဲ့ ရေမြေသဘာဝနဲ့ကိုက်ညီတယ်။ ဒါမှမဟုတ် စိုက်ပျိုးလို့ ရအောင် အဆင့်ဆင့်ပြုပြင်ဆောင်ရွက်မယ်။ ထွက်ရှိပြီးထွက်ရှိတဲ့ပစ္စည်းဟာ အသုံးဝင်ရဲ့လား၊ အသုံးပြုလို့ရရဲ့လား၊ ကိုယ်နဲ့ကိုယ့်ပတ်ဝန်းကျင် ကိုက်ညီအသုံးပြုရဲ့လား၊ အဲဒါတွေပြည့်စုံပြီဆိုရင် ဝယ်ယူအသုံးပြုမယ့် ဈေးကွက်ရှိရဲ့လား၊ ဒါတွေဟာ လူတို့လုပ်ကြံဖန်တီးထားတဲ့ ရုပ်ပြ၊ ဝတ္ထု၊ ဗီဒီယို၊ ရုပ်ရှင်ဇာတ်လမ်းများမဟုတ်တဲ့ တကယ့်ဖြစ်စဉ်တစ်ခုပါ။ ဇာတ်လမ်းတစ်ပုဒ်ပါ။ လေ့လာဖတ်ရှုမှတ်သားစွဲလမ်းခဲ့ရတဲ့ ဆရာ့ဆရာကြီးများရေးခဲ့တဲ့ စာပေအသုံးအနှုန်းများကို တုပမှီငြမ်းခွင့်ပြုပါ။ စာရှုသူများခင်ဗျား ခြေမှာ. . စကား၊ လက်ဖျား . . အလင်္ကာ၊ မျက်နှာမှာ. . ဇာတ်လမ်းဆိုတာကိုပါ။ ကြယ်ပဲနဲ့ပတ်သက်လို့ စိုက်ပျိုးရာမှာ. . စကား၊ သီးပွင့်ဖြစ်ထွန်းရာမှာ. . အလင်္ကာ၊ ဈေးကွက်မှာ . . ဇာတ်လမ်းလို့ မှတ်တမ်းတင်ပြီး အမယ်သစ်ပို့ကုန် ကြယ်ပဲစိုက်ပျိုးရင်း တိုင်းပြည်ဝင်ငွေတိုးစေဖို့ အမယ်သစ်ကြယ်ပဲ စိုက်ပျိုးကြပါစို့လို့ တိုက်တွန်းနှိုးဆော်ရင်း စိုက်ပျိုးထုတ်လုပ်သူ တောင်သူဦးကြီးများ ဝင်ငွေတိုးပွားကြပါစေလို့ ဆုတောင်း လျက် . . . . . ။

## ကသာတွင် ခရီးသွားလမ်းညွှန်သင်တန်း ဖွင့်လှစ်မည်

ကသာခရိုင်မှာရှိတဲ့ ကသာမြို့နယ်နဲ့ ဗန်းမောက်မြို့နယ်တို့မှာ နိုင်ငံခြားခရီးသွားတွေအလာများတဲ့အလျောက် ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် ဌာနမှဦးဆောင်ပြီး ဧည့်လမ်းညွှန်သင်တန်းဖွင့်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီသင်တန်းကို ကသာမြို့တော်ခန်းမမှာ ပြုလုပ်မှာဖြစ်ပါတယ်။ ဟိုတယ်နှင့် ခရီးသွားလာရေးမှ တစ်လသင်တန်းပို့ချမှာဖြစ်ပြီး ဒေသတွင်း လုပ်ကိုင်ရန် သင်တန်းဆင်းလက်မှတ်များ ပေးသွားမယ်လို့ သိရပါတယ်။ သင်တန်းသားအနေနဲ့ အသက် ၁၈ နှစ်ပြည့် ဒသမတန်းအောင်မြင်သူဖြစ်ပြီး ကောလင်းမြို့နယ် ရွှေတောဘက်မှာ လုပ်ကိုင်လျက်ရှိကြတဲ့ အသက် ၄၀ ကျော်အရွယ်များပါ ပါဝင်ကာမြို့နယ်စုံမှ သင်တန်းသားဦးရေ ၇၃ ဦးရရှိပြီဖြစ်လို့ မကြာခင်မှာ စတင်ဖွင့်လှစ်တော့မှာ ဖြစ်ပါတယ်။

“သင်တန်းက တစ်လဆိုတော့ သိပ်မကြာဘူးလေ၊ ကျွန်မတို့က တက္ကသိုလ်တက်ဖို့စောင့်နေတဲ့ အချိန်ဆိုတော့ အဆင်သင့်ဖြစ်သွားတာပေ့ါ။ သီးသန့်တက်မယ်ဆိုရင် စားစရိတ်၊ သင်တန်းစရိတ်နဲ့ ကုန်ကျစရိတ်ကမနည်းဘူး။ ခုဟာကကိုယ့်မြို့မှာလာဖွင့်မယ်၊ သင်တန်းစရိတ်လည်းမပေးရဘူးဆိုတော့ ကိုယ့်ဘက် ကကြိုးစားရမယ့်အပိုင်းပဲကျန်တော့တာပေ့ါ၊ သူငယ်ချင်းတွေနဲ့အတူတက်မှာပါ။ ခုလိုစီမံ ဆောင်ရွက်လာတဲ့ ဌာနဆိုင်ရာအားလုံးကို ကျေးဇူးတင်ပါတယ်” လို့ တက္ကသိုလ်တက်ရောက်မယ့် ကျောင်းသူတစ်ဦးက ပြောသလို ကောလင်းမြို့နယ်ရှိ ရွှေတွင်းလုပ်ကိုင်သူမှလည်း “ ကျွန်မတို့ဘက်မှာ အစိုးရနဲ့ ဖက်စပ်လုပ်တဲ့ ရွှေလုပ်ကွက်တွေ ရှိပါတယ်။ အဲဒီမှာလည်း နိုင်ငံခြားသားတချို့လာရောက်ကြလို့ အင်္ဂလိပ်စကားပြောတတ်ရင် အဆင်ပြေပါတယ်။ ဒါကြောင့် ဒီသင်တန်းကို တက်ဖို့စာရင်းပေးရတာပါ” လို့ ပြောပြပါတယ်။

**စွမ်းရည် - ကသာ**

## Trade Facilitation & Trade Promotion

# ကယားပြည်နယ်တွင် ကုန်သည်အသင်းများ ဖွဲ့စည်းပြီးစီး

ကယားပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီး ဌာန၊ ကုန်သွယ်မှုသင်တန်းခန်းမတွင် ၂၀၁၅ ခုနှစ်၊ မေ ၁၈ ရက်နေ့က ကယားပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ပြန်လည်ဖွဲ့စည်းခြင်းနှင့် မယ်စဲ့နယ်စပ်ကုန်သွယ်ရေး ကုန်သည်များ အသင်း ဖွဲ့စည်းခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့သည်။

ဖွဲ့စည်းခြင်းအခမ်းအနားသို့ ကယားပြည်နယ်အစိုးရ စီမံစီးပွားဝန်ကြီးကိုယ်စား၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးရဲဝင်း တက်ရောက်ပြီး အမှာစကားပြောကြားခဲ့ပါသည်။ ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ အထွေထွေအတွင်းရေးမှူး (၁) ဦးအေးလွင်၊ နေပြည်တော်ရှိ ကုန်သွယ်ရေးဦးစီးဌာန၊ ကယားပြည်နယ်ဌာနဆိုင်ရာများဖြစ်ကြသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့ဌာနနှင့် သက်ဆိုင်သည့် ကုန်သွယ်မှုဆိုင်ရာ ဗဟုသုတများကို မျှဝေပြောကြားပြီး တက်ရောက်လာသောကုန်သည်များ နှင့် အပြန်အလှန်ဆွေးနွေးခဲ့ပါသည်။

တက်ရောက်လာသော ကုန်သည်များ၏ အများသဘောတူ လျို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် အသင်းအမှုဆောင်အဖွဲ့များကို ရွေးချယ်ကြရာ ဦးသိန်းမြင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ၂၀ ဦးပါသည့် ကယားပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ဦးရှော်လမုန် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင် ၁၂ ဦးပါဝင်သည့် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းကို အောင်မြင်စွာဖွဲ့စည်းခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်မောင်အေး-လွိုင်ကော်**

## Petrovietnam Conference and Exhibition 2015
## ဆွေးနွေးပွဲနှင့် ပြပွဲ ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည်




"Petrovietnam Conference and Exhibition 2015" ဆွေးနွေးပွဲ နှင့်ပြပွဲကို ၂၀၁၅ခုနှစ်၊အောက်တိုဘာလ ၂၁ ရက်နေ့မှ ၂၃ရက်နေ့အထိဗီယက်နမ် နိုင်ငံ၊ ဟိုချီမင်းမြို့၊ Sai Gon Exhibition and Convention Centre (SECC) တွင်ကျင်းပမည်ဖြစ် ကြောင်းသတင်းရရှိပါသည်။ "Petrovietnam Conference and Exhibition 2015" ပြပွဲတွင် Petrovietnam ၏နှစ်(၄၀)ပြည့် နှစ်ပတ်လည်အခမ်းအနားကိုကျင်းပသွားမည်ဖြစ်ပါသည်။အဆိုပါပြပွဲတွင် ဗီယက်နမ်နိုင်ငံ၏ရေနံနှင့် သဘာဝဓာတ်ငွေ့ စက်မှုလုပ်ငန်းများကိုပြသမည်ဖြစ်ပါသည်။ဆွေးနွေးပွဲ၌ဒေသတွင်း နှင့်နိုင်ငံတကာ မှ ရေနံထုတ်လုပ်သည့် လုပ်ငန်းရှင်များမှ နည်းပညာသစ်များ၊ ရေနံနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများ၊ စွမ်းအင်ဖူလုံရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးပြီး အကြံဉာဏ်များ ဖလှယ်နိုင်စေရန် ဖိုရမ်တစ်ရပ်ကိုလည်း ကျင်းပသွားမည်ဖြစ်ပါကြောင်းနှင့်စိတ်ပါ ဝင်စားသည့်မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ကုန်စည်ပြပွဲ နှင့်ကုန်သွယ်မှုဗဟိုဌာနများဌာနခွဲနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ(ကုန်စည်ပြပွဲ)**

# ဧရာဝတီတိုင်းဒေသကြီး၏ အနာဂတ်စီးပွားရေး အခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၏ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများအတွက် ပြင်ဆင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဒေါက်တာအောင်ထွန်းသက်ရဲ့ စီးပွားရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲကို ပုသိမ်မြို့၊ မဟာဗန္ဓုလလမ်း၊ ပုသိမ်ဟိုတယ်မှာ မေလ ၁၆ ရက်နေ့က ကျင်းပပြုလုပ်ရာ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘွဲ့ရပညာတတ်များနဲ့ ကျောင်းသားလူငယ်များ၊ NGO များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

၎င်းစီးပွားရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲကို တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီး ၁၆ ခုမှာ ပြုလုပ်သွာ မှာဖြစ်ပြီး ယခုဧရာဝတီတိုင်းဒေသကြီးမှာ ငါးကြိမ်မြောက် ပြုလုပ်တာဖြစ်ကြောင်း၊ ဆွေးနွေးပွဲအတွက် အဓိကပံ့ပိုးသော ကုမ္ပဏီမှာ ဧရာဝတီဘဏ်(ရုံးချုပ်)၊ ရန်ကုန်/ပုသိမ်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ဧရာဝတီတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်များအသင်း၊ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းမှလည်း ပူးပေါင်းပါဝင်ပြီး ပွဲကိုစီစဉ်ခြင်းဖြစ်ကြောင်း ကွန်ပျူတာပညာရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦးက ပြောပါတယ်။

အဆိုပါ စီးပွားရေးဆိုင်ရာ ဆွေး နွေးဟောပြောပွဲမှာ ဒေါက်တာအောင်ထွန်းသက်က တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရယူဆောင်ရွက်မည့် လူငယ်လူရွယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သိသင့် သိထိုက်သည့်ကိစ္စရပ်များ၊ ၂၁ ရာစု စီးပွားရေးစိန်ခေါ်မှုများကို သိရှိပြီး အခွင့်အလမ်းများဖော်ထုတ်နိုင်ရန်နှင့် အာဆီယံစီးပွားရေး အသိုက်အဝန်းထူထောင်ချိန်တွင် တိုင်းအတွင်း ပြင်ဆင်ဆောင်ရွက်သင့်သည့် အကြောင်းအရာများ နည်းပညာခေတ်ဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းများကို နည်းပညာသုံးပြီး ဈေးကွက်ချဲ့ထွင်နိုင်ရန် အထူးသဖြင့် e.commerce အသုံးပြုနိုင်ရေးအတွက် အဓိကဆောင်ရွက်ရန် စီးပွားရေးအခွင့်အလမ်းများနှင့်ပတ်သက်၍လည်း ပြည့်ပြည့်စုံစုံဆွေးနွေးဟောပြောခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များ ကို ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# အာဆီယံရင်းနှီးမြှုပ်နှံသူတို့က ဗီယက်နမ်မှာ ဒေါ်လာဘီလီယံ ၅၀ ကျော်ရင်းနှီးမြှုပ်နှံ

အာဆီယံ ရင်းနှီးမြှုပ်နှံသူတွေအတွက်ဗီယက်နမ်နိုင်ငံက ဆွဲဆောင်မှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုဒေသတစ်ခုအဖြစ်ဆက်လက် တည်ရှိနေသေးကြောင်း ဗီယက်နမ်နိုင်ငံ စီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအေဂျင်စီ (FIA) ရဲ့ပြောကြားချက်ကို ကိုးကားပြီး VNS သတင်းမှာဖော်ပြထားပါတယ်။



ဧပြီ ၂၀ ရက်ထိ ပြုစုထားတဲ့ စာရင်းအရ အာဆီယံ ဒေသနိုင်ငံတွေက ဗီယက်နမ်မှာ ဆောင်ရွက်နေတဲ့ စီမံကိန်း ၂၆၀၀ ရှိပြီး မတည်ရင်းနှီးငွေစုစုပေါင်း ဒေါ်လာ ၅၄ဒသမ၄၃ ဘီလီယံရှိကြောင်းနဲ့ စီမံကိန်းတစ်ခုအတွက် ပျမ်းမျှ ရင်းနှီးမြှုပ်နှံမှုက ဒေါ်လာ ၂၀ ဒသမ ၉ သန်းရှိကြောင်း FIA က ပြောပါတယ်။

ရင်းနှီးမြှုပ်နှံမှုမှာ စင်ကာပူနိုင်ငံက ဦးဆောင်လျက်ရှိပြီးစီမံကိန်း ၁၄၀၈ ခုကို ဆောင်ရွက်လျက်ရှိရာ စီမံကိန်းအတွက် အသုံးပြုငွေ ဒေါ်လာ ၃၃ ဒသမ ၁၄ ဘီလီယံရှိတဲ့အတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုရဲ့ ၆၀ ဒသမ ၈ ရာခိုင်နှုန်း ရှိပါတယ်။ မလေးရှားနိုင်ငံက ဒုတိယနေရာမှာရှိပြီး စီမံကိန်း ၄၉၃ ခုရှိကာ တန်ဖိုးအားဖြင့် ဒေါ်လာ ၁၁ ဒသမ ၉ ဘီလီယံ သို့မဟုတ် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုရဲ့ ၂၂ ရာခိုင်နှုန်းသာရှိပါတယ်။ ထိုင်းနိုင်ငံက စီမံကိန်း ၃၈၉ ခု တန်ဖိုးဒေါ်လာ ၆ ဒသမ ၈ ဘီလီယံရှိရာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုရဲ့ ၁၂ ဒသမ ၄ ရာခိုင်နှုန်းဖြင့် တတိယနေရာမှာ ရှိနေပါတယ်။

ပြန်လည်သုံးသပ်တဲ့ ကာလအတွင်းအစားအစာပြုပြင်မှုနဲ့ ကုန်ချောထုတ်လုပ်မှုကဏ္ဍက အာဆီယံရင်းနှီးမြှုပ်နှံမှုကို အများဆုံးဆွဲဆောင်နိုင်ခဲ့ပြီး အာဆီယံဒေသမှ လာရောက်ရင်းနှီးမြှုပ်နှံမှုတွေထဲမှာ အများဆုံးဖြစ်ပါတယ်။ စီမံကိန်းပေါင်း ၁၀၀၁ ခုနဲ့ မတည်ရင်းနှီးငွေ ဒေါ်လာ ၂၂ ဒသမ ၁၄ ဘီလီယံရှိကာ ဗီယက်နမ်မှာ မှတ်ပုံတင်ထားတဲ့အာဆီယံ FDI စုစုပေါင်းရဲ့ ၄၀ ဒသမ ၆ ရာခိုင်နှုန်းရှိပါတယ်။ အိမ်ခြံမြေကဏ္ဍက ဒုတိယနေရာမှာရှိပြီး စီမံကိန်း ၉၇ ခု၊ စီမံကိန်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးဒေါ်လာ ၁၆ ဒသမ ၆ ဘီလီယံနဲ့စုစုပေါင်းရင်းနှီးမြှုပ်နှံမှုရဲ့ ၃၀ ဒသမ ၅ ရာခိုင်နှုန်းရှိပါတယ်။ ဆောက်လုပ်ရေးကဏ္ဍကစီမံကိန်း ၁၇၄ ခုတန်ဖိုး ဒေါ်လာ ၃၂ ဒသမ ၃ ဘီလီယံနဲ့ ၅ ဒသမ ၉ ရာခိုင်နှုန်းရှိပါတယ်။

အာဆီယံဒေသက ရင်းနှီးမြှုပ်နှံမှုက မြို့ကြီးများနဲ့ ပြည်နယ် ၅၆ ခုမှာ ဆောင်ရွက်နေပါတယ်။

# စီးပွားရေးဖွံ့ဖြိုးမှုမြှင့်တင်ရေးကို ဦးတည်ချက်ထား ဆောင်ရွက်ဖို့ မလေးရှားဝန်ကြီးချုပ်တိုက်တွန်း

ရေနံစိမ်းဈေးနှုန်းတွေကို ကျဆင်းစေတဲ့ ကမ္ဘာ့ရေနံပိုလျှံမှုကို ထိန်းချုပ်ဖို့ ဆောင်ရွက်ရာမှာ ဝယ်လိုအားမြင့်တက်စေမယ့် စီးပွားရေးဖွံ့ဖြိုးမှုတွန်းအားပေးအစီအစဉ်တွေကို ဦးစားပေးဆောင် ရွက်ဖို့လိုကြောင်း မေ ၁၈ ရက်က မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူရာဇတ်နာဂျစ်ရဲ့ ပြောကြားချက်ကိုကိုးကားပြီး ICIS သတင်းမှာဖော်ပြပါတယ်။

"စီးပွားရေးဖွံ့ဖြိုးမှု လှုံ့ဆော်အားပေးမှုကိုကျွန်တော်တို့အလေးပေးပြီးဆောင်ရွက်ရမယ်။ ဒါမှသာဝယ်လိုအားကိုမြှင့်တင်ပေးနိုင်ပါလိမ့်မယ်"လို့ ကွာလာလမ်ပူမှာ ကျင်းပတဲ့ (၁၈) ကြိမ်မြောက် အာရှရေနံနဲ့ သဘာဝဓာတ်ငွေ့ကွန်ဖရင့် (18th Asia Oil and Gas Conference-AOGC) ဖွင့်ပွဲတွင် အမှာစကားပြောကြားရာမှာ နာဂျစ်က ထည့်သွင်းပြောကြားခဲ့ပါတယ်။

အမေရိကန် ပြည်ထောင်စုမှာ ရေနံစိမ်းထုတ်လုပ်မှု စံချိန်တင်မြင့်တက်လာတဲ့အတွက် ဘရင့်မြောက်ပင်လယ်ရေနံစိမ်းဈေးနှုန်းတွေက လွန်ခဲ့တဲ့တစ်နှစ်ကရှိခဲ့တဲ့ တစ်စည်ဒေါ်လာ ၁၁၀ နဲ့နှိုင်းယှဉ်ရင် ယခုလောလောဆယ်မှာ တစ်စည်ကို ၆၅ ဒေါ်လာထိ ကျဆင်းခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်ကဖြစ်ခဲ့တဲ့ ဘဏ္ဍာရေးအကျပ်အတည်းကနေ နာလန်ထူလာဖို့အတွက် ကမ္ဘာ့စီးပွားရေးက နှစ်ပေါင်းများစွာအချိန်ယူခဲ့ရပါတယ်။ ဒါပေမယ့် ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ဖွံ့ဖြိုးမှုက စိတ်မချရသေးတဲ့အခြေအနေရှိနေဆဲဖြစ်ကြောင်း နာဂျစ်က ပြောပါတယ်။

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းရှိပေမယ့် အာရှဒေသမှာစွမ်းအင်လိုအပ်ချက် အကြီးအကျယ်မြင့်တက်ခဲ့တဲ့အတွက် စွမ်းအင်ဝယ်လိုအားကဆက်လက် မြင့်တက်နေခဲ့ပါတယ်။ အာရှဒေသရဲ့စွမ်းအင်လိုအပ်ချက်က ၂၀၀၈ ခုနှစ်မှာ ကမ္ဘာ့စွမ်းအင်သုံးစွဲမှုရဲ့ ၃၆ ဒသမ ၄ ရာခိုင်နှုန်းရှိရာမှ ၂၀၁၃ ခုနှစ်မှာ ၄၁ ဒသမ ၅ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ပါတယ်။ ဒီလိုဖြစ်ရတာက ဒီဒေသမှာ နုနယ်ပျိုမြစ်၊ ပညာတတ်ပြီးကျွမ်းကျင်မှုရှိတဲ့လူငယ်တွေဆိုတဲ့အဖိုးမဖြတ်နိုင်တဲ့ အရင်းအမြစ်တွေ ရှိနေတာကြောင့် ဖြစ်တယ်လို့ နာဂျစ်ကပြောပါတယ်။

၁၉၉၀ ပြည့်နောက်ပိုင်း ကမ္ဘာ့လူဦးရေ တိုးတက်မှုက ၂၀ ရာခိုင်နှုန်းရှိပြီးအာရှလူဦးရေတိုးတက်မှုက ၃၃ ရာခိုင်နှုန်းထိ ရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်က ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု ၂ ဒသမ ၆ ရာခိုင်နှုန်းရှိနေတဲ့ အချိန်မှာ အာရှဒေသရဲ့ စီးပွားရေးဖွံ့ဖြိုးမှုက သုံးဆနီးပါးတက်ပြီး ၆ ဒသမ ၉ ရာခိုင်နှုန်းထိရှိခဲ့တာကလည်း အံ့ဩစရာမဟုတ်ပါဘူးလို့ နာဂျစ်က ပြောပါတယ်။

ညဏ်တင်-စစည်းတင်ပြသည်

# လွတ်လပ်စွာကုန်သွယ်ခွင့်နယ်မြေအတွက် စီမံကိန်းများကို အရှိန်မြှင့်ဆောင်ရွက်မယ့် မဟာဗျူဟာများကို အေပက်သုတေသီတို့ရေးဆွဲ

ဘိုရာကေးကျွန်းစုမှာ မေ ၁၂ ရက်နဲ့ ၁၃ ရက်တို့မှာကျင်းပခဲ့တဲ့ အေပက်လေ့လာရေးစင်တာရဲ့ ၂၀၁၅ ခုနှစ် ကွန်ဖရင့်အစည်းအဝေးမှာ အာရှပစိဖိတ်ဒေသလွတ်လပ်စွာကုန်သွယ်မှုနယ်မြေ (FTAAP) နဲ့ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မယ့် နည်းလမ်းတွေကို ဆွေးနွေးခဲ့ကြောင်း pia.gov.ph ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုကိုတိုးမြှင့်ဆောင်ရွက်ရာမှာ အေပက်အဖွဲ့ကစီးပွားရေးအရ ပိုမိုပေါင်းစည်းမှုရှိတဲ့ အသိုက်အဝန်း ထူထောင်ရေးကို ဦးတည်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို အသိုက်အဝန်းကိုထူထောင်နိုင်မယ်ဆိုရင် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနဲ့ လူအများကို တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ပြောင်းရွှေ့နိုင်မှာဖြစ်ပြီး စွမ်းအားထက်မြက်တဲ့ စီးပွားရေးဝန်းကျင်ကို ထူထောင်နိုင်မှာဖြစ်ပါတယ်။

FTAAP ကအာရှပစိဖိတ်ဒေသ အတွင်းမှာ စီးပွားရေးဖွံ့ဖြိုးမှုကိုမြှင့်တင်ပေးနိုင်မယ့် အလားအလာတွေကြီးမားစွာ တည်ရှိနေပါတယ်။ FTAAP ကို အကောင်အထည်ဖော်နိုင်တာနဲ့ တစ်ပြိုင်နက်ဒီနယ်မြေရဲ့ ကျယ်ဝန်းမှုကြောင့် ဒီအစီအစဉ်အရ ဆောင်ရွက်တဲ့ စီးပွားရေးအစီအမံတွေက တခြားအစီအစဉ်တွေထက်သာ လွန်သွားနိုင်မယ့်အလားအလာရှိပါတယ်။

အဖွဲ့ဝင် ၂၁ နိုင်ငံပါဝင်တဲ့ အေပက်အဖွဲ့က ကမ္ဘာ့ကုန်သွယ်မှုရဲ့တစ်ဝက်ကို ချုပ်ကိုင်ထားပြီး ကမ္ဘာ့စီး ပွားရေးရဲ့ ၆၀ ရာခိုင်နှုန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါတယ်။ ဒီနယ်မြေထဲမှာ မှီတင်းနေထိုင်တဲ့စားသုံးသူက သုံးဘီလီယံရှိပါတယ်။

FTAAP က အေပက်အစည်းအဝေးအစီအစဉ်တွေထဲမှာ ထိပ်တန်းဦးစားပေးတစ်ခုဖြစ်ပါတယ်။ FTAAP ကို အကောင်အထည်ဖော်နိုင်မယ့် နည်းလမ်းတွေကို ရှာဖွေသွားဖို့ သဘောတူညီချက်ရရှိထားပြီးဖြစ်ကြောင်း အေပက်အဖွဲ့ခေါင်းဆောင်တွေရဲ့ ၂၀၁၀ ပြည့် နှစ်ကြေညာချက်မှာဖော်ပြထားခဲ့ပြီးလည်းဖြစ်ပါတယ်။

အေပက်ခေါင်းဆောင်တို့က FTAAP ကို ဘက်စုံ လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက် အဖြစ်ဆောင်ရွက်ဖို့ သဘောတူထားပြီး ဒီအစီအစဉ်ကိုအကောင်အထည်ဖော်ရာမှာ အာဆီယံ +၃၊ အာဆီယံ+၆ နဲ့ပစိဖိတ်ပူးပေါင်းဆောင်ရွက်မှု (TPP) တို့ကဲ့သို့သော သဘောတူစာချုပ်တွေမှတစ်ဆင့်အကောင်အထည်ဖော်သွားဖို့ ဖြစ်ပါတယ်။

# အာဆီယံဒေသကဗီဇာမူဝါဒ အပွင့်လင်းဆုံးဒေသတစ်ခုဖြစ်လာ




အာဆီယံဒေသကို လာရောက်လည်ပတ်ရာမှာ ကမ္ဘာ့လူဦးရေရဲ့ ၁၂ ရာခိုင်နှုန်းသာ ဗီဇာလိုအပ်မှာဖြစ်တဲ့ အတွက် အာဆီယံဒေသကခရီးသွားလာမှု ဗီဇာမူဝါဒအလွတ်လပ်ဆုံးဒေသတစ်ခုဖြစ်လာကြောင်း အာရှသတင်းကွန်ရက်မှာ ဖော်ပြထားပါတယ်။

အာရှနဲ့ ပစိဖိတ်ဒေသကယေဘုယျအားဖြင့် အပြည်ပြည်ဆိုင်ရာခရီးသွားလာမှု လွယ်ကူချောမွေ့အောင်ထောက်ပံ့မှုတွင် အဆင့်မြင့်ဆုံးဖြစ်ပြီး မြောက်အမေရိကဒေသဟာ ဗီဇာလွတ်လပ်မှုမှာ အဆင့်အနိမ့်ဆုံးဖြစ်ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UN WTO) ကထုတ်ပြန်တဲ့ ၂၀၁၄ ခုနှစ် ဗီဇာလွတ်လပ်မှုအစီရင်ခံစာ (2014 Visa Openess Report) မှာ ဖော်ပြထားပါ တယ်။

ဗီဇာပွင့်လင်းမှု၊ ခရီးသွားလုပ်ငန်း၊ စီးပွားရေးဖွံ့ဖြိုးမှုနဲ့ အလုပ်အကိုင်ဖန်တီးရေးတို့က တစ်ခုနဲ့တစ်ခု အထောက်အကူပြုနေကြောင်း မက်ဒရစ်မြို့မှာ ကျင်းပတဲ့ ကမ္ဘာ့ခရီးသွားလာရေးနဲ့ ခရီးသွားလုပ်ငန်းကောင်စီ (WTTC) ကမ္ဘာ့ထိပ်သီးအစည်းအဝေးမှာ UN WTO အတွင်းရေးမှူးချုပ် တာလက်ရီဖိုင်ကပြောပါတယ်။ နိုင်ငံအတွင်းရှိစီးပွားရေးလုပ်ငန်းများမှာ ရရှိတဲ့ဝင်ငွေများအနက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံက ခရီးသွားလာရေးနဲ့ ခရီးသွားလာရေးလုပ်ငန်းကနေ ရရှိတာဖြစ်ပြီး အလုပ်အကိုင်ရှစ်သန်းကို ဖန်တီးပေးနိုင်ခဲ့ကြောင်း နယူးယောက် မြို့ရှိ National Hall of Fame and Museum မှာ ၂၀၁၄ ခုနှစ်က ကျင်းပခဲ့တဲ့ အခမ်းအနားတစ်ခုမှာ သမ္မတဘားရက်အိုဘားမားက ပြောပါတယ်။

ဂျီ ၂၀ နိုင်ငံတွေကဆောင်ရွက်တဲ့ ဗီဇာမူဝါဒအကောင်အထည်ဖော်မှု တွေကြောင့် ၂၀၁၅ ခုနှစ်မှာ အပြည်ပြည်ဆိုင်ရာ ခရီးသွားဧည့်သည်ဦးရေ ၁၁၂ သန်းထိ ထပ်မံတိုးတက်လာမယ်။ ခရီးသွားလုပ်ငန်းက ဝင်ငွေဒေါ်လာ ၂၀၆ ဘီလီယံ တိုးတက်ရရှိပြီး အလုပ်အကိုင်သစ် ၅ ဒသမ ၁ သန်းထပ်မံတိုးတက်လာနိုင်မှာဖြစ်ကြောင်း ၂၀၁၂ ခုနှစ်က UN WTO နဲ့ WTTC က ပြုလုပ်တဲ့ဗီဇာလွယ်ကူချောမွေ့မှု၊ ခရီးသွားလုပ်ငန်း၊ ဝယ်လိုအားနဲ့ အလုပ်အကိုင်ဖန်တီးမှုတို့ရဲ့ ဂယက်ရိုက်ခတ်မှုဆိုင်ရာအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

## အာရှဘဏ္ဍာရေး ခေါင်းဆောင်များ အစီအစဉ်ကို မလေးရှားနဲ့စင်ကာပူတို့ ဆောင်ရွက်မည်

စင်ကာပူ ငွေကြေးအာဏာပိုင်အဖွဲ့ (Monetary Authority of Singapore-MAS) ရဲ့ခွင့်ပြုချက်အရ အာရှဘဏ္ဍာရေး ခေါင်းဆောင်များ အစီအစဉ် (Asian Financial Leaders Programme-AFLP) ကို အကောင်အထည်ဖော်ဖို့အတွက် တီးမားဆက် စီမံခန့်ခွဲမှုအကယ်ဒမီ (Temasek Management Services Academy) က စင်ကာပူစီမံခန့်ခွဲမှုတက္ကသိုလ် (Singapore Management University-SMU) နဲ့ ပူးတွဲဆောင်ရွက်သွားမှာဖြစ်ကြောင်း CNA သတင်းမှာ ဖော်ပြပါတယ်။

ခေါင်းဆောင်မှုနေရာကို ရယူပြီး အာရှဒေသမှာရှိတဲ့ ဘဏ္ဍာရေးအဖွဲ့အစည်းတွေမှာ ကြီးထွားလျက်ရှိနေတဲ့ ပြဿနာအရှုပ်အထွေးတွေကို ဖြေရှင်းမယ့် အဆင့်မြင့်အာရှဘဏ္ဍာရေးခေါင်းဆောင်တွေမွေးထုတ်ပေးဖို့ ဒီအစီအစဉ်က ရည်ရွယ်ထားပါတယ်။ သတ်မှတ်ထားတဲ့နယ်ပယ်တွေထဲမှာ ဘဏ်လုပ်ငန်း၊ အာမခံ၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ပုဂ္ဂလိက အီကွိတီလုပ်ငန်းတွေ ပါဝင်ပါတယ်။

လေ့ကျင့်ရေး အစီအစဉ်တွေထဲမှာ ကုမ္ပဏီများရှိ လုပ်ငန်းခွင်သို့သွားရောက်လေ့လာခြင်း၊ နိုင်ငံအသီးသီးရှိ လက်တွေ့လုပ်ငန်း ဆောင်ရွက်နေသူနှင့် ကြီးကြပ်ထိန်းသိမ်းသူများကိုတွေ့ဆုံခြင်းစတဲ့အစီအစဉ်တွေ ပါဝင်ပါတယ်။ သင်တန်းသားတွေအနေနဲ့ စင်ကာပူ၊ တရုတ်၊ အင်ဒိုနီးရှား၊ ဆွစ်ဇာလန်နဲ့ အမေရိကန်ပြည်ထောင်စုရှိ အစည်းအဝေးများသို့ တက်ရောက်ခွင့်ရမယ့် အစီအစဉ်များပါဝင်ရာ ထင်ရှားသော ဘဏ္ဍာရေး အဖွဲ့အစည်းများဖြစ်သည့် Wharton School of the University of Pennsyvania လည်း ပါဝင်ပါတယ်။

အစီအစဉ် ပြီးဆုံးချိန်မှာ သင်တန်းသားတွေက TMS-SUM; IMD နဲ့ Wharton တို့မှ အသိအမှတ်ပြုလက်မှတ်များကို ရရှိမှာဖြစ်ပါတယ်။ အစီအစဉ်ကို ယခုနှစ်နိုဝင်ဘာလမှ စတင်မှာ ဖြစ်ပြီးရှစ်လကြာမြင့်ပါမယ်။ သင်တန်းစရိတ်က သင်တန်းသားတစ်ဦးကို စင်ကာပူဒေါ်လာ ၄၆၀,၀၀၀ ဖြစ်ပေမယ့် အစီအစဉ်ကြေးရဲ့ ၉၀ ရာခိုင်နှုန်းကို စင်ကာပူနိုင်ငံသားများအတွက် ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးမှုရန်ပုံငွေမှ ကျခံမှာဖြစ်ပါတယ်။ အစီအစဉ်ပထမသုတ်မှာ TMS Academy က ၃၀ ရာခိုင်နှုန်းကျခံမှာ ဖြစ်ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

## အင်ဒိုနီးရှားမှာကြုံတွေ့ရတဲ့ ရင်းနှီးမြှုပ်နှံမှုအခက်အခဲများကို စီးပွားရေးဖိုရမ်တွင် ထုတ်ဖော်ဆွေးနွေး

သဘာဝပတ်ဝန်းကျင်အပေါ် ကျရောက်တဲ့ ဂယက်ရိုက်ခတ်မှု လေ့လာစိစစ်ချက်ကိုရယူရာတွင် လုပ်ထုံးလုပ်နည်းများ ရှုပ်ထွေးခြင်း၊ မြေရှင်းလင်းရေး ခွင့်ပြုချက်ရယူမှု၊ စက်မှုဇုန်တွေမှာ အထောက်အပံ့ပစ္စည်းရရှိမှု အခြေအနေညံ့ဖျင်းခြင်း စတဲ့ အချက်တွေက အင်ဒိုနီးရှားနိုင်ငံမှာ လုပ်ငန်းဆောင်ရွက်နေကြတဲ့ တရုတ်ရင်းနှီးမြှုပ်နှံသူတွေ ကြုံတွေ့နေရတဲ့ အခက်အခဲများဖြစ်တယ်လို့ မေ ၁၄ ရက်က ပေကျင်းမှာ ကျင်းပတဲ့ စီးပွားရေးဖိုရမ်မှာ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူတွေက ပြောကြားကြောင်း အင်ဒိုနီးရှားရင်းနှီးမြှုပ်နှံမှု ပေါင်းစပ်ညှိနှိုင်းရေး ဘုတ်အဖွဲ့ (BKPM) ရဲ့ တရုတ်နိုင်ငံဆိုင်ရာ ဈေးကွက်ညှိနှိုင်းရေးမှူး ဟာရီဆန်တိုက ပြောပါတယ်။

ပြည်တွင်းလျှပ်စစ်ကုမ္ပဏီ PLN နဲ့ ပြည်တွင်းစက်မှုလုပ်ငန်းသုံးလျှပ်စစ်ဓာတ်အားခနဲ့ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းရတာက စီးပွားရေးလုပ်ငန်းသမားတွေအတွက်များစွာခက်ခဲကြောင်း ဖိုရမ်မှာ တရုတ်ရင်းနှီးမြှုပ်နှံသူတွေကပြောကြောင်း သူကပြောပါတယ်။ ကုန်ကြမ်းတွေနဲ့ စက်ယန္တရားတင်သွင်းမှုအတွက် အခွန်နဲ့ပတ်သက်ပြီးပေးထားတဲ့ မက်လုံးတွေကို အင်ဒိုနီးရှားအစိုးရထံမှ အလျင်အမြန်ရဖို့ကလည်း အရေးပါကြောင်း သူတို့က အလေးပေးပြောကြားပါတယ်။

"သူတို့ရဲ့ ပြောဆိုချက်တွေကို တုံ့ပြန်ဖြေကြားရာမှာ ယခုအခါ တစ်နေရာတည်းမှာအပြီးဆောင်ရွက်နိုင်တဲ့ One-stop Integrated Services (PTSP) Office ရုံးမှတစ်ဆင့်ဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက်မူဝါဒများကို ဆောင်ရွက်ပေးလျက်ရှိတဲ့အကြောင်း BKPMက ပြန်လည်ဖြေကြားခဲ့ပါတယ်" လို့ ဟာရီကအင်တာနက်သတင်းဌာနကို ပြောပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အထောက်အကူပေးမယ့် နောက်ဆုံး မူဝါဒတွေနဲ့ တခြားသတင်းအချက်အလက်တွေကို BKPM ရင်းနှီးမြှုပ်နှံသူတွေက ဆောင်ရွက်ပေးမှာဖြစ်ကြောင်းနဲ့ ဒီလိုဆောင်ရွက်ပေးတဲ့အထဲမှာ စွမ်းအင်ကဏ္ဍ၊ အထူးစီးပွားရေးဇုန်တွေမှာရှိတဲ့ အခွင့်အလမ်းတွေ၊ လုပ်သားတွေနဲ့ ပတ်သက်တဲ့ နည်းဥပဒေတွေလည်းပါဝင်တယ်လို့သူကပြောပါတယ်။

## လယ်ယာထွက်ကုန်တင်ပို့ရေးအတွက် ဗီယက်နမ်အစိုးရက လုပ်ငန်းအဖွဲ့ ဖွဲ့စည်း



လယ်ယာထုတ်ကုန်တွေနဲ့ ငါးဖမ်းလုပ်ငန်းထုတ်ကုန်တွေကို စားသုံးမှုနဲ့ ပြည်ပတင်ပို့မှုအတွက် ဆောင်ရွက်ရာမှာ စီးပွားရေးလုပ်ငန်းရှင်တွေကြုံတွေ့နေရတဲ့ အခက်အခဲတွေကိုဖြေရှင်းဖို့ လုပ်ငန်းအဖွဲ့ (Working Group)ကို အစိုးရက ဖွဲ့စည်းပေးသင့်ကြောင်း စက်မှုနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနက အဆိုပြုထားကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။

လုပ်ငန်းအဖွဲ့အနေနဲ့လယ်ယာစိုက်ပျိုးရေးနဲ့ ငါးလုပ်ငန်းကဏ္ဍက စီးပွားရေးလုပ်ငန်းတွေ၊ အသင်းအဖွဲ့တွေနဲ့ ပုံမှန်အစည်းအဝေးတွေ ကျင်းပပြီး စီးပွားရေးလုပ်ငန်းတွေ ရင်ဆိုင်တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို အချိန်မီဖြေရှင်းပေးနိုင်အောင် ဆောင်ရွက်ပေးဖို့နဲ့ ဈေးကွက်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့လိုကြောင်း စက်မှုနဲ့ ကုန်သွယ်ရေးဝန်ကြီး ထရန်တူအန်အန်းရဲ့ ပြောကြားချက်ကို Nong Thon ngay nay (ယနေ့ကျေးလက်ဒေသ) သတင်းစာမှာ ကိုးကားဖော်ပြပါတယ်။

ဒီလုပ်ငန်းအဖွဲ့က ဒီထုတ်ကုန်တွေပြည်ပကိုတင်ပို့နိုင်တဲ့ထိ အရည်အသွေးပြည့်ဝအောင် အထောက်အကူပေးပြီး ၂၀၁၅ ခုနှစ်အတွက် ပြည်ပပို့ကုန်ရည်မှန်းချက်ကိုပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ဖို့ အန်းကပြောပါတယ်။ နိုင်ငံခြားတိုင်းပြည်တွေကို ကုန်ပစ္စည်းတွေတင်ပို့ရာမှာ တွေ့ကြုံရတဲ့အခက်အခဲတွေကို လုပ်ငန်းအဖွဲ့မှ တစ်ဆင့် ဗီယက်နမ် ကုန်သွယ်ရေးရုံးတွေက သိရှိပြီး ဒီစီးပွားရေးလုပ်ငန်းတွေရဲ့လိုအပ်ချက်တွေကို ဘယ်လိုဖြည့်ဆည်းရမယ်ဆိုတာကို အတိအကျသိရှိတော့မှာဖြစ်ကြောင်း သူကပြောပါတယ်။

ဗီယက်နမ် လယ်ယာလုပ်ငန်းနဲ့ ငါးဖမ်းလုပ်ငန်းရဲ့ ဝယ်လိုအားနဲ့ ပတ်သက်တဲ့ ဈေးကွက်သတင်းအချက်အလက်တွေကို ကုန်သွယ်ရေးရုံးတွေက ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေအတွက် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ လုပ်ငန်းအဖွဲ့က ကြုံတွေ့ရတဲ့ ပို့ကုန်ပြဿနာတွေကို မှတ်သားထားပြီး အမြန်ဆုံးဖြေရှင်းပေးနိုင်အောင်ဆောင်ရွက်မှာဖြစ်ကြောင်းနဲ့ ဒီလိုဆောင်ရွက်ရာမှာ နယ်စပ်ဂိတ်တွေမှာ သစ်သီးတင်ထရပ်ကားတွေအကြာကြီးစောင့်နေရတာမျိုးတွေနဲ့ ပို့ကုန်တွေအရည်အသွေးမမီလို့ပြန်ပို့ရတဲ့ပြဿနာမျိုးတွေ ပါဝင်ကြောင်းဝန်ကြီးဌာနရဲ့ ပို့ကုန်သွင်းကုန်ဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ထရန်သန်ဟိုင်းက ပြောပါတယ်။

## စီးပွားရေးဥပဒေမူကြမ်းသုံးခုကို ဖိလစ်ပိုင်အောက်လွှတ်တော် အတည်ပြု

ဖိလစ်ပိုင်အောက်လွှတ်တော်က စီးပွားရေးဥပဒေမူကြမ်းသုံးခုကို အပြီးသတ်အတည်ပြုပေးလိုက်ရာ ထိုဥပဒေသုံးခုအနက် လက်ဝါးကြီးအုပ်မှုများနဲ့ တရားမျှတမှုမရှိတဲ့ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများကို ထိန်းချုပ်မယ့် တရားမျှတစွာယှဉ်ပြိုင်ရေးမူဝါဒကလည်း တစ်ခုအဖြစ်ပါဝင်ကြောင်း abs-cbnnews ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။ မေ ၁၉ ရက်က အတည်ပြုပေးလိုက်တဲ့ ဥပဒေများမှာ တရားမျှတ စွာယှဉ်ပြိုင်မှုအက်ဥပဒေ (Fair Competition Act)၊ ရေကြောင်းသွားလာမှု ဥပဒေကိုပြင်ဆင်တဲ့ဥပဒေ (Cabotagelow နဲ့ ဖိလစ်ပိုင်ကျွန်းစုပင်လယ်လမ်းကြောင်းဆိုင်ရာဥပဒေ (Philippine Archipelagic Sea Lanes Act) တို့ ဖြစ်ပါတယ်။

ဒီဥပဒေသုံးခုကို အထက်လွှတ်တော်နဲ့ အောက်လွှတ်တော်တို့က ဦးစားပေး အစီအမံတွေအဖြစ် သတ်မှတ်ထားတဲ့ဥပဒေတွေ ဖြစ်ပါတယ်။ တရားမျှတစွာယှဉ်ပြိုင်နိုင်မှုဥပဒေက လက်ဝါးကြီးအုပ်မှုမှ အကာအကွယ်ပေးပြီး စီးပွားရေးမှာ တရားမျှတမှုမရှိတဲ့အလေ့အကျင့်တွေရဲ့ဘေးမှအကာအကွယ်ပေး ပါတယ်။ ဒီဥပဒေအရ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်လာတာကို အားပေးပြီး သာမန်ဖိလစ်ပိုင်လူမျိုးတွေအတွက် အကျိုးစီးပွားဖြစ်ထွန်းစေမယ်လို့ ဆိုပါတယ်။ ဒီဥပဒေအရ အမျိုးသားယှဉ်ပြိုင်မှုဥပဒေကို အတည်ပြုနိုင်မယ့်နည်းလမ်းတွေရှာဖွေပြီး ဒီမူဝါဒတွေအရဈေးကွက်ကိုလက်ဝါးကြီးအုပ်တာကို အကာအကွယ်ပေးပြီးစီးပွားရေးမှာ တရားမျှတပြီး လွတ်လပ်တဲ့ယှဉ်ပြိုင်မှုကို အားပေးမှာဖြစ်ပါတယ်။ ဥပဒေအရ သမ္မတရုံးလက်အောက်မှာဖိလစ်ပိုင်ယှဉ်ပြိုင်မှုကော်မရှင်ကို ဖွဲ့စည်းပြီး အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

ရေကြောင်းသွားလာရေးဥပဒေကို ပြင်ဆင်မှုဥပဒေအရနိုင်ငံအတွင်းရှိ နိုင်ငံခြားကုန်စည်တင်ရေယာဉ်များရဲ့ ဝင်ရောက်မှုနဲ့သွားလာမှုကို ခွင့်ပြုသွားမှာဖြစ်ပါတယ်။ ဒီဥပဒေအရဖိလစ်ပိုင် ဆိပ်ကမ်းတွေကနေ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတွေကိုကုန်သေတ္တာနဲ့ တင်ပို့တဲ့အခါ ကုန်ကျစရိတ်လျော့ကျစေဖို့အတွက် ရည်ရွယ်ပါတယ်။

ဖိလစ်ပိုင်ကျွန်းစုနဲ့ အိမ်နီးချင်းနိုင်ငံတွေ စီးပွားရေးအရကုန်သွယ်မှုကို ဆောင်ရွက်ပေးနေတဲ့သင်္ဘောတွေ အဟန့်အတားနှောင့်ယှက်မှုမရှိ တစ်ဆင့်ခံဆောင်ရွက်ပေးနိုင်ရေးအတွက် လုပ်ငန်းဆောင်တာတွေ အဆင်ပြေအောင် ဖိလစ်ပိုင်ကျွန်းစု ပင်လယ်လမ်းကြောင်းဆိုင်ရာ ဥပဒေအရ ဆောင်ရွက်ခွင့်ရတော့မှာ ဖြစ်ပါတယ်။

## ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### အေသင် (ဂရိ)

ချေးငွေရရှိရေးနဲ့ ပြုပြင်ပြောင်းလဲရေးကိစ္စကို မိမိတို့ရဲ့ မြီရှင်များနဲ့ ဆွေးနွေးညှိနှိုင်းမှုများကြောင့် ၁၀ ရက်အတွင်းသဘောတူညီချက် ရရှိနိုင်ကြောင်းနဲ့ ဇွန်လမှာပေးဆပ်ရမယ့်ကြွေးမြီများအားလုံးကို ပေးဆပ်နိုင်လိမ့်မယ်လို့ မျှော်လင့်ကြောင်း ဂရိအစိုးရရဲ့ ပြောရေးဆိုခွင့်ရှိသူက Skai TV ရုပ်သံဌာနသို့ မေ ၂၂ ရက်နေ့က ပြောကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

### ဘာတမ် (အင်ဒိုနီးရှား)

အင်ဒိုနီးရှား လုပ်သားများကို ခန့်ထားတော့မည် မဟုတ်တဲ့ အဆင့်နိမ့်လုပ်သားဈေးကွက်များအတွက် အင်ဒိုနီးရှားနိုင်ငံက ၂၀၃၀ပြည့်နှစ်မှစပြီး နိုင်ငံခြားလုပ်သားများကို စတင် လက်ခံသွားတော့မှာ ဖြစ်ကြောင်း အလုပ်သမားနဲ့ရွှေ့ပြောင်းနေထိုင်သူများရေးရာ ဝန်ကြီးဌာနက ပြောကြားကြောင်း အင်တာရာ သတင်းတွင် မေ ၂၁ရက်က ဖော်ပြပါတယ်။

### မနီလာ

ဖိလစ်ပိုင် အိမ်ခြံမြေကုမ္ပဏီနှစ်ခုအစုစပ်ဖွဲ့စည်းထားတဲ့ Enfinity Imperial Solar Homes ကုမ္ပဏီက ဘာတန်ဂတ်ဒေသမှာ ကုမ္ပဏီက ဆောက်လုပ်ထားတဲ့ တန်ဖိုးနည်းအိမ်ရာတွေမှာ နေစွမ်းအင်အသုံးပြုပြီး ၂၄နာရီ လျှပ်စစ်ဓာတ်အားပေးစနစ်ကို မေလ ၂၁ ရက်မှစတင်အကောင်အထည်ဖော်လျက်ရှိကြောင်း ဖိလစ်ပိုင်စတားသတင်းမှာ ဖော်ပြထားပါတယ်။

### ဆိုးလ်

၂၀၁၆ ခုနှစ်မှစပြီး အငြိမ်းစားယူသောအသက်ကို ၆၀ နှစ်သို့ တိုးမြှင့်သတ်မှတ်ရန် စီစဉ်ထားပြီးဖြစ်တဲ့အတွက် လာမယ့်နှစ်တွေမှာ လူငယ်မျိုးဆက်သစ်တို့အတွက် လုပ်သားဈေးကွက် မှေးမှိန်မှာကို စိုးရိမ်မိကြောင်း တောင်ကိုရီးယား ဗဟိုဘဏ်ဥက္ကဋ္ဌ လီဂျူယိုးက သတင်းထောက်များကို ပြောကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။ လက်ရှိအငြိမ်းစားယူတဲ့အသက်မှာ ၅၈ နှစ်ဖြစ်ပါတယ်။

**US**

# အပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်တွေကို စံချိန်တင် တိုးမြှင့်ဖို့ အမေရိကန်လေကြောင်းတို့ ရည်မှန်း

အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်တွေမှာ ခါတိုင်းနဲ့မတူအောင် ခရီးသည်ဦးရေ မြင့်မားနေတဲ့အတွက် အမေ ရိကန်ပြည်ထောင်စုရဲ့ ရှေ့ဆောင်လေကြောင်းလိုင်းတွေက လေကြောင်းသွားလာမှုကို တိုးချဲ့ဖို့စီစဉ်လျက်ရှိကြောင်း မေလ ၁၉ ရက်က လေကြောင်းကုန်သွယ်ရေးအဖွဲ့တစ်ဖွဲ့ရဲ့ ပြောကြားချက်ကို ကိုးကားပြီးအေ အက်ဖ်ပီသတင်းမှာ ဖော်ပြထားပါတယ်။

ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက် ထိသုံးလပတ်အတွင်း အမေရိကန်လေကြောင်းလိုင်းတွေက ခရီးသည် ၂၂၂ သန်းကို သယ်ဆောင်ပေးနိုင်မှာဖြစ်လို့ တစ်ရက်ကိုခရီးသည်ပျမ်းမျှ ၂ ဒသမ ၄ သန်း သယ်ယူပို့ဆောင်ပေး လိမ့်မယ်လို့ Airline for America (A4A) အဖွဲ့က ခန့်မှန်းထားပါတယ်။ ယခင်တစ်နှစ်ကနဲ့နှိုင်းယှဉ်ရင် တစ်ရက်ကို ၄ ဒသမ ၅ သန်းသို့မဟုတ် တစ်ရက်ကို ခရီးသည်ပျမ်းမျှတစ်သိန်းကျော် ပိုမို သယ်ယူပို့ဆောင်ပေးတဲ့သဘောဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ခရီးစဉ်တွေက ယခုနှစ်နွေရာသီမှာ ခရီးသည် ၃၁ သန်းကို သယ်ယူပို့ဆောင်ပေးမှာဖြစ်တဲ့အတွက် မြင့်တက်မှု စံချိန်တင်နိုင်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

အမေရိကန်ပြည်ထောင်စုကနေ တိုက်ရိုက်မရပ်မနားပျံသန်းရာမှာ အဓိကထိပ်တန်းခရီးစဉ်ငါးခုက ကနေဒါ၊ မက္ကဆီကို၊ ဗြိတိန်၊ ဂျာမနီနဲ့ ဂျပန်ဆိုပြီး အစဉ်အလိုက်ရှိနေပါတယ်။ ယခုနှစ် နွေရာသီမှာ လေကြောင်းလိုင်းတွေက တစ်ရက်ကို ထိုင်ခုံ ၄ ဒသမ ၆ ရာခိုင် နှုန်းသို့မဟုတ် ၁၂၆၀၀၀ တိုးချဲ့ဖို့စီစဉ်ထားရာ ၂၀၀၈-၂၀၀၉ ခုနှစ် စီးပွားရေးဆုတ်ကပ်ဖြစ်ပြီးနောက်ပိုင်း အများဆုံးဖြစ်ကြောင်း A4A က ပြောပါတယ်။

နှစ်အလိုက်နှိုင်းယှဉ်ရမယ်ဆိုရင်တော့ အမေရိကန်နဲ့ မက္ကဆီကို၊ ဗြိတိန်နဲ့ တရုတ်ခရီးစဉ်တွေကိုသွားတဲ့ ခရီးစဉ်တွေမှာ ထိုင်ခုံနေရာတိုးချဲ့မှု အများဆုံးဖြစ်ကြောင်း A4Aကပြောပါတယ်။

**EU**

# အီးယူနဲ့ မကြာမီသဘောတူညီမှုရတော့မယ်လို့ ဂရိနိုင်ငံကပြောကြား




မကြာမီအချိန်အတွင်း နိုင်ငံခြားမြီရှင်များနဲ့ သဘောတူညီမှုရရှိပြီး ငွေကြေးလိုအပ်နေတဲ့ ဂရိနိုင်ငံအတွက် ချေးငွေတွေထပ်ရဖို့လမ်းစပေါ်လာတော့မှာဖြစ်ကြောင်း မေ ၁၉ ရက်က ဂရိနိုင်ငံအလုပ်သမားဝန်ကြီးရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာဖော်ပြပါတယ်။ ယူရို ၇ ဒသမ ၂ ဘီလီယံ(ဒေါ်လာ ၈ ဒသမ ၁ ဘီလီယံ) အကူအညီရရှိရေးနဲ့ပတ်သက်ပြီး လွန်ခဲ့တဲ့လေးလကတည်းက ဥရောပသမဂ္ဂနဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)က မြီရှင်တွေနဲ့ဂရိအစိုးရသစ်ကဆွေးနွေး ညှိနှိုင်းခဲ့ပါတယ်။

ချေးငွေရရှိရေးနဲ့ ပြုပြင်ပြောင်းလဲရေးကိစ္စတွေကိုဆွေးနွေးညှိနှိုင်းနေတာ ဘယ်တော့သဘောတူညီမှုရမလဲလို့ မေးတဲ့မေးခွန်းကို အလုပ်သမားဝန်ကြီးက ရက်ပိုင်းအတွင်း ရပါလိမ့်မယ်လို့ ဖြေပါတယ်။

IMF ကို ဂရိနိုင်ငံက ကြွေးမြီပြန် လည်ပေးဆပ်ရမှာက ဇွန်လ ၅ ရက်နေ့ဖြစ်ပါတယ်။ ငွေကြေးကိစ္စနဲ့ပတ်သက်ပြီး ဘာမှအဖြေရလဒ် မထွက်သေးဘူးဆိုရင်တော့ အခက်အခဲတွေရှိနိုင်တယ်လို့ဆိုတာကို အားလုံးကနားလည်ကြောင်း ဝန်ကြီးက ပြောပါတယ်။ ဇွန်လ ထဲမှာ ဂရိနိုင်ငံက IMF ကို ယူရို ၁ ဒသမ ၅ ဘီလီယံပေးရမှာဖြစ်ပါတယ်။ IMF ကိုပေးဆပ်ရမဲ့ကြွေးမြီယူရိုသန်း ၇၅၀ အတွက် ယခင်ရက်သတ္တပတ်ပေးဆပ်ပြီးနောက်ပိုင်းမှာ ငွေလက်ကျန်ပြတ်နေပါတယ်။

ဇွန်လအတွင်းမှာ ဂရိအစိုးရက ကြွေးမြီကိုလည်းပြန်လည်ဆပ်ရမှာဖြစ်သလို လုပ်ခလစာနဲ့ ပင်စင်လစာတွေကိုလည်းပေးရမှာဖြစ်တဲ့အတွက် နှစ်ခုထဲကတစ်ခုကို ရွေးချယ်ရမှာဖြစ်သလို ရွေးချယ်ရမယ့် အခြေအနေကြုံလာရင် အစိုးရက လုပ်ခလစာနဲ့ ပင်စင်ပေးဖို့ကို ဦးစားပေးမှာဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ယန်နစ်စတွန်းနာရပ်စ်က ပြော ပါတယ်။

ဂရိအစိုးရသစ်က ဇန်နဝါရီလမှာ စတင်တာဝန်ယူခဲ့တာဖြစ်ပြီးရွေးကောက်ပွဲကတိအဖြစ် အီးယူနဲ့အိုင်အမ်အက်ဖ်က ပြဋ္ဌာန်းထားတဲ့ခြိုးခြံချွေတာရေး အစီအစဉ်ကိုအဆုံးသတ်ပေးဖို့ ကတိပြုထားပါတယ်။

**East Asia**

# ပြည်ပတွင်ရင်းနှီးမြှုပ်နှံမှုကို တောင်ကိုရီးယားနိုင်ငံက တိုးမြှင့်မည်

စုဆောင်းထားပြီးဖြစ်တဲ့ ဒေါ်လာတွေကိုအသုံးပြုဖို့နဲ့ ပြည်ပငွေပေးငွေယူ ရှင်းတမ်းပိုငွေမြင့်မားရာမှတစ်ဆင့် ဖြစ်ပေါ်လာမယ့် အန္တရာယ်တွေကိုလျှော့ချဖို့အတွက် ပင်လယ်ရပ်ခြားရင်းနှီးမြှုပ်နှံမှုကိုမြှင့်တင်ပေးမယ့် အစီအမံတွေကို အစိုးရကထုတ်ပြန်တော့မှာဖြစ်ကြောင်း အစိုးရသတင်းရပ်ကွက်ရဲ့ မေ ၁၇ ရက် ကပြောကြားချက်ကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။ မတ်လအတွင်းက တောင်ကိုရီးယားနိုင်ငံရဲ့ နိုင်ငံခြားငွေပေးငွေယူရှင်းတမ်းကို နှစ်အလိုက် နှိုင်းယှဉ်ရင် ၄၁ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၉ ဘီလီယံအထိရှိခဲ့ရာ ၂၀၁၂ ခုနှစ် မတ်လနောက်ပိုင်း ၃၇ လမြောက် ဆက်တိုက်မြင့်တက်လာတာ ဖြစ်ပါတယ်။ အဓိကအားဖြင့် ရေနံဈေးနှုန်းများနိမ့်ကျမှုကြောင့် ယခုနှစ်မှာ နိုင်ငံခြားငွေပေးငွေယူရှင်းတမ်းမှာ ပိုငွေ အမေရိကန်ဒေါ်လာ ၉၆ ဘီလီယံထိရောက်ရှိပြီး စံချိန်တင်ရောက်ရှိလိမ့်မယ်လို့ တောင် ကိုရီးယား ဗဟိုဘဏ်က စောစောပိုင်းက ခန့်မှန်းခဲ့ပါတယ်။

နိုင်ငံခြားငွေပေးငွေယူရှင်းတမ်း ပိုငွေပြတဲ့သဘောက အမေရိကန်ဒေါ်လာစီးဝင်မှုမြင့်မားတဲ့သဘောဖြစ်ပြီး ယေဘုယျအားဖြင့် ပြင်ပဈေးကွက်မတည်ငြိမ်မှုကို အခိုင်အမာခုခံနိုင်တဲ့အတွက် နိုင်ငံရဲ့စီးပွားရေးအတွက်ကောင်းတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ကုန်သွယ်မှုပိုငွေ ကြီးမားလာရင်ပြည်တွင်းသုံးငွေကြေးတန်ဖိုး တစ်ဟုန်ထိုးမြင့်တက်လာပြီး နောက်ဆုံးမှာ စီးပွားရေးဖွံ့ဖြိုးမှုအတွက် တောင်ကိုရီးယားနိုင်ငံကအကြီးအကျယ် မှီခိုနေရတဲ့ ပို့ကုန်ဈေးနှုန်းယှဉ်ပြိုင်မှုကို ထိခိုက်စေနိုင်ပါတယ်။ ဒီအခြေအနေတွေကို အကြောင်းပြုပြီး နိုင်ငံခြားစတော့ရှယ်ယာတွေ၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေ၊ ပင်လယ်ရပ်ခြား ကုမ္ပဏီတွေရဲ့ရှယ်ယာတွေကို ဝယ်ယူမှုတို့အတွက် ရင်းနှီးမြှုပ်နှံနိုင်မယ့် နည်းလမ်းတွေကို အစိုးရကရှာဖွေလျက်ရှိပါတယ်။ ထို့အတူ ပိုငွေတွေမြင့်မားလာတဲ့ပြဿနာတွေကိုဖြေရှင်းဖို့သွင်းကုန်တွေတင်သွင်းမှုကို အားပေးဖို့ဆောင်ရွက်လျက်ရှိပါတယ်။

**South East Asia**

# ပျိုးထောင်စလုပ်ငန်းများ အောင်မြင်ရေးအတွက် ကုန်အမှတ်တံဆိပ်က အရေးပါ

လုပ်ငန်းတွေ စတင်မလည်ပတ်မီ ကုန်အမှတ်တံဆိပ် ထူထောင်ရေးက ပျိုးထောင်စလုပ်ငန်းတွေဆောင်ရွက်ရမယ့် လုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း မေ ၁၉ ရက်နေ့က ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီးမှာ ပြုလုပ်တဲ့ဆွေးနွေးချက်များကို ကိုးကားပြီး ဗီယက်နမ်သတင်းအေဂျင်စီရဲ့ သတင်းမှာ ဖော်ပြပါတယ်။

ကုန်အမှတ်တံဆိပ် ထူထောင်ရေးကိုဆောင်ရွက်ရာမှာ ဆောင်ရွက်ရမယ့် အဆင့်ပေါင်းများစွာရှိပြီး ပျိုးထောင်စလုပ်ငန်းတွေက သူတို့ဝင်ရောက်မယ့်ဈေးကွက်ကို သုတေသနပြုဖို့လိုကြောင်းနဲ့ တစ်မူထူးခြားတဲ့ကုန်အမှတ်တံဆိပ် ထူထောင်ရေး အစီအမံတွေချမှတ်ကာ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကိုမြှင့်တက်အောင် ဆောင်ရွက်ဖို့လိုကြောင်း Microsoft MDS Viet Nam ရဲ့ ဈေးကွက်ဒါရိုက်တာ ဒန်ဟွိုင်အန်းက ပြောပါတယ်။

ပျိုးထောင်စလုပ်ငန်းတွေက "စိတ်ဝင်စားစရာဇာတ်လမ်းပုံပြင်"ကို ဖန်တီးပုံဖော်ဖို့လိုအပ်ပါတယ်။ သူတို့ရဲ့ထုတ်ကုန်တွေကို ယုံကြည်လက်ခံလာအောင် လုပ်ဆောင်ရမယ့် နည်းလမ်းတွေကို ကြိုတင်စဉ်းစားထားဖို့လိုကြောင်း သူမက ပြောပါတယ်။

၂၀၀၉ ခုနှစ်မှာ သူ့ကုမ္ပဏီက ရင်းနှီးငွေ ဗီယက်နမ်ဒေါင် သန်း ၂၀၀ (၉၂၀၈ ဒေါ်လာ) ရင်းနှီးပြီး ကလေးငယ်များအတွက် အာဟာရဓာတ်ထုတ်ကုန်တွေကိုစတင်ဖြန့်ချိခဲ့ကြောင်း Hoa Thein Phu ဆေးဝါးဖက်စပ်ကုမ္ပဏီရဲ့ ညွှန်ကြားရေးမှူးချုပ် လေထရန်နမ်းက ပြောပါတယ်။ ထိုအချိန်မှာ ကုမ္ပဏီကြီးတွေဖြန့်ချိနေတဲ့ အာဟာရထုတ်ကုန်အမြောက်အမြားက ဈေးကွက်ထဲမှာ ရောက်ရှိထားပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ကုမ္ပဏီကဖောက်သည်တွေရဲ့စိတ္တဗေဒကိုနားလည်သဘောပေါက်ပြီး မှန်ကန်တဲ့အစိတ်အပိုင်းကို ဦးတည်ချဉ်းကပ်နိုင်တဲ့အတွက် အောင်မြင်မှုရခဲ့ကြောင်း သူကပြောပါတယ်။ ယခုအခါ ကုမ္ပဏီက ဆေးဝါးကုမ္ပဏီတွေထဲမှာ ရှေ့ဆောင်ကုမ္ပဏီတစ်ခုဖြစ်နေကြောင်း သူကပြောပါတယ်။

ပျိုးထောင်စ စီးပွားရေးလုပ်ငန်းတစ်ခုအောင်မြင်ဖို့အတွက် တစ်မူထူးခြားတဲ့အကြံအစည်၊ သီးသီးခြားခြား အသေးစိတ်ရေးဆွဲထားတဲ့ ရှေ့လုပ်ငန်းနဲ့ ရင်းနှီးမြှုပ်နှံသူတွေကို ချဉ်းကပ်နိုင်မယ့် နည်းလမ်းဆိုတဲ့အချက်သုံးချက်ရှိဖို့လိုကြောင်း သူကပြောပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ယခုနှစ်အတွင်း အတိုးနှုန်းတွေမြှင့်တင်ပေးလိမ့်မယ်လို့ တွက်ဆကြတဲ့အတွက် အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်ကာအာရှဒေသရှိ ငွေကြေးအများစုက ရက်သတ္တပတ် အလိုက်နှိုင်းယှဉ်ရင် တန်ဖိုးကျဆင်းမယ့်ဘက်ကို ဦးတည်နေခဲ့ပါတယ်။

ဒါပေမယ့် အမေရိကန်ပြည်ထောင်စုရဲ့ ငွေကြေးဖောင်းပွမှုနှုန်းက မတ်လမှာ သုည ဒသမ ၂ ရာခိုင်နှုန်းရှိရာမှ ဧပြီမှာ သုည ဒသမ ၁ ရာခိုင်နှုန်းသာရှိခဲ့ပါတယ်။ အမေရိကန်ရဲ့ စီးပွားရေး အစီရင်ခံစာမှာ အတက်အကျ အမျိုးမျိုးရှိလာတဲ့အတွက် အီကွိတီ ရှယ်ယာတွေရဲ့ဈေးတွေကအမြင့်ဆုံးအခြေအနေကိုပြန်လည်ရောက်ရှိစေခဲ့ပါတယ်။ ဂျပန်ဗဟိုဘဏ်ကလည်း စံချိန်တင်မြှင့်တင်ထားတဲ့ စီးပွားရေးလှုံ့ဆော်အားပေးမှု အစီအစဉ်ကို ပြောင်းလဲမှုမရှိဘဲ ထားရှိခဲ့ပါတယ်။

HSBC ဘဏ်နဲ့ Markit တို့ရဲ့ပဏာမအစီရင်ခံစာတွေအရ မေလမှာတရုတ်နိုင်ငံရဲ့ ကုန်ချောထုတ်လုပ်မှုက ၁၃ လအတွင်း အနိမ့်ဆုံးကိုရောက်ရှိခဲ့ပြီးအလုပ်အကိုင်ရရှိမှု အခြေအနေက ဆက်လက်ကျဆင်းနေပါတယ်။

အမေရိကန်ဗဟိုဘဏ်ရဲ့ ဧပြီလ အစည်းအဝေးမှတ်တမ်းကို မေ ၂၀ ရက်နေ့မှာ ထုတ်ပြန်တဲ့အခါ ယခုနှစ်ဇွန်လမှာအတိုးနှုန်းတွေကိုမြှင့်တင်ပေးလိုက်မယ်ဆိုရင် အချိန်စောလွန်းသေးတယ်လို့ တာဝန်ရှိသူအများစုကယူဆတာကိုတွေ့ရပါတယ်။ ဒါကြောင့် အတိုးနှုန်းတွေက ယခုနှစ်ကုန်တဲ့အထိ တိုးမြှင့်ဦးမယ့်လက္ခဏာ မတွေ့ရသေးပါဘူး။ ဒါပေမယ့် အမေရိကန်ရဲ့ ပထမသုံးလပတ် စီးပွားရေး နှေးကွေးမှုက ယာယီသာဖြစ်မယ်လို့ တွက်ဆကြပါတယ်။

ရက်အလိုက် နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အာရှဒေသငွေကြေးတွေအတက်အကျအမျိုးမျိုးရှိခဲ့ပါတယ်။

**တရုတ်ယွမ်**

မေ ၂၂ ရက်က အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ တရုတ်ငွေကြေးတန်ဖိုးက လေးရက်အတွင်း အမြင့်ဆုံးနှုန်းကိုရောက်ရှိပြီး တစ်ဒေါ်လာကို ၆ ဒသမ ၁၉၅၅ ယွမ်နှုန်းထိ ရောက်ရှိခဲ့ပါတယ်။ ယွမ်ငွေကြေးတန်ဖိုးက ဆက်လက်မြင့်တက်နေဦးမယ်ဆိုရင် တစ်ဒေါ်လာကို ၆ ဒသမ ၁၂ ယွမ်ဝန်းကျင်ကိုရောက်ရှိမယ်လို့ ခန့်မှန်းကြပါတယ်။

**အိန္ဒိယရူပီး**

အိန္ဒိယနိုင်ငံမှာ အမေရိကန်ဒေါ်လာကိုဘဏ်များနဲ့ ပို့ကုန်လုပ်ငန်းရှင်တွေက ဆက်လက်ရောင်းချလျက်ရှိတဲ့အတွက် မေ ၂၂ ရက်နေ့မှာဒေါ်လာနဲ့ဖလှယ်တဲ့အခါ ရူပီးတန်ဖိုးက သုညဒသမ ၀၅ ရူပီးမြင့်တက်ပြီးတစ်ဒေါ်လာကို ၆၃ ဒသမ ၅၉ ရူပီးနှုန်းရှိခဲ့ပါတယ်။ ပင်လယ်ရပ်ခြားဒေသမှာ ဒေါ်လာတန်ဖိုးကျဆင်းခြင်း၊ ပြည်တွင်းရှယ်ယာဈေးကွက်အဖွင့်မှာ ဈေးနှုန်းမြင့်တက်ခြင်းတို့က ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရာမှာ ရူပီးတန်ဖိုးမြင့်တက်ဖို့ အထောက်အကူဖြစ်စေခဲ့ကြောင်း နိုင်ငံခြားငွေ ဝယ်ရောင်းသမားတွေကပြောပါတယ်။

**ဂျပန်ယန်း**

မေ ၂၂ ရက်ကဥရောပဈေးကွက်မှာ တခြား အဓိကငွေကြေးတွေနဲ့ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုး ကျဆင်းခဲ့ပါတယ်။ ဒေါ်လာယန်းဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးက မေလ ၂၁ ရက် ဈေးပိတ်ချိန်မှာတစ်ဒေါ်လာကို ၁၂၁ ဒသမ ၀၂ ယန်း ရှိရာမှ ၂၂ ရက်နေ့မှာ ၁၂၀ ဒသမ ၆၇ ယန်းသို့ ရောက်ရှိတဲ့အတွက် နှစ်ရက်အတွင်း အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့ပါတယ်။ ယူရို/ဒေါ်လာ ဖလှယ်နှုန်းမှာလည်း တစ်ယူရိုကို ၁ ဒသမ ၁၁၁၀ ဒေါ်လာနှုန်းမှ ၁ ဒသမ ၁၁၆၉ ဒေါ်လာနှုန်းကို ရောက်ရှိတဲ့အတွက် ဒေါ်လာဈေးကျပြီး ယူရိုတန်ဖိုး မြင့်တက်ခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ပြည်တွင်းငွေကြေးကို ဝယ်လိုအား ဆက်လက်မြင့်တက်မှုကြောင့် အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။ မေ ၂၁ ရက် ညနေ ၅ နာရီက ဒေါ်လာနဲ့ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၃ ဒသမ ၆၀၁၀ ရင်းဂစ်နှုန်းရှိရာမှ မေလ ၂၂ ရက်နံနက် ၉ နာရီ ၇ မိနစ်မှာ တစ်ဒေါ်လာကို ၃ ဒသမ ၅၈၇၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ တခြားငွေကြေးတွေနဲ့ဖလှယ်ရာမှာလည်း ဒေါ်လာတန်ဖိုးမြင့်တက်ခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

တောင်ကိုရီယား ပို့ကုန်လုပ်ငန်းကြီးများရဲ့ အခြေအနေမြင့်တက်မှုကြောင့် မေလ ၂၂ ရက်နေ့မနက်မှာ တောင်ကိုရီးယား စတော့ဈေးတွေ သုည ဒသမ ၆၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာဆန်းစစ်သူတွေက ပြောပါတယ်။ ငွေကြေးဈေးကွက်မှာ ဝမ်ငွေကြေးတန်ဖိုးက ဒေါ်လာနဲ့ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၁၀၉၁ ဒသမ ၆ ဝမ်နှုန်းရှိတဲ့ အတွက် မေ ၂၁ ရက် ဈေးပိတ်ချိန်က ထက် ၂ ဒသမ ၄ ဝမ်တန်ဖိုး မြင့်တက်ခဲ့ပါတယ်။

**ထိုင်းဘတ်**

ပြည်တွင်းပြည်ပမှာ ဖြစ် ပေါ်နေတဲ့ အခြေအနေအရပ်ရပ်ကြောင့် လာမယ့်ကာလတွေအတွင်းမှာ ထိုင်းဘတ်ငွေကြေးတန်ဖိုးက ဆက်လက်ပြီးမတည်မငြိမ်ဖြစ်နေဦးမယ်လို့ ထိုင်းဗဟိုဘဏ် ဘဏ္ဍာရေးဈေးကွက်များဌာနမှ အကြီးတန်းညွှန်ကြားရေးမှူး ဗာချီရာ အာရွမ်ဒီးက ပြောပါတယ်။ ဈေးကွက်တွေက အမေရိကန်ပြည်ထောင်စုရဲ့ အတိုးနှုန်းအခြေအနေနဲ့ဂျပန်နဲ့ ဥရောပသမဂ္ဂရဲ့ ငွေကြေး လှုံ့ဆော်အားပေးမှု အခြေအနေတို့ကို လေ့လာနေဆဲဖြစ်ပါတယ်။ မေလ ၂၂ ရက်နေ့မှာ ဘတ်ငွေတန်ဖိုးက သုည ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

ဘာသာပြန်ဆိုသူ - စုစည်းတင်ပြသည်

## ဇွန်လမှာ အတိုးနှုန်းမြှင့်တင်၍မရနိုင်ဟု အမေရိကန်ဗဟိုဘဏ်ကယူဆ

ဇွန်လမှာ အတိုးနှုန်းတွေ မြှင့်တင်ပေးဖို့ အချိန်မကျရောက်သေးကြောင်းနဲ့ လုပ်သားဈေးကွက်အခြေအနေ ကျဆင်းမှုနဲ့ စီးပွားရေးကိန်းဂဏန်းကျဆင်းမှု အခြေအနေကိုငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာခြင်းက ကာမိကြောင်း အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်ရဲ့ ဧပြီလအစည်းအဝေးမှာ ဗဟိုဘဏ်အရာရှိတွေက သဘောတူခဲ့ကြကြောင်း မေလ ၂၀ ရက်ကထုတ်ပြန်တဲ့ အစည်းအဝေးမှတ်တမ်းကို ကိုးကားပြီး ရိုက်တာသတင်းမှာဖော်ပြပါတယ်။

ယခုနှစ် ပထမသုံးလပတ်မှာ စီးပွားရေးနှေးကွေးကျဆင်းပြီး အလုပ်သမားဈေးကွက်အခြေအနေများ တိုးတက်ကောင်းမွန်လာပြီးနောက် အမေရိကန်စီးပွားရေးအခြေအနေမြင့်တက်လာလိမ့်မယ်လို့ အစည်းအဝေး တက်ရောက်သူအများစုက ခန့်မှန်းကြောင်း အစည်းအဝေးမှတ်တမ်းမှာ ဖော်ပြထားပါတယ်။ ဒါပေမယ့် ဗဟိုဘဏ်ကို ဖိစီးနေတဲ့စိုးရိမ်မှုအမြောက်အမြားကိုလည်း ဗဟိုဘဏ်အရာရှိတွေက ပြောကြားကြပါတယ်။

ဒီအကြောင်းတရားတွေမှာ ရေနံစိမ်းဈေးနှုန်းတွေနိမ့်ကျလာခဲ့ပေမယ့် စားသုံးသူသုံးစွဲမှုကသူတို့ ခန့်မှန်းထားသလောက် မြင့်တက်မလာတာကလည်း အချက်တစ်ချက်အဖြစ် ပါဝင်နေပါတယ်။ တရုတ်နိုင်ငံနဲ့ ဂရိနိုင်ငံတွေရဲ့ စီးပွားရေးအခြေအနေတွေက စိုးရိမ်စရာဖြစ်ကြောင်းလည်း ဖော်ပြထားပါတယ်။



အစည်းအဝေးမှတ်တမ်းက စီးပွားရေးကျဆင်းမှုကိုညွှန်ပြနေတဲ့ အမေရိကန်ဗဟိုဘဏ်ရဲ့ ဧပြီလမူဝါဒ ကြေညာချက်ကိုရောင်ပြန်ဟပ်ဖော်ပြခဲ့ပေမယ့် ဒီလိုနှေးကွေးကျဆင်းမှုကို အကူးအပြောင်းတစ်ခုအဖြစ် သုံးသပ်ထားပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေက မေ ၂၉ ရက်မှာပြုလုပ်မယ့် ဗဟိုဘဏ်အစည်းအဝေးတွေမှာ ပြောကြားမယ့် ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင်ရဲ့မိန့်ခွန်း စောင့်စားနေကြပါတယ်။

## ဘဏ်ငွေစာရင်းဖွင့်ဖို့ထားရှိတဲ့ ကန့်သတ်ချက်များကို ဘဏ္ဍာရေးလုပ်ငန်းကော်မရှင်က လျှော့ချ

ဘဏ္ဍာရေးလုပ်ငန်းရဲ့ စည်းမျဉ်းဥပဒေတွေကို လျှော့ချဖို့နဲ့ ဘဏ္ဍာရေးနည်းပညာကို မြှင့်တင်ပေးဖို့ကြိုးစားတဲ့အနေနဲ့ ယခုနှစ်နှစ်ကုန်ပိုင်းမှစပြီး ဘဏ်ရုံးအဆောက်အအုံများသို့ လူကိုယ်တိုင်လာရောက်စရာမလိုဘဲ ဖောက်သည်တွေကဘဏ်စာရင်းဖွင့်နိုင်အောင် ဆောင်ရွက်ပေးမှာဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံရဲ့ ထိပ်တန်းဘဏ္ဍာရေးကြီးကြပ်မှုအဖွဲ့က မေလ ၁၈ ရက်က ပြောကြောင်း ယွန်ဟပ်သတင်းမှာဖော်ပြပါတယ်။

တည်ဆဲဘဏ္ဍာရေးဥပဒေများအရ ပြည်တွင်းဘဏ္ဍာရေးအဖွဲ့အစည်းများ ငွေစာရင်းဖွင့်လှစ်ရာမှာ ငွေစာရင်းပိုင်ရှင်၏ သက်သေခံစိစစ်ရေးလက်မှတ်ကိုပြသကာ ကိုယ်တိုင်လက်မှတ်ရေး ထိုးရမည်ဖြစ်သည်။ ဒီဇင်ဘာလမှစ၍ ဘဏ်ဖောက်သည်ကဘဏ်ရုံးသို့ကိုယ် တိုင်လာစရာမလိုဘဲ စိစစ်ရေးကတ်ပြားကို စကင်ဖတ်ပေးပို့ကာ အွန်လိုင်းမှ အင်တာဗျူးပြုလုပ်ခြင်း သို့မဟုတ် တခြားဘဏ္ဍာရေးအဖွဲ့အစည်းများတွင် ဖွင့်လှစ်ထားတဲ့ငွေစာရင်းမှစစ်ဆေးခွင့်ပြုခြင်းဖြင့် ဘဏ်ငွေစာရင်းသစ်ကို ဖွင့်လှစ်နိုင်မှာဖြစ်ကြောင်းဘဏ္ဍာရေးလုပ်ငန်းကော်မရှင်(Financial Services Commission-FSC) ကပြောပါ တယ်။

ဘဏ္ဍာရေးကုမ္ပဏီများက ဖောက်သည်များကိုစစ်ဆေးရာတွင် Text Mesages များ သို့မဟုတ် တယ်လီဖုန်းဆက်ခြင်းစတဲ့ တခြားနည်းလမ်းများဖြင့်လည်း တစ်ချိန်တည်းမှာ စစ်ဆေးနိုင်ကြောင်း FSC ကပြောပါတယ်။ ဩဂုတ်လမတိုင်မီအထိ သွယ်ဝိုက်စစ်ဆေးမှုနည်းစဉ်တွေကို ဆောင်ရွက်နိုင်မယ့် ကွန်ပျူတာစနစ်ကိုထူထောင်ရန် စက်တင်ဘာလအတွင်း ရွေ့ပြေးစမ်းသပ်မှုများကို ပြုလုပ်သွားရန် FSC က ဘဏ်များကို တိုက်တွန်းထားပါတယ်။

# ရိုက်ကွင်းမှာ သေနတ်နဲ့ အပစ်ခံလိုက်ရတဲ့ အမိတာဘချန်း



ဘောလိဝုဒ်ရဲ့ ဇာတ်လိုက်ကျော်ကြီး အမိတာဘချန်းဟာ မွမ်ဘိုင်းရုပ်ရှင်မြို့တော်ရဲ့ ရိုက်ကွင်းမှာ သေနတ်နဲ့ အပစ်ခံလိုက်ရတယ်လို့ ဆိုပါတယ်။

အသက်(၇၂)နှစ်အရွယ်ရှိပြီဖြစ်တဲ့ အမိတာဘချန်းဟာ သူ့ရဲ့နောက်ဆုံးရုပ်ရှင်အဖြစ်ရိုက်ကူးတဲ့ ဇာတ်ဝင်ခန်းတစ်ခန်းကို မွမ်ဘိုင်းရုပ်ရှင်မြို့တော်ရဲ့ ခြံကျယ်ကြီးအတွင်းမှာ ရိုက်ကူးနေစဉ်ခုလို သေနတ်နဲ့ ပစ်ခတ်ခံခဲ့ရတာဖြစ်ပါတယ်။

အမိတာဘချန်းဟာ အဲဒီဇာတ်လမ်းမှာ ရိုက်ကူးမယ့် သေနတ်ပစ်ခန်းအတွက် လေ့ကျင့်ဇာတ်တိုက်နေတုန်း သေနတ်သမားနှစ်ဦးဟာ ဆိုင်ကယ်နဲ့ဝင်လာပြီး သူ့ရဲ့သက်တော်စောင့်ဖြစ်တဲ့ ရာဂျူးရှင်ဒီကို သုံးချက်တိတိ ပစ်ခတ်ခဲ့ပါတယ်။ အဲဒီနောက်မှာ အမိတာဘချန်းကိုလည်း သေနတ်နဲ့ ဆက်တိုက်ဆိုသလို ပစ်ခတ်ခဲ့ပါတယ်။

သေနတ်နဲ့ပစ်ခတ်မှုကြောင့် ရာဂျူးရှင်ဒီဟာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့တယ်လို့ ဆိုပါတယ်။ အမိတာဘချန်းကတော့ ဒဏ်ရာအနည်းငယ်သာရရှိ ခဲ့တယ်လို့ ဆိုပါတယ်။ သေနတ်နဲ့ ပစ်ခတ်ခံရလို့ အမိတာဘချန်းသေပြီဆိုတဲ့ သတင်းတွေထွက်ပေါ်လာခဲ့ပြီးနောက်မှာ အမိတာဘချန်းဟာ သူ့ရဲ့ တွစ်တာဝက်ဘ်ဆိုက်မှာ သူမသေသေးတဲ့အကြောင်းနဲ့ သေနတ်သမားတွေရဲ့သေနတ်နဲ့ပစ်ခတ်သံတွေဟာ တကယ့်စစ်ပွဲကြီးဖြစ်နေသလားလို့ ထင်ရပါတယ်ဆိုတဲ့စာသားကို ရေးသားဖော်ပြခဲ့ပါတယ်။

အဲဒီစာသားကြောင့် သူ့ရဲ့တွစ်တာဝက်ဘ်ဆိုက်မှာ Follow လုပ်သူပေါင်း ၁၄ ဒသမ ၈သန်းကျော်ရှိသွားခဲ့တယ်လို့ ဆိုပါတယ်။ သေနတ်သမားတွေကို လိုက်လံဖမ်းဆီးဖို့ ကြိုးစားပေမယ့်လည်း အဲဒီရုပ်ရှင်မြို့တော်ဟာ ဧကပေါင်း ၅၂၀ လောက်ကျယ်ဝန်းတဲ့အပြင် အမျိုးသားဥယျာဉ်ကြီးနဲ့လည်း နီးနေတာကြောင့် ရှာဖွေဖမ်းဆီးဖို့ခက်ခဲလိမ့်မယ်လို့ ဆိုပါတယ်။

# ပရိသတ်တွေနဲ့အတူ နီပေါငလျင်ဘေးအတွက် ငွေလှူဒါန်းခဲ့တဲ့ လီမင်ဟို



တောင်ကိုရီးယားနိုင်ငံမှာသာမက ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ပျိုပျိုအိုအိုတွေရဲ့ စိတ်နှလုံးကို ဖမ်းစားနိုင်ခဲ့တဲ့ တောင်ကိုရီးယားရဲ့ ရုပ်ရှင်မင်းသားချော အဆိုတော် လီမင်ဟိုဟာ နီပေါငလျင်ဘေးဒုက္ခသည်တွေအတွက် အလှူငွေတွေ လှူဒါန်းခဲ့တယ် လို့ဆိုပါတယ်။

လီမင်ဟိုဟာ မေလ ၂၂ ရက် က Lotte Duty Free Shop ရဲ့ မိသားစုနှစ်ပတ်လည်ပွဲမှာ ပါဝင်ဆင်နွှဲခဲ့ပါတယ်။

အဲဒီပွဲမှာ လီမင်ဟိုက သူ့အနေနဲ့ နီပေါနိုင်ငံမှ လှုပ်ခတ်ခဲ့တဲ့ ငလျင်ဘေး အန္တရာယ်ကြောင့် အပြစ်မဲ့ပြည်သူတွေ သေကျေပျက်စီးခဲ့ရတဲ့အတွက် များစွာ စိတ်မကောင်းဖြစ်ရကြောင်း၊ အဲဒါကြောင့် သူရဲ့ကိုယ်ပိုင်ငွေထဲကနေ လှူဒါန်းမှုတွေ ပြုလုပ်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

ငွေလှူဒါန်းတဲ့အတွက် သူ့ကို လူတွေ အထင်ကြီးမှာကို မလိုလားတဲ့အတွက် သူတည်ထောင်ထားတဲ့ LH ဖောင်ဒေးရှင်းကနေ သူ့ရဲ့ပရိသတ်တွေ ထည့်ဝင်လှူဒါန်းထားတဲ့ငွေတွေပါ စုပေါင်းပြီး လှူဒါန်းခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

# အွန်လိုင်းပေါ်မှာ ကြည့်ရှုသူ သန်းပေါင်း ၂၀ ကျော်သွားတဲ့ တေလာဆွစ်ဖ်ရဲ့ Bad Blood

ဂရမ်မီဆုများရဲ့ပိုင်ရှင်ဖြစ်တဲ့ ကန်းထရီးအဆိုတော် တေလာဆွစ်ဖ်ရဲ့ Bad Blood သီချင်းဟာ အွန်လိုင်းမှာ ကြည့်ရှုသူ သန်းပေါင်း ၂၀ ဒသမ ၁ သန်းရှိနေပြီလို့ ဆိုပါတယ်။ အဲဒီအရေအတွက်ဟာ ဗီဒီယိုထွက်ရှိပြီး ၂၄ နာရီအတွင်းမှာ ရရှိခဲ့တဲ့အရေအတွက်ဖြစ်တယ်လို့ contact music မှာ ဖော်ပြထားပါတယ်။



အဲဒီ Bad Blood သီချင်း အတွက် ဗီစီဒီရိုက်ကူးနိုင်ဖို့ တေလာဆွစ်ဖ်ဟာ သီချင်းနဲ့လိုက်ဖက်တဲ့ အဝတ်အစားတွေကို ငှားရမ်းအသုံးပြုခဲ့ရတယ်လို့ ဆိုပါတယ်။

အဲဒီအဝတ်အစားတွေဟာ ဘယ်နေရာမှာမှ မရနိုင်တဲ့ အဝတ်အစားတွေဖြစ်တဲ့အတွက် တေလာဆွစ်ဖ်ဟာ လော့စ်အိန်ဂျလိစ်မြို့မှာရှိတဲ့ လိင်မှုဆိုင်ရာပစ္စည်းတွေ ရောင်းဝယ်တဲ့ဆိုင်မှာသွားရောက်မေးမြန်းခဲ့ပေမယ့် ဆိုင်မန်နေဂျာက မရောင်းဘူးလို့ ဆိုခဲ့ပါတယ်။

ဒါပေမယ့်လည်း တေလာဆွစ်ဖ်ဟာ ဆိုင်မန်နေဂျာနဲ့ တိတ်တဆိတ်သွားရောက်တွေ့ဆုံညှိနှိုင်းပြီး ငှားရမ်းခဲ့တာဖြစ်တယ်လို့ဆိုပါတယ်။ သူငှားရမ်းခဲ့တဲ့ ဝတ်စုံအတွက် ငှားရမ်းခဟာ အမေရိကန်ဒေါ်လာ ၁၃၀၀၀ ကျော်ဖိုးရှိတယ်လို့ ဆိုပါတယ်။ လော့စ်အိန်ဂျလိစ်မှာ Sex နဲ့ပတ်သက်တဲ့ ကုန်ပစ္စည်းတွေ၊ လိင်စိတ်ကို နှိုးဆွစေတဲ့ဖက်ရှင်အဝတ်အစားတွေကို ရောင်းချလျက်ရှိတဲ့နေရာမှာ သွားရောက်ရှာဖွေငှားရမ်းခဲ့တာ ဖြစ်ပါတယ်။ အဲဒီ Bad Blood ဗီဒီယိုမှာ ပါဝင်သရုပ်ဆောင်ဖို့ တေလာဆွစ်ဖ်ဟာ သူ့ရဲ့ဂီတအသိုင်းအဝိုင်းက အပေါင်းအသင်းသူငယ်ချင်းတွေကို ဖိတ်ကြားခဲ့တယ်လို့ ဆိုပါတယ်။

ဒ့ါအပြင် သူဟာ အဲဒီ Bad Blood ဗီဒီယိုမှာ ဆယ်လီနာဂိုမက်ဇ်အတွက်ကိုလည်း ဝတ်စုံတွေဖန်တီးပေးထားခဲ့ပါသေးတယ်။ အဲဒီသီချင်းထဲမှာ တေလာဆွစ်ဖ်ဟာ အသားကပ်ဝတ်စုံကို ဝတ်ဆင်ထားပြီး ဆယ်လီနာဂိုမက်ဇ်ကတော့ အနက်ရောင်ဂါဝန်ကို ဝတ်ဆင်ထားတယ်လို့ ဆိုပါတယ်။

# ကလေးတွေအတွက် အရာရာတိုင်းကို ပေးဆပ်ချင်နေတဲ့ မာရီယာကာရေး

အသက် (၄၆)နှစ်အရွယ်ရှိပြီဖြစ်တဲ့ Beautiful သီချင်းပိုင်ရှင် မာရီယာကာရေးက သူ့အနေနဲ့ သူ့ကလေးတွေအတွက် အရာရာတိုင်းကို ပေးဆပ်ချင်နေတယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။



အသက် လေးနှစ်အရွယ်ရှိတဲ့ မိုရိုကန်နဲ့ မွန်ရိုးတို့ အမြွှာမောင်နှမနှစ်ဦးရဲ့ မိခင်ဖြစ်တဲ့ မာရီယာကာရေးဟာ မေလ ၂၂ ရက်နေ့က ကလေးတွေကို Disneyland ကို ခေါ်ယူသွားခဲ့ပြီး ခုလိုပြောကြားခဲ့တာဖြစ်ပါတယ်။

"ကျွန်မ အခု အသက်ရှုနည်းနည်း ချောင်လာခဲ့ပါပြီ။ ငွေကြေးပြေလည်လာတဲ့အတွက် ကျွန်မရဲ့ကလေးနှစ်ဦးအတွက် ဘာမဆို လုပ်ပေးချင်တဲ့စိတ် ကျွန်မမှာရှိနေပါတယ်။ ကလေးတွေဟာ ဒီကမ္ဘာကျော် Disneyland ကို ကျွန်မရဲ့ကလေးတွေ ခုမှရောက်ဖူးကြတာပါ။ ကျွန်မလည်း ဒီလိုပါပဲ။ ကျွန်မငယ်ငယ်တုန်းက ပိုက်ဆံမရှိလို့ ဒီလိုမျိုးနေရာတွေကို သွားချင်ပေမယ့် မသွားခဲ့ရဘူး။ ကျွန်မကလေးတွေကို ကျွန်မ လိုမျိုးမဖြစ်အောင် အရာရာတိုင်းကို ဖြည့်ဆည်းပေးဖို့ ဆန္ဒရှိပါတယ်"လို့ မာရီယာကာရေးက ပြောကြားခဲ့ပါတယ်။

မာရီယာကာရေးက သူ့ရဲ့သားသမီးတွေဟာ သူ့ရဲ့ခြေရာကိုနင်းမယ့် ကလေးတွေဖြစ်တယ်လို့လည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ သမီးဖြစ်တဲ့ မွန်ရိုးက သူ့အမေရဲ့ခြေရာနဲ့ ထပ်တူကျမယ့် ကလေးတစ်ဦးဖြစ်တယ်လို့လည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

SUZUKI

Authorized Dealer

# MYO MOTOR

## Car Sale Center









New Suzuki Carry Truck



New Suzuki Carry Truck



ဂျပန်နိုင်ငံမှ MODEL မြင့်မြင့်ကားသန့်သန့်များကို ကြိုတင်၍ အမည်ပေါက်ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးနေပါသည်။

Brand new များကိုလည်းဝယ်ယူရရှိနိုင်ပါသည်။

Showroomတွင်လည်း ဂျပန်ကားမျိုးစုံကို မျက်မြင်ဝယ်ယူရရှိနိုင်ပါသည်

Suzuki Swift သော့အပိုများနှင့် အပိုပစ္စည်းများ အလွယ်တကူဈေးနှုန်းချိုသာစွာ ဖြင့်ရရှိနိုင်ပါသည်

ဆက်သွယ်ရန်- ၀၁-၄၀၀၁၂၃၊၀၁-၄၀၀၃၉၉၊၀၁-၅၅၆၆၈၅

Email:myomotor@gmail.com



# COMMERCE INTERNATIONAL

## အာရှအခြေခံအဆောက်အအုံတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၁၀ စီမံကိန်းကို ဂျပန်နိုင်ငံကချမှတ်

တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ရင်းနှီးမြှုပ်နှံပြီး အာရှစီးပွားရေး အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းကို ထောက်ပံ့ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဒီလိုဆောင်ရွက်မှုက ဂျပန်နိုင်ငံနဲ့ သူ့ရဲ့ မဟာမိတ် အမေရိကန်နိုင်ငံတို့ကို ငွေကြေးအရ ထိုးနှက်ချက်တစ်ခုအဖြစ် ရှုမြင်လာကြပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံကလည်း အာရှအခြေခံအဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းတွေကိုအကူအညီပေးဖို့အမေရိကန်ဒေါ်လာ ဘီလီယံ ၁၁၀ ရှိ စီမံကိန်းကို မေ ၂၂ ရက်က ကြေညာခဲ့ကြောင်း သည်ဟိန္ဒူဝက်ဘ်ဆိုက်သတင်းမှာဖော်ပြပါတယ်။



ဂျပန်နိုင်ငံက ထောက်ပံ့မယ့် ရန်ပုံငွေပမာဏက တရုတ်နိုင်ငံဦးစီးပြီး လာမယ့်နှစ်မှာ လုပ်ငန်းတွေစတင်လည်ပတ်မယ့် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (AIIB) က ထားရှိမယ့် ဒေါ်လာဘီလီယံ ၁၀၀ ထက်ပိုမိုနေတာကိုတွေ့ရပါတယ်။ အာရှဒေသက တာဝန်ရှိသူတွေနဲ့ ကျွမ်းကျင်သူတွေ တက်ရောက်လာတဲ့ ဆွေးနွေးပွဲမှာ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ကြေညာခဲ့တဲ့ ဒီအစီအစဉ်မှာ ယခင်က ဂျပန်အစိုးရအနေနဲ့ ဆောင်ရွက်ပေးခဲ့တဲ့ အခြေခံအဆောက်အအုံ ငွေကြေးထောက်ပံ့မှုထက် ၃၀ ရာခိုင်နှုန်း ပိုမိုကြောင်း ဂျပန်အရာရှိများက ပြောပါတယ်။

ငွေကြေး အကူအညီပေးတဲ့အခါ အရည်အသွေးမြင့် အကူအညီဖြစ်ဖို့ ဂျပန်နိုင်ငံက ဆန္ဒရှိတယ်လို့ ဆိုပါတယ်။ ဥပမာအားဖြင့် ချေးငွေလက်ခံရယူသူတွေက မော်တော်ကားလမ်းတွေနဲ့ မီးရထားလမ်းတွေကိုဆောက်လုပ်တဲ့အခါ လေထုညစ်ညမ်းမှုကို လျှော့ချဖို့ ဂျပန်နိုင်ငံရဲ့ကျွမ်းကျင်မှုကို ရရှိအောင် ဆောင်ရွက်ပေးမယ်လို့ ဆိုပါတယ်။ AIIB ရဲ့ စီမံကိန်းတွေက သဘာဝပတ်ဝန်းကျင်ကို လုံလုံလောက်လောက် ကာကွယ်မှု မပေးနိုင်ဘူးလို့ အမေရိကန်နိုင်ငံက ပြောထားတဲ့အတွက် ဒီအချက်က AIIB နဲ့ သိသိသာသာ ကွဲပြားနေပါတယ်။

ချေးငွေရဲ့တစ်ဝက်ကို ကြီးကြပ်ထိန်းသိမ်းရေးတာဝန်ကို အစိုးရကဖွဲ့စည်းပေးထားတဲ့ အေဂျင်စီတွေက ဦးစီးဆောင်ရွက်ပြီး ကျန်တစ်ဝက်ကို အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) နဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မတ်လအတွင်းကဂျီ-၇ အဖွဲ့ဝင်တွေဖြစ်တဲ့ ဗြိတိန်၊ ဂျာမနီနဲ့ ပြင်သစ်နိုင်ငံတို့က AIIB စတင်ဖွဲ့စည်းတဲ့ ၅၇ နိုင်ငံထဲကို ပါဝင်လာတဲ့အတွက် အမေရိကန်နဲ့ ဂျပန်နိုင်ငံတို့ကို အကျပ်ရိုက်စေခဲ့ပါတယ်။

## လစာနှုန်းထားသတ်မှတ်ချက်ကို ကြော်ငြာမှာ ထည့်သွင်းပေးဖို့ ဗီယက်နမ်လုပ်ငန်းများကို တိုက်တွန်း

လူသစ်များကိုခေါ်ယူတဲ့အခါ ရာထူးနေရာများအတွက် လစာသတ်မှတ်ချက်များကို ထည့်သွင်းပေးပြီး ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ဖို့လိုကြောင်း မေလ ၂၀ ရက်က ဟိုချီမင်းစီးတီးမှာပြုလုပ်တဲ့ အစည်းအဝေးကို တက်ရောက်လာသူတို့ရဲ့ ဆွေးနွေးချက်များကို ကိုးကားပြီး ဗီယက်နမ် သတင်းအေဂျင်စီဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။ လူသစ်စုဆောင်းရာမှာ ပွင့်လင်းမြင်သာမှုက အပြည်ပြည်ဆိုင်ရာစီးပွားရေးဝန်းကျင်မှာ နိုင်ငံရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးတက်ကောင်းမွန်စေနိုင်ကြောင်း ဗီယက်နမ်ရှိ Jobstreet.com ရဲ့ ဈေးကွက်ရှာဖွေရေးမန်နေဂျာ ဂျပ်စတင်ငုယင်က ပြောပါတယ်။

မေလဆန်းပိုင်းက ဗီယက်နမ်လုပ်သား ၂၀၀၀ ကို Jobstreet က ကောက်ယူခဲ့တဲ့ စစ်တမ်းအရ ၈၀ ရာခိုင်နှုန်းက လက်ရှိသူတို့ရရှိနေတဲ့ လစာကို ကျေနပ်မှုမရှိဘူးလို့ပြောပြီး ၅၃ ရာခိုင်နှုန်းကတော့ သူတို့ရရှိတဲ့ လစာက ဈေးကွက်ပျမ်းမျှပေါက်ဈေးအောက် ကျဆင်းနေတယ်လို့ ပြောပါတယ်။

ဝန်ထမ်းအများစုက ဈေးကွက်မှာရှိနေတဲ့ လစာစကေးနဲ့ပတ်သက်ပြီး ကောင်းကောင်းမသိကြဘူးလို့ အထွေထွေမန်နေဂျာ အန်းဂီအက်စ် ဒဗလျူဖန်းက ပြောပါတယ်။ လစာနှုန်းထားသတ်မှတ်ချက်ကို အလုပ်ခေါ်တဲ့ကြော်ငြာတွေမှာ ဖော်ပြပေးမယ်ဆိုရင် အလုပ်လျှောက်လွှာတင်ဖို့အတွက် ဝန်ထမ်းလောင်းတွေက ဆုံးဖြတ်ချက်ကောင်းကောင်း ချနိုင်လိမ့်မယ်လို့ ဆိုပါတယ်။

ဒီလိုပွင့်လင်းမြင်သာမှုရှိမယ်ဆိုရင် ဗီယက်နမ်ရဲ့ လုပ်သားဈေးကွက်ကို မြှင့်တင်ပေးနိုင်လိမ့်မယ်လို့လည်း သူကပြောပါတယ်။ အလုပ်အကိုင် လျှောက်ထားသူအရေအတွက်၊ အလုပ်အကိုင်အတွက် လိုအပ်ချက်တွေနဲ့ ဝန်ထမ်းတွေ ဆောင်ရွက်ရမယ့်တာဝန်တွေကလည်း လုပ်သားစုဆောင်းမှုလုပ်ငန်း အောင်မြင်မှုအတွက် အရေးပါတဲ့အချက်ဖြစ်ကြောင်း သူမက ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES

RO/RO Service for Myanmar

DATE : 25th May 2015

<< May And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.12 | 1.55 | 1.90 | 2.20 | 3.50 | | | | | 22.4.2015 | 24.4.2015 | 21.4.2015 | | | 6.5.2015 | |
| | S/O CUT | | | | | | | | 18.4.2015 | 20.4.2015 | 17.4.2015 | | | | |
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | 8.5.2015 | 11.5.2015 | 10.5.2015 | 9.5.2015 | | | 19.5.2015 | 22.5.2015 | 30.5.2015 |
| | S/O CUT | | | | | | 4.5.2015 | 7.5.2015 | 6.5.2015 | 7.5.2015 | | | | | |
| MV.HOEGH CHENNAI V.13 | 1.55 | 1.90 | 2.20 | 3.50 | | | | | 23.5.2015 | 25.5.2015 | 21.5.2015 | | 3.6.2015 | 7.6.2015 | |
| | S/O CUT | | | | | | | | 19.5.2015 | 24.5.2015 | 17.5.2015 | | | | |
| MV.CITY OF MUMBAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | 8.6.2015 | 11.6.2015 | 9.6.2015 | 10.6.2015 | | | | 22.6.2015 | 30.6.2015 |
| | S/O CUT | | | | | | | 4.6.2015 | 5.6.2015 | 6.6.2015 | | | | | |
| MV.HOEGH CHENNAI V.14 | 1.55 | 1.90 | 2.20 | 3.50 | | | | | 24.6.2015 | 26.6.2015 | 22.6.2015 | | | 9.7.2015 | |
| | S/O CUT | | | | | | | | 20.6.2015 | 22.6.2015 | 18.6.2015 | | | | |
| MV.CITY OF MUMBAI V.21 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.7.2015 | 9.7.2015 | 10.7.2015 | | | 18.7.2015 | 22.7.2015 | 30.7.2015 |
| | S/O CUT | | | | | | | 4.7.2015 | 5.7.2015 | 6.7.2015 | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.
Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441

Email : gleltd.office@gmail.com ( Management )
gleltd.mktg@gmail.com ( Operation )
docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing )
goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama

Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C

Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘ်ပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။